ခေတ်မြင်

# ပဋ္ဌာန်းဝိပဿနာမဂ္ဂစကြာ



ဦးဆန်းမောင်ပြုစုသည်

# မြန်မာအဘိဓာန်

# ဦးဆန်းမောင်

၏

အခက်ဆုံးများကိုအလွယ်ဆုံးရှင်းပြထားသော

## ခေတ်အမြင်ဗုဒ္ဓ၏ကျင့်စဉ်များ

ခေတ်မြိုင်

# ဂှန်းဝိပဿနာဓမ္မစကြာ

ဤစာအုပ်အား ဘာသာရေးဆိုင်ရာ စာပေ ခွင့်ပြုချက် အမှတ် [၂၆၁] နှင့် မျက်နှာဖုံးပုံနှိပ်ထုတ်ဝေခွင့် အမှတ် [၂၄၅] တို့အရ၊ ဦးကြည်၊ ပညာ့ဗိမာန် ပုံနှိပ်တိုက် [၀၂၄၀၉] အမှတ် ၄၁၊ ၄၄ လမ်း၊ ရန်ကုန်၌ရိုက်နှိပ်၍၊ ဦးတင့်ဆန်း၊ ငမိုးရိပ်စာပေ [၀၉၁၁] အမှတ် ၄၇၃၊ နွယ်နီ ၃ လမ်း၊ ဃ-ရပ်ကွက်၊ မြောက်ဥက္ကလာပ၊ ရန်ကုန်က ထုတ်ဝေပါသည်။

ပထမအကြိမ်၊ ၁၉၇၀ ခုနှစ်၊ ဇူလိုင်လ၊ အုပ်ရေ ၁၅၀၀၊ ဈေးနှုန်း ၁၂ ကျပ်၊ အဖုံးပန်းချီ ညိုလှ၊ ဘလောက် လွင်၊ အဖုံးရိုက် စကားဝါ။ စာအုပ်ချုပ် မျိုးမြန်မာတို့ ဖြစ်ကြပြီး၊ မြန်မာစာပေတိုက်၊ အမှတ် ၄၄၁၊ ၄၄၅ မဟာဗန္ဓုလလမ်း၊ ရန်ကုန်မြို့မှ မြန်မာတပြည်လုံးအတွက် တာဝန်ယူ စီစဉ် ဖြန့်ဝေ ရောင်းချပါကြောင်း။

၁၆၃၁၆

# မာတိကာ


| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| စာရေးသူ၏ အာသီသ | ၂ |
| ပဋ္ဌာန်းရောင်ခြည်တော်ကဗျာ | ၈ |
| ခြောက်သွယ်ရောင်ခြည် ကွန့်မြူးပုံ | ၁၃ |
| ပဋ္ဌာန်းတရားမွန်း | ၁၄ |
| ရောင်ခြည်တော် ဘုရားရှိခိုး | ၁၅ |
| ခေတ်မြင် ပဋ္ဌာန်းတရားတော် | ၂၀ |
| စာရေးသူ၏ အမှာ | ၁၀၀ |
| အခြေခံဝိပဿနာတရားတော် | ၁၀၄ |
| ဒါနသည် မဂ်ကိုတားသလား | ၁၅၄ |
| ဓမ္မကဗျာများ | ၁၆၇ |
| ဓမ္မစကြာ တရားတော် | ၁၈၀ |

## ဦးဆန်းမောင် ရေးသားပြုစုခဲ့ပြီး ကျမ်းစာအုပ်များ

၁။ ဗုဒ္ဓ၏ ပညတ်တော် သာဓကများ

၂။ ဗုဒ္ဓဘာသာယဉ်ကျေးမှု အခြေခံ

၃။ မဟောသဓ ဖြတ်ထုံးများ

၄။ စစ်သူကြီး မဟောသဓ

၅။ ဇွဲလုံ့လရှင် မဟာဇနက

၆။ ဗုဒ္ဓအလိုကျ ရဟန်းကျင့်ဝတ် လူ့ကျင့်ဝတ်

၇။ (ယခု)ခေတ်မြင် ပဋ္ဌာန်း ဝိပဿနာ ဓမ္မစကြာ

ခေတ်မြင်
ပဋ္ဌာန်းဝိပဿနာ ခမ္မစကြာ

ဦးဆန်းမောင်

# စာရေးသူ၏ အာသီသ

ပဋ္ဌာန်းဆိုသည်မှာ စာစကား ဖြစ်၏။ ထိုစာစကားကို အရပ်စကားဖြင့် ခေါ် ဆိုရလျှင်...

'အထူးထူး အပြားပြားသော အကြောင်း ပစ္စည်းတရား'

ယင်းကြောင့်၊

ဘေနဋ္ဌေနပဋ္ဌာနန္တိနာ နပ္ပကာရ ပစ္စယဋ္ဌေနပဘာ ရောတိ။ ဌာနသဒ္ဒေါ ပစ္စယတ္ထ'ဟု ပါဠိတော်၌ လာရှိ၏။

ထိုကြောင့် ဧကနဋ္ဌေန၊ အဘယ်အနက်သဘောကြောင့်။ ပဋ္ဌာနံ၊ ပဋ္ဌာန်း မည်သနည်း။ ဣတိ၊ ဤသို့မေးငြားအံ့။နာနပ္ပကာရပစ္စယဋ္ဌေန၊ အထူးထူးအပြားပြားသော အကြောင်းပစ္စည်းတည်းဟူသော အနက်သဘောကြောင့်။ ပဋ္ဌာနံ၊ ပဋ္ဌာန်းမည်၏ဟု အနက်ဖွင့်ဆို၏။

တနည်းပြောရလျှင် အကျိုးတရားတို့၏ တည်ရာဖြစ်သော ၂၄ ပါးသော အကြောင်းတရားတို့ကို ပဋ္ဌာန်းဟု ခေါ်ဆိုပါသည်။

ထိုပဋ္ဌာန်းတရားတော်သည် အလွန်တရာ ခက်ခဲနက်နဲ ကျယ်ဝန်းလှပါ၏။ အလွန်လည်း သိမ်မွေ့၍ နက်ရှိုင်းပါသည်။ နက်နဲ ခက်ခဲ သိမ်မွေ့ ကျယ်ဝန်း

သော ဤပဋ္ဌာန်းတရားတော်ကြီးကို ပွားများအားထုတ်ခြင်းဖြင့် ကြီးမြတ်သော အကျိုးတရားကို ဖြစ်စေနိုင်ပါသည်။

အကျိုးဖြစ်ပုံသာဓကကို ပြဆိုရလျှင်၊ သုံးလူ့ထွဋ်ထား သဗ္ဗညုဗုဒ္ဓဘုရားရှင်သည် လေးခုမြောက် ရတနာဃရသတ္တာဟ၌ စံနေတော်မူစဉ် အဘိဓမ္မာ ၇ ကျမ်း တရား အစားစားတို့ကို ဆင်ခြင်ပွားများ နှလုံးထား အားထုတ်၏။ ဗုဒ္ဓရှင်တော်သည် ဓမ္မသင်္ဂဏီ၊ ဝိဘင်း၊ ဓာတုကထာ၊ ပုဂ္ဂလပညတ်၊ ကထာဝတ္ထု၊ ယမိုက်ဟူသော ကျမ်း ၆ ကျမ်းတို့မှလာသော ပရမတ္ထတရား အဖြာဖြာတို့ကို ဆင်ခြင်သော်လည်း တန်ခိုးရှိန်စော်ရောင်ခြည်တော်များမထွက်။ နောက်ဆုံး ပဋ္ဌာန်းတရားကို ဆင်ခြင်ပွားများပါမှ ရောင်ခြည်တော်ခြောက်သွယ် ထွက်ခဲ့သည်ဟု အဋ္ဌသာလိနီအဋ္ဌကထာ(ဆဋ္ဌမူ)၁၄ က ဆိုပါသည်။

ရောင်ခြည်တော် ခြောက်သွယ်မှာ....

၁။ နီလ၊ ညိုသော ရောင်ခြည်တော်
၂။ ပီတ၊ ရွှေသော ရောင်ခြည်တော်
၃။ လောဟိတ၊ နီသော ရောင်ခြည်တော်
၄။ ဩဒါတ၊ ဖြူသော ရောင်ခြည်တော်
၅။ မဥ္ဇိဋ္ဌ၊ မရမ်းပြာရောင်၊ မောင်းသော ရောင်ခြည်တော်
၆။ ပဘဿရ၊ ပြိုးပြိုးပြက်ပြက် ရောင်ခြည်တော်–ဟူ၍ ဖြစ်လေသည်။

ကျွန်တော်သည် ပဋ္ဌာန်းတရားတော်ကို ကြားနာဖူးသည်မှစ၍ အလွန် စိတ်ဝင်စားခဲ့ပါသည်။ ပဋ္ဌာန်းတရားတော်နှင့် ပတ်သက်သော စာပေကျမ်းဂန်များကိုလည်း လေ့လာဖတ်ရှုပါသည်။ သို့သော်လည်း ကျယ်ဝန်းခက်ခဲ နက်နဲသိမ်မွေ့လွန်းသောကြောင့် သဘောမပေါက်နိုင်။ အကြောင်းကြောင့်ဖြစ်သော အကျိုးတရား ဖြစ်ပေါ်ရခြင်းများကိုလည်း မသိနိုင် မမြင်နိုင် ဖြစ်ခဲ့ပါသည်။ သူတပါးကို ပြောဟောရန်၊ သူတပါး နားလည်အောင် ရေးသားပြုစုရန် မဆိုထားနှင့်၊ မိမိကိုယ်တိုင်ပင် သဘောမပေါက်၊ နားမလည်သောကြောင့် ယခုလိုစာတစောင် ပေတဖွဲ့ ရေးသားရန် စိတ်ကူးမျှ မထည့်ဝံ့ခဲ့ပါ။

နှစ်ကူး သင်္ကြန်အခါတွင် ကျွန်တော်ဇနီးနှင့် သားသမီးများသည် ရန်ကုန်မြို့ ဘောင်ဒရီလမ်းရှိ မိုးညှင်းတိုက်သ[illegible] သွားရောက်ကာ ဥပုသ်စောင့် တရားနာကြ၏။ သင်္ကြန်ပြီး၍ ဇနီးနှင့် သားသမီးများ ပြန်လာကြသောအခါ မိုးညှင်းဆရာတော်ဘုရားကြီး၏ တပည့်ရင်း မိုးညှင်းတိုက်သစ် ဆရာတော်

ရေဦး-ဦးဇုန္နိယ ဆရာတော်အရှင်မြတ် ဟောကြားတော်မူသော ပဋ္ဌာန်း ဝိပဿနာဘရားတော် စာရွက်စာတမ်းများ ပါလာကြပါသည်။ ထိုစာရွက် စာတမ်းများကို ဖတ်ရှုလေ့လာကြည့်သောအခါ ပဋ္ဌာန်းပစ္စည်း အကြောင်း ကြောင့်ဖြစ်သော အကျိုးတရားများကို လွယ်ကူစွာ မြင်လာ၏။

ဆရာတော် ဦးဇုန္နိယအရှင်သူမြတ်သည် နှစ်ကူး သင်္ကြန် ခါသမယသို့ ရောက် တိုင်း ရောက်တိုင်း ထိုပဋ္ဌာန်းတရားတော်ကို ဟောကြားတော်မူ၏။ ကျွန်တော့် ဇနီးနှင့် သားသမီးများသည်လည်း နှစ်ကူး သင်္ကြန်အခါသို့ ရောက်တိုင်း ရောက်တိုင်း မိုးညှင်းတိုက်သစ်မြို့ရုံသို့ သွားရောက်ကာ ဥပုသ်စောင့်၍ တရားနာကြသည်။ သူတို့ အိမ်ပြန်လာတိုင်းလည်း ပဋ္ဌာန်းဝိပဿနာ တရား စာရွက်စာတမ်းများ ပါလာကြသည်။

ဆရာတော် ဦးဇုန္နိယအရှင်သူမြတ်သည် ကျေးဇူးရှင် မိုးညှင်းဆရာတော်ဘုရား ကြီး စီရင်ရေးသားတော်မူသော ပဋ္ဌာန်းဝိပဿနာ တရားတော်ကြီး ကျမ်းစာ အုပ်မှ သင့်လျော်ရာတို့ကို ထုတ်နုတ်၍ ကျေးဇူးရှင် မိုးညှင်းဆရာတော်ဘုရားကြီး ရေးသား ဟောကြားတော်မူသော မူအတိုင်း စာရွက်စာတမ်းများ ရိုက်နှိပ် ဝေငှခြင်း၊ ဟောပြောခြင်းများပြုသည်ဟု သိရပါသည်။

ကျွန်တော်သည် ဆရာတော် ဦးဇုန္နိယရိုက်နှိပ်ဝေငှသော ပဋ္ဌာန်းတရားတော် စာရွက်စာတမ်းများကို စုဆောင်းဖတ်ရှုခြင်း၊ အချိန်ရသည့်အခါ ဆရာတော် ဟောကြားသော ပဋ္ဌာန်းဝိပဿနာတရားတော်ကို ကြားနာမှတ်သားခြင်း၊ ဇနီး ဖြစ်သူနှင့် ပဋ္ဌာန်းဝိပဿနာတရားအကြောင်း ဆွေးနွေးခြင်းတို့ ပြုလုပ်ရသဖြင့် လောကတွင် ရှိရှိသမျှသော အရာရာတို့သည် အကြောင်းကြောင့်ဖြစ်သော အကျိုးတရားများပါတကားဟု သိမြင်လာကာ ထိုအသိအမြင်တို့ကို တဆင့် ဖြန့်ဝေလိုသောကြောင့် ဆရာတော် ဦးဇုန္နိယအရှင်မြတ် ရိုက်နှိပ်ဖြန့်ဝေသော ပဋ္ဌာန်းတရား စာရွက်စာတမ်းများကို မှီငြမ်းပြု၍ ခေတ်အမြင် ပဋ္ဌာန်းတရား တော်ကို ရေးသားပြုစုခြင်း ဖြစ်ပါသည်။

ဤစာအုပ်ကို ရေးသားပြုစုရသည့်မှာ ကျယ်ဝန်း၍ ခက်ခဲနက်နဲ သိမ်မွေ့သော ပဋ္ဌာန်းကျမ်းကြီးကို ဖတ်ရှုလေ့လာရန် တွန့်ဆုတ်နေသူများ၊ ဖတ်ပင် ဖတ်ငြား သော်လည်း လွယ်ကူစွာ သဘောမပေါက် နားမလည်နိုင်သူများ အနေနှင့် အကြောင်းမကောင်း၍ ဖြစ်သော ပဋ္ဌာန်း အကျိုးတရားတို့ကို စိတ်ဝင်စားရန် လည်းကောင်း၊ ခက်ခဲနက်နဲသိမ်မွေ့သော ပဋ္ဌာန်းတရားတော်ကြီးကို လွယ်

ကူစွာ သိနားလည်အောင် ဟောကြားယင်း ရိုက်နှိပ်ဖြန့်ဝေသော ဆရာတော် ဦးဇနိန္ဒြိယအရှင်မြတ်၏ စာရွက်စာတမ်းများမှ သဘောတရားများ တစုတစည်းတည်း ရှိနေရန်လည်းကောင်း၊ ပဋ္ဌာန်းတရားတော်ကို လူပြိန်းပါမကျန် နားလည်အောင် ဟောကြားဆုံးမတော်မူသော ကျေးဇူးရှင် မိုးညှင်းဆရာတော်ဘုရားကြီး၏ စေတနာတော် ပြန့်ပွားစေရန်အတွက်လည်းကောင်း ရည်ရွယ်ကာ မိမိဉာဏ်မှီသမျှ၊ သဘောပေါက်သမျှတို့ကို စီစဉ်ကာ ရေးသားပြုစုခြင်း ဖြစ်ပါသည်။

သို့သော်လည်း ဤကျမ်းသည် ပဋ္ဌာန်းတရားတော်ကြီးနှင့်ပတ်သက်၍ ပြီးပြည့်စုံခြင်း မရှိသေးပါ။ ပဋ္ဌာန်းတရားတော်သည် ခက်ခဲနက်နဲသိမ်မွေ့ ကျယ်ဝန်းလွန်းသည်ဖြစ်၍ ဤကျမ်းငယ်မျှဖြင့် ပြီးပြည့်စုံခြင်း မရှိနိုင်ပါ။ ဤကျမ်းသည် ပဋ္ဌာန်းတရားတော်နှင့်ပတ်သက်၍ ခေတ်လူများ၊ လူငယ်လူရွယ်များ အလွယ်တကူ လေ့လာနိုင်ရုံ အကြမ်းစားမျှသာ ဖြစ်ပါသည်။ ပန်းချီသဘောနှင့် ပြောရလျှင် ခဲပုံလောင်းထားသော ပုံကြမ်းမျှသာ ဖြစ်သည်။ တနည်းပြောရလျှင် ပဋ္ဌာန်းတရားတည်းဟူသော ဗိမာန်သို့ တက်ရာတွင် ပထမဆုံး၊ အနိမ့်ဆုံး လှေကားထစ်မျှသာ ဖြစ်ပါသည်။

ပဋ္ဌာန်းပစ္စည်းအကျိုးဆက်များကိုပြည့်ပြည့်စုံစုံ သဘောပေါက်နားလည်နိုင်ရန်၊ ပဋ္ဌာန်းတရားတော်များကို တကယ်တမ်း ပွားများနိုင်ရန် ပဋ္ဌာန်း ကျမ်းစာကြီးကို ဖတ်ရှုလေ့လာခြင်းဖြင့်လည်းကောင်း၊ ဆရာတော်ကြီးများ ဟောကြားဆုံးမတော်မူသော ပဋ္ဌာန်းတရားတော်များကို ကြားနာမှတ်သား လေ့လာခြင်းဖြင့်လည်းကောင်း ကြိုးစားကြပါကုန်။

ကျွန်တော့်အနေနှင့်ကတော့ ပဋ္ဌာန်းတရားတော်ကို မကြားနာဖူးသေးသူများ၊ ခေတ်လူငယ်များ၊ လောကကို မကြည့်တတ် မမြင်တတ်ပဲ အမှတ်မဲ့နေထိုင်သူများအနေနှင့် ဤကျမ်းငယ်ကို ဖတ်ရှုလေ့လာခြင်းဖြင့် အကြောင်းမကင်း၍ ဖြစ်ပေါ်နေသောအကျိုး ပဋ္ဌာန်းတရားများကို မြင်တတ်၊ သိတတ်လျှင် ပြုစုရကျိုး နပ်ပြီဟု ယူဆကာ ကျေနပ်ပါပြီ။

တနည်းပြောရလျှင် အကြောင်းကြောင့် ဖြစ်သော အကျိုး ပဋ္ဌာန်းတရားကို သိမြင်ကာ ဝိပဿနာဉာဏ်ရရှိပြီး ဝိပဿနာတရား အားထုတ် ပွားများလိုသော စိတ်ဆန္ဒများ ဖြစ်ပေါ်လာကြလျှင် ဤကျမ်းပြုစုရကျိုးနပ်သည်ဟု ယူဆပါသည်။

# ကျေးဇူးတင်ရှိခြင်း

ဤခေတ်မြင်ပဋ္ဌာန်းတရားတော် ကျမ်းစာ ပြုစုရာတွင် ပဋ္ဌာန်းအကျိုး ပစ္စည်းဆက်များကို လူပြိန်းနားလည်အောင် ဟောကြားညွှန်ပြ ဆိုဆုံးမတော်မူခဲ့သော ကျေးဇူးရှင် မိုးညှင်းဆရာတော်မြတ်ကိုလည်းကောင်း၊ ထိုပဋ္ဌာန်းတရားတော်ကို ဟောပြောဆုံးမရုံသာမက လူပြိန်းများပင် အလွယ်နှင့် ဖတ်ရှုလေ့လာနိုင်ရန်အတွက် စာရွက်စာတမ်းများ ရိုက်နှိပ်ဖြန့်ဝေသော ဆရာတော် ဦးဇောတိကာဘိဝံသ အရှင်သူမြတ်ကိုလည်းကောင်း လက်ဆယ်ဖြာ ထိပ်မှာခိုး၍ ရှိခိုးကန်တော့လိုက်ပါ၏။

ပြီးတဖန် ပဋ္ဌာန်းတရားတော်နှင့် ပတ်သက်သော စာရွက်စာတမ်းများကို စုဆောင်းပေးခြင်း၊ ပဋ္ဌာန်းတရားတော်ကို နာကြားရန် ဖိတ်ခေါ်ခြင်း၊ ပဋ္ဌာန်းတရားတော်နှင့် ပတ်သက်၍ ဆွေးနွေးဖော်ဆွေးနွေးဘက် ရရှိခြင်းတို့ကြောင့် ဇနီးဖြစ်သူ မခင်စိန်ကိုလည်း ကျေးဇူးဥပကာရ တင်ရှိလှပါသည်။

ဦးဆန်းမောင်

# ပဋ္ဌာန်းရောင်ခြည်တော် ကဗျာ

[၁] ဘုန်းတော်အောင်ပန်း၊ ညောင်နန်းမဏ္ဍိုင်
ပလ္လင်ဘူမိ၊ ဗောဓိခရိုင်
ပြိုင်ဆိုင်ရန်လျှေး၊ မာန်ဘေးခုတ်ချိုင်
သစ္စာပန်း၊ ဆင်မြန်းရွှေလက်ကိုင်။ ။

[၂] ရေမြေဘဝဂ်၊ ပံ့တက်ဆူဝေ
နတ်လူညွှတ်နူး၊ ထွတ်ဖူးပရမေ
သတ္တာသတ္တာ၊ ပြောင်းကြွကွန့်ချွေ
ရွှေအိမ်နန်း၊ စံမြန်းခါတဲ့လေ။ ။

[၃] ဟောတုဟောကု၊ မြေထုလှိုက်ခုန်
ရွှေဉာဏ်တော်စွမ်း၊ ပဋ္ဌာန်းအစုံ
ဆင်ခြင်တုံဘိ၊ ပဋိနုလုံ
ကိုယ်တော်ကြီး၊ ရေမီးဝိုက်သန်းခြုံ။ ။

## နီလရောင်ခြည်ဖွဲ့

[၁] ဆံကေမြထုံး၊ မျက်လုံးမျက်တောင်
မုတ်ဆိတ်တော်များ၊ မြသားအရောင်
အစိတ်စိတ်မှု၊ ဖိတ်ဖိတ်ညိုမှောင်
ထိန်ထိန်လျှမ်း၊ တိမ်ပန်းအာကာဘောင်။ ။

[၂] မြရောင်ပြီသ၊ နီလခေါ်ဆို
စိမ်းပြာမှောင်ခဲ၊ အောင်မဲအညို
ထွတ်ကွန့်မြူးတော့၊ ကြည်နူးဖွယ်ကို
နီလာယပ်၊ လွဲခတ်နေသလို။ ။

[၃] ကြာညိုလှိုင်တုန်း၊ မြိုင်လုံးပွင့်ဟန်
တိမ်ညိုပုဆိုး၊ ဖြန့်မိုးကာရုံ
ဥဒေါင်းလည်ရေး၊ မြသွေးသဏ္ဍာန်
တခွင်လုံး၊ ရှင်ပြုံးမြရေကန်။ ။

## ပီတရောင်ခြည်ဖွဲ့

[၁] အရေတော်ပါး၊ ရွှေသားသိင်္ဂီ
ဝါလျှံထိန်ဝင်း၊ ကိုယ်တွင်းအဆီ
ကြည်ညိုပလို့၊ ပီတရံသီ
တလက်လက်၊ ပေါ်ထွက်ပြန့်ကြပြီ။ ။

[၂] နေရောင်ထိုးယှက်၊ ပြိုးပြက်ရွှေတောင်
ရွှေရည်ရွှေမိုး၊ စွေဖြိုးသယောင်
ရွှေမြားတံမိုး၊ ပြိုးပြိုးပြောင်ပြောင်
လွဲလွဲခတ်၊ ရွှေယပ်ရာသောင်းထောင်။ ။

[၃] မဟာလေုကား၊ စကားရွှေနွယ်
ရွှေရောင်ဟပ်သန်း၊ လျှပ်ပန်းသဖွယ်
ရှုမခန်းပ၊ ဆန်းဆန်းကြယ်ကြယ်
တိုက်အလုံး၊ ရွှေကုံးဆင်သခြယ်။ ။

## လောဟိတ ရောင်ခြည်ဖွဲ့

[၁] လျှာတော်နှုတ်ခမ်း၊ နီမြန်းစုံညီ
ခြေလက်နှစ်ပါး၊ ဖဝါးအနီ
ကိုယ်တော်အသွေး၊ တွေးတွေးရုံသိ
ထွက်ကွန့်မြန်း၊ ခက်ပန်းခိုင်နှင်းဆီ။ ။

[၂] ပတ္တမြားကြိုး၊ နေမိုးတူပြိုင်
နီတွေးရောင်လျှမ်း၊ ခေါင်ရမ်းအခိုင်
တိမ်ပန်းတိမ်ညွန့်၊ လိမ်တွန့်ဆိုင်ဆိုင်
ရဲရဲငြိ၊ မဏိကျောက်ဂူလိုဏ်။ ။

[၃] ကမ္ဗလာဖဲ၊ ရဲရဲရစ်ရုံ
ဗိတာန်ဖြန့်မိုး၊ နီမျိုးအစုံ
မဏိယပ်ဆွဲ၊ ခတ်လွဲသည့်ပုံ
တိုက်ခပင်း၊ အလင်းဝိုက်သိမ်းခြုံ။ ။

## သြဒါတရောင်ခြည်ဖွဲ့

[၁] စွယ်တော်လေးဓာတ်၊ သွားမြတ်လေးဆယ်
ဥဏှာလုံမွေး၊ ဖြူဖွေးအနွယ်
မျက်ဖြူတော်မြတ်၊ ရိုးဓာတ်သွယ်သွယ်
သြဒါတ၊ ဖြူဆွလွှန်စင်ကြယ်။ ။

[၂] စိန်ကျောက်ခဲ၊ မြှောက်ကြဲမှောက်သွန်
သုန်သုန်လေဖျန်း၊ ရေပန်းတံခွန်
ငွေရေယဉ်ကြီး၊ ကျစီးရေပြွန်
ဖြူရောင်ဖွေး၊ ရောထွေးလိမ်ယှက်လွှန်။ ။

[၃] ငွေပုဏ္ဏိန်စန်း၊ လနန်းယာဉ်ဆောင်
ယုန်ဖြူစက်ဝန်း၊ တက်ထွန်းလရောင်
နှဲ့တသိမ့်သိမ့်၊ ငြိမ့်ငြိမ့်ပါအောင်
ခတ်လေငြား၊ ငွေသား ငွေယပ်တောင်။ ။

[၄] ဘုံနှယ်တလွှား၊ ဘော်သားဘော်ဆိုင်
ကြယ်စုံသောက်ရှူး၊ တောက်မြူးအပြိုင်
ဖြူရောင်ယှက်လို့၊ ဘဝဂ်ဘုံတိုင်
ဆင့်ဆင့်ပြေး၊ ဖြူဖွေးဘယ်ဆုံးနိုင်။ ။

## မဉ္ဇိဋ္ဌရောင်ခြည်ဖွဲ့

[၁] ဆံတော်အဖျား၊ ဖဝါးတော်တိုင်
ရွှေကိုယ်တော်လုံး၊ ပတ်ကုံးတပြိုင်

အစိတ်စိတ်မှ၊ ဖိတ်ဖိတ်ရောင်ဆိုင်
မဥ္စူ၊ ထွက်ကြွကွန့်မြူးလှိုင်။ ။

[၂] သပြေမှည့်ကြီး၊ အသီးရောင်ပေ
မိုးကြိုးရည်ကောင်း၊ နီမောင်းသလေ
ခရမ်းရင့်ရင့်၊ ပန်းပွင့်ပုံနေ
ရှုမညောင်း၊ ရောင်မောင်းလျှံကွန့်ဝေ။ ။

## ပဘဿရရောင်ခြည်ဖွဲ့

[၁] နီတွေးနုထွား၊ ဖဝါးတော်မုံ
ရောင်လျှံတော်ဆုံး၊ ကိုယ်လုံးအကုန်
အစိတ်စိတ်မှ၊ ဖိတ်ဖိတ်ရောင်ဟုန်
ပြိုးပြိုးပြက်၊ မြန်းထွက်နေကြပုံ။ ။

[၂] ဆေးစုံစပ်နှော၊ မြတ်သောရောင်ရှိန်
မီးပန်းလျှပ်ပန်း၊ နတ်နန်းဝတိန်
ဥက္ကာကြယ်ကြီး၊ ညီးညီးထိန်ထိန်
နေရောင်ယှက်၊ ဒေါင်းကွက်ရတီစိန်။ ။

[၃] ယိမ်းတန့်နွဲ့၊ စိမ်းလဲ့ဝါရောင်
ပန်းစုံဆင်နွဲ့၊ လွင့်ကြဲသယောင်
မိုလ္လာဆန်းတဲ့၊ တိမ်ပန်းတိမ်တောင်
လက်လက်လျှမ်း၊ ဖြတ်သန်းနေသောင်းထောင်။ ။

# ခြောက်သွယ်ရောင်ခြည် ကွန့်မြူးပုံ

[၁] ခြောက်ဖြာလူးလွန့်၊ မြူးကွန့်ရောင်ဝေ
ကျောက်မျိုးစိန်မျိုး၊ မိုတ်သျှိုးသလေ
ဘုံဗြဟ္မာနတ်၊ ပြာသာဒ်ဆောင်တွေ
ထွန်းနိုင်ပဲ၊ ပြာမွဲမှောင်ရချေ။ ။

[၂] မြရောစိန်ရော၊ မှိန်သောရောင်ခြည်
နေဝန်းလဝန်း၊ ပထွန်းမကြည်
ဗြဟ္မာဂိုဏ်းနှင့်၊ နတ်တိုင်းရွှေပြည်
နေရောင်ဖုံး၊ ပိုးစုန်းတူကြသည်။ ။

[၃] လောကဓာတ်လုံး၊ မဆုံးနိုင်ပေါင်
ဒိသာဆယ်ခန်း၊ ကြွမြန်းအရောင်
မြေထုရေထု၊ လေထုကုန်အောင်
ဆင့်ဆင့်စွဲ၊ တင့်ကဲထိန်တောက်ပြောင်။ ။

[၄] ပဌာန်းသိမ်မွေ့၊ ရှိန်ငွေ့တော်ပင်
ခြောက်ဆူရောင်ဖြိုး၊ တန်ခိုးအရှင်
ဆဗ္ဗဏ္ဏာဟု၊ မည်ရကျော်ထင်
ဦးညွှတ်တွား၊ ဘုရားမြတ်သခင်။ ။

# ပဋ္ဌာန်းတရားမွှမ်း

ဒေဝါတိ ဒေဝေါ ဒေဝါနံ၊ ဒေဝ ဒါန ဝ ပူဇိတော။
သုရာလ ယေစ ဒေသိတော၊ ပဋ္ဌာနံ တံ ဘဏာမဟေ။

ဒေဝါတိ ဒေဝေါ၊ သမ္မုတိနတ်၊ ဥပပတ္တိနတ်တို့ထက် လွန်ထူးမြတ်၍၊ ဝိသုဒ္ဓိနတ် ဖြစ်တော်မူသော။ ဒေဝ ဒါန ဝ ပူဇိတော၊ သိကြားအစရှိသောနတ်၊ အသုရိန် အစရှိသော အသူရာတို့သည် ပူဇော်အပ်တော်မူထသော။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ သုရာလယေစ၊ တာဝတိံသာမည်၊ နတ်တို့ပြည်၌။ ဒေဝါနံ၊ မယ်တော်မိနတ်သား အမှူးထား၍ တသောင်းသော စကြဝဠာတိုက်မှ လာရောက်ကြငြား၊ နတ်ဗြဟ္မာ အများတို့အား။ ပဋ္ဌာနံ၊ ခက်ခဲထူးဆန်း၊ ပဋ္ဌာန်းတရားတော်မြတ်ကြီးကို။ ဒေသိတော၊ ဟောကြားတော်မူအပ်ပေ၏။ တံ ပဋ္ဌာနံ၊ ခက်ခဲတင့်ဆန်း၊ ထိုပဋ္ဌာန်းတရားတော်မြတ်ကြီးကို။ တော၊ သူတော်ကောင်းတို့။ မယံ၊ ပဋ္ဌာန်းအဘိဓမ္မာ၊ ဒေသနာကို၊ သဒ္ဓါကြည်ဖြူ၊ နာယူပြုလုပ်၊ အကျွန်ုပ်တို့သည်။ ဘဏာမ၊ ညီညာဖြဖြ ရွတ်ဆိုကြကုန်စို့။

## ပဋ္ဌာန်းရောင်ခြည်တော်ဘွဲ့ ဘုရားရှိခိုး

[၁] ပဋ္ဌာနံ သမ္မသန္တဿ၊ ဗောဓိတောပစ္ဆိ မုတ္တရေ။
နီလာယော နီလဋ္ဌာနေဟိ၊ ပီတောဒါတာစ၊
လောဟိတာ။

[၂] တမှာတမှာမဥ္ဇိဋ္ဌာစ၊ နိက္ခမိံသု ပဘာဿရာ။
ဆဗ္ဗဏ္ဏရံသိဇောတေန္တ၊ နမာမိသာဒရံအဟံ။

ဗောဓိတော၊ မြေမျှား ဦးခိုင်၊ မဏ္ဍိုင်သီရိ၊ ဗောဓိပင်ရင်းအစ၊ ပလ္လင်ဗွေဋ္ဌာနမှ။ ပစ္ဆိမုတ္တရေ၊ အနောက်နှင့် မြောက်အရပ်တို့ နှစ်ခုစပ်ရာ ထောင့်အရပ်ဟူ၍ ခေါ်အပ်သော အနောက်မြောက် ဌာန ရတနာဃရဌ်။ ပဋ္ဌာနံ၊ အဘိဓမ္မာပိဋကတ်၊ ခုနစ်ရပ်သော ကျမ်းတို့၏ အဆုံး၊ နည်းအားလုံးတို့ဖြင့် ဝေဖန်လျက်၊ ရွေဉာဏ်

တော်အားပြုရာ၊ တရားဓမ္မအဖြာဖြာတို့ထက် အလွန်တရာ ခက်ခဲနက်နဲထူးဆန်း ပဋ္ဌာန်း တရားတော်မြတ်ကို။ သမ္မာသန္တသာ၊ သဗ္ဗညုတ ဉာဏ်တော်ကွန်ရက်ဖြင့် ဖြန့်ကြက် ဆင်ခြင်တော်မူသော ဘုရားရှင် ကိုယ်တော်မြတ်၏။

[၁] နီလဌာနေဟိ၊ဆံပင်မျက်နက်ဟုဆိုအပ်သော ညှိုမှောင်ရာ အရပ်တော်တို့မှ။ နီလာယော၊ မင်-ပိတုန်းရောင်၊ မျက်စဉ်းတောင်ကဲ့သို့ မှောင်တခိုဝယ်၊ ဖန်မိလ္လာတုံး၊ စူကာပန်းတွေ့ကုံးသည့်နှယ်၊ မိုးလုံးစိမ့်၊ ညိုသော အဆင်းရှိကြကုန်သော ရောင်ခြည်ဘော်မြတ်တို့သည်။ နိက္ခမိံ သု၊ အရောင်ပဝင်း၊ အနန္တလောကဓာတ်အတွင်းသို့ ထွန်းလင်းထွက်ကြွ၊ ကွန့်မြူးတော်မူကြလေကုန်၏။

[၂] ပီတဌာနေဟိ၊တကိုယ်လုံးကျက်သရေ၊ ဝါရွှေရာဌာန အရပ်တော်ဟူသမျှတို့မှ။ ပီတာ၊ ဇမ္ဗူရာဇ်သိင်္ဂီနာရဏီဂီဝါ မဟာလှေကား၊ ဝေဖားပွင့်ဆင်း ရွှေတောင်ကြီး လင်းသကဲ့သို့ ဝါဝင်းထိန်ဖြာ၊ ယုန်သော်တာထွန်းသည့်နှယ် ရွှန်းရွှန်းဝေဆာ၊ ရွှေဝါသော အဆင်းရှိကြကုန်သော ရောင်ခြည်တော်မြတ်တို့သည်။နိက္ခမိံ သု၊အရောင်ပဝင်း၊ အနန္တလောကဓာတ် အတွင်းသို့၊ ထွန်းလင်းထွက်ကြွ၊ ကွန့်မြူးတော် မူကြလေကုန်၏။

[၃] ဩဒါတဌာနေဟိ၊ သွားတော်လေးဆယ်၊စွယ်တော်လေးဆူ၊ မျက်ဖြူတော်အစုံ၊ဥဏ္ဏာလုံခေါ် မွေရှင်တော်ဓာတ်၊ ဖြူဖွေးရာ အရပ်တို့မှ။ ဩဒါတာ၊ စိန်သာခွာကြူ၊

ပုလဲတုသည်၊ ဘော်ဖြူငွေရွက်၊ ဖြန့်ကြက်စီခြယ်၊ ငွေကြယ်
ရောင်သန်း၊ ကေလာသငွေတောင်ကို၊ နေအရောင်လွှမ်း
သကဲ့သို့၊ မြတ်လေးပန်းစံပယ်ငုံ၊ စိန်ကြာဖြူပွင့်ဝတ်မှုန်ကို၊
ပုံပမာကပ်၊ တိမ်တောင် စိန်ရောင် ဟပ်သကဲ့သို့၊ တလျှပ်
လျှပ် တဖိတ်ဖိတ်၊ တရိပ်ရိပ်ထိန်ပြောင်ကြည်လဲ့၊ စိန်ရောင်
ခြည်ခေတ်၊ ဖြူဖွေးသော အဆင်းတော်မြတ် တို့သည်။
နိက္ခမိံသု၊ အရောင်ပဝင်း၊ အနန္တလောကဓာတ်အတွင်း
သို့၊ ထွန်းလင်းထွက်ကြ၊ ကွန့်မြူးတော်မူကြလေကုန်၏။

[၄] လောဟိ ဟိတင္ဂါနေဟိ၊ ပတ္တမြားခေါင်ရမ်း၊ နှင်းဆီ
ပန်းကဲ့သို့၊ နီမြန်းသော အရပ်ဘော်တို့မှ၊ လောဟိတာ၊
ကမ္ဗလာနီမြန်း၊ ကသစ်ပန်းနှင့်၊ ခေါင်ရမ်းကြက်မောက်၊
တိမ်နီတွေတောက်သကဲ့သို့၊ ကျောက်သန္တာသွေး၊ နီတွေး
သောအဆင်း ရှိကြကုန်သော ရောင်ခြည်တော်မြတ်တို့
သည်။ နိက္ခမိံသု၊ အရောင်ပဝင်း၊ အနန္တ လောကဓာတ်
အတွင်းသို့၊ ထွန်းလင်းထွက်ကြ၊ ကွန့်မြူးတော်မူကြလေ
ကုန်၏။

[၅] မဉ္ဇိဋ္ဌာ၊ ပြာညိုစိုလျှမ်း၊ မရမ်းပွင့်အနေ၊ သပြေသီးမှည့်၊
ရှုကြည့်အံ့ဖွယ်၊ ဆန်းကြယ်စုပေါင်း၊ ရှုမညောင်းမျှ၊
မောင်းမည်းမှိုင်းအုံ၊ မှုန်သော အဆင်း ရှိကုန်သော
ရောင်ခြည်တော်မြတ်တို့သည်လည်းကောင်း။

[၆] ပဘဿရာ၊ နဘံအဇတာ၊ ဝသန္တာဝယ်၊ သံဝါလထစ်ချုန်း၊
မိုးရွာတုန်း၌၊ ရှန်းရင်းပြေးသန်း၊ လျှပ်ပန်းရောင်နွယ်၊

ကြယ်ဥက္ကာမြူး၊ နတ်မီးရှူးကဲ့သို့၊ အထူးထူးအထပ်ထပ်၊ တလျှပ်လျှပ်လွှမ်းမိုး၊ အရောင်ချင်းယှက်၍၊ တလက်လက် ထိုးသည့်နှယ်၊ ပြိုးပြိုးပြက်ပြက်၊ ရိုးရိုးရက်၊ တခဲနက် အဆင်း ရှိကြကုန်သော ရောင်ခြည်တော်မြတ်တို့သည်။ တမှာတမှာ၊ ထိုထိုသို့သော ကိုယ်တော်၏ ထက်ဝန်းကျင် အရပ်တို့မှ။ နိက္ခမိံသု၊ အရောင်ပဝင်း၊ အနန္တ လောက ဓာတ် အတွင်းသို့၊ ထွန်းလင်းထွက်ကြွ၊ ကွန့်မြူးတော် မူကြလေကုန်၏။ ဆဗ္ဗဏ္ဏံရံသိဇော တေန္တံ၊ ညို၊ ရွှေ၊ နီ၊ ဖြူ၊ မောင်းရောင်ပြူထွက်၊ ပြိုးပြိုးပြက်သော၊ခြောက်ပါး ကျက်သရေ၊ အနန္တအရပ်၊ လောကဓာတ်အလုံး၊ ကုန် ဆုံးအောင် တောက်ပတော်မူနိုင်ပါပေသော၊ ဘုရားရှင် ကိုယ်တော်မြတ်ကြီးကို။ အဟံ၊ရောင်ခြည်တော်ခြောက်စုံ၊ တန်ခိုးဂုဏ်ကို၊ယုံကြည်အားထား၊ ဆည်းကပ်ငြားသည့်၊ နှစ်ပါးရုပ်နာမ်၊ ပေါင်းစပ်ဟန်ကို၊ အမှန်မှည့်ခေါ်၊ တပည့်တော်သည်။ သာဒရံ၊ ရောင်ခြည်တော်အပေါင်း ကို၊ညွှတ်ပျောင်းကြည်ဖြူ၊ဆည်းကပ်မူကာ၊ နိဗ္ဗူကြငှန်း၊ ဘေးမဲ့နန်းသို့၊ ဖြောင့်တန်းအတည်၊ ရောက်နိုင်သည်ဟု၊ ယုံကြည်သဒ္ဓါ၊ရှိသေစွာဖြင့်။ ဝန္ဒာမိ၊ အဝေးကမှန်းဆ၊ ရောင်ခြည်တော်ကို တမ်းတလျက်၊ ရွှင်လန်းကြည်သာ၊ ရှိခိုးကန်တော့လိုက်ပါသည် အရှင်ဘုရား။

ဆုတောင်း

ထိုသို့ ရှိခိုးကန်တော့ရသော ကုသိုလ်ကောင်းမှုကြောင့်

[၁] အိုဘေးဆိုး၊

[၂] နာဘေးဆိုး၊

[၃] သေဘေးဆိုး၊

[၄] ကိလေသာဘေးဆိုး အမျိုးမျိုးတို့မှ လျင်မြန်စွာ ကင်း လွတ်ရပါလို၏ အရှင်ဘုရား။ ။

# ခေတ်မြင် ပဋ္ဌာန်းတရားတော်

## ပဋ္ဌာန်းပါဠိ

[၁] ဟေတုပစ္စယော
[၂] အာရမ္မဏပစ္စယော
[၃] အဓိပတိပစ္စယော
[၄] အနန္တရပစ္စယော
[၅] သမနန္တရပစ္စယော
[၆] သဟဇာတပစ္စယော
[၇] အညမညပစ္စယော
[၈] နိဿယပစ္စယော
[၉] ဥပနိဿယပစ္စယော
[၁၀] ပုရေဇာတပစ္စယော

[၁၁] ပစ္ဆာဇာတပစ္စယော
[၁၂] အာသေဝနပစ္စယော
[၁၃] ကမ္မပစ္စယော
[၁၄] ဝိပါကပစ္စယော
[၁၅] အာဟာရပစ္စယော
[၁၆] ဣန္ဒြိယပစ္စယော
[၁၇] ဈာနပစ္စယော
[၁၈] မဂ္ဂပစ္စယော
[၁၉] သမ္ပယုတ္တပစ္စယော
[၂၀] ဝိပ္ပယုတ္တပစ္စယော
[၂၁] အတ္ထိပစ္စယော
[၂၂] နတ္ထိပစ္စယော
[၂၃] ဝိဂတပစ္စယော
[၂၄] အဝိဂတပစ္စယော

ဤသည်တို့ကို ၂၄ ပစ္စည်းဟု ခေါ်ဆိုပါသည်။

အနက်

[၁] ဟေတုပစ္စယော၊ ဟိတ်ခြောက်ပါးဖြစ်၍ ကျေးဇူးပြုတတ်သောတရား။

[၂] အာရမ္မဏပစ္စယော၊ အာရုံခြောက်ပါးဖြစ်၍ ကျေးဇူးပြုတတ်သောတရား။

[၃] အဓိပတိပစ္စယော၊ အကြီးအမှူးဖြစ်၍ ကျေးဇူးပြုတတ်သောတရား။

[၄] အနန္တရပစ္စယော၊ နာမ်တရားတို့ကိုသာ အခြားမဲ့ ဖြစ်စေ၍ ကျေးဇူးပြုတတ်သောတရား။

[၅] သမနန္တရပစ္စယော၊ နာမ်တရားတို့ကို ကောင်းစွာသာ အခြားမဲ့ဖြစ်စေ၍ ကျေးဇူးပြုတတ်သော တရား။

[၆] သဟဇာတပစ္စယော၊ ရုပ်နာမ်တရားတို့က အတူတကွ ဖြစ်၍ ကျေးဇူးပြုတတ်သောတရား။

[၇] အညမညပစ္စယော၊ရုပ်နာမ်အချင်းချင်းဖြစ်၍ ကျေးဇူးပြုတတ်သောတရား။

[၈] နိဿယပစ္စယော၊မှီရာဖြစ်၍ကျေးဇူးပြုတတ်သောတရား။

[၉] ဥပနိဿယပစ္စယော၊ အားကြီးသော အကြောင်းဖြစ်၍ ကျေးဇူးပြုတတ်သောတရား။

[၁၀] ပုရေဇာတပစ္စယော၊ရှေး၌ဖြစ်၍ ကျေးဇူးပြုတတ်သော တရား။

[၁၁] ပစ္ဆာဇာတပစ္စယော၊နောက်မှဖြစ်၍ ကျေးဇူးပြုတတ်သောတရား။

[၁၂] အာသေဝနပစ္စယော၊ အဖန်တလဲလဲ မှီဝဲထုံအပ်သည် ဖြစ်၍(တနည်း)မှီဝဲထုံဘတ်သည်ဖြစ်၍ ကျေးဇူးပြုတတ်သောတရား။

[၁၃] ကမ္မပစ္စယော၊ မျိုးစေ့ဖြစ်၍ ကျေးဇူးပြုတတ်သော တရား။

[၁၄] ဝိပါကပစ္စယော၊ အကျိုးဖြစ်၍ ကျေးဇူးပြုတတ်သော တရား။

[၁၅] အာဟာရပစ္စယော၊ ထောက်ပံ့ ခိုင်းစေတတ်သည်ဖြစ်၍ ကျေးဇူးပြုတတ်သောတရား။

[၁၆] ဣန္ဒြိယပစ္စယော၊ အစိုးရသည်ဖြစ်၍ ကျေးဇူးပြုတတ်သောတရား။

[၁၇] ဈာနပစ္စယော၊ ကပ်ပြီးရှုတတ်သည်ဖြစ်၍ ကျေးဇူးပြုတတ်သောတရား။

[၁၈] မဂ္ဂပစ္စယော၊ အကြောင်းဖြစ်၍ ကျေးဇူးပြုတတ်သော တရား။ (တနည်း)ထွက်မြောက်ကြောင်းဖြစ်၍ကျေးဇူးပြုတတ်သောတရား။

[၁၉] သမ္ပယုတ္တပစ္စယော၊ ယှဉ်သည်ဖြစ်၍ ကျေးဇူးပြုတတ်သောတရား။

[၂၀] ဝိပ္ပယုတ္တပစ္စယော၊ မယှဉ်သည်ဖြစ်၍ ကျေးဇူးပြုတတ်သောတရား။

[၂၁] အတ္ထိပစ္စယော၊ ရှိသည်ဖြစ်၍ ကျေးဇူး ပြုတတ်သော တရား။

[၂၂] နတ္ထိပစ္စယော၊ မရှိသည်ဖြစ်၍ ကျေးဇူး ပြုတတ်သော တရား။

[၂၃] ဝိဂတပစ္စယော၊ကင်းသည်ဖြစ်၍ ကျေးဇူးပြုတတ်သော တရား။

[၂၄] အဝိဂတပစ္စယော၊မကင်းသည်ဖြစ်၍ ကျေးဇူးပြုတတ်သောတရား။

ပဋ္ဌာန်းတရားတော်၏ ပါဠိ အနက်ကို ကျေညက်အောင် ကျက်မှတ်ရပါမည်။ အာဂုံဆောင်နိုင်လောက်အောင် ကျေညက်စွာ ကျက်မှတ်ပြီးမှသာ "ဟေတု" တလုံး၏အဓိပ္ပာယ်၊ "အာရမ္မဏ" တလုံး၏ အဓိပ္ပာယ် စသည်တို့ကို ပါဠိအနက် တွဲစပ်ကာထပ်မံပြီး ကျက်မှတ်ခြင်း ပြုရပါမည်။

## ဟေတု ပါဠိ အနက်

ဟေတုပစ္စယောတိ၊ ဟေတူဟေတု သမ္ပယုတ္တကာနံ၊ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စရူပါနံ၊ ဟေတုပစ္စယေန ပစ္စယော။
ဟေတုပစ္စယောတိ၊ ဟေတုပစ္စည်း ဟူသည်။ ဟေတူ၊ ဟိတ် ခြောက်ပါး ပစ္စည်း တရား တို့သည်။ ဟေတုသမ္ပယုတ္တကာနံ၊ ဟိတ်နှင့်ယှဉ်ကုန်သော။ ဓမ္မာနဉ္စ၊ စိတ်စေတသိက်တရားတို့အား လည်းကောင်း။ တံသမုဋ္ဌာနံ၊ ထိုဟိတ်ကြောင့် ဖြစ်ကုန်သော။ ရူပါနဉ္စ၊ စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ်တို့အား လည်းကောင်း။ ဟေတုပစ္စယေန၊ အကြောင်းရင်းဖြစ်သော ဟေတု သတ္တိဖြင့်။ ပစ္စယောဥပကာရကော၊ ခမ်သိမ်းကိစ္စခိုင်မြဲကြစေမှုကို ကျေးဇူး ပြုသည်။ ဟောတိ၊ ဖြစ်၏။

## ဟေတုပစ္စည်းကို မြင်လွယ်ရန် ဥပမာ

ဟေတုပစ္စည်း၏ ကျေးဇူးပြုပုံမှာ သစ်ပင်တို့၏ ရေသောက်မြစ်သည် ထိုသစ်ပင်အား ရပ်တည်နိုင်စေရန်အတွက် တွယ်ယှက် ထောက်ကူကာ ကျေးဇူးပြုသည့်နှယ်။

[၁] လောဘဟိတ်၊ လိုချင်ခြင်းအကြောင်း။
[၂] ဒေါသဟိတ်၊ ပြစ်မှားခြင်း၊ဒေါသဖြစ်ခြင်းအကြောင်း။
[၃] မောဟဟိတ်၊ တွေဝေခြင်းအကြောင်း။
[၄] အလောဘဟိတ်၊ မလိုချင်ခြင်းအကြောင်း။
[၅] အဒေါသဟိတ်၊ မပြစ်မှားခြင်း၊ ဒေါသ မဖြစ်ခြင်း အကြောင်း။
[၆] အမောဟဟိတ်၊ မတွေဝေခြင်းအကြောင်း။

ဤတရားခြောက်ပါးတို့က အမြစ်သဖွယ် တွယ်ယှက်ကာ စိတ် စေတသိက် ရုပ်တို့အား ဟိတ်တည်းဟူသော အကြောင်းဖြင့် ကျေးဇူးပြုကြလေသည်။

## အလွယ်မှတ်ရန်

လော၊ ဒေါ၊ မော၊ဟော၊ မိုက်မှားနေ့၊ မှတ်လေဟောတု၊
ကြောင်းရင်းစု။
အလော၊ အဒေါ၊ အမော သုံးထွေ၊ ကောင်းမြတ်နေ၊
မှတ်လေဟောတု၊ ကြောင်းရင်းစု။
ဟေတုပစ္စယ၊ ဖြစ်ပျက်ကြ၊ အနိစ္စ မြင်အောင်ရှု။

## ဟိတ်ခြောက်ပါး

ကောင်းတာကို မြင်လျှင် လောဘဟိတ်၊ မောဟဟိတ် ဖြစ်၏။ မကောင်းတာကိုမြင်လျှင်ဒေါသဟိတ်ဖြစ်၏။ သာမညမြင်သော တောတောင် မြေ ရေတို့ကို မြင်လျှင် မောဟဟိတ် ဖြစ်၏။

ကောင်းတာကို ကြားလျှင် လောဘဟိတ်၊ မောဟဟိတ် ဖြစ်၏။
မကောင်းတာကို ကြားလျှင် ဒေါသဟိတ်၊ မောဟဟိတ် ဖြစ်၏။
သာမညကို ကြားလျှင် မောဟဟိတ် ဖြစ်၏။

ကောင်းတာကို ရှူရှိုက်ရလျှင် လောဘဟိတ်၊ မောဟဟိတ် ဖြစ်၏။ မကောင်းတာကို ရှူရှိုက်ရလျှင် ဒေါသဟိတ်၊ မောဟဟိတ် ဖြစ်၏။ သာမညကို ရှူရှိုက်ရလျှင် မောဟဟိတ် ဖြစ်၏။
ကောင်းတာကို စားရလျှင် လောဘဟိတ်၊ မောဟဟိတ် ဖြစ်၏။
မကောင်းတာကို စားရလျှင် ဒေါသဟိတ်၊ မောဟဟိတ်ဖြစ်၏။
သာမညကို စားသောက်ရလျှင် မောဟဟိတ် ဖြစ်၏။
ကောင်းတာကို တွေ့ထိရလျှင် လောဘဟိတ်၊မောဟဟိတ်ဖြစ်၏။
မကောင်းတာကို တွေ့ထိရလျှင် ဒေါသဟိတ်၊ မောဟဟိတ် ဖြစ်၏။ သာမညကို တွေ့ထိရလျှင် မောဟဟိတ် ဖြစ်၏။

ကောင်းတာကို ကြံလျှင် လောဘဟိတ်၊ မောဟဟိတ် ဖြစ်၏။
မကောင်းတာကို ကြံလျှင် ဒေါသဟိတ်၊ မောဟဟိတ်ဖြစ်၏။
သာမညကို ကြံလျှင် မောဟဟိတ် ဖြစ်၏။

ဝိပဿနာနည်းဖြင့် ရှုရန်

ကောင်းတာ သိသမျှတို့သည်လည်း တည်မြဲခြင်းမရှိ၊ပျက်၊အနိစ္စ။
မကောင်းတာ သိသမျှတို့သည်လည်း တည်မြဲခြင်း မရှိ၊ ပျက်၊ အနိစ္စ။
သာမညတို့သည်လည်း တည်မြဲခြင်း မရှိ၊ ပျက်၊ အနိစ္စ။

## အာရမ္မဏ ပါဠိ အနက်

အာရမ္မဏ ပစ္စယော တိ၊ ရူပါယတနံ၊စက္ခုဝိညာဏ ဓာတုယာ၊ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ၊ အာရမ္မဏ ပစ္စယေန ပစ္စယော၊ သဒ္ဒါယတနံ သောတ ဝိညာဏ ဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ၊ အာရမ္မဏ ပစ္စယေန ပစ္စယော၊ ဂန္ဓာယတနံ ဃာန ဝိညာဏ ဓာတုယာ တံ သမ္ပယုတ္တတာနဉ္စ ဓမ္မာနံ၊ အာရမ္မဏ ပစ္စယေန ပစ္စယော၊ ရသာ ယတနံ ဇိဝှာ ဝိညာဏ ဓာတုယာ တံ သမ္ပယုတ္တ ကာနဉ္စ ဓမ္မာနံ၊ အာရမ္မဏ ပစ္စယေန ပစ္စယော၊ ဖောဋ္ဌဗ္ဗာ ယတနံ ကာယ ဝိညာဏ ဓာတုယာ တံ သမ္ပယုတ္တ ကာနဉ္စ ဓမ္မာနံ၊ အာရမ္မဏ ပစ္စယေန ပစ္စယော၊ ရူပါ ရတနံသဒ္ဒါယတနံ ဂန္ဓာယတနံ ရသာယတနံ ဖောဋ္ဌဗ္ဗာ ယတနံ မနော ဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ၊အာရမ္မဏ ပစ္စယေန ပစ္စယော၊ သဗ္ဗေ ဓမ္မာ မနော ဝိညာဏ ဓာတုယာ တံ သမ္ပယုတ္တ ကာနဉ္စ ဓမ္မာနံ၊ အာရမ္မဏ ပစ္စယေန ပစ္စယော၊ ယံယံ ဓမ္မံ၊အာရဗ္ဘ၊ ယေယေ ဓမ္မာ ဥပ္ပဇ္ဇန္တိ စိတ္တ စေတသိကာ ဓမ္မာ တေတေ ဓမ္မာ၊ တေသံတေသံ ဓမ္မာနံ၊ အာရမ္မဏ ပစ္စယေန ပစ္စယော။

အာရမ္မဏပစ္စယောတိ၊ အာရမ္မဏပစ္စည်းဟူသည်။ ရူပါယတနံ၊ အဆင်းရူပ ရှိရှိသမျှ အလုံးစုံ ရူပါရုံသည်။ စက္ခုဝိညာဏဓာတု ယာစ၊မြင်သိသဘာဝ စက္ခုဝိညာဏ ဓာတ်အားလည်းကောင်း။

တံသမ္ပယုတ္တကာနံ၊ ထိုစက္ခုဝိညာဏ်နှင့်ယှဉ်ကုန်သော။ ဓမ္မာနဉ္စ၊ စိတ်အားလုံးနှင့်ဆက်ဆံသော စေတသိက်တရား ခုနစ်ခုတို့အား လည်းကောင်း။ အာရမ္မဏပစ္စယေန၊ ဆွဲကိုင်ရာပမာဏအာရမ္မဏ သတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ဆွဲဆောင်ကြမှု ကျေးဇူး ပြုသည်။ ဟောတိ၊ ဖြစ်၏။

သဒ္ဒါယတနံ၊ အသံသဒ္ဒ ရှိရှိသမျှအလုံးစုံ သဒ္ဒါရုံသည်။ သောတ ဝိညာဏ ဓာတုယာစ၊ ကြားသိ သဘာဝ ဓာတ်အားလည်း ကောင်း။ တံသမ္ပယုတ္တကာနံ၊ ထိုသောတဝိညာဏ်နှင့် ယှဉ်ကုန် သော။ ဓမ္မာနဉ္စ၊ စိတ်အားလုံးနှင့်ဆက်ဆံသော စေတသိက်တရား ခုနစ်ခုတို့အား လည်းကောင်း။ အာရမ္မဏပစ္စယေန၊ ဆွဲကိုင်ရာ ပမာဏအာရမ္မဏသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ဆွဲဆောင် ကြမှု ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။

ဂန္ဓာယတနံ၊ အနံ့ဂန္ဓာ ရှိရှိသမျှအလုံးစုံ ဂန္ဓာရုံသည်။ ဃာန ဝိညာဏဓာတုယာစ၊ နံသိသဘာဝ ဃာနဝိညာဏ ဓာတ်အား လည်းကောင်း။ တံသမ္ပယုတ္တကာနံ၊ ထိုဃာနဝိညာဏ်နှင့်ယှဉ်ကုန် သော။ ဓမ္မာနဉ္စ၊ စေတသိက်တရားတို့အား လည်းကောင်း။ အာရမ္မဏပစ္စယေန၊ ဆွဲကိုင်ရာပမာဏ အာရမ္မဏသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ဆွဲဆောင်ကြမှု ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။

ရသာယတနံ၊ ခြောက်ပါးရသ ရှိရှိသမျှအလုံးစုံ ရသာရုံတို့သည်။ ဇိဝှာဝိညာဏဓာတုယာစ၊ စားသိသဘာဝ၊ ဇိဝှာဝိညာဏဓာတ် အားလည်းကောင်း။ တံသမ္ပယုတ္တကာနံ၊ ထို ဇိဝှာဝိညာဏ်နှင့်

ယှဉ်ကုန်သော။ ဓမ္မာနဉ္စ၊ စေတသိက်တရားတို့အား လည်းကောင်း။ အာရမ္မဏပစ္စယေန၊ဆွဲကိုင်ရာပမာဏ အာရမ္မဏသတ္တိဖြင့်။ပစ္စယော ဥပကာရကော၊ ဆွဲဆောင်ကြမှု ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။

ဖောဋ္ဌဗ္ဗာယတနံ၊တွေ့ထိလေက ရှိရှိသမျှအလုံးစုံ ဖောဋ္ဌဗ္ဗာရုံတို့သည်။ကာယဝိညာဏဓာတုယာစ၊တွေ့ထိသမျှ သဘာဝ ကာယဝိညာဏဓာတ်အား လည်းကောင်း။ တံသမ္ပယုတ္တကာနံ၊ ထိုကာယဝိညာဏ်နှင့် ယှဉ်ကုန်သော။ ဓမ္မာနဉ္စ၊ စေတသိက်တရားတို့အားလည်းကောင်း။ အာရမ္မဏပစ္စယေန၊ ဆွဲကိုင်ရာပမာဏ၊ အာရမ္မဏသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ဆွဲဆောင်ကြမှု ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။

ရူပါယတနံ၊ ရူပါရုံသည်လည်းကောင်း။ သဒ္ဒါယတနံ၊ သဒ္ဒါရုံသည်လည်းကောင်း။ ဂန္ဓာယတနံ၊ ဂန္ဓာရုံသည်လည်းကောင်း။ ရသာယတနံ၊ ရသာရုံ သည်လည်းကောင်း။ ဖောဋ္ဌဗ္ဗယတနံ၊ ဖောဋ္ဌဗ္ဗရုံ သည်လည်းကောင်း။ မနောဓာတုယာစ၊ မနောဓာတ်အားလည်းကောင်း။ တံသမ္ပယုတ္တကာနံ၊ ထိုမနောဓာတ်နှင့် ယှဉ်ကုန်သော။ ဓမ္မာနဉ္စ၊ စေတသိက် တရားတို့အားလည်းကောင်း။ အာရမ္မဏပစ္စယေန၊ စွဲကိုင်ရာသဘာဝ၊ အာရမ္မဏသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ဆွဲဆောင်ကြမှု ကျေးဇူးပြုသည်။ဟောတိ၊ ဖြစ်၏။

သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ ဓမ္မာ၊ အာရုံခြောက်ပါး၊ ပစ္စည်းတရားတို့သည်။ မနောဝိညာဏ ဓာတုယာစ၊ ကြံသိသဘာဝ မနောဝိညာဏ ဓာတ်အားလည်းကောင်း။ တံသမ္ပယုတ္တကာနံ၊

ထိုမနော ဝိညာဏ ဓာတ်တို့နှင့်ယှဉ်ကုန်သော။ ဓမ္မာနဥ္စ၊ စေတသိက် တရားတို့အားလည်းကောင်း။ အာရမ္မဏ ပစ္စယေန၊ စွဲကိုင်ရာသဘာဝ၊ အာရမ္မဏ သတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ဆွဲဆောင်ကြမှု ကျေးဇူးပြုသည်။ဟောတိ၊ ဖြစ်၏။ ယံယံ ဓမ္မံ၊ အကြင် အကြင်အာရုံခြောက်ပါး ပစ္စည်းတရားကို။ အာရဗ္ဘ၊ အာရုံပြု၍။ စိတ္တစေတသိကာ ဓမ္မာ၊ စိတ်စေတသိက် တရား ဖြစ်ကုန်သော။ ယေယေ ဓမ္မာ၊ အကြင်အကြင် အာရုံပြုကြား၊ ပစ္စယုပ္ပန်တရားတို့သည်။ ဥပ္ပဇ္ဇန္တိ၊ ဖြစ်ကုန်၏။ တေတေ ဓမ္မာ၊ ထိုအာရုံခြောက်ပါး ပစ္စည်းတရားတို့သည်။တေသံ တေသံ ဓမ္မာနံ၊ ထိုထို အာရုံပြုကြား၊ စိတ်စေတသိက် ပစ္စယုပ္ပန်တရားတို့အား။ အာရမ္မဏ ပစ္စယေန၊ စွဲကိုင်ရာ သဘာဝ အာရမ္မဏ သတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ဆွဲဆောင်ကြမှု ကျေးဇူးပြုသည်။ဟောတိ၊ ဖြစ်၏။

## အာရမ္မဏပစ္စည်းကို မြင်လွယ်ရန် ဥပမာ

ကိုယ်အင်္ဂါ ခြေလက်မသန်စွမ်းသူတို့သည် ထခြင်း၊ ရပ်ခြင်း ပြုနိုင်ရန် ကြိုးဖြစ်စေ၊ တန်းဖြစ်စေ၊ တောင်ဝှေးဖြစ်စေ စွဲကိုင်ရာ တခုခုက ကျေးဇူးပြုသကဲ့သို့ အဆင်း ရူပါရုံ၊ အသံ သဒ္ဒါရုံ၊ အနံ့ ဂန္ဓာရုံ၊ အရသာ ရသာရုံ၊ အတွေ့ ဖောဋ္ဌဗ္ဗာရုံ၊ ပရမတ် ပညတ်ဓမ္မာရုံ စသော ပစ္စည်းတရားတို့ကလည်း အာရုံပြုကြား မစွမ်းသန်သည့် ဝိညာဏဓာတ် ၇ ပါး စိတ်စေတသိက် တရားတို့အား အာရုံခြောက်ပါး အကြောင်းတရားဖြစ်၍ ကျေးဇူးပြုကြကုန်၏။

## အလွယ်မှတ်ရန်

အာရုံငါးထွေ၊ ငါးဝိညာ၊မှတ်လေ အာရမ္မဏ၊ကြောင်း
ကျိုးရ။ အာရုံငါးရပ်၊ မနောဓာတ်၊ စွဲမှတ်အာရမ္မဏ၊
ကြောင်းကျိုးရ။အာရုံခြောက်ရပ်၊ ဝိညာဏ်ဓာတ်၊စွဲမှတ်
အာရမ္မဏ၊ ကြောင်းကျိုးရ။
အာရုံရှိသမျှ၊ ကျိုးဖလမှာ၊ စိတ်စေသာ၊ မှတ်ပါ
အာရမ္မဏ၊ အချုပ်ပြ။
အာရုံအာရမ္မဏ၊ပြောင်းလေဘိ၊မှတ်သိအနိစ္စ၊ရှုပါကြ။

## အာရမ္မဏပစ္စည်းခြောက်မျိုး

[၁] အဆင်းကြောင့် မြင်သိဖြစ်၊
[၂] အသံကြောင့် ကြားသိဖြစ်၊
[၃] အနံ့ကြောင့် နံသိဖြစ်၊
[၄] အရသာကြောင့် စားသိဖြစ်၊
[၅] အတွေ့ကြောင့် တွေ့သိဖြစ်၊
[၆] အာရုံခြောက်ပါးကြောင့် ကြံသိဖြစ်။

## ဝိပဿနာနည်းဖြင့် ရှုရန်

မျက်စိမှ အစဉ်မပြတ် မြင်သိဖြစ်နေသမျှသော၊ စိတ်စေတသိက် သဘောတရားတို့သည် မြင်စရာ အဆင်းအာရုံ အကြောင်း အာရမ္မဏပစ္စည်း ရှိမှသာလျှင် မြင်နိုင်၏။

နားမှ အစဉ်မပြတ် ကြားသိ ဖြစ်နေသမျှသော စိတ်စေတသိက် သဘောတရားတို့သည် ကြားစရာ အသံအာရုံ အကြောင်း အာရမ္မဏပစ္စည်းရှိမှသာလျှင် ကြားနိုင်၏။
နှာခေါင်းမှ အစဉ်မပြတ် နံသိ ဖြစ်နေသမျှသော စိတ်စေတသိက် သဘောတရားတို့သည် နံစရာအနံ့ဂန္ဓာရုံအကြောင်း အာရမ္မဏ ပစ္စည်းရှိမှသာလျှင် နံသိ ဖြစ်နိုင်၏။

စားတိုင်း၊ စားတိုင်း လျှာက စားသိ ဖြစ်နေသမျှသော စိတ် စေတသိက် သဘောတရားတို့သည် စားစရာ အရသာ ဝတ္ထု အာရုံ အကြောင်း အာရမ္မဏပစ္စည်းရှိမှသာလျှင် စားသိ ဖြစ် နိုင်၏။

ကိုယ်ကာယနှင့်တွေ့ထိတိုင်း၊ တွေ့ထိတိုင်း တွေ့ထိသိ ဖြစ်နေသမျှ သော တွေ့ထိသိသဘောတရားတို့သည် တွေ့စရာ အကြမ်းအနု၊ အပူအအေးစသည့် ဖောဋ္ဌဗ္ဗာရုံ အကြောင်း အာရမ္မဏပစ္စည်း ရှိမှသာလျှင် တွေ့ထိသိ ဖြစ်နိုင်၏။

မနောစိတ်က ကြံသိ ဖြစ်နေသမျှသော စိတ်စေတသိက် တရား တို့သည် ကြံစရာ ရူပါရုံကိုသော် လည်းကောင်း၊ သဒ္ဒါရုံကို သော် လည်းကောင်း၊ ဂန္ဓာရုံကိုသော် လည်းကောင်း၊ ရသာရုံ ကိုသော် လည်းကောင်း၊ ဖောဋ္ဌဗ္ဗာရုံကိုသော် လည်းကောင်း၊ ထို အာရုံ ငါးပါးတည်းဟူသော ဂေါစရရုပ်ခုနစ်ပါးမှ ကြွင်းသော ရုပ်နှစ်ဆယ့်တပါး စိတ်စေတသိက်များနှင့်တကွ ထိုထို ပညတ် အစားစားတည်းဟူသော ဓမ္မာရုံကိုသော် လည်းကောင်း၊အာရုံ ပြုစရာ အာရမ္မဏပစ္စည်းရှိမှသာလျှင် ကြံသိ ဖြစ်နိုင်၏။

ထိုသို့လျှင် အာရုံအကြောင်းနှင့် စိတ်စေတသိက် အကျိုးတရား ပေါင်း ခြောက်ပါး အာရမ္မဏပစ္စည်း ပစ္စယုပ္ပန် ပဋ္ဌာန်းတရား တို့သည် လူ နတ် ကျွဲ နွားသတ္တဝါ အစားစားတို့တွင် နေ့စဉ် ထာဝရ မဖြစ်ချင်သော်လည်း မနေရပဲ အတင်းအဓမ္မ အာရုံ အာရမ္မဏိက ဖြစ်နေကြရသည်ကို ဖြစ်ပျက်သဘော မြင်အောင် ရှု၍ ဆင်ခြင် ပွားများ အားထုတ်နိုင်မှသာ ဝိပဿနာဉာဏ်ကို ရရှိနိုင်ကြမည်။

## ဝိပဿနာနည်းဖြင့် ရှုပုံ

[၁] မြင်သိအဆင်းသည် မြင်ဆဲတခဏဌီတည်၍ မြင်ပြီးသည် နှင့်ပျက်၊ အနိစ္စ။

[၂] ကြားသိအသံသည် ကြားဆဲ တခဏဌီသာတည်၍ ကြား ပြီးသည်နှင့်ပျက်၊ အနိစ္စ။

[၃] နံသော မွှေးသောရနံ့သည် နံသိဆဲ မွှေးသိဆဲ တခဏ ဌီသာ တည်၍ နံပြီးမွှေးပြီးသည်နှင့်ပျက်၊ အနိစ္စ။

[၄] အရသာရှိသော စားသိအစာသည် စားဆဲ တခဏဌီသာ လျှာပေါ်တွင်တည်၍ စားပြီးသည်နှင့် ပျက်၊ အနိစ္စ။

[၅] တွေ့ထိသိအရာသည် တွေ့ထိဆဲ တခဏဌီသာတည်၍ တွေ့ထိပြီးသည်နှင့်ပျက်၊ အနိစ္စ။

[၆] ကြံသမျှတွေးသမျှ စိတ်ကူးသမျှတို့သည် ကြံသိဆဲတခဏ ဌီသာ တည်၍ ကြံပြီးသည်နှင့်ပျက်၊ အနိစ္စ။

## တနည်း

ရှေးရှေးက မြင်ခဲ့သမျှတို့သည် နောက်သို့မပါ၊ မြင်ဆဲတခဏ ဌသာ တည်၏။ နောက်နောက် မြင်မြင်သမျှတို့သည် ရှေးရှေးက မြင်သည့် အရာမဟုတ်။

ရှေးရှေးက ကြားခဲ့သမျှ အသံတို့သည် နောက်သို့မပါ၊ ကြားဆဲ တခဏဌသာ တည်၏။ နောက်နောက် ကြားကြားသမျှတို့သည် ရှေးရှေးက ကြားသည့်အသံများမဟုတ်။

ရှေးရှေးက နံခဲ့သမျှ အနံ့တို့သည် နောက်သို့မပါ၊ နံဆဲတခဏဌ သာ တည်၏။နောက်နောက်နံနံသမျှတို့သည် ရှေးရှေးကနံသည့် အနံ့များမဟုတ်။

ရှေးရှေးက စားသမျှ အရသာတို့သည် နောက်သို့မပါ၊ စားဆဲ တခဏဌသာတည်၏။ နောက်နောက် စားသမျှတို့သည် ရှေးရှေး က စားသည့် အရသာများ မဟုတ်။

ရှေးရှေးက တွေ့ထိခဲ့သမျှအရာတို့သည် နောက်သို့မပါ၊တွေ့ထိဆဲ တခဏဌသာတည်၏။ နောက်နောက် တွေ့ထိသမျှတို့သည် ရှေး ရှေးက တွေ့ထိသည့် အရာများမဟုတ်။

ရှေးရှေးကကြံသမျှတို့သည်နောက်သို့မပါ၊တွေးဆဲကြံဆဲစိတ်ကူး ဆဲ တခဏဌသာ တည်၏။ နောက်နောက် တွေးသမျှ ကြံသမျှ စိတ်ကူးသမျှတို့သည် ရှေး ရှေးက အတွေးအကြံများ မဟုတ်။ ထို့ကြောင့် ဝိပဿနာမျက်စိဖြင့် ခြောက်အာရုံတို့ကို ပြက်ပြက် ထင်ထင် မြင်အောင်ကြည့်လျက် (ဖြစ်-တည်-ပျက်)သဘောကို ဆင်ခြင်ရာ၏။

## အဓိပတိ ပါဠိ အနက်

အဓိပတိပစ္စယောတိ၊ ဆန္ဒာဓိပတိဆန္ဒသမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ၊ အဓိပတိပစ္စယေနပစ္စယော၊ ဝီရိယာဓိပတိ ဝီရိယ သမ္ပယုတ္တကာနံ ဓမ္မာနံတံသမုဋ္ဌာနာနဉ္စရူပါနံ၊ အဓိပတိ ပစ္စယေန ပစ္စယော၊ စိတ္တာဓိပတိ စိတ္တသမ္ပယုတ္တကာနံ ဓမ္မာနံ၊ တံသမုဋ္ဌာနာနဉ္စ ရူပါနံ၊ အဓိပတိ ပစ္စယေန ပစ္စယော၊ ဝီမံသာဓိပတိ ဝီမံသသမ္ပယုတ္တကာနံဓမ္မာနံ၊ တံသမုဋ္ဌာနာနဉ္စ ရူပါနံ၊ အဓိပတိ ပစ္စယေနပစ္စယော၊ ယံယံဓမ္မံဂရုံကတွာ ယေယေဓမ္မာ ဥပ္ပဇ္ဇန္တိစိတ္တစေတသိကာဓမ္မာ၊ တေဘေဓမ္မာ တေ. သံဘေသံဓမ္မာနံ၊ အဓိပတိပစ္စယေန ပစ္စယော။

အဓိပတိပစ္စယောတိ၊ အဓိပတိပစ္စည်းဟူသည်။ ဆန္ဒာဓိပတိ၊ အကြီးအမှူးဖြစ်သောဆန္ဒသည်။ ဆန္ဒသမ္ပယုတ္တကာနံ၊ ဆန္ဒနှင့် ယှဉ်ကုန်သော။ ဓမ္မာနဉ္စ၊ စိတ်စေတသိက် တရားတို့အားလည်းကောင်း။ တံသမုဋ္ဌာနံ၊ ထို အကြီးအမှူးဆန္ဒကြောင့် ဖြစ်ကုန်သော။ ရူပါနဉ္စ၊ စိတ္တဇရုပ်တို့အား လည်းကောင်း။ အဓိပတိပစ္စယေန၊ အကြီးအမှူးဖြစ်သော အကြောင်းသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ထိုထိုကိစ္စ ပြီးစီးကြမှု ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။

ဝီရိယာဓိပတိ၊ အကြီးမှူးဖြစ်သော ဝီရိယသည်။ ဝီရိယသယုမ္ပတ္တကာနံ၊ ဝီရိယနှင့် ယှဉ်ကုန်သော။ ဓမ္မာနဉ္စ၊ စိတ်စေတသိက် တရားတို့အား လည်းကောင်း။ တံသမုဋ္ဌာနာနံ၊ ထိုအကြီးအမှူး

ဝီရိယကြောင့် ဖြစ်ကုန်သော။ ရူပါနဥ္စ၊ စိတ္တဇရုပ်တို့အားလည်း ကောင်း။ အဓိပတိ ပစ္စယေန၊ အကြီးအမှူးဖြစ်သောအကြောင်း သတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ထိုထိုကိစ္စ ပြီးစီးကြမှု ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။

စိတ္တာဓိပတိ၊ အကြီးအမှူးဖြစ်သော စိတ်သည်။ စိတ္တသမ္ပယုတ္တကာနံ၊ စိတ်နှင့်ယှဉ်ကုန်သော။ ဓမ္မာနဥ္စ၊ စိတ်စေတသိက်တရားတို့အားလည်းကောင်း။ တံသမုဋ္ဌာနာနံ၊ ထိုအကြီးအမှူး စိတ်ကြောင့် ဖြစ်ကုန်သော။ ရူပါနဥ္စ၊ စိတ္တဇရုပ်တို့အား လည်းကောင်း။ အဓိပတိ ပစ္စယေန၊ အကြီးအမှူး ဖြစ်သော အကြောင်းသတ္တိဖြင့်။ ပစ္စယောဥပကာရကော၊ ထိုထိုကိစ္စပြီးစီးကြမှု ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။

ဝီမံသာဓိပတိ၊ အကြီးအမှူးဖြစ်သောပညာသည်။ ဝီမံသသမ္ပယုတ္တကာနံ၊ ပညာနှင့်ယှဉ်ကုန်သော။ ဓမ္မာနဥ္စ၊ စိတ်စေတသိက်တရားတို့အားလည်းကောင်း။ တံသမုဋ္ဌာနာနံ၊ ထိုအကြီးအမှူး ပညာကြောင့် ဖြစ်ကုန်သော။ ရူပါနဥ္စ၊ စိတ္တဇ ရုပ်တို့အားလည်းကောင်း။ အဓိပတိပစ္စယေန၊ အကြီးအမှူးဖြစ်သော အကြောင်းသတ္တိဖြင့်။ ပစ္စယောဥပကာရကော၊ ထိုထိုကိစ္စ ပြီးစီးကြမှု ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။

ယံယံဓမ္မံ၊ အကြင်အကြင် အလေးအမြတ် ပြုအပ်သော အာရုံခြောက်ပါးပစ္စည်းတရားတို့ကို။ ဂရုံကတွာ၊ အလေးအမြတ်

ပြုကုန်၍။ စိတ္တစေတသိကာဓမ္မာ၊ စိတ်စေတသိက်တရားဖြစ်ကုန်သော။ယေယေဓမ္မာ၊ အကြင်အကြင် အာရမ္မဏိက ပစ္စယုပ္ပန်တရားတို့သည်။ဥပ္ပဇ္ဇန္တိ၊ဖြစ်ကုန်၏။ တေတေဓမ္မာ၊ ထိုထိုအာရုံ ခြောက်ပါး အလေးအမြတ်ပြုအပ်သော ပစ္စည်းတရားတို့သည်။ တေသံတေသံဓမ္မာနံ၊ ထိုထို အလေးအမြတ် ပြုအပ်သော စိတ် စေတသိက် ပစ္စယုပ္ပန်တရားတို့အား။ အဓိပတိပစ္စယေန၊အလေး အမြတ်ပြုအပ်သော အာရုံသတ္တိဖြင့်။ ပစ္စယောဥပကာရကော၊ အလေးပြုအောင် ကျေးဇူးဆောင်သည်။ ဟောတိ၊ဖြစ်၏။

## အဓိပတိပစ္စည်းကို မြင်လွယ်ရန် ဥပမာ

စကြဝတေးမင်းသည် တခြားတပါးသော သူတို့ပိုင်စိုးမှု သတ္တိကို ပယ်ဖျက်၍ တိုင်းနိုင်ငံသူနိုင်ငံသားတို့အား မိမိဘဦးတည်းသာ စိုးမိုးအုပ်ချုပ်ကျေးဇူးပြုသကဲ့သို့ အားကြီးသော ဆန္ဒ၊ ဝီရိယ၊ စိတ္တ၊ ပညာဝီမံသလေးပါး၊ အဓိပတိတရားတို့က မိမိနှင့် အတူ တကွဖြစ်သော စိတ် စေတသိက်၊ စိတ္တဇရုပ်၊ ပစ္စယုပ္ပန်တရား တို့အားလည်းကောင်း၊ တနည်းအားဖြင့် အလေးပြုအပ်သော အာရုံတို့အားလည်းကောင်း၊ တနည်းအားဖြင့် အလေးပြုအပ် သော အာရုံခြောက်ပါး၊ အဓိပတိတရားတို့က မိမိကို အလေး ပြုသော်ငြားလည်း စိတ်စေတသိက် ပစ္စယုပ္ပန်တရားတို့သည် မိမိ ကသာ အကြီးအမှူးပြု၍ ကျေးဇူး ပြုကြကုန်၏။

## အလွယ်မှတ်ရန်

ဆန္ဒကြီးကာ၊ အားထုတ်ရာ၊ ဆန္ဒာဓိပတိ၊ ကြောင်းကျိုးသိ။

ဝီရိယကြီးကာ၊ အားထုတ်ရာ၊ ဝီရိယာဓိပတိ၊ ကြောင်းကျိုးသိ။

စိတ်ဇွဲကြီးကာ၊ အားထုတ်ရာ၊ စိတ္တာဓိပတိ၊ ကြောင်းကျိုးသိ။

ပညာကြီးကာ၊ အားထုတ်ရာ၊ ပညာဓိပတိ၊ ကြောင်းကျိုးသိ။

၁။ ဆန္ဒာဓိပတိ၊ ဆန္ဒကိုအကြီးအမှူးပြု၍ ဆောင်ရွက်ခြင်း။

၂။ ဝီရိယာဓိပတိ၊ ဝီရိယကိုအကြီးအမှူးပြု၍ ဆောင်ရွက်ခြင်း။

၃။ စိတ္တာဓိပတိ၊ စိတ်ကိုအကြီးအမှူးပြု၍ ဆောင်ရွက်ခြင်း။

၄။ ဝီမံသာဓိပတိ၊ ပညာကိုအကြီးအမှူးပြု၍ဆောင်ရွက်ခြင်း။

အလေးပြုအပ်၊ အာရုံဓာတ်၊ မှတ်လေဓိပတိ၊ အကြောင်းသိ။

အလေးပြုတတ်၊ စိတ်စေတပ်၊ မှတ်လေဓိပတိ၊ အကျိုးသိ။

ပဋ္ဌာန်းနည်းနှင့် ရှုကြည့်ပါလျှင် ထိုထိုလောကဓာတ်အတွင်း၌ ဖြစ်–ဘည်–ပျက် ဟူသမျှတို့သည် အကြောင်းကင်း၍ မဖြစ်၊ အကြောင်းကြောင့်ဖြစ်သော အကျိုးတရားချည်းသာတည်း။

## ဝိပဿနာနည်းဖြင့် ရှုပုံ

ဆန္ဒကြီးစွာအားထုတ်ပါသော်လည်း လမ်းဆုံးသို့ ရောက်သော အခါ ပျက်၊အနိစ္စ။
ဝီရိယကြီးစွာအားထုတ်ပါသော်လည်း လမ်းဆုံးသို့ရောက်သော အခါ ပျက်၊အနိစ္စ။
စိတ်ဇောကြီးစွာ အားထုတ်ပါသော်လည်း လမ်းဆုံးသို့ ရောက် သောအခါ ပျက်၊အနိစ္စ။
ပညာကြီးစွာ အားထုတ် ပါသော်လည်း လမ်းဆုံးသို့ ရောက် သောအခါ ပျက်၊အနိစ္စ။
ယင်းသို့ပျက်တတ်သောသဘောကို ထင်လွယ် မြင်လွယ်အောင် ပညာရှိပုဂ္ဂိုလ်တို့က ဆောင်ပုဒ်ထုတ်ခဲ့သည်မှာ–
အားထုတ်တိုင်းမှာ၊ပျက်လိုက်တာ၊ရုပ်ပါအနိစ္စ၊ ပွားများကြ။
အလေးပြုတတ်၊စိတ်စေတပ်၊မှတ်လေဓိပတိ၊အကျိုးသိ။

### အာရမ္မဏာဓိပတိ ခြောက်မျိုး

[၁] ရူပါရုံ ကောင်းကောင်း။
[၂] သဒ္ဒါရုံ ကောင်းကောင်း။
[၃] ဂန္ဓာရုံ ကောင်းကောင်း။
[၄] ရသာရုံ ကောင်းကောင်း။
[၅] ဖောဋ္ဌဗ္ဗာရုံ ကောင်းကောင်း။
[၆] ဓမ္မာရုံ ကောင်းကောင်း။

## အနန္တရ ပါဠိ အနက်

ယေသံယေသံ၊ ဓမ္မာနံ၊ အနန္တရာ ယေယေဓမ္မာ ဥပ္ပဇ္ဇန္တိ စိတ္တစေတသိကာဓမ္မာ၊ တေတေဓမ္မာ တေသံ တေသံ ဓမ္မာနံ အနန္တရပစ္စယေနပစ္စယော။

ယေသံယေသံ၊အကြင်အကြင်ရှေးရှေး၌ဖြစ်ကုန်သော။ ဓမ္မာနံ၊ စိတ်စေတသိက်တရားတို့၏။အနန္တရာ၊အခြားမဲ့၌ ဖြင်ကုန်သော။ ယေယေဓမ္မာ၊ အကြင်နောက်နောက်၌ ဖြစ်ကုန်သော။ စိတ္တစေတသိကာဓမ္မာ၊ စိတ်စေတသိက် တရားတို့သည်။ ဥပ္ပဇ္ဇန္တိ၊ ဖြစ်ကုန်၏။ တေတေဓမ္မာ၊ ထိုထိုရှေးရှေး၌ဖြစ်ကုန်သော စိတ်စေတသိက်တရားတို့သည်။တေသံတေသံဓမ္မာနံ၊ ထိုထို နောက်နောက်၌ဖြစ်ကုန်သော စိတ်စေတသိက်တရားတို့အား။ အနန္တရပစ္စယေန၊ အခြားမဲ့ ကျေးဇူးပြုသည့် အနန္တရပစ္စယသတ္တိဖြင့်။ ပစ္စယောဥပကာရကော၊ နောက်နောက်တရား ဖြစ်ပွားလေအောင် ကျေးဇူးဆောင်သည်။ ဟောတိ၊ ဖြစ်၏။

## အနန္တရပစ္စည်းကို မြင်လွယ်ရန်ဥပမာ

စကြဝတေးမင်းနတ်ရွာလားခြင်းသည် သားကြီးအား နန်းရပ်ထီးဖြူ ရစေခြင်းငှာ ကျေးဇူး ပြုဘိသကဲ့သို့ ရှေးရှေး စိတ်စေတသိက်တို့က နောက်နောက် စိတ်စေတသိက်တို့ကို ဖြစ်ခွင့်ပေး၍နေရာဖယ်ပေးပြီး ချုပ်ပျောက်ကြကာ အခြားမဲ့ဖြစ်သည့် အနန္တရသတ္တိဖြင့် ကျေးဇူး ပြုကြကုန်၏။

## အလွယ်မှတ်ရန်

နာမ်ခန္ဓာများ၊ ဖြစ်လေငြား၊ လေးပါးဆုံ၍သာ။
စိတ္တက္ခဏချင်း၊ ဖြစ်တုံလျင်း၊ ပူးခြင်းမရှိပါ။
ပုတီးကုံးသွင်၊ စီ၍ပင်၊ ဖြစ်အင်ဓမ္မတာ။
ရှေးခန္ဓာများ၊ ပစ္စည်းထား၊ နောက်ကားပစ္စယုပ်သာ။
စကြာမင်းသေ၊နန်းရစေ၊ အမွေသားကြီးသာ။
ဤပမာရ၊ ချုပ်သမျှ၊ ပြုကြကျေးဇူးသာ။
ရှေးချုပ်သမျှ။ အနိစ္စ၊ ရှုကြဝိပဿနာ။

## အနန္တရပစ္စည်း ကျေး ူးပြုပုံ

[၁] ရှေးရှေးကုသိုလ်က နောက်နောက် အခြားမဲ့ ကုသိုလ် အဗျာကဘတို့အား ကျေးဇူးပြု၏။
[၂] ရှေးရှေး အကုသိုလ်က နောက်နောက် အခြားမဲ့ အကုသိုလ်အဗျာကတတို့အား ကျေးဇူးပြု၏။
[၃] ရှေးရှေး အဗျာကတက နောက်နောက် အဗျာကတ ကုသိုလ်၊ အကုသိုလ်တို့အား ကျေးဇူးပြု၏။

## ဝိပဿနာနည်းဖြင့် ရှုပုံ

နာမ်ခန္ဓာတို့သည် အခြားမဲ့တရားကို ကျေးဇူးပြုသောအားဖြင့် ချုပ်ပျက် ခဏ ပျက်၊ အနိစ္စ။သမနန္တရပစ္စည်းနှင့် အနန္တရပစ္စည်း

တို့သည် သဘောချင်း တူညီ၏။ ထို့ကြောင့် အနန္တရပစ္စည်းကို အကျယ်မရေးတော့ပဲ ဥပမာမျှကိုသာ ပြပါမည်။

သမနန္တရပစ္စည်းကို မြင်လွယ်ရန် ဥပမာ—

သမနန္တရ ပစ္စည်းက ကျေးဇူးပြုပုံမှာ စကြဝတေး မင်းသည် တိုင်းပြည်နှင့်တကွ မင်း စည်းစိမ်ကို စွန့်လွှတ်၍ ရဟန်းပြုခြင်း ကြောင့် သားကြီး ဩရသအား မင်းအဖြစ်ကို ရစေခြင်းငှာ ကောင်းစွာ အခြားမဲ့ဖြစ်၍ ကျေးဇူးပြုသကဲ့သို့ ရှေးရှေး စိတ် စေတသိက်တို့ကလည်းအခြားမဲ့ဖြစ်သောစိတ်စေတသိက်တို့အား ဖြစ်ခွင့်ကို ပေးသောအားဖြင့် ချုပ်ပျောက် ပယ်ရှားကြကာ ကောင်းစွာ အခြားမဲ့ ဖြစ်သည့် သမနန္တရသတ္တိဖြင့် ကျေးဇူး ပြုကြကုန်၏။

## သဟဇာတ ပါဠိအနက်

သဟဇာတ ပစ္စယောတိ၊ စတ္တာရော ခန္ဓာ အရူပိနော အညမညံ၊ သဟဇာတ ပစ္စယေန ပစ္စယော၊ စတ္တာရော မဟာဘူတာ အညမညံ၊ သဟဇာတ ပစ္စယေန ပစ္စယော၊ ဩက္ကန္တိက္ခဏေ နာမရူပံ အညမညံ၊ သဟဇာတ ပစ္စယေန ပစ္စယော၊ စိတ္တ စေတသိကာ ဓမ္မာ၊ စိတ္တသမုဋ္ဌာနာနံ ရူပါနံ၊ သဟဇာတ ပစ္စယေန ပစ္စယော၊ မဟာဘူတာ ဥပါဒါ ရူပါနံ၊ သဟဇာတ ပစ္စယေန ပစ္စယော၊ ရူပိနော ဓမ္မာ၊ အရူပိနံ ဓမ္မာနံ ကိဉ္စိကာလေ သဟဇာတ ပစ္စယေန ပစ္စယော၊ ကိဉ္စိကာလေန သဟဇာတ ပစ္စယေန ပစ္စယော။

သဟဇာတ ပစ္စယောတိ၊ သဟဇာတပစ္စည်းဟူသည်။ စတ္တာရော၊ လေးပါးကုန်သော။ အရူပိနော၊ နာမ် ဖြစ်ကုန်သော ဝေဒနက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာတို့သည်။ အညမညံ၊ အချင်းချင်း။ သဟဇာတ ပစ္စယေန၊ အတူတကွ ဖြစ်ကြသည့် သဟဇာတ သတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ တကွဖြစ်မှု ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။

စတ္တာရော၊ လေးပါးကုန်သော။ မဟာဘူတာ၊ ပထဝီ-အာပေါ-တေဇော-ဝါယောဟု ဆိုအပ်သော မဟာဘုတ်တို့သည်။ အညမညံ၊ အချင်းချင်း။ သဟဇာတ ပစ္စယေန၊ အတူတကွ ဖြစ်ကြသည့် သဟဇာတသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ တကွဖြစ်မှု ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။

ဩက္ကန္တိက္ခဏေ၊ ပဥ္စဝေါကာရ ပဋိသန္ဓေ ခဏ၌။ နာမရူပံ၊ ပဋိသန္ဓေ နာမ် ခန္ဓာနှင့် ဟဒယ ဝတ္ထု ရုပ်သည်။ အညမညံ၊ အချင်းချင်း။ သဟဇာတ ပစ္စယေန၊ အတူတကွ ဖြစ်ကြသည့် သဟဇာတသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ တကွ ဖြစ်မှု ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။

စိတ္တ စေတသိကာ၊ စိတ်စေတသိက် ဖြစ်ကြကုန်သော။ ဓမ္မာ၊ နာမက္ခန္ဓာတရား လေးပါးတို့သည်။ စိတ္တသမုဋ္ဌာနာနံ၊ စိတ်လျှင် ဖြစ်ကြောင်းရှိကုန်သော။ ရူပါနံ၊ စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ် တို့အား။ သဟဇာတ ပစ္စယေန၊ အတူတကွ ဖြစ်ကြသည့် သဟဇာတ သတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ တကွဖြစ်မှု ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။

မဟာဘူတာ၊ ပထဝီ- အာပေါ- တေဇော- ဝါယောဟု ဆိုအပ်သော မဟာဘုတ်တို့သည်။ ဥပါဒါရူပါနံ ၊ဥပါဒါရုပ်တို့အား။ သဟဇာတပစ္စယေန၊ အတူတကွဖြစ်ကြသည့် သဟဇာတ သတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ တကွဖြစ်မှု ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။

ရူပိနော၊ ရုပ်ဖြစ်ကုန်သော။ ဓမ္မာ၊ ဟဒယဝတ္ထုတို့သည်။ အရူပိနံ၊ နာမ်ဖြစ်ကုန်သော။ ဓမ္မာနံ၊ ပဋိသန္ဓေ ဝါကာရ ပဋိသန္ဓေနာမက္ခန္ဓာတို့အား။ ကိဉ္စိကာလေ၊ ပဋိသန္ဓေကာလ၌။ သဟဇာတပစ္စယေန၊ အတူတကွဖြစ်ကြသည့် သဟဇာတသတ္တိဖြင့်။ ပစ္စယောဥပကာရကော၊ တကွဖြစ်မှု ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။ ကိဉ္စိကာလေ၊ ပဝတ္တိကာလ၌။ သဟဇာတပစ္စယေန၊ အတူတကွဖြစ်ကြသည့် သဟဇာတ သတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ တကွဖြစ်မှု ကျေးဇူးပြုသည်။ နဟောတိ၊ မဖြစ်။

## သဟဇာတပစ္စည်းကို မြင်လွယ်ရန် ဥပမာ

သဟဇာတပစ္စည်းက ကျေးဇူးပြုပုံမှာ ဆီမီးသည် တကွအလင်းကို ဖြစ်စေအောင် ကျေးဇူးပြုသကဲ့သို့ တကွဖြစ်သော စိတ်စေတသိက်၊ စိတ္တဇရုပ် ပဋိသန္ဓေ ကမ္မဇရုပ်တို့အား အတူတကွဖြစ်၍ ကျေးဇူးပြုခြင်း သဟဇာတသတ္တိဖြင့် ကျေးဇူးပြုကုန်၏။

## အလွယ်မှတ်ရန်

နာမ်ခန္ဓာများ၊ဘုတ်လေးပါး၊ဖြစ်ကြောင်းသဟာ၊ပစ္စည်းရ။
ပဋိသန္ဓေ၊ ဘုဒယေ၊ မှတ်လေသဟာ၊ ပစ္စည်းရ။
နာမ်ခန္ဓာအား၊ရုပ်တရား၊ဖြစ်ကြောင်းသဟဇာတ၊ပစ္စည်းရ။
မဟာဘုတ်၊ ဥပါဒါန်၊ မှတ်ရန်သဟာ၊ ပစ္စည်းရ။
တကွဖြစ်ပြီး၊ ချုပ်ပျက်စီး၊ ရှုနည်းအနိစ္စ၊ ပွားများကြ။

## သဟဇာတပစ္စည်း ကျေးဇူးပြုပုံ

[၁] တကွဖြစ်သည့် နာမ်ခန္ဓာအချင်းချင်းနှင့် စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ်အား ကျေးဇူးပြု။
[၂] ရုပ် မဟာဘုတ် အချင်းချင်းနှင့် ဥပါဒါန်ရုပ်အား ကျေးဇူးပြု။
[၃] ပဋိသန္ဓေနှင့် ဟဒယဝတ္ထုအချင်းချင်း ကျေးဇူးပြု။

## ဝိပဿနာနည်းဖြင့် ရှုပုံ

ထိုထိုစကြာဝဠာသဝိညာဏက၊ အဝိညာဏကတို့မှာ ဖြစ်ပျက်၍ နေကြသည့် လောက အားလုံးတို့၌ မည်သည့်ရုပ်၊ မည်သည့် နာမ်မဆို သဟဇာတ ပစ္စည်းကင်း၍ ဖြစ်ခြင်းမရှိ၊ သဟဇာတ ပစ္စည်း အကြောင်းရင်းကသာ ဖြစ်ပေါ်ကြပြီးမှ အသီးသီး

ခဏတိုင်း၊ ခဏတိုင်းတို့မှာ ချုပ်ပျက် နေကြသောကြောင့် အနိစ္စ။

သဃဇာတ ပစ္စည်းနှင့် အညမည ပစ္စည်းတို့သည် သဘောချင်း တူညီ၏။ သို့ကြောင့် အညမည ပစ္စည်းကို အကျယ် မရေး တော့ပဲ ဥပမာ မျှကိုသာ ပြပါမည်။

## အညမည ပစ္စည်းကို မြင်လွယ်ရန် ဥပမာ

အညမည ပစ္စည်းက ကျေးဇူးပြုပုံမှာ သုံးချောင်းထောက်သည် မလဲ မပြို မယိမ်း မယိုင်အောင် တချောင်းကို တချောင်း ထောက်ပံ့ ခိုင်စေသောအားဖြင့် ကျေးဇူးပြုသကဲ့သို့ စိတ် စေတသိက် အချင်းချင်း၊ မဟာဘုတ် အချင်းချင်း၊ ပဋိသန္ဓေနာမ် ရုပ်အချင်းချင်းတို့သည် တခုက တခုအား အညမည သတ္တိ ဖြင့် ကျေးဇူးပြုကြကုန်၏။

## နိဿယ ပါဠိ အနက်

နိဿယပစ္စယောတိ၊ စက္ခာယတနံ၊ စက္ခုဝိညာဏ ဓာတုယာ တံ သမ္ပယုတ္တကာနဉ္စ၊ ဓမ္မာနံ၊ နိဿယ ပစ္စယေန ပစ္စယော၊ သောတာယတနံ သောတဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ၊ နိဿယ ပစ္စယေန ပစ္စယော၊ ဃာနာယတနံ ဃာန ဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာ နဉ္စဓမ္မာနံ၊နိဿယပစ္စယေန

ပစ္စယော၊ ဇိဝှာယတနံ ဇိဝှာဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဥ္စဓမ္မာနံ၊ နိဿယပစ္စယေန ပစ္စယော၊ ကာယာယတနံ ကာယ ဝိညာဏဓာတုယာ တံ သမ္ပယုတ္တကာနဥ္စဓမ္မာနံ နိဿယပစ္စယေန ပစ္စယော၊ယံရူပံနိဿယ မနောဓာတုစ မနောဝိညာဏဓာတုစ ဝတ္တန္တိ တံရူပံ၊ မနော ဓာတုယာစ မနော ဝိညာဏဓာတုယာတံသမ္ပယုတ္တကာနဥ္စဓမ္မာနံနိဿယပစ္စယေနပစ္စယော။

နိဿယပစ္စယောတိ၊ နိဿယပစ္စည်းဟူသည်။ စက္ခာယတနံ၊ ရှေးအဖို့ကဖြစ်နေကြသည့် စက္ခုပသာဒ ရုပ်အကြည်သည်။ စက္ခုဝိညာဏဓာတုယာ၊ မိမိ အပေါ်မှာမှီ၍ ဖြစ်ပေါ်လာသည့် စက္ခုဝိညာဏ ဓာတ်အားလည်းကောင်း။ တံသမ္ပယုတ္တကာနံ၊ ထို စက္ခုဝိညာဏဓာတ်နှင့်ယှဉ်၍ ဖြစ်ကုန်သော။ ဓမ္မာနဥ္စ၊ စေတသိက်တရားတို့အားလည်းကောင်း။ နိဿယပစ္စယေန၊ တည်မှီရာ နိဿယသတ္တိဖြင့်။ ပစ္စယောဥပကာရကော၊ တည်နေနိုင်အောင် ကျေးဇူးဆောင်သည်။ ဟောတိ၊ ဖြစ်၏။

သောတာယတနံ၊ ရှေးအဖို့က ဖြစ်နေကြသော သောတပသာဒ ရုပ်အကြည်သည်။သောတဝိညာဏ ဓာတုယာစ၊ မိမိအပေါ်မှာ မှီ၍ ဖြစ်ပေါ်လာသည့် သောဘဝိညာဏဓာတ် အားလည်းကောင်း။ တံ သမ္ပယုတ္တကာနံ၊ ထို သောတဝိညာဏ ဓာတ်နှင့် ယှဉ်၍ဖြစ်ကုန်သော။ ဓမ္မာနဥ္စ၊ စေတသိက်တရားတို့အားလည်းကောင်း။ နိဿယ ပစ္စယေန၊ တည်မှီရာ နိဿယသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊တည်နေနိုင်အောင်ကျေးဇူးဆောင်သည်။ ဟောတိ၊ ဖြစ်၏။

ဃာနာယတနံ၊ ရှေးအဖို့က ဖြစ်နေကြသည့် ဃာနပသာဒ ရုပ်အကြည်သည်။ ဃာနဝိညာဏဓာတုယာစ၊ မိမိအပေါ်မှာ မို၍ ဖြစ်ပေါ်လာသည့် ဃာနဝိညာဏ ဓာတ်အားလည်း ကောင်း။ တံ သမ္ပယုတ္တကာနံ၊ ထို ဃာနဝိညာဏ ဓာတ်နှင့် ယှဉ်ကုန်သော။ ဓမ္မာနဉ္စ၊ စေတသိက်တရားတို့ အားလည်း ကောင်း။ နိဿယပစ္စယေန၊ တည်ရာမှီရာ နိဿယသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ တည်နေနိုင်အောင် ကျေးဇူးဆောင် သည်။ ဟောတိ၊ ဖြစ်၏။

ဇိဝှာယတနံ၊ ရှေးအဖို့က ဖြစ်နေကြသည့် ဇိဝှာပသာဒရုပ် အကြည်သည်။ ဇိဝှာဝိညာဏ ဓာတုယာစ၊ မိမိအပေါ်မှာမို၍ ဖြစ်ပေါ်လာသည့် ဇိဝှာဝိညာဏ ဓာတ်အားလည်းကောင်း။ တံသမ္ပယုတ္တကာနံ၊ ထို ဇိဝှာဝိညာဏဓာတ်နှင့် ယှဉ်ကုန်သော။ ဓမ္မာနဉ္စ၊ စေတသိက်တရားတို့ အားလည်းကောင်း။ နိဿယ ပစ္စယေန၊ တည်ရာမှီရာ နိဿယသတ္တိဖြင့်။ ပစ္စယော ဥပ ကာ ရကော၊ တည်နေနိုင်အောင် ကျေးဇူးဆောင်သည်။ ဟောတိ၊ ဖြစ်၏။

ကာယာယတနံ၊ ရှေးအဖို့က ဖြစ်နေကြသည့် ကာယပသာဒ ရုပ်အကြည်သည်။ ကာယဝိညာဏဓာတုယာစ၊ မိမိအပေါ်မှာ မို၍ ဖြစ်ပေါ်လာသည့် ကာယဝိညာဏ ဓာတ်အားလည်း ကောင်း။ တံသမ္ပယုတ္တကာနံ၊ ထိုကာယဝိညာဏဓာတ်နှင့် ယှဉ် ကုန်သော။ ဓမ္မာနဉ္စ စေတသိက် တရားတို့အား လည်းကောင်း။ နိဿယပစ္စယေန၊ တည်ရာမှီရာ နိဿယသတ္တိဖြင့်။ ပစ္စယော

ဥပကာရကော၊ တည်နေနိုင်အောင် ကျေးဇူးဆောင်သည်။
ဟောတိ၊ ဖြစ်၏။

ယံ ရူပံ၊ အကြင် ရှေးအဖို့က ဖြစ်နေကြသည့် ဟဒယ ဝတ္ထုရုပ်ကို။ နိဿာယ၊ အမှီပြု၍။ မနောဓာတုယာစ၊ မနောဓာတ်သည်လည်းကောင်း။ မနောဝိညာဏဓာတုစ၊ မနောဝိညာဏဓာတ်သည်လည်းကောင်း။ ဝတ္တန္တိ၊ ဖြစ်ကုန်၏။ တံ ရူပံ၊ ထို ရှေးအဖို့က ဖြစ်နေကြသည့် ဟဒယဝတ္ထုရုပ်သည်။ မနောဓာတုယာစ။ မနောဓာတ်အားလည်းကောင်း။ မနောဝိညာဏဓာတုယာစ၊ မနောဝိညာဏ ဓာတ်သည်လည်းကောင်း။ တံသမ္ပယုတ္တကာနံ၊ ထိုမနောဓာတ်၊ မနောဝိညာဏဓာတ်တို့နှင့် ယှဉ်ကုန်သော။ ဓမ္မာနဉ္စ၊ စေ တ သိက် တ ရား တို့ အား လည်း ကောင်း။ နိဿယ ပစ္စယေန၊ တည်ရာမှီရာ နိဿယသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ တည်နေနိုင်အောင် ကျေးဇူးဆောင်သည်။
ဟောတိ၊ ဖြစ်၏။

## နိဿယပစ္စည်းကို မြင်လွယ်ရန် ဥပမာ

နိဿယပစ္စည်းက ကျေးဇူးပြုပုံမှာ မြေသည် နွယ်မြက်သစ်ပင်စသည်တို့ တည်ရာဖြစ်အောင် ကျေးဇူးပြုသည့်သို့လည်းကောင်း၊ (တနည်း)ပန်းချီရေးရန် ကင်းဘတ်၊ ပိတ်၊ စက္ကူ စသည်တို့သည် ပန်းချီရေးသော ဆေးရောင်များ တည်နေနိုင်အောင် ကျေးဇူးပြုသည့်သို့လည်းကောင်း၊ အကျိုးပစ္စယုပ္ပန် ဖြစ်သော နာမ်ရုပ်

တို့အား တည်ရာ မှီရာ ဖြစ်သော နိဿယသတ္တိဖြင့် ကျေးဇူး ပြုကြကုန်၏။

## အလွယ်မှတ်ရန်

တက္ကဖြစ်ရန်၊ ရုပ်နှင့်နာမ်၊ မှတ်ရန်သဟ၊ နိဿယ။
မျက်စိနားနှာ၊ လျှာကိုယ်ဟဒယ၊ ဤခြောက်ဝ၊ မှတ်ကြ
နိဿယ၊ ပစ္စည်းရ။
မြင်ကြားနံလျက်၊ တွေ့သိချက်၊ ဆက္ကနိဿယ၊ အကျိုးရ။
မှီအပ်မှီတတ်၊ ထိုနှစ်ရပ်၊ ပျက်လတ်အနိစ္စ၊ ရှုပါကြ။

## နိဿယပစ္စည်း ကျေးဇူးပြုပုံ

[၁] မျက်စိအကြည်ကို မှီ၍ မြင်သိဖြစ်။
[၂] နားအကြည်ကို မှီ၍ ကြားသိဖြစ်။
[၃] နှာခေါင်းအကြည်ကို မှီ၍ နံသိဖြစ်။
[၄] လျှာအကြည်ကို မှီ၍ စားသိဖြစ်။
[၅] ကိုယ်အကြည်ကို မှီ၍ တွေ့သိဖြစ်။
[၆] ဟဒယဝတ္ထုကို မှီ၍ ကြံသိဖြစ်။

## ဝိပဿနာနည်းဖြင့် ရှုပုံ

ဒါသပ် ပြောင်းတိုင်း ပြောင်းတိုင်းမှာ မှီရာဝတ္ထုရုပ်နှင့်တကွ မှီ၍ဖြစ်သော နာမ်ခန္ဓာ အဟောင်းအဟောင်းတို့ ပျက်၍ပျက်၍

ချုပ်ဘတ်သောကြောင့် သန္တတိပျက်ဟု ဆိုအပ်သည့် ခဏဖြစ်ခဏပျက် အနိစ္စ။

## ဥပနိဿယ ပါဠ် အနက်

ဥပနိဿယ ပစ္စယောတိ၊ ပုရိမာ ပုရိမာ ကုသလာဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ၊ ကုသလာနံဓမ္မာနံ၊ ဥပနိဿယပစ္စယေန ပစ္စယော၊ ပုရိမာပုရိမာ ကုသလာဓမ္မာ၊ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ဓမ္မာနံ၊ကေသဥပ္စနိဿယ ပစ္စယေနပစ္စယော၊ ပုရိမာ ပုရိမာ ကုသလာဓမ္မာ၊ ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ၊ ဓမ္မာနံ၊ ဥပနိဿယပစ္စယေန ပစ္စယော၊ ပုရိမာ ပုရိမာ အကုသလာဓမ္မာ ပစ္ဆိမာနံ၊ ပစ္ဆိမာနံ အကုသလာနံ ဓမ္မာနံ၊ ကေသဉ္စိ ဥပနိဿယ ပစ္စယေန ပစ္စယော၊ ပုရိမာ ပုရိမာ အကုသလာဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ၊ ကေသဉ္စိဥ ပနိဿယ ပစ္စယေန ပစ္စယော၊ ပုရိမာ ပုရိမာ အကုသလာဓမ္မာ၊ ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ၊ ဥပနိဿယပစ္စယေနပစ္စယော၊ ပုရိမာ ပုရိမာ အဗျာကတာဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ၊ အဗျာကဘာနံ ဓမ္မာနံ။ ဥပနိဿယ ပစ္စယေန ပစ္စယော [ဗျာ-ကု]ပုရိမာပုရိမာ၊ အဗျာကဘာဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ၊ဓမ္မာနံ ဥပနိဿယ ပစ္စယေနပစ္စယော။

ဥတုဘောဇနမ္ပိ ဥပနိဿယပစ္စယေန ပစ္စယော၊ ပုဂ္ဂလောပိ ဥပနိဿယပစ္စယေနပစ္စယော၊ သေနာသနမ္ပိ ဥပနိဿယ ပစ္စယေန ပစ္စယော။

ဥပနိဿယပစ္စယောတိ၊ ဥပနိဿယ ပစ္စည်းဟူသည်။ ပုရိမာ ပုရိမာ၊ ရှေးရှေး၌ဖြစ်ကုန်သော။ ကုသလာဓမ္မာ၊ ကုသိုလ်တရားတို့သည်။ ပစ္ဆိမာနံ ပစ္ဆိမာနံ၊ နောက်နောက်၌ ဖြစ်ကုန်သော။ ကုသလာနံဓမ္မာနံ၊ ကုသိုလ်တရားတို့အား။ ဥပနိဿယပစ္စယေန၊ အားကြီးသော အကြောင်းသတ္တိဖြင့်။ ပစ္စယောဥပကာရကော၊ ထိုထိုကုသလ ပြီးစီးကြမှု ကျေးဇူးပြုသည်။ ဟောတိ၊ဖြစ်၏။

ပုရိမာ ပုရိမာ၊ ရှေးရှေး၌ ဖြစ်ကုန်သော။ ကုသလာဓမ္မာ၊ ကုသိုလ်တရား တို့သည်။ ပစ္ဆိမာနံ ပစ္ဆိမာနံ၊ နောက်နောက်၌ ဖြစ်ကုန်သော။ ကေသဉ္စိ၊ အချို့ကုန်သော။ အကုသလာနံဓမ္မာနံ၊ အကုသိုလ်တရားတို့အား။ ဥပနိဿယပစ္စယေန၊ အားကြီးသော အကြောင်းသတ္တိဖြင့်။ ပစ္စယောဥပကာရကော၊ ထိုထိုအကုသလ ပြီးစီးကြမှု ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။

ပုရိမာ ပုရိမာ၊ ရှေးရှေး၌ ဖြစ်ကုန်သော။ ကုသလာ ဓမ္မာ၊ ကုသိုလ်တရားတို့သည်။ ပစ္ဆိမာနံ ပစ္ဆိမာနံ၊ နောက်နောက်၌ ဖြစ်ကုန်သော။ အဗျာကတာနံ၊ အဗျာကတ တရားတို့အား။ ဥပနိဿယ ပစ္စယေန၊ အားကြီးသော အကြောင်း သတ္တိဖြင့်။ ပစ္စယောဥပကာရကော၊ထိုထိုအဗျာကတ ပြီးစီးကြမှု ကျေးဇူး ပြုသည်။ဟောတိ၊ ဖြစ်၏။

ပုရိမာ ပုရိမာ၊ ရှေးရှေး၌ ဖြစ်ကုန်သော။ အကုသလာဓမ္မာ၊ အကုသိုလ်တရားတို့သည်။ ပစ္ဆိမာနံ ပစ္ဆိမာနံ၊ နောက်နောက်၌ ဖြစ်ကုန်သော။ အကုသလာနံ ဓမ္မာနံ၊အကုသိုလ်တရားတို့အား။ ဥပနိဿယပစ္စယေန၊ အားကြီးသော အကြောင်း သတ္တိဖြင့်။

ပစ္စယော ဥပကာရကော၊ ထိုထို အကုသလ ပြီး စီး ကြမှု ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။

ပုရိမာ ပုရိမာ၊ ရှေးရှေး၌ ဖြစ်ကုန်သော။ အကုသလာ ဓမ္မာ၊ အကုသိုလ်တရားတို့သည်။ ပစ္ဆိမာနံ ပစ္ဆိမာနံ၊ နောက်နောက်၌ ဖြစ်ကုန်သော။ ကေသဉ္စိ၊ အချို့ကုန်သော။ ကုသလာနံ ဓမ္မာနံ၊ ကုသိုလ်တရားတို့အား။ ဥပနိဿယ ပစ္စယေန၊ အားကြီးသော အကြောင်းသတ္တိဖြင့်။ ပစ္စယောဥပကာရကော၊ ထိုထိုကုသလ ပြီးစီးကြမှု ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။

ပုရိမာ ပုရိမာ၊ ရှေးရှေး၌ ဖြစ်ကုန်သော။ အကုသလာဓမ္မာ၊ အကုသိုလ်တရားတို့သည်။ ပစ္ဆိမာနံ ပစ္ဆိမာနံ၊ နောက်နောက်၌ ဖြစ်ကုန်သော။ အဗျာကတာနံဓမ္မာနံ၊ အဗျာကတ တရားတို့ အား။ ဥပနိဿယ ပစ္စယေန၊ အားကြီးသော အကြောင်း သတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ထိုထိုအဗျာကတ ပြီးစီးကြမှု ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။

ပုရိမာ ပုရိမာ၊ ရှေးရှေး၌ ဖြစ်ကုန်သော။ အဗျာကတာ ဓမ္မာ၊ အဗျာကတ တရားတို့သည်။ ပစ္ဆိမာနံပစ္ဆိမာနံ၊ နောက်နောက်၌ ဖြစ်ကုန်သော။ အဗျာကတာနံဓမ္မာနံ၊ အဗျာကတတရားတို့အား။ ဥပနိဿယပစ္စယေန၊ အားကြီးသော အကြောင်းသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ထိုထိုအဗျာကတ ပြီးစီးကြမှု ကျေးဇူး ပြုသည်။ ဟောတိ၊ ဖြစ်၏။

ပုရိမာ ပုရိမာ၊ ရှေးရှေး၌ ဖြစ်ကုန်သော။ အဗျာကတာဓမ္မာ၊ အဗျာကတ တရားတို့သည်။ ပစ္ဆိမာနံ ပစ္ဆိမာနံ၊နောက်နောက်၌ ဖြစ်ကုန်သော။ ကုသလာနံ ဓမ္မာနံ၊ ကုသိုလ်တရားတို့အား။ ဥပနိဿယပစ္စယေန၊ အားကြီးသော အကြောင်းသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ထိုထိုကုသလ ပြီးစီးကြမှု ကျေးဇူး ပြုသည်။ ဟောတိ၊ ဖြစ်၏။

ပုရိမာ ပုရိမာ၊ ရှေးရှေး၌ ဖြစ်ကုန်သော။ အဗျာကတာဓမ္မာ၊ အဗျာကတ တရားတို့သည်။ ပစ္ဆိမာနံ ပစ္ဆိမာနံ၊ နောက်နောက်၌ ဖြစ်ကုန်သော။အကုသလာနံ ဓမ္မာနံ၊ အကုသိုလ်တရားတို့အား။ ဥပနိဿယ ပစ္စယေန၊ အားကြီးသော အကြောင်းသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ထိုထိုအကုသလ ပြီးစီးကြမှု ကျေးဇူး ပြုသည်။ ဟောတိ၊ ဖြစ်၏။

ဥတုဘောဇနမ္ပိ၊ ဥတုနှင့် ဘောဇဉ်တို့ကလည်း။ ဥပနိဿယ ပစ္စယေန၊ အားကြီးသော အကြောင်းသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။

ပုဂ္ဂလောပိ၊ ပုဂ္ဂိုလ်ကလည်း။ ဥပနိဿယ ပစ္စယေန၊ အားကြီး သော အကြောင်းသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။ သေနာသနမ္ပိ၊ အိပ်ရာနေရာ ကျောင်းစသည် တို့သည်လည်း။ ဥပနိဿယပစ္စယေန၊ အား ကြီးသော အကြောင်းသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။

## ဥပနိဿယပစ္စည်းကို မြင်လွယ်ရန် ဥပမာ—

ဥပနိဿယပစ္စည်း ကျေးဇူးပြုပုံမှာ မိုးဥတုအခါတွင် ရွာသွန်းသော မိုးရည်တို့သည် ရေကို အလိုရှိနေကြသော သစ်ပင်နှင့် ရေနေသတ္တဝါတို့အား လန်းဆန်းအားရှိစေရန် ကျေးဇူးပြုသကဲ့သို့ အကျိုးပစ္စယုပ္ပန်ဖြစ်သော စိတ်စေတသိက် တရားတို့ကို အားကြီးသော အကြောင်း အဖြစ်ဖြင့် ကျေးဇူးပြုတတ်သော ဥပနိဿယသတ္တိဖြင့် ကျေးဇူးပြုကြကုန်၏။

### အလွယ်မှတ်ရန်

တွင်းပ-ကုက၊ အကြောင်းပြု၊ ကု-အကု-ဗျာ၊ အကျိုးသာ။
တွင်းပ-အကု၊ အကြောင်းပြု၊အကု-ကုဗျာ၊အကျိုးသာ။
တွင်းပ အဗျာ၊ အကြောင်းသာ၊အဗျာကုကု၊အကျိုးစု။
ဥတုအစာ၊ ပုဂ္ဂလာ၊ သေနာအကြောင်းစု။
ကုကုအဗျာ၊ ဖြစ်ပေါ်လာ၊ မှတ်ပါအကျိုးစု။
ဖြစ်သိ ပေါ်ပေါက်၊ ရှေ့ဖြစ်ပျောက်၊ မှတ်လောက် အစုစု၊ ဝိပဿနာရှု။

### ဥဂနိဿယပစ္စည်း ကျေးဇူးပြုပုံ

[၁] ကုသိုလ်ကြောင့် ကုသိုလ်ဖြစ်
[၂] ကုသိုလ်ကြောင့် အကုသိုလ်ဖြစ်
[၃] ကုသိုလ်ကြောင့် အဗျာကတဖြစ်

[၄] အကုသိုလ်ကြောင့် အကုသိုလ်ဖြစ်
[၅] အကုသိုလ်ကြောင့် ကုသိုလ်ဖြစ်
[၆] အကုသိုလ်ကြောင့် အဗျာကတဖြစ်
[၇] အဗျာကတကြောင့် အဗျာကတဖြစ်
[၈] အဗျာကတကြောင့် ကုသိုလ်ဖြစ်
[၉] အဗျာကတကြောင့် အကုသိုလ်ဖြစ်

ရာသီဥတုကြောင့်လည်းကောင်း၊ ဆွမ်းဘောဇဉ် ကြောင့်လည်းကောင်း၊ ပုဂ္ဂိုလ်ကြောင့်လည်းကောင်း၊ ကျောင်း၊ အိမ်စသော အိပ်ရာနေရာတို့ကြောင့် လည်းကောင်း ကုသိုလ်၊ အကုသိုလ်၊ အဗျာကတတို့ ဖြစ်ကြကုန်၏။

**ဝိပဿနာနည်းဖြင့် ရှုရန်**

ကုသိုလ်၊ အကုသိုလ်၊ အဗျာကတတို့သည် ရှေးနှင့် နောက် အကျိုးဆက်၍ ဖြစ်ပေါ်နေ၏။ ယင်း အကျိုးဆက်တို့သည် အစဉ် တည်မြဲခြင်းမရှိ၊ ပြောင်း၍ ပြောင်း၍ ဖြစ်ပျက်တတ်သော သဘောရှိခြင်းကြောင့် အနိစ္စ။

**ပုရေဇာတ ပါဠိ အနက်**

ပုရေဇာတပစ္စယောတိ၊ ရူပါယတနံ၊ စက္ခုဝိညာဏဓာတုယာ၊ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ၊ ပုရေဇာတပစ္စယေန ပစ္စယော၊ သဒ္ဒါယတနံ သောတဝိညာဏဓာတုယာ၊ တံသမ္ပယုတ္တ

ကာနဉ္စ ဓမ္မာနံ၊ ပုရေဇာတ ပစ္စယေန ပစ္စယော၊ ဂန္ဓာယတနံ ဃာနဝိညာဏဓာတုယာ၊ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ၊ ပုရေဇာတပစ္စယေန ပစ္စယော၊ ဖောဋ္ဌဗ္ဗာယတနံ၊ ကာယဝိညာဏဓာတုယာ၊ တံသမ္ပယုတ္တကာနဉ္စဓမ္မာနံ ပုရေဇာတ ပစ္စယေန ပစ္စယော၊ ရူပါယတနံသဒ္ဒါယတနံ၊ ဂန္ဓာရတနံ ရသာယတနံ၊ ဖောဋ္ဌဗ္ဗာယတနံ မနောဓာတုယာ၊ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ၊ ပုရေဇာတပစ္စယေန ပစ္စယော၊ ယံရူပံနိဿာယ မနောဓာတုစ မနောဝိညာဏဓာတုစဝတ္တန္တိ၊ တံရူပံမနောဓာတုယာတံ၊ သမ္ပယုတ္တကာနဉ္စ ဓမ္မာနံ၊ ပုရေဇာတ ပစ္စယေန ပစ္စယော၊ မနောဝိညာဏ ဓာတုယာ၊ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ၊ ကိဉ္စိကာလေ၊ ပုရေဇာတ ပစ္စယေန ပစ္စယော၊ ကိဉ္စိကာလေန ပုရေဇာတ ပစ္စယေန ပစ္စယော။

ပုရေဇာတပစ္စယောတိ၊ ပုရေဇာတပစ္စည်းဟူသည်။ ရူပါယတနံ၊ အဆင်းရူပ ဂုဏ်သမျှအလုံးစုံ ရူပါရုံသည်။ စက္ခုဝိညာဏဓာတုယာစ၊ မြင်သိသဘာဝ စက္ခုဝိညာဏဓာတ်အားလည်းကောင်း။ တံသမ္ပယုတ္တကာနံ၊ ထိုစက္ခုဝိညာဏဓာတ်နှင့် ယှဉ်ကုန်သော။ ဓမ္မာနဉ္စ၊ စေတသိက်တရားတို့အား လည်းကောင်း။ ပုရေဇာတ ပစ္စယေန၊ စွဲကိုင်ရာပမာဏ ရှေးဖြစ်ကြသည့် အာရုဏ္ဏာပုရေဇာတသတ္တိဖြင့်။ ပစ္စယောဥပကာရကော၊ ရှေးဦးဖြစ်မှု ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။

သဒ္ဒါယတနံ၊ အသံသဒ္ဒရှိသမျှအလုံးစုံ သဒ္ဒါရုံတို့သည်။သောတဝိညာဏဓာတုယာစ၊ ကြားသိ သဘာဝ သောတဝိညာဏ

ဓာတ်နှင့် ယှဉ်ကုန်သော။ ဓမ္မာနဥ္စ၊ စေတသိက်တရားတို့အား လည်းကောင်း။ ပုရေဇာတပစ္စယေန၊ စွဲကိုင်ရာပမာဏ ရှေးဖြစ်ကြသည့် အာရမ္မဏ ပုရေဇာတ သတ္တိဖြင့်။ ပစ္စယော ဥပ ကာရကော၊ ရှေး၌ဖြစ်မှု ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။

ဂန္ဓာယတနံ၊ အနံ့ဂန္ဓာ ရှိသမျှအလုံးစုံ ဂန္ဓာရုံတို့သည်။ ဃာန ဝိညာဏဓာတုယာစ၊ နံသိသဘာဝ ဃာနဝိညာဏဓာတ်အား လည်းကောင်း။ တံသမ္ပယုတ္တကာနံ၊ ထိုဃာနဝိညာဏဓာတ်နှင့် ယှဉ်ကုန်သော။ ဓမ္မာနဥ္စ၊ စေတသိက် တရားတို့အား လည်း ကောင်း။ ပုရေဇာတ ပစ္စယေန၊ စွဲကိုင်ရာပမာဏ ရှေးဖြစ်ကြ သည့် အာရမ္မဏ ပုရေဇာတသတ္တိဖြင့်။ ပစ္စယောဥပကာရကော၊ ရှေး၌ဖြစ်မှု ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။

ရသာယတနံ၊ ခြောက်ပါးရသ ရှိသမျှအလုံးစုံ ရသာရုံတို့သည်။ ဇိဝှာဝိညာဏဓာတုယာစ၊ စားသိသဘာဝ ဇိဝှာဝိညာဏဓာတ် အား လည်းကောင်း။ တံသမ္ပယုတ္တကာနံ၊ ထိုဇိဝှာဝိညာဏ နှင့် ယှဉ်ကုန်သော။ ဓမ္မာနဥ္စ၊ စေတသိက်တရားတို့အား လည်း ကောင်း။ ပုရေဇာတပစ္စယေန၊ စွဲကိုင်ရာပမာဏ ရှေးဖြစ်ကြ သည့် အာရမ္မဏပုရေဇာတသတ္တိဖြင့်။ ပစ္စယောဥပကာရကော၊ ရှေး၌ဖြစ်မှု ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။

ဖောဋ္ဌဗ္ဗာယတနံ၊ တွေ့ထိအပ်လှ ရှိသမျှအလုံးစုံ ဖောဋ္ဌဗ္ဗာရုံသည်။ ကာယဝိညာဏဓာတုယာစ၊ တွေ့ထိသဘာဝ ကာယဝိညာဏ ဓာတ်အားလည်းကောင်း။ တံသမ္ပယုတ္တကာနံ၊ထိုကာယဝိညာဏ

ခါတ်နှင့်ယှဉ်ကုန်သော။ ဓမ္မာနဉ္စ၊ စေတသိက် တရားတို့အား လည်းကောင်း။ ပုရေဇာတပစ္စယေန၊ စွဲကိုင်ရာပမာဏ ရှေးဖြစ်ကြသည့် အာရမ္မဏ ပုရေဇာတသတ္တိဖြင့်။ ပစ္စယေန ဥပကာရကော၊ ရှေးဦးဖြစ်မှု ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။

ရူပါယတနံ၊ ရူပါရုံသည်လည်းကောင်း
သဒ္ဒါယတနံ၊ သဒ္ဒါရုံသည်လည်းကောင်း
ဂန္ဓာယတနံ၊ ဂန္ဓာရုံသည်လည်းကောင်း
ရသာယတနံ၊ ရသာရုံသည်လည်းကောင်း
ဖောဋ္ဌဗ္ဗာယတနံ၊ ဖောဋ္ဌဗ္ဗာရုံသည်လည်းကောင်း
မနောဓာတုယာစ၊ မနောဓာတ်အားလည်းကောင်း

တံသမ္ပယုတ္တကာနံ၊ ထိုမနောဓာတ်နှင့်ယှဉ်ကုန်သော။ ဓမ္မာနဉ္စ၊ စေတသိက်တရားတို့အား လည်းကောင်း။ ပုရေဇာတ ပစ္စယေန၊ စွဲကိုင်ရာပမာဏ ရှေးဖြစ်ကြသည့်အာရမ္မဏပုရေဇာတသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ရှေးဦးဖြစ်မှု ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။

ယံရူပံ၊အကြင်ပစ္စယုပ္ပန်ဖြစ်သော နိပ္ဖန္နရုပ်အဋ္ဌာရသကို။ နိဿယ၊ အာရုံသဘာဝ အမှီရ၍။ မနောဓာတုစ၊ မနော ဓာတ်သည် လည်းကောင်း။ မနောဝိညာဏဓာတုစ၊ မနောဝိညာဏဓာတ် သည်လည်းကောင်း။ ဝတ္တန္တိ၊ ဖြစ်ကုန်၏။ တံရူပံ၊ ထိုပစ္စယုပ္ပန် ဖြစ်သော နိပ္ဖန္နရုပ် အဋ္ဌာရသသည်။ မနောဓာတုယာစ၊ မနော ဓာတ်အားလည်းကောင်း။ သမ္ပယုတ္တကာနံ၊ ထိုမနောဓာတ်နှင့် ယှဉ်ကုန်သော။ ဓမ္မာနဉ္စ၊ စေတသိက် တရားတို့အားလည်း

ကောင်း။ ပုရေဇာတ ပစ္စယေန၊ စွဲကိုင်မှုမရ ရှေးဖြစ်ကြသည့် အာရမ္မဏပုရေဇာတ သတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ရှေး၌ ဖြစ်မှု ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။

မနောဝိညာဏဓာတုယာစ၊ မနောဝိညာဏ ဓာတ်အားလည်း ကောင်း။ တံသမ္ပယုတ္တကာနံ၊ ထိုမနောဝိညာဏ ဓာတ်နှင့်ယှဉ် ကုန်သော။ ခန္ဓာနဥ္စ၊ စေတသိက်တရားတို့အား လည်းကောင်း။ ကိဉ္စိကာလေ၊ အချို့သော ပဝတ္တိကာလ၌။ ပုရေဇာတပစ္စယေန၊ စွဲကိုင်ရာ ပမာဏ ရှေးဖြစ်ကြသည့် ပုရေဇာတသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ရှေး၌ဖြစ်မှု ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။

ကိဉ္စိကာလေ၊ အချို့သော ပဋိသန္ဓေကာလ၌။ ပုရေဇာတပစ္စယေန၊ စွဲကိုင်ရာ ပမာဏ ရှေးဖြစ်ကြသည့် ပုရေဇာတသတ္တိဖြင့်။ ပစ္စယောဥပကာရကော၊ ရှေး၌ဖြစ်မှု ကျေးဇူးပြုသည်။ နဟောတိ၊ မဖြစ်။

## ပုရေဇာတ ပစ္စည်းကို မြင်လွယ်ရန် ဥပမာ

ပုရေဇာတပစ္စည်းက ကျေးဇူးပြုပုံမှာ ကမ္ဘာဦး၌ ဖြစ်ပေါ်လာသော နေနှင့်လတို့သည် ယင်းတို့အလင်းရောင် ရှိနေခိုက် ထို အလင်းရောင်ကို အမှီပြုသော သတ္တဝါတို့အား ရှေးဦးစွာဖြစ်၍ ကျေးဇူးပြုသကဲ့သို့ နောက်မှဖြစ်ကြကုန်သော စိတ်စေတသိက်

ပစ္စယုပ္ပန်တရားတို့အား ပစ္စယုပ္ပန် အာရုံအဖြစ် တည်ရာမှီရာ အဖြစ်ဖြင့် ရှေးဖြစ်၍ ပုရေဇာတသတ္တိဖြင့် ကျေးဇူးပြုကြကုန်၏။

## အလွယ်မှတ်ရန်

ပစ္စယုပ္ပန္နေ၊ နိပ္ဖန္နေ၊ ပုရေဇာတ၊ ပစ္စည်းရ။
အာရုံငါးထွေ၊ ငါးဝိညာဉ်၊ မှတ်လေအာရမ္မဏ၊ ပုဇာတ။
အာရုံငါးရပ်၊ မနောဓာတ်၊ စွဲမှတ်အာရမ္မဏ၊ ပုဇာတ။
အာရုံ ခြောက်ရပ်၊ ဝိညာဏ်ဓာတ်၊ စွဲမှတ် အာရမ္မဏ။
ပုဇာတ။
အာရုံအာရမ္မဏ၊ ပြောင်းလေဘိ၊ မှတ်သိအနိစ္စ၊ ရှုပါကြ။

## ပုရေဇာတပစ္စည်း ကျေးဇူးပြုပုံ

[၁] ရှေး ပစ္စယုပ္ပန် အဆင်းကြောင့် မြင်သိဖြစ်။
[၂] ရှေး ပစ္စယုပ္ပန် အသံကြောင့် ကြားသိဖြစ်။
[၃] ရှေး ပစ္စယုပ္ပန် အနံ့ကြောင့် နံသိဖြစ်။
[၄] ရှေး ပစ္စယုပ္ပန် အရသာကြောင့် စားသိဖြစ်။
[၅] ရှေး ပစ္စယုပ္ပန် အတွေ့ကြောင့် တွေ့သိဖြစ်။
[၆] ရှေးပစ္စယုပ္ပန် အာရုံ ငါးရပ်ကြောင့် မနောဓာတ်ကြံသိဖြစ်။
[၇] ရှေး ပစ္စယုပ္ပန် အာရုံခြောက်ပါးကြောင့် မနောဝိညာဏဓာတ် ကြံသိဖြစ်။

## ဝိပဿနာနည်းဖြင့် ရှုပုံ

မြင်သိ၊ ကြားသိ၊ နံသိ၊ လျက်သိ၊ တွေ့သိ၊ ကြံသိတို့ အသစ်အသစ်ပြောင်းလျှင် ရှေးက အဟောင်း အဟောင်းဖြစ်ကြသည့် အာရမ္မဏိက အကျိုးခြောက်ပါးတို့သည် ပျက်ကုန်သည် ဖြစ်၍ အနိစ္စ။

## ပစ္ဆာဇာတ ပါဠိ အနက်

ပစ္ဆာဇာတပစ္စယောတိ၊ ပစ္ဆာဇာတာစိတ္တ စေတသိကာ ဓမ္မာ၊ ပုရေဇာတဿ၊ဣမဿကာယဿ ပစ္ဆာဇာတပစ္စယေန ပစ္စယော။ ပစ္ဆာဇာတပစ္စယောတိ၊ပစ္ဆာဇာတပစ္စည်းဟူသည်။ပစ္ဆာဇာတာ၊ ပဉ္စဝေါကာယ ပဋိသန္ဓေ၏ နောက်နောက်၌ ဖြစ်ကုန်သော။ စိတ္တစေတသိကာဓမ္မာ၊ စိတ်စေတသိက်တရားတို့သည်။ ပုရေဇာတဿ၊ ရှေးရှေးစိတ်နှင့် အတူ ဥပါဒ်၍ရုပ်၏ဌီသို့ရောက်သော။ ဣမဿကာယဿ၊ ဤစတုသမုဋ္ဌာနိကကာယ၊ ဒွိဝေါကာယ၊ တိဝေါကာယ၊ စတုဝေါကာယအား။ ပစ္ဆာဇာတ ပစ္စယေန၊နောက်မှဖြစ်၍ ကျေးဇူးပြုသည့် ပစ္ဆာဇာတသတ္တိဖြင့်။ ပစ္စယောဥပကာရကော၊ရှေးဖြစ်ပြီးသမျှ အကျိုးရအောင် ကျေးဇူးဆောင်သည်။ ဟောတိ၊ ဖြစ်၏။

## ပစ္ဆာဇာတ ပစ္စည်းကို မြင်လွယ်ရန် ဥပမာ

ပစ္ဆာဇာတပစ္စည်းက ကျေးဇူးပြုပုံမှာ အစာမစားရသေးသော သားငယ်တို့သည် မိခင် ပြန်လာလျှင် အစာ စားရလိမ့်မည်ဟု

အာဟာရဥ္စ ချင်ခြင်း စေတနာက နောက်မှဖြစ်၍ ကျေးဇူး ပြုသကဲ့သို့ နောက်နောက် ဖြစ်သော စိတ် စေတသိက် တို့က ရှေးရှေးဖြစ်သောရုပ်တို့အား နောက်ဖြစ်၍ ပစ္ဆာဇာတသတ္တိဖြင့် ကျေးဇူးပြုကြကုန်၏။

## အလွယ် မှတ်ရန်

ပဉ္စဝေါကာယာ၊ ဘုံ၌သာ၊ ပစ္ဆာဇာတ၊ ပစ္စည်းရ။
ကံစိတ်ဥဟာ၊ ဌီရောက်လာ၊ ပစ္ဆာဇာတ၊ အကျိုးရ။
ပဉ္စဝေါကာယ၊ တဘဝချင်းမှာ၊ ရှေးရုပ်သာ၊
နောက်လာ နာမ်က၊ ပစ္စည်းရ။
နာမ်ခန္ဓာကား၊ အကြောင်းထား၊ ရုပ်ကားပစ္ဆာ၊ အကျိုးရ။
နာမ်ရုပ်နှစ်ဖြာ၊ ဖြစ်လေရာ၊ ပစ္ဆာဇာတ၊ ကြောင်း
ကျိုးရ။
ရုပ်နာမ် နှစ်ဖြာ၊ ပျက်တိုင်းမှာ၊ ပစ္ဆာ အနိစ္စ၊ ရှုပါကြ။

## ဝိပဿနာနည်းဖြင့် ရှုရန်

ခန္ဓာငါးပါး ရုပ်နာမ်တရားတို့ ဖြစ်ပွားနေကြသော သတ္တဝါ တိုင်းတို့မှာ နာမ်တရားတွေက ပစ္ဆာဇာတ ပစ္စည်းအကြောင်း တရား၊ ရုပ်တရားတွေက ပစ္ဆာဇာတ ပစ္စယုပ္ပန်အကျိုးတရားတို့ မပျက်မကွက် ခဏကာလတိုင်းမှာဖြစ်ပေါ်တည်ရှိနေကြသည်ကို ဉာဏ်မျက်စိဖြင့် မြင်အောင် ကြည့်၍ ဖြစ်ပေါ်တည်ရှိလာသော ရုပ်နာမ်ခန္ဓာတို့သည် မမြဲဟု သိကာ ပျက်ခြင်းသဘော၊ အနိစ္စ။

## အာသေဝန ပါဠိ အနက်

အာသေဝန ပစ္စယောတိ၊ ပုရိမာပုရိမာကုသလာ ဓမ္မာ ပစ္ဆိမာနံ မစ္ဆိမာနံ၊ ကုသလာနံ ဓမ္မာနံ အာသေဝန ပစ္စယေန ပစ္စယော၊ ပုရိမာ ပုရိမာအကုသလာဓမ္မာပစ္ဆိမာနံ မစ္ဆိမာနံ၊အကုသလာနံ ဓမ္မာနံ၊ ပုရိမာ ပုရိမာ၊ ကိရိယာ အဗျာကတာ၊ဓမ္မာ၊ ပစ္ဆိမာနံ ပစ္ဆိမာနံ ကိရိယာ အဗျာကတာနံ ဓမ္မာနံ အာသေဝန ပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ၊ ရှေးရှေး၌ ဖြစ်ကုန်သော။ ကုသလာ ဓမ္မာ၊ ကုသိုလ်တရားတို့သည်။ ပစ္ဆိမာနံ ပစ္ဆိမာနံ၊ နောက်နောက်၌ ဖြစ်ကုန်သော။ ကုသလာနံ ဓမ္မာနံ၊ ကုသိုလ်တရားတို့အား။ အာသေဝန ပစ္စယေန၊ အဖန်တလဲလဲ မှီဝဲ ထုံအပ်သည့် အာသေဝန သတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ အသို့ ရအောင် ကျေးဇူးဆောင်သည်။ ဟောတိ၊ ဖြစ်၏။

ပုရိမာ ပုရိမာ၊ ရှေးရှေး၌ဖြစ်ကုန်သော။ အကုသလာဓမ္မာ၊ အကုသိုလ်တရားတို့သည်။ ပစ္ဆိမာနံ ပစ္ဆိမာနံ၊ နောက်နောက်၌ ဖြစ်ကုန်သော။အကုသလာနံ ဓမ္မာနံ၊ အကုသိုလ်တရားတို့အား။ အာသေဝန ပစ္စယေန၊ အဖန်တလဲလဲ မှီဝဲထုံအပ်သည့် အာသေဝန သတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ အသို့ရအောင် ကျေးဇူး ဆောင်သော။ ဟောတိ၊ ဖြစ်၏။

ပုရိမာ ပုရိမာ၊ ရှေးရှေး၌ဖြစ်ကုန်သော။ ကိရိယာဗျာကတာ ဓမ္မာ၊ ကိရိယာအဗျာကဘာ တရားတို့သည်။ ပစ္ဆိမာနံ ပစ္ဆိမာနံ၊ နောက်နောက်၌ ဖြစ်ကုန်သော။ ကိရိယာ အဗျာကတာနံ၊ ကိရိယာအဗျာကဘာ ဖြစ်ကုန်သော။ ဓမ္မာနံ၊ တရားတို့အား။ အာသေဝနပစ္စယေန၊ အဖန်ဘလဲလဲ မှီဲထုံအပ်သည့် အာသေဝနသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ အထုံရအောင် ကျေးဇူးဆောင်သည်။ ဟောတိ၊ ဖြစ်၏။

## အာသေဝနပစ္စည်းကို မြင်လွယ်ရန် ဥပမာ

အာသေဝနပစ္စည်းက ကျေးဇူးပြုပုံမှာ ရှေးရှေး ထုံအပ်သော အမွှေးနံ့သာသည် နောက်နောက်ထုံအပ်သော အမွှေးနံ့သာအား အဆင်းအနံ့တို့ဖြင့် လွန်စွာကောင်းမြတ်အောင် ကျေးဇူးဆောင်သကဲ့သို့လည်းကောင်း၊ ရှေးရှေးသင်အပ်သော အတတ်ပညာတို့သည် နောက်နောက် အတတ်ပညာတို့ကို လေ့ကျင့်ခြင်းငှာ အားရှိလေအောင် ကျေးဇူးဆောင်သကဲ့သို့လည်းကောင်း ပုံတူဇာတ်တူ နောက်နောက် ဖြစ်သော ဇောစိတ္တုပ္ပါဒ် တို့အား ရှေးရှေး ပုံတူဇာတ်တူ စိတ္တုပ္ပါဒ်တို့က အဖန်တလဲလဲ မှီဲထုံအပ်သော သတ္တိဖြင့် ကျေးဇူးပြုကြကုန်၏။

## အလွယ်မှတ်ရန်

ကုအကုဗျာ၊ ဇောတို့သာ၊ မှတ်ပါသေဝန၊ ကြောင်းကျိုးရ။

ဇာတ်တူဇောသာ၊ ကြောင်းကျိုးဖြာ၊ မှတ်ပါသောဝန၊ ပစ္စည်းရ။
သိလုံးဇောထွေ၊ ချုပ်ပျက်ပေ၊ ရှုလေအနိစ္စ၊ ပွား များကြ၊

## အာသေဝနပစ္စည်း ကျေးဇူးပြုပုံ

[၁] ရှေးရှေး ကုသိုလ်ဇောက နောက်နောက် အခြားမဲ့ ကုသိုလ်ဇောအား ကျေးဇူးပြု၏။
[၂] ရှေးရှေး အကုသိုလ်ဇောက နောက်နောက် အခြားမဲ့ အကုသိုလ်ဇောအား ကျေးဇူးပြု၏။
[၃] ရှေးရှေး ကိရိယာ ဇောက နောက်နောက် အခြားမဲ့ ကိရိယာဇောအား ကျေးဇူးပြု၏။

## ဝိပဿနာနည်းဖြင့် ရှုရန်

သိမှုဇော အသစ်အသစ်တွေ ပြောင်းပြောင်းလေသမျှ သိမှု အဟောင်း အဟောင်းတွေ ချုပ်ပျောက်ကာ ပျက်၍ပျက်၍ လိုက်နေသောကြောင့် အနိစ္စ။

## ကမ္မ ပါဠိ အနက်

ကမ္မပစ္စယောတိ၊ ကုသလာ ကုသလံကမ္မံ ဝိပါကာနံ ခန္ဓာနံ၊ ကဋတ္တာစရူပါနံ ကမ္မပစ္စယေန ပစ္စယော၊ စေတနာ သမ္ပယုတ္တကာနံ ဓမ္မာနံ၊ တံသမုဋ္ဌာနာနဉ္စရူပါနံ၊ ကမ္မပစ္စယေန ပစ္စယော။

ကမ္မပစ္စယောတိ၊ ကမ္မပစ္စည်းဟူသည်။ ကုသလာ ကုသလံ၊ ကုသိုလ်အကုသိုလ်ဖြစ်သော။ ကမ္မံ၊ နာနက္ခဏိတ စေတနာကံ သည်။ ဝိပါကာနံ၊ အကျိုးဝိပါက် ဖြစ်ကုန်သော။ ခန္ဓာနဉ္စ၊ နာမက္ခန္ဓာတို့အားဖြင့်လည်းကောင်း။ ကဋတ္တာရူပါနဉ္စ၊ ကမ္မဇ ရုပ်တို့အား လည်းကောင်း။ ကမ္မပစ္စယေန၊ မျိုးစေ့သဘာဝ သတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ဖြစ် ပေါ် လာ အောင် ကျေးဇူးဆောင်သည်။ ဟောတိ၊ ဖြစ်၏။

စေတနာ၊ စိတ်တခုယုတ် ကိုးဆယ်၌ ရှိသော စေတနာတခုယုတ် ကိုးဆယ်သည်။ သမ္ပယုတ္တကာနံ၊ ယှဉ်၍ဖြစ်ကုန်သော။ ဓမ္မာနဉ္စ၊ စိတ်စေတသိက် တရားတို့အားလည်းကောင်း။ တံသမုဋ္ဌာနံ ထိုစေတနာကြောင့် ဖြစ်ကုန်သော၊ ရူပါနဉ္စ၊ စိတ္တဇရုပ် ပဋိသန္ဓေ ကမ္မဇ ရုပ်တို့အားလည်းကောင်း။ ကမ္မပစ္စယေန၊မျိုးစေ့ သဘာဝ ကမ္မသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ဖြစ်ပေါ် လာအောင် ကျေးဇူးဆောင်သည်။ ဟောတိ၊ ဖြစ်၏။

## ကမ္မပစ္စည်းကို မြင်လွယ်ရန် ဥပမာ

ကမ္မပစ္စည်းက ကျေးဇူးပြုပုံမှာ နေလှန်း၍ ကောင်းစွာ ထား အပ်သော မျိုးစေ့တို့သည် အပင် အညွန့်တို့ ဖြစ်စေခြင်းငှာ ကျေးဇူးပြုသကဲ့သို့ စိတ်တို့တွင် ယှဉ်လျက်ပါသော စေတနာ စေတသိက် တရားတို့က စိတ်စေတသိက် စိတ္တဇရုပ် ပဋိသန္ဓေ ကမ္မဇရုပ်တို့အား ဖြစ်ထွန်း ပေါ်ပေါက်စေအောင် မျိုးစေ့ အဖြစ်ဖြင့် ကျေးဇူးဆောင်သော ကမ္မသတ္တိဖြင့် ကျေးဇူး ပြုသည် ဖြစ်၏။

## အလွယ်မှတ်ရန်

ကုသလာကုသလ၊ ကမ္မစေတနာ၊ ခြားမဲ့ခါ၊ ဖြစ်လာ အကျိုးရ၊
စေတနာကုန်မူ၊ ကံဟုယူ၊ ဖြစ်တူသဟ၊ အကျိုးရ။
မျက်စိသိ နှစ်ခု၊ နားသိ နှစ်ခု၊ နှာခေါင်းသိ နှစ်ခု၊ လျှာသိ နှစ်ခု။
ကိုယ်သိနှစ်ခု၊ ပဋိသန္ဓေဘဝင်စုတိအစုစု။
ပဋိသန္ဓိပဝတ္တိ၊ နှစ်မျိုးရှိ၊ ဝိပါက်ကနတ္တာ။
ဖြစ်ပွားစေမှု၊ ကျေးဇူးပြု၊ ကုကုဇနကာ။
ထောက်ပံ့သမှု၊ ကျေးဇူးပြု၊ ဥပထမ္ဘကာ။
နှိပ်စက်ညှဉ်းပန်း၊ ညှိုးနွမ်းစေမှု၊ ဖိစီးပြု၊ ဥပမိဠကာ။
ဖြတ်ဆုံးစေမှု၊ အတင်းပြု၊ ဥပဃာတကာ။
ကံတပါးကို၊ မတားနိုင်ရာ၊ အားကြီးစွာ၊ သညာဂရုက။
သေဆုံးလုမှု၊ ပြုသော်လည်းကောင်း၊ အဟောင်း ပေါ် လာ၊ ကံနှစ်ဖြာ၊ သညာအာသန္န။
နေ့ရှည်လေ့ကျက်၊ ရက်ရှည်စွဲမြဲ၊ အထုံသဲ၊ ခေါ်မြဲ အာစိဏ္ဏ။
သုံးပါးမှလျှင်၊ အယွတ်ထင်၊ သညာကဋတ္တာ။
ဒိဋ္ဌဓမ္မဥပပဇ္ဇာ၊ ပရာပရိ၊ အဟောသိ၊ ရှိသည့် ကံ လေးဖြာ။
မျက်မှောက်ဘဝ၊ အကျိုးရ၊ ဒိဋ္ဌဦးဇောသာ။

ခြားမဲ့ဘဝ၊ အကျိုးရ၊ ဥပဆုံးဇောသာ။
ပခ္ခံပရ၊ အနမဘဂ္ဂ၊ အဆက်ဆက်ဝယ်၊ အကျိုးကြွယ်၊
အလယ်ဇောငါးသာ။

ကံအဟောသိ၊ ကျိုးမရှိ၊ တြိစေတနာ။
အကျိုးဖြစ်ပြီး၊ ချုပ်ပျက်စီး၊ ရှုနည်းအနိစ္စ၊ ပွားများကြ။

## မှတ်ချက်

ကုသိုလ် အကုသိုလ်စေတနာကံကြောင့် မိမိ အခြားမဲ့ကာလ၌ ဝိပါက်ကဋတ္တာရုပ်ကို ဖြစ်စေနိုင်သော နာနက္ခဏိကကမ္မပစ္စည်းလည်းဖြစ်၊ တကွ ဖြစ်သော စိတ်စေတသိက် စိတ္တဇရုပ်တို့အား ကျေးဇူးပြုသော သဟဇာတ ကမ္မပစ္စည်းလည်း ဖြစ်ကြကုန်၏။ ဝိပါက် ကြိယာစေတနာကံကြောင့်ကား တကွဖြစ်သော စိတ်စေတသိက် စိတ္တဇရုပ် ပဋိသန္ဓေ ကမ္မဇရုပ်တို့အား ထိုက်သည့်အားလျော်စွာ သဟဇာတကမ္မပစ္စည်းသာ ဖြစ်ကြကုန်၏။

## ဝိပဿနာနည်း မြင့် ရှုရန်

ကံကြောင့်ဖြစ်သော ရုပ်နာမ်တို့သည် ပဋိသန္ဓေတည်သည်မှအစ ပြု၍ သေသည်၏အဆုံးထိ မြင်သိသမျှ၊ ကြားသိသမျှ၊ နံသိသမျှ၊ စားသိသမျှ၊ ထိသိသမျှ၊ ကြံသိသမျှတို့သည် အစဉ်ကျည်၍ နေသည်မဟုတ်။ စီးသောရေနှယ် ပျက်၍ပျက်၍သာ နေလေသောကြောင့် အနိစ္စ။

## ဝိပါက ပါဠိအနက်

ဝိပါက ပစ္စယောတိ၊ ဝိပါကာ စတ္တာရော ခန္ဓာ အရူပိနော၊ အညမညံ ဝိပါကပစ္စယေန၊ ပစ္စယော။
ဝိပါက ပစ္စယောတိ၊ ဝိပါကပစ္စည်းဟူသည်။ ဝိပါကာ၊ အကျိုး ဝိပါက်ဖြစ်ကုန်သော။ စတ္တာရော၊ လေးပါးကုန်သော၊ အရူပိနော၊ နာမ်ဖြစ်ကုန်သော။ ခန္ဓာ၊ ပဝတ္တိပဋိသန္ဓေခန္ဓာတို့သည်။ အညမညံ၊ အချင်းချင်း။ ဝိပါက ပစ္စယေန၊ အကျိုးဖလဝိပါက သတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ အကျိုးဖြစ်မှု ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။

## ဝိပါကပစ္စည်းကို မြင်လွယ်ရန် ဥပမာ

ဝိပါကပစ္စည်းက ကျေးဇူးပြုပုံမှာ ချမ်းအေးသော လေသည် အေးချမ်းသောအရိပ်တွင် နေသူတို့အား ချမ်းအေးစေခြင်းငှာ ကျေးဇူးပြုသကဲ့သို့ အချင်းချင်းမှ ထောက်ကူအပ်သော ဝိပါက် နာမက္ခန္ဓာစိတ္တဇရုပ်၊ပဋိသန္ဓေကမ္မဇရုပ်တို့အားဝိပါက်နာမက္ခန္ဓာ တရားတို့က ကံ၏ အကျိုးအဖြစ်တည်းဟူသော ဝိပါကသတ္တိဖြင့် ကျေးဇူးပြုကြကုန်၏။

အလွယ်မှတ်ရန်

ပဋိသန္ဓိ၊ ပဝတ္တိနှင့်၊ ဋ္ဌိရှိသမျှ၊ ဝိပါက၊ ပြုကြချင်းချင်း
သာ။
သာဝသေသ၊ ဟောထုတ်ပြ၊ ရ၏ရုပ်တို့ပါ။

မြင်ကြားနံ့လျက်၊ တွေ့သိချက်၊ ဝိပါက်အကုန်သာ။
ထိုဝိပါက်များ၊ ချုပ်ပျက်ငြား၊ ရှုစားဝိပဿနာ။

## ဝိပါက ပစ္စည်း ကျေးဇူးပြုပုံ

ရှိရှိသမျှသော ဝိပါက်နာမက္ခန္ဓာ အချင်းချင်းနှင့် စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ်တို့အား ဝိပါက သတ္တိဖြင့် ကျေးဇူး ပြုကြကုန်၏။

## ဝိပဿနာ နည်းဖြင့် ရှုရန်

အချင်းချင်း ထောက်ကူအားပြုသောစိတ်၊ စေတသိက်၊ ရုပ်တို့သည်လည်း တည်မြဲခြင်း မရှိ၊ ချုပ်ပျောက်ကုန်သည် ဖြစ်၍ ပျက်၊ အနိစ္စ။

## အာဟာရ ပါဠိ အနက်

အာဟာရပစ္စယောတိ၊ ကဗဠီကာရော၊ အဟာဝရော ဣမဿ ကာယဿ အာဟာရ ပစ္စယေန၊ ပစ္စယော။ အရူပိနော အာဟာရာ သမ္ပယုတ္တကာနံ ဓမ္မာနံ၊ တံ သမုဋ္ဌာနာနဉ္စ၊ ရူပါနံ အာဟာရ ပစ္စယေန ပစ္စယော။

အာဟာရပစ္စယောတိ၊ အာဟာရပစ္စည်းဟူသည်။ ကဗဠီ ကာရော၊ အလုတ်အလွေးကို မပြုတက်သော်လည်း ပြုတတ်သကဲ့သို့သော။ အာဟာရော၊ အာဟာရသည်။ ဣမဿ၊ ဤသို့ သဘောရှိသော။ ကာယဿ၊ ရူပကာယအား။ အာဟာရပစ္စယေန၊

အိမ်ကျားပမာဏ၊ မြဲမြံစေသော အာဟာရသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ထောက်ပံ့ကြမှု ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။

အရူပိနော၊ နာမ်ဖြစ်ကုန်သော။ အာဟာရာ၊ ဖဿ, စေတနာ, ဝိညာဏ်ဟု ဆိုအပ်သော အာဟာရတို့သည်။ သမ္ပယုတ္တကာနံ၊ ယှဉ်၍ဖြစ်ကုန်သော။ ဓမ္မာနဉ္စ၊ စိတ်စေတသိက်တရားတို့အား လည်းကောင်း။ တံသမုဋ္ဌာနာနံ၊ ထိုအာဟာရကြောင့် ဖြစ်ကုန်သော။ ရူပါနဉ္စ၊ စိတ္တဇရုပ်၊ ပဋိသန္ဓေ ကမ္မဇရုပ်တို့အား လည်းကောင်း။ အာဟာရပစ္စယေန၊ အိမ်ကျားပမာ မြဲမြံစေသော အာဟာရသတ္တိဖြင့်။ ပစ္စယောဥပကာရကော၊ ထောက်ပံ့ကြမှု ကျေးဇူးပြုသည်၊ ဟောတိ၊ ဖြစ်၏။

**အာဟာရပစ္စည်းကို မြင်လွယ်ရန် ဥပမာ**

အာဟာရပစ္စည်းက ကျေးဇူးပြုပုံမှာ နောက်မှ ကန်ထားသော ကျားထောက်သည် ပျက်စီးလုနီး အိမ်ဟောင်းကြီးအား ခိုင်ခံ့ မြဲမြံအောင် ကျေးဇူးပြုဆောင်သကဲ့သို့ စိတ်စေတသိက်နှင့်တကွ ကလာပ်တူကလာပ်ပြားဖြစ်သော စတုဇရုပ်တို့အား ဖဿ၊ စေတနာ၊ ဝိညာဏ်နှင့်တကွ ဩဇာရုပ်တို့က ခိုင်မြဲတည်တံ့အောင် ထောက်ပံ့ကြသော အာဟာရသတ္တိဖြင့် ကျေးဇူးပြုကြကုန်၏။

**အလွယ်မှတ်ရန်**

တွင်းပြင်ဩဇာ၊ ပစ္စည်းသာ၊ လေးဖြာအစွဲ၊ အကျိုးရ။
ဖဿစေတနာ၊ ဝိညာဏ်ပါ၊ သုံးဖြာဟာရ၊ ပစ္စည်းရ။

စိတ္တဇနှင့်၊ ကမ္မပဋ္ဌိ၊ နာမ်ကုန်ညို၊ ရှေ၏ကျိုးဖလ။
ဘဝနှစ်ဖြာ၊ အနိစ္စာ၊ တဖြာပျက်မှု၊ တဖြာရ။
သိလုံးပျက်ကြေ၊ နာမ်ဟာရေ၊ ရှုလေအနိစ္စ၊
ပွားများကြ။

## အာဟာရပစ္စည်း ကျေးဇူးပြုပုံ

အဇ္ဈတ္တ ဗဟိဒ္ဓသြဇာ ကလာပ်ဘူကလာပ်ပြား စတုဇရုပ်တို့အား အာဟာရသတ္တိဖြင့်ကျေးဇူးပြုကြကုန်၏။ ဖဿစေတနာဝိညာဏ်၊ နာမ်အာဟာရတို့က တကွဖြစ်သည့် စိတ်စေတသိက်၊ ငိတ္တဇရုပ် ပဋိသန္ဓေ ကမ္မဇရုပ်တို့အား အာဟာရသတ္တိဖြင့် ကျေးဇူးပြုကြ ကုန်၏။

## ဝိပဿနာနည်းဖြင့် ရှုရန်

ပဋိသန္ဓေအခါက ဖြစ်ပေါ်ကြသော ရုပ်နာမ် အာဟာရပစ္စည်း တို့ ယခု မရှိကြတော့ပဲ ကုန်ပျောက်ပျက်စီးလျက် ကုန်ဆုံးနေ ကြသောကြောင့် ပျက်အနိစ္စ။

## ဣန္ဒြိယ ပါဌ် အနက်

ဣန္ဒြိယပစ္စယောတိ၊ ရူပဇီဝိတိန္ဒြိယံ၊ ကဠတ္တာရူပါနံ ဣန္ဒြိယ ပစ္စယေန ပစ္စယော၊ အရူပိနော ဣန္ဒြိယာ သမ္ပယုတ္တကာနံ ဓမ္မာနံ တံ သမုဋ္ဌာနာနဉ္စ ရူပါနံ ဣန္ဒြိယ ပစ္စယေန ပစ္စယော။
ဣန္ဒြိယပစ္စယောတိ၊ ဣန္ဒြိယပစ္စည်းဟူသည်။ ရူပဇီဝိတိန္ဒြိယံ၊ ရုပ်

ဇီဝိတိန္ဒြေသည်။ ကဋတ္တာရူပ ါနံ၊ ကဋတ္တာဖြစ်ကြသည့် ကမ္မဇရုပ်တို့အား။ ဣန္ဒြိယပစ္စယေန၊ အသီးသီးအစိုးရကြသည့် ဣန္ဒြိယသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ စိုးအုပ်ကြမှု ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။

အရူပိနော၊ နာမ်ဖြစ်ကုန်သော။ ဣန္ဒြိယာနာမ်၊ ဇီဝိတ စိတ် ဝေဒနာ သဒ္ဓါ ဝီရိယ သတိ ဧကဂ္ဂတာ ပညာဟု ဆိုအပ်သော ဣန္ဒြေတို့သည်။ သမ္ပယုတ္တကာနံ၊ ယှဉ်၍ဖြစ်ကုန်သော။ ဓမ္မာနဥ္စ၊ စိတ်စေတသိက်တရားတို့အားလည်းကောင်း တံ သမုဋ္ဌာနာနံ၊ ထိုဣန္ဒြေတို့ကြောင့် ဖြစ်ကုန်သော။ ရူပါနဥ္စ၊ စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ်တို့အား လည်းကောင်း။ ဣန္ဒြိယပစ္စယေန၊ အသီးသီးအစိုးရကြသည့် ဣန္ဒြိယသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ စိုးအုပ်ကြမှု ကျေးဇူးပြုသည်။ ဟောတိ၊ ဖြစ်၏။

## ဣန္ဒြိယပစ္စည်းကို မြင်လွယ်ရန် ဥပမာ

ဣန္ဒြိယပစ္စည်းက ကျေးဇူးပြုကြပုံမှာ တိုင်းပြည်တွင် အုပ်ချုပ်နေကြသော အုပ်ချုပ်ရေး အဖွဲ့အစည်းတို့သည် မိမိတို့ ဌာနအလိုက် ဆိုင်ရာ ဆိုင်ရာတာဝန်များကို ထမ်းဆောင်ကြလျက် တိုင်းနိုင်ငံ စည်ပင်သာယာကာ မပြိုမကွဲအောင် ကျေးဇူးပြုကြသကဲ့သို့လည်းကောင်း၊ ထိုအုပ်ချုပ်ရေး အဖွဲ့အစည်းတို့ မညီမညွတ် ညှိုဖျင်း၍ တိုင်းနိုင်ငံ စည်ပင်သာယာခြင်း မရှိသကဲ့သို့ လည်းကောင်း၊ စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ်တို့အား မိမိတို့နယ်နှင့် အသီးသီးအစိုးရသော ဇီဝိတ၊စိတ်၊ဝေဒနာ၊သဒ္ဓါ

ဝီရိယ၊ သတိ၊ ဧကဂ္ဂတာ၊ ပညာတည်းဟူသော နာမ် ဣန္ဒြိယ သတ္တိတို့ဖြင့် ကျေးဇူးပြုကြကုန်၏။

အလွယ်မှတ်ရန်

ပြည် ရွာ အပေါင်း၊ ကောင်းမကောင်း၊ အကြောင်း
အစိုးရ၊ ပမာပြု။
နာမ်ရုပ်အပေါင်း၊ ကောင်းမကောင်း၊ အကြောင်း
ဣန္ဒြိယ၊ ပမေယျ။
ပဉ္စိန္ဒြိယ၊ ထက်သန်က၊ ပဉ္စဝိညာ၊ ထက်သန်ရ။
ရုပ်ဇီဝိတ၊ ထက်သန်က၊ ကမ္မဇရုပ၊ ထက်သန်ရ။
ဇီဝိတနှင့်၊ စိတ္တဝေဒနာ၊ သဒ္ဓါဝီရိ၊ သတိဧကဂ္ဂတာ၊
မြတ်ပညာ၊ ရှစ်ဖြာနာမ်က၊ ပစ္စည်းရ။
စိတ္တဇနှင့်၊ ကမ္မပဋိ၊ နာမ်ကုန်ညီ၊ ရ၏ကျိုးဖလ။
ရုပ်နာမ်မူရာ၊ ဖြစ်ပျက်လာ၊ ရူပါအနိစ္စ၊ ဣန္ဒြိယ။

ဣန္ဒြိယပစ္စည်း ကျေးဇူးပြုပုံ

၁။ စက္ခု၊ သောတ၊ ဃာန၊ ဇိဝှာ၊ ကာယ၊ ပဉ္စယပွန် အကြည်ရုပ် ငါးပါးတို့က ပဉ္စဝိညာဏ်တို့အား ပုရေဇာတိန္ဒြိယ သတ္တိဖြင့် ကျေးဇူးပြုကြကုန်၏။
၂။ ရုပ်ဇီဝိတိန္ဒြေက ကလာပ်တူကမ္မဇရုပ်ကိုးစည်းတို့အား ရုပဇီဝိတိန္ဒြိယ သတ္တိဖြင့် ကျေးဇူးပြုကြကုန်၏။
၃။ ဇီဝိတ၊ စိတ်၊ ဝေဒနာ၊ သဒ္ဓါ၊ ဝီရိယ၊ သတိ၊ ဧကဂ္ဂတာ၊ ပညာ၊

ဤနာမ်ဣန္ဒြေတို့က တကွဖြစ်သော စိတ်စေတသိက် စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ်တို့အား သဟဇာတိန္ဒြိယသတ္တိဖြင့် ထိုက်သည့် အားလျော်စွာ ကျေးဇူးပြုကြကုန်၏။

## ဝိပဿနာနည်းဖြင့် ရှုရန်

ရုပ်ဣန္ဒြိယပစ္စည်း၊ နာမ်ဣန္ဒြိယပစ္စည်းတို့သည် အစဉ်တည်မြဲခြင်း မရှိ၊ ချုပ်ပျောက်၍ပျက်သဖြင့်၊ အနိစ္စ။

## ဈာန ပါဠိ အနက်

ဈာနပစ္စယောတိ။ ဈာနင်္ဂါနိ-ဈာန သမ္ပယုတ္တကာနံ၊ဓမ္မာနံ
တံသမုဋ္ဌာနာနဉ္စရူပါနံ၊ ဈာနပစ္စယေန ပစ္စယော။
ဈာနပစ္စယောတိ၊ ဈာနပစ္စည်းဟူသည်။ ဈာနင်္ဂါနိ၊ ဒွေပဉ္စ
ဝိညာဏ် ၁၀ ကြဉ်သောစိတ်ဟာခုယုတ် [၇၀]၌ရှိသော ဝိတက်၊
ဝိစာရ ပီတိ၊ ဝေဒနာ၊ ဧကဂ္ဂတာတည်းဟူသော ဈာန်အင်္ဂါ
ငါးပါး တို့သည် ဈာနသမ္ပယုတ္တကာနံ၊ ဈာန်နှင့် ယှဉ်ကုန်
သော။ ဓမ္မာနဉ္စ၊ စိတ်စေတသိက်တရားတို့အား လည်းကောင်း။
တံသမုဋ္ဌာနာနံ၊ ထိုဈာန်ကြောင့်ဖြစ်ကုန်သော။ ရူပါနဉ္စ၊ စိတ္တဇ
ရုပ်၊ ပဋိသန္ဓေ ကမ္မဇရုပ်တို့အား လည်းကောင်း။ ဈာနပစ္စယေန၊
ကပ်၍ရှုပြား၊ဈာနပစ္စည်းတရားဖြင့်။ ပစ္စယော ဥပကာရကော၊
အာရုံအစားစား၊ ယင်ရှားလာအောင် ကျေးဇူးဆောင်သည်။
ဟောတိ၊ ဖြစ်၏။

## ဈာနပစ္စည်းကို မြင်လွယ်ရန် ဥပမာ

ဈာနပစ္စည်းက ကျေးဇူးပြုပုံမှာ တောင်ထွတ်ဖျား သစ်ပင်များ တို့ကိုတက်၍ ကြည့်ကြသောအခါ အဝေးအနီးအရပ်တို့ကို ထင်ရှားသိမြင်အောင် ကျေးဇူးပြုဆောင်သကဲ့သို့ ဒွေး ပဉ္စ ဝိညာဏ် ၁၀ ကြဉ်သော တက္ကဖြစ်သည့် စိတ်၊ စေတသိက်၊ စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ်တို့အား ဝိတက် ဝိစာရ ပီတိ သုခ ဧကဂ္ဂတာဟု အပ်သောဈာနင်တရား ကိုယ်ငါးပါးတို့က ကပ်၍ရှုကြမှု၍ ထိုထို အာရုံ ထင်ရှားအောင် ကျေးဇူး ဆောင်ခြင်း တည်းဟူသော ဈာနသတ္တိဖြင့် ကျေးဇူးပြုကြကုန်၏။

အလွယ် မှတ်ရန်

ဈာနပစ္စည်း၊ ဈာန်ကြီးကို ရ၊ ဤနှစ်ဝ၊
ခွဲခြား သိကုန်ကြ။
သမာပတ်ဈာန်၊ ရှစ်တန်တို့မှာ၊ မဟဂ္ဂုတ်သာ၊
ရူပ ဈာန်၊ ထူးခြားကြ။
ဝိတက် ဝိစာ ဧကဂ္ဂတာ ပီတိ၊ ဝေဒနာသည်၊
မှတ်သိ ဈာန်၊ ပစ္စည်းရ။
ပဉ္စ ဝိညာဏ်နှုတ်၊ ကြွင်းနာမ်ရုပ်၊ အဟိတ်ဈာန်၊
ကျိုးဖလ။
ပဉ္စ ဝိညာဏ၊ ဖယ်ချ ရုပ်နာမ် ဖြစ်ပျက်ပြန်၊
ရှုရန် အနိစ္စ၊ ပွားများကြ။

## ဈာနပစ္စည်း ကျေးဇူးပြုပုံ

ဒွေး ပဉ္စ ဝိညာဏ် ၁၀ ကြဉ်သော စိတ္တဇဘာခု ယုတ် ၈၀ ၌ ထိုက်သည့်အားလျော်စွာ ယှဉ်ကြသည့် ဝိတက်၊ ဝိစာရ၊ ပီတိ၊ ဝေဒနာ၊ ဧကဂ္ဂတာ၊ ဤဈာန် အင်္ဂါ ငါးပါးတို့က မိမိနှင့် ယှဉ်သည့်စိတ် စေတသိက်နှင့် စိတ္တဇရုပ် ပဋိသန္ဓေ ကမ္မဇရုပ် တို့အား ဈာနသတ္တိဖြင့် ကျေးဇူးပြုကုန်၏။

## ဝိပဿနာနည်းဖြင့် ရှုရန်

နေ့စဉ်နှင့်အမျှ အချိန်ရှိရှိသမျှ လိုချင်မှုလောဘ အစားစားတို့ ဖြစ်ပေါ်နေကြပြီ၊ ချုပ် ပျက်စီးသည့် အနိစ္စစု၊ နှလုံးမသာ ယာခြင်း၊ ဒေါသ အစားစားတို့ တွေဝေ မိန်းမောခြင်း၊မောဟ အစားစားတို့ ချုပ် ပျက်စီးသောအခါ အနိစ္စစု၊ ဒါန သီလ ဘာဝနာ အစရှိသော ကုသိုလ်ဇောများ အစားစားတို့ ဖြစ်ပေါ် ကြပြီး ချုပ် ပျက်စီးသည့် အနိစ္စစုနှင့် အိပ်ပျော်ခြင်း စသော ဘဝင် အစားစား အဗျာကတ တရားတို့ ဖြစ်ပေါ်ကြပြီး ချုပ် ပျက်စီးသည့် အနိစ္စစုနှင့်တကွ ကိုယ်နှုတ် အမူအရာ ပျက် အနိစ္စ တို့ကိုပါ တခုခုကို ဉာဏ်နှင့်ယှဉ်၍ မြင်အောင် ကြည့်ပါက ပျက် အနိစ္စကို မြင်၏။

## မဂ္ဂ ပါဠိ အနက်

မဂ္ဂပစ္စယောတိ၊မဂ္ဂင်္ဂါနိ၊မဂ္ဂသမ္ပယုတ္တကာနံ၊ဓမ္မာနံတံသမုဋ္ဌာနာနဉ္စ ရူပါနံ၊မဂ္ဂပစ္စယေနပစ္စယော။

မဂ္ဂပစ္စယောတိ၊ မဂ္ဂပစ္စည်းဟူသည်။ မဂ္ဂင်္ဂါနိ၊ သဟိတ်စိတ်၌ ရှိသောပညာဝိတက်၊သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ၊ ဝီရိယ၊သတိ၊ဧကဂ္ဂတာ၊ ဒိဋ္ဌိဟုဆိုအပ်သော မဂ္ဂင်တရားကိုးပါး တို့သည်။မဂ္ဂသမ္ပယုတ္တကာနံ၊ မဂ်နှင့် ယှဉ်ကုန်သော။ ဓမ္မာနဉ္စ၊ စိတ်စေတသိက်တရားတို့အား လည်းကောင်း။ တံသမုဋ္ဌာနာနံ၊ ထိုမဂ်ကြောင့် ဖြစ်ကုန်သော။ ရူပါနဉ္စ၊ စိတ္တဇရုပ်၊ ပဋိသန္ဓေ ကမ္မဇရုပ်တို့အား လည်းကောင်း။ မဂ္ဂပစ္စယေန၊ ထွက်မြောက် ကြောင်းဟုဆိုအပ်သော မဂ္ဂပစ္စယသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ထွက် မြောက် လေအောင် ကျေးဇူး ဆောင် သည်။ ဟောတိ၊ ဖြစ်၏။

## မဂ္ဂပစ္စည်းကို မြင်လွယ်ရန် ဥပမာ

မဂ္ဂပစ္စည်း ကျေးဇူးပြုပုံမှာ မြစ်၌လက်ယာဘက်ကမ်းမှ လက်ဝဲဘက်ကမ်းကိုကူးသောအခါမူလကူးထွက်ရာလက်ယာဘက်သည် ထိုလှေ၏ ထွက်မြောက်ကြောင်း ဖြစ်သကဲ့သို့ လည်းကောင်း၊ လက်ဝဲဘက်ကမ်းမှ လက်ယာဘက်ကမ်းသို့ကူးသောအခါ မူလကူးထွက်ရာ လက်ဝဲဘက် ကမ်းသည် ထိုလှေ၏ ထွက်မြောက်ကြောင်း ဖြစ်သကဲ့သို့ လည်းကောင်း၊ သဟိတ်၊ စေတသိက်တို့အားလည်းကောင်း၊ စိတ္တဇရုပ်၊ ပဋိသန္ဓေ ကမ္မဇရုပ်တို့အား လည်းကောင်း၊ ယင်းဟိတ်စိတ်စေတသိက်တို့အထဲမှာ ပါသည့် ပညာဝိတက်၊ သမ္မာဝါစာ၊သမ္မာကမ္မန္တ၊သမ္မာအာဇီဝ၊ ဝီရိယ၊ သတိ၊ဧကဂ္ဂတာ၊ဒိဋ္ဌိဟုဆိုအပ်သော မဂ္ဂင်တရား ကိုးပါးတို့က

မိမိတို့ ဆိုင်ရာ ဘုံဘဝတို့သို့ ထွက်မြောက်ကြောင်း မဂ္ဂသတ္တိတို့ဖြင့် ကျေးဇူးပြုကုန်၏။

## အလွယ်မှတ်ရန်

မဂ္ဂပစ္စည်း၊မဂ်ကြီးကိုရ၊ ဤနှစ်ဝ၊ခွဲခြားသိကုန်ကြ။
မဂ်စိတ်လေးထွေ၊မဂ်အင်္ဂေ၊ရလေမဂ္ဂ၊အရိယ။

ဝိဘက်ပညာ၊ဝါစာကမ္မန္တ၊ အာဇီဝနှင့်၊ ဝီရိယသတိ၊ သမာဓိ၊ဒိဋ္ဌိမဂ္ဂ၊ကိုးပါးရ။

ယင်းတို့ပင်လျှင်၊ သဟိတ်ယှဉ်၊ ဖြစ်လျှင်မဂ္ဂ၊ အကြောင်းရ။

စိတ္တဇနှင့်၊ကမ္မပဋိ၊သဟိတ်ရှိ၊ ရ၏ကျိုးဖလ။

အဟိတ်ကြဉ်ဖယ်၊ နှစ်သွယ်ရုပ်နာမ်၊ ဖြစ်ပျက်ပြန်၊ ရှုရန်အနိဋ္ဌ၊ ပွားများကြ။

## မဂ္ဂပစ္စည်း ကျေးဇူးပြုပုံ

သဟိတ်စိတ်စေတသိက်ဥ္ဇထိုက်သည့်အားလျော်စွာ ယှဉ်ကြသည့် ပညာဝိဘက်သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ၊ ဝီရိယ၊ သတိ၊ကေဂ္ဂတာ၊ဒိဋ္ဌိ ထိုမဂ္ဂင်တရားကိုးပါးတို့က မိမိနှင့်ယှဉ်ကြသည့် စိတ်စေတသိက်နှင့် စိတ္တဇရုပ် ပဋိသန္ဓေကမ္မဇရုပ်တို့အား မဂ္ဂသတ္တိဖြင့် ကျေးဇူးပြုကြကုန်၏။

## ဝိပဿနာနည်းဖြင့် ရှုရန်

မိမိစိတ်အာရုံ၌ဖြစ်ပေါ်လာသော မကောင်းစိတ်၊ ကောင်းစိတ်တို့သည် တည်မြဲသည်မရှိ၊ ရပ်တည် ခိုင်ခံ့သည် မရှိ ဖြစ်ပျက်၊ ပေါ်ပျက်၊ချုပ်ပျက်၊ချုပ်ပေါ်ပျက်၊ အနိစ္စ၊

## သမ္ပယုတ္တ ပါဠိ အနက်

သမ္ပယုတ္တပစ္စယောတိ၊ စတ္တာရောခန္ဓာ-အရူပိနော၊ အညမညံ သမ္ပယုတ္တပစ္စယေန၊ ပစ္စယော၊

သမ္ပယုတ္တ ပစ္စယောတိ၊ သမ္ပယုတ္တပစ္စည်းဟူသည်။ စတ္တာရော၊ လေးပါးကုန်သော။ အရူပိနော၊ စိတ် စေတသိက် ရုပ်သမျှ အလုံးစုံ နာမ်ဖြစ်ကြကုန်သော ခန္ဓာတို့သည်။ အညမည၊ အချင်းချင်း။ သမ္ပယုတ္တပစ္စယေန၊ ပေါင်းယှဉ်ခြင်းဟု ဆိုအပ်သော သမ္ပယုတ္တသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ယှဉ်ပေါင်းကြူမှု၊ ကျေးဇူးပြုသည်။ဟောတိ၊ဖြစ်၏။

## သမ္ပယုတ္တပစ္စည်းကို မြင်လွယ်ရန် ဥပမာ

သမ္ပယုတ္တ ပစ္စည်းက ကျေးဇူးပြုပုံမှာ ထောပတ်၊ ဆီ၊ ပျား၊ သကာ စသည်တို့ ရောစပ်ထားသော၊ စတုမဓု အရသာသည် အချင်းချင်း နှီးနှောသောအားဖြင့် ကျေးဇူးပြုသကဲ့သို့ စိတ်၊ စေတသိက် နာမက္ခန္ဓာ လေးပါးတရားတို့သည် အချင်းချင်း ယှဉ်ပေါင်းကြသော သမ္ပယုတ္တသတ္တိဖြင့် ကျေးဇူးပြုကြကုန်၏။

## အလွယ်မှတ်ရန်

ကုသလာ၊ ကုသလ၊ ဗျာကတစုံ၊ ဖြစ်ပေါ်မှု၊ လေးခု
နာမခန္ဓာရ။
ခန္ဓာလေးဝ၊ ဖြစ်သမျှ၊ ရ၏ပစ္စယ၊ သမ္ပယုတ္တ။
ကုကုအဗျာ၊ သမ္ပယုတ္တာ၊ ရုပ်ါအနိစ္စ၊ ပွားများကြ။

## မှတ်ချက်

စိတ် တခု ယုတ်၉၀၊ စေတသိက် ဒွေးပညာသ၊ ဘယ်စိတ် စေတသိက်မဆို အချင်းချင်းသမ္ပယုတ္တပစ္စည်း ဖြစ်ကြကုန်၏။

## ဝိပဿနာနည်းဖြင့် ရှုရန်

နေ့စဉ်နှင့်အမျှ လိုချင်မှုလောဘ၊ နှလုံးမသာယာခြင်း ဒေါသ၊ မိန်းမောခြင်း မောဟတို့သည် ဖြစ်ပေါ်ပြီး ချုပ်ပျက်စီးကြသလို ဒါန၊ သီလ၊ ဘာဝနာစသော ကုသိုလ်၊ အဗျာကတ တရားတို့သည်လည်း ဖြစ်ပေါ်ပြီး ချုပ်ပျက်စီးကြကုန်သည် ဖြစ်၍၊ ဖြစ်ပျက် အနိစ္စ။

## ဝိပ္ပယုတ္တ ပါဠိ အနက်

ဝိပ္ပယုတ္တပစ္စယောတိ၊ ရူပိနောဓမ္မာအရူပိနံ ဓမ္မာနံ၊ ဝိပ္ပယုတ္တ ပစ္စယေန ပစ္စယော။ အရူပိနော၊ ဓမ္မာ၊ ရူပိနံ၊ ဝိပ္ပယုတ္တပစ္စယေန ပစ္စယော။

ဝိပ္ပယုတ္တ ပစ္စယောတိ၊ ဝိပ္ပယုတ္တပစ္စည်းဟူသည်။ ရူပီနော၊ ရုပ်ဖြစ်ကုန်သော။ ဓမ္မာ၊ ဝတ္ထုရုပ်ခြောက်ပါးတို့သည်။အရူပီနံ၊ နာမ်ဖြစ်ကုန်သော။ ဓမ္မာနံ၊ နောက်နောက်၌ ဖြစ်သော ပဉ္စဝေါကာရပဝတ္တိ နာမက္ခန္ဓာတကူဖြစ်သော ပဉ္စဝေါကာရ ပဋိသန္ဓေနာမက္ခန္ဓာတို့အား။ ဝိပ္ပယုတ္တ ပစ္စယေန၊ မစပ်ယှဉ် ခြင်းဟု ဆိုအပ်သော ဝိပယုတ္တသတ္တိဖြင့်။ ပစ္စယော ဥပကာရ ကော၊ အကျိုးဖြစ်အောင် ကျေးဇူးဆောင်သည်။ ဟောတိ၊ ဖြစ်၏။

အရူပိနော၊ နာမ်ဖြစ်ကုန်သော။ ဓမ္မာ၊ တကူဖြစ်ကြသည့် ပဉ္စဝေါကာရ ပဝတ္တိပဋိသန္ဓေ နာမက္ခန္ဓာ၊ နောက်နောက်၌ ဖြစ်ကြသည့် ပဉ္စဝေါကာရ ပဝတ္တိနာမက္ခန္ဓာတို့သည်။ ရူပီနံ၊ ရုပ်ဖြစ်ကြကုန်သော။ ဓမ္မာနံ၊ တကူဖြစ်ကြသည့် စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ်၊ စိတ္တက္ခဏ တချက်နှင့်အတူ ဥပါဒ်ပြိုင်သော ကေဝေါကာယ၊ ဒွိဝေါကာယ၊ တိဝေါကာယ၊စတုဝေါကာယ၊ တို့အား။ ဝိပ္ပယုတ္တ ပစ္စယေန၊ မစပ်ခြင်းဟု ဆိုအပ်သော ဝိပ္ပယုတ္တသတ္တိဖြင့်။ပစ္စယော ဥပကာရကော၊ အကျိုးဖြစ်အောင် ကျေးဇူးဆောင်သည်။ ဟောတိ၊ ဖြစ်၏။

## ဝိပ္ပယုတ္တပစ္စည်းကို နှိုင်းလှယ်ရန် ဥပမာ

ဝိပ္ပယုတ္တပစ္စည်းက ကျေးဇူးပြုပုံမှာ အချို၊ အချဉ်၊ အစပ်၊ အငန်၊ အဖန်၊ အခါး ဟူသော ရသာခြောက်ပါး ပါသည့် အစာ အာဟာရတို့သည် အရသာချင်းပင် မစပ်ယှဉ်ကြပဲ၊ နည်းနည်းစီ ကျေးဇူးပြုကြသကဲ့သို့ ပဉ္စဝေါကာယပဋိသန္ဓေနာမက္ခန္ဓာတို့အား

ထိုခန္ဓာနှင့်တကွဖြစ်သည့်ဟဒယဝတ္ထုရုပ်ကလည်းကောင်း၊စိတ္တဇရုပ်ပဋိသန္ဓေကမ္မဇရုပ်တို့အား ပဉ္စဝေါကာယဘုံ၌ ဖြစ်ကြသောရုပ်ကို ဖြစ်စေနိုင်သည့် စိတ်စေတသိက်နှင့် ပဋိသန္ဓေနာမက္ခန္ဓာတို့ကလည်းကောင်း အချင်းချင်း မယှဉ်ကြသည့် ဝိပ္ပယုတ္တသတ္တိဖြင့် ကျေးဇူးပြုကြကုန်၏။

### အလွယ်မှတ်ရန်

ရုပ်ကြောင်းနာမ်ကျိုး၊နာမ်ကြောင်းရုပ်ကျိုး၊ထိုနှစ်မျိုး၊
ကြောင်းကျိုး ဝိပ္ပယုတ္တ၊ ပစ္စည်းရ။
သဟာပုရေ၊ ပစ္ဆာဇေ သုံးထွေဝိပ္ပယုတ္တ၊ ပစ္စည်းရ။
၎င်းသုံးဖြာ၊ အနိစ္စာ၊ ရှုရာနည်းက၊ ရှေးတိုင်းပြ။

### ဝိပ္ပယုတ္တပစ္စည်း ကျေးဇူးပြုပုံ

၁။ ရှေးဝတ္ထုရုပ်ခြောက်ပါးကမှီ၍ဖြစ်သောနောက်ဝိညာဏ်ခုနစ်ပါး နာမက္ခန္ဓာအား ပုရေဇာတဝိပ္ပယုတ္တ သတ္တိဖြင့် ကျေးဇူးပြု၏။

၂။ နောက်ဝိညာဏ်နာမက္ခန္ဓာအစားစားကရှေးစိတ်နှင့်အတူဥပါဒ်သော စတုဝေါကာယအား ပစ္ဆာဇာတဝိပ္ပယုတ္တ သတ္တိဖြင့် ကျေးဇူးပြု၏။

၃။ နာမက္ခန္ဓာလေးပါးက စိတ္တဇရုပ်၊ ပဋိသန္ဓေ ကမ္မဇရုပ်တို့အားလည်းကောင်း၊ဟဒယဝတ္ထုရုပ်ကပဉ္စဝေါကာယပဋိသန္ဓေနာမက္ခန္ဓာ တို့အားလည်းကောင်း သဟဇာတဝိပ္ပယုတ္တသတ္တိဖြင့် ကျေးဇူးပြု၏။

## ဝိပဿနာနည်းဖြင့် ရှုရန်

နေ့စဉ်နှင့်အမျှ လိုချင်မှုလောဘ၊ နှလုံးမသာယာမှု ဒေါသ၊ မိန်းမောခြင်း မောဟ ဖြစ်ပေါ်ပြီး ချုပ် ပျက်စီးကြသလို ဒါန၊ သီလ၊ ဘာဝနာစသော ကုသိုလ်အဗျာကတ တရားတို့သည်လည်း ပြင်ပေါ်ပြီး ချုပ် ပျက်စီးကြကုန်သည်ဖြစ်၍ ဖြစ်ပျက်အနိစ္စ။

## အတ္ထိ

* အတ္ထိသည် သဟဇာတနှင့် ပါဋ္ဌိအားလုံးမတူ၊ သဟဇာတ ထက်များသည်၊ ပိုသည်။

အတ္ထိပစ္စည်းမှာ သဟဇာတပစ္စည်းနှင့် အလုံးစုံ တူနေသော ကြောင့် အကျယ်မရေးတော့ပဲ မြင်လွယ်ရန် ဥပမာကိုသာ ပြဆို ပါမည်။

အတ္ထိပစ္စည်းက ကျေးဇူးပြုပုံမှာ ဟိမဝန္တာတောင်သည် မိမိကို မှီသောအားဖြင့် မြက်သစ်ပင်တို့ ပေါးပေါခြင်းငှာ တင်ရှား ရှိနေခြင်းဖြင့် ကျေးဇူးပြုသကဲ့သို့ စိတ်၊ စေတသိက် ရုပ်တို့အား မိမိတို့က ထင်ရှားရှိကြသဖြင့် ကျေးဇူးပြုကြ၏။

## နတ္ထိ ပါဠိ အနက်

နတ္ထိပစ္စယောတိ၊ သမနန္တနိရုဒ္ဓါ၊ စိတ္တ၊ စေတသိကာ ဓမ္မာ၊ ပစ္စုပ္ပန္နာနံ၊ စိတ္တစေတသိကာနံ၊ ဓမ္မာနံ၊ နတ္ထိပစ္စယေန၊ ပစ္စယော။

နတ္ထိပစ္စယောတိ၊ နတ္ထိပစ္စည်းဟူသည်။ သမနန္တရနိရုဒ္ဓါ၊ မိမိ အခြားမဲ့၌ ကောင်းစွာချုပ်ကုန်ပြီးသော။ စိတ္တစေတသိကာ၊ စိတ်စေတသိက်ဖြစ်ကုန်သော။ ဓမ္မာ၊ ရဟန္တာတို့၏ စုတိကြဉ် သော နာမက္ခန္ဓာ တရားတို့သည်။ ပစ္စုပ္ပန္နာနံ၊ မိမိအတူ ဖြစ် ကုန်သော။ ဝါ၊ နောက်ဆက်တဖန် ဖြစ်ကြ ပြန်ကုန်သော။ စိတ္တ စေတသိကာနံ၊ စိတ်စေတသိက် ဖြစ်ကုန်သော။ ဓမ္မာနံ၊ ရဟန္တာတို့၏ စုတိစိတ်နှင့်တကွ နာမက္ခန္ဓာတို့အား။နတ္ထိပစ္စယေန၊ မိမိတို့ ချုပ်ငြား၊ မရှိသောအားဖြင့်။ ပစ္စယော ဥပကာရကော၊ နောက်နောင် ဖြစ်အောင် ကျေးဇူးဆောင်သည်။ ဟောတိ၊ ဖြစ်၏။

## နတ္ထိပစ္စည်းကို မြင်လွယ်ရန် ဥပမာ

နတ္ထိပစ္စည်းက ကျေးဇူးပြုပုံမှာ ညမရှိခြင်းသည် နေ့ ဖြစ်ခြင်းကို ကျေးဇူးပြုသကဲ့သို့လည်းကောင်း၊ ဆီမီးလျှပ်စစ်မီးတို့ ငြိမ်းခြင်း သည် မှောင်မိုက်ကို ကျေးဇူးပြုသကဲ့သို့လည်းကောင်း နောက် နောက်သော စိတ်စေတသိက်တို့အား ရှေးရှေးသော စိတ် စေတသိက်တို့က ချုပ်ပျောက်ကြပြီး မရှိခြင်း နတ္ထိပစ္စည်းဖြင့် ကျေးဇူးပြုကြကုန်၏။

### အလွယ်မှတ်ရန်

အလင်းမရှိ၊ မိုက်ရောက်ဘိ၊ ဖြစ်သိပမာ၊ နတ္ထိမှာ။
ချုပ်ပြီးနာမ်ကား၊အကြောင်းထား၊ဖြစ်ပွားနောက်မှာ၊

အကျိုးသာ။

ဝိပဿနာမူ၊ နန္တရတူ၊ နည်းယူအားထုတ်ပါ။

## နတ္ထိပစ္စည်း ကျေးဇူးပြုပုံ

ရှေးရှေးနာမက္ခန္ဓာက နောက်နောက်အခြားမဲ့ နာမက္ခန္ဓာအား နတ္ထိပစ္စယ သတ္တိဖြင့် ကျေးဇူးပြု၏။ ၎င်းနောက် ဝိဂတပစ္စည်း သည် နတ္ထိပစ္စည်းနှင့်တူ၏။ အဝိဂတပစ္စည်းသည် အတ္ထိပစ္စည်းနှင့် တူ၏။

## ဝိပဿနာနည်းဖြင့် ရှုရန်

သတ္တာဝါတိုင်းမှာ နာမက္ခန္ဓာတွေ ပုတီးကုံးအစဉ်များသဖွယ် သံသရာတလျှောက်လုံးမှာ အစဉ်အတိုင်း ဖြစ်ပေါ် လာကြပြီး ချုပ်ပျက်စီး၍ နေကြသည့် ရှေးရှေးနာမက္ခန္ဓာတို့မရှိ ကွယ် ပျောက် အနိစ္စရောက်ခြင်းမှာ နောက်နောက် နာမက္ခန္ဓာတိုင်းတို့ ဖြစ်ပေါ်အောင် မရှိခြင်းက ကျေးဇူးဆောင်သည် ဖြင်သော ကြောင့် ဖြစ်ရန်အတွက်ပျက်၊ ပျက်ရန်အတွက်ဖြစ်၊ အနိစ္စ။ ဝိဂတပစ္စည်းနှင့် အဝိဂတပစ္စည်းတို့ ကျေးဇူးပြုပုံတို့မှာ တူညီ သောကြောင့် အကျယ်ပြရန် မလိုတော့သဖြင့် ဥပမာကိုသာ ပြဆိုခြင်း ပြုလိုက်ပါသည်။

## ဝိဂတ

ဝိဂတပစ္စည်း ကျေးဇူးပြုပုံမှာ နေဝင်သောအခါ အရောင် အဝါတို့ မရှိခြင်းသည် လရောင် ဖြင်ပေါ်လာရန် ကျေးဇူး ပြုသကဲ့သို့ နောက်နောက်သော စိတ် စေတသိက် တို့အား

ရှေးရှေးသော စိတ်စေတသိက်တို့က ချုပ်ပျောက်ကြပြီး ကင်းရှင်းခြင်း-ဝိဂတပစ္စည်းဖြင့် ကျေးဇူးပြုကုန်၏။

**အဝိဂတ**

အဝိဂတပစ္စည်း ကျေးဇူးပြုပုံမှာ မဟာသမုဒ္ဒရာသည် မိမိကို မှီကုန်သော ရေနေသတ္တဝါတို့အား ပီတိသောမနဿ ပွားများစေခြင်းငှာ မိမိနှင့်မကင်းသော သတ္တိဖြင့် ကျေးဇူးပြုသကဲ့သို့ စိတ်စေတသိက် ရုပ်တို့အား မိမိတို့က ထင်ရှားရှိကြပြီး မကင်းသော အဝိဂတပစ္စည်းဖြင့် ကျေးဇူးပြု၏။

ပြီးခဲ့သောအခန်းမှာ ပဋ္ဌာန်းတရားတော်နှင့် ပတ်သက်သော တရားကိုယ်များကို စီစဉ်တင်ပြထားခြင်း ဖြစ်ပါသည်။ ယင်းတရားကိုယ်မှ ပဋ္ဌာန်း၂၄ပစ္စည်းတို့ကို တပိုဒ်စီ ရှင်းတမ်းထုတ်၍ ပြပါဦးမည်။

**ပဋ္ဌာန်း ရှင်းတမ်း**

၁။ ဟေတုပစ္စယော၊ ဟိတ်ဖြင့်၍ ကျေးဇူးပြုတတ်ခြင်း။

ဟိတ်ဆိုသည်မှာ ချောမော လှပသော အမျိုးသမီးပျိုကို မြင်လျှင်၊ သို့မဟုတ် အမျိုးသားပျိုကိုမြင်လျှင်၊ သို့မဟုတ် လှပသော အရာဝတ္ထုတို့ကို မြင်သောအခါ လိုချင် တပ်မက်သောကြောင့် လောဘဟိတ် ဖြစ်သလို၊ အရုပ်ဆိုးသော အမျိုးသမီး၊ အမျိုးသား၊ ခွေးသေ၊ လူသေ စသည်တို့ကို မြင်သောအခါ စိတ်နှလုံး မသာမယာ ဖြစ်လျက် ဒေါသဟိတ် ဖြစ်လေသည်။ ရေမြေတောတောင်၊ ပန်းဥယျာဉ်၊ မိုးတိမ် စသည့် သာမညအရာတို့ကို

မြင်လျှင် မိန်းမော ရှုငေးကာ မောဟဟိတ် ဖြစ်၏။

၂။ အာရမ္မဏပစ္စယော၊ အာရုံဖြစ်၍ ကျေးဇူးပြုတတ်ခြင်း။

အာရုံဆိုသည်မှာ မျက်စိဖြင့် မြင်စရာ အဆင်း၊ နားဖြင့် ကြားစရာ အသံ၊ နှာခေါင်းဖြင့် နံစရာ ရနံ့၊ လျှာဖြင့် တွေ့ထိစရာ အစားအစာ၊ ကိုယ်ဖြင့် ထိတွေ့စရာ ရုပ်ဝတ္ထု၊ စိတ်ဖြင့်ကြံသိစရာ မြင်ဖူး၊ ကြားဖူး၊ နံဖူး၊ စားဖူး၊ ထိဖူးသော အရာဝတ္ထုများ။ ထိုထိုသော အာရုံတို့နှင့် ကြုံဆုံရသောအခါ ကောင်းသော အရာကို ကြုံရလျှင် တပ်မက်ခြင်း လောဘအာရုံဖြစ်၍ မကောင်းသော အရာကို ကြုံရလျှင် စက်ဆုပ်ရွံရှာခြင်း၊ နှလုံးမသာယာခြင်း ဒေါသအာရုံကို ဖြစ်စေတတ်၏။

၃။ အဓိပတိပစ္စယော၊ အကြီးအမှူးဖြစ်၍ ကျေးဇူးပြုတတ်ခြင်း။

အဓိပတိဆိုသည်မှာ မည်သည့်အရာ၌မဆို အကြီးကျယ်ဆုံး၊ အထူးခြားဆုံး၊ အမြင့်မြတ်ဆုံးအဖြစ်သို့ ရောက်အောင် ဆန္ဒကြီးစွာ ကြံစည်လုပ်ဆောင်ခြင်း၊ အားထုတ်ခြင်း၊ ကြိုးပမ်းခြင်း၊ ငါလိုပုဂ္ဂိုလ် ကြိုးစားလျှင် ဘာမဆိုဖြစ်ရမည်ဟု မိမိကိုယ်မိမိ ယုံကြည်သောစိတ် ထားရှိခြင်း သည်တို့ ဖြစ်၏။

၄။ အနန္တရပစ္စယော၊ နာမ်တရားတို့ကိုသာ အခြားမဲ့ ဖြစ်၍ ကျေးဇူးပြုတတ်ခြင်း။

အခြားမဲ့ဆိုသည်မှာ နာမ်တရားတို့သည် တပါးပါးစီ မဖြစ်ကြပဲ စိတ်စေတသိက်တို့နှင့် ယှဉ်တွဲကာ နာမ်ခန္ဓာ လေးပါးစီ အတွဲလိုက်-အတွဲလိုက်ဖြစ်ကြ၏။ နာမ်ခန္ဓာလေးပါးတို့ဖြစ်စဉ်မှာ ရှေ့နောက် နာမ်ခန္ဓာတို့ တတွဲစီတတွဲစီ ဖြစ်ပေါ်ကြ၏။ ယင်းသို့

ချုပ်ရာ ဖြစ်ရာတွင် ပထမနာမ်ခန္ဓာ အတွဲ ချုပ်ခြင်းမှာ နောက်နာမ်ခန္ဓာ အတွဲတို့ အသစ်ပေါ်ပေါက်ရန်အတွက် နေရာ ဖယ်ပေးခြင်းဖြင့် ကျေးဇူးပြုတတ်ခြင်း။

၅။ သမနန္တရ ပစ္စယော၊ ကောင်းစွာ အခြားမဲ့ဆိုသည်မှာ အနန္တရပစ္စည်းနှင့် သဘောချင်း တူညီနေသောကြောင့် အထူး ရှင်းတမ်း မထုတ်တော့ပါ။

၆။ သဟဇာတပစ္စယော၊ ရုပ်နာမ်တရားတို့ အတူတကွဖြစ်၍ ကျေးဇူးပြုတတ်ခြင်း။

ရုပ်နာမ်တရားတို့အတူတကွဖြစ်ခြင်းဆိုသည်မှာရုပ်ဝီထိ နာမ်ဝီထိတို့ အတွဲလိုက်အတွဲလိုက် ဖြစ်ကြသည့်အတိုင်း တပြိုင်နက် ဖြစ်ကြသည့် နာမ်ခန္ဓာတို့ကလည်း အချင်းချင်း အပေါင်းအစည်း သဟဇာတဖြစ်၍ ကျေးဇူးပြုကြ၏။ ပဉ္စဝေါကာယ ပဋိသန္ဓေ နာမက္ခန္ဓာနှင့် ဟဒယဝတ္ထုတို့ကလည်း အချင်းချင်း အပေါင်း အစည်း သဟဇာတဖြစ်၍ အချို့သော ပဋိသန္ဓေ အခါတို့ မှာသာ ကျေးဇူးပြုကြ၏။ (ပဝတ္တိအခါတို့မှာ ကျေးဇူးမပြုကြ။) ရုပ်ကိုဖြစ်စေတတ်သော နာမက္ခန္ဓာတို့ကလည်း အတူတကွ ဖြစ်ကြသော ပဋိသန္ဓေကမ္မဇရုပ်တို့အား အပေါင်းအစည်း သဟဇာတဖြစ်၍ ကျေးဇူးပြုကြ၏။

၇။ အညမညပစ္စယော၊ ရုပ်နာမ် အချင်းချင်းဖြစ်၍ ကျေးဇူး ပြုတတ်ခြင်း။

ရုပ်နာမ် အချင်းချင်း ဆိုသည်မှာ အညမည သဟဇာတနှင့် သဘောတူအချင်းချင်း အပြန်ပြန်အလှန်လှန် ကျေးဇူးပြုခြင်းဟု ဆိုလိုသောကြောင့် အထူး ရှင်းတမ်း မထုတ်တော့ပါ။

၇။ နိဿယပစ္စယော၊ မှီရာဖြစ်၍ ကျေးဇူးပြုတတ်ခြင်း။

မှီရာဆိုသည်မှာ နာမက္ခန္ဓာအချင်းချင်းနှင့်တကွ စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ်တို့အား တကွဖြစ်သည့် နာမက္ခန္ဓာ လေးပါးက တည်ရာ၊ မှီရာ နိဿယသတ္တိဖြင့် ကျေးဇူးပြုကြ၏။ ထိုသို့ သဝိညာဏက၊ အဝိညာဏကအတွင်း၌ ရှိရှိသမျှသော ကလာပ်စည်း အရနှင့် အတွဲလိုက် အတွဲလိုက် ဖြစ်နေကြသော ရုပ်အပေါင်းတို့တွင် မဟာဘုတ် အချင်းချင်းနှင့်အတူ ဥပါဒါ ရုပ်တို့အား တကွဖြစ်ကြသော မဟာဘုတ်လေးပါးတို့က မှီရာတည်ရာနိဿယသတ္တိဖြင့် ကျေးဇူးပြုကြ၏။ ပဉ္စဝေါကာယ၊ ပဋိသန္ဓေနာမက္ခန္ဓာနှင့်ဟဒယ ဝတ္ထုရုပ်တို့သည် အချင်းချင်းမှီရာ တည်ရာသဟဇာတ နိဿယသတ္တိဖြင့် ကျေးဇူးပြုကြ၏။

၈။ ဥပနိဿယ ပစ္စယော၊ အားကြီးသော အကြောင်းဖြစ်၍ ကျေးဇူးပြုတတ်ခြင်း။

အားကြီးသော အကြောင်း ဆိုသည်မှာ လောကကြီး ပျက်စီးခြင်း၊ ကြီးပွားခြင်း အကြောင်းရင်းတို့ကို ပုဂ္ဂိုလ်၊ ဥတု၊ ဘောဇဉ်၊ အိမ်ကျောင်း အိပ်ရာ နေရာ တည်းဟူသော ဥပနိဿယ ပစ္စည်း၊ ကုသိုလ် အကုသိုလ် အဗျာကတ တည်းဟူသော ဥပနိဿယ ပစ္စည်း တို့ကြောင့်သာ ဖြစ်ကုန်ရ၏။

ဥပနိဿယ ပစ္စည်းကို ထင်ရှားအောင် ပြဆိုရလျှင် ကုသိုလ်ပြုမှု လေးစားမှုနှင့် အကျိုးပြင်ပွားပုံ လေးစား ရှုကြရာတွင်—

၁။ အချို့သူတို့သည် ငြိမ်းသာလျှင် ကောင်းမှုဒါနပြု၍ သူတပါးအား ဒါနပြုရန် မတိုက်တွန်း။

ထိုသူတို့သည် ပစ္စည်း ဥစ္စာ ပေါကြွယ်ဝသော်လည်း သားသမီးစသော အခြံအရံ မရှိကြ။

၂။ အချို့သူတို့သည် သူတပါးကိုသာ ဒါနပြုရန်ပြောဟော နှိုးဆော်လျက် မိမိ ကိုယ်တိုင် ကောင်းမှု ဒါနမပြု။ ထိုသူတို့သည် သားသမီး စသောအခြံအရံသာများပြီး ပစ္စည်းဥစ္စာ မရှိကြ။

၃။ အချို့သူတို့သည် မိမိလည်း ကောင်းမှု ဒါန မပြု၊ သူတပါးကိုလည်း ကောင်းမှုဒါနပြုရန် မတိုက်တွန်း။ ထိုသူတို့သည် သားသမီးစသော အခြံအရံ နည်းပါး၍ ဥစ္စာပစ္စည်းလည်း မရှိသောအဖြစ်ရောက်ကာ ဆင်းရဲပင်ပန်းကြလေ၏။

၄။ အချို့သူတို့သည် မိမိလည်း ကောင်းမှုဒါန ပြု၏။ သူတပါးကိုလည်း ကောင်းမှုဒါနပြုအောင်ပြောဟော တိုက်တွန်း၏။ ထိုသူတို့သည် သားသမီးအခြံအရံလည်း များ၍ ဥစ္စာပစ္စည်းလည်း ကြွယ်ဝ ချမ်းသာကြသည်။

ယင်း ပုံစံကို ကြည့်လျှင် ရှေးကုသိုလ်ကြောင့် နောက်ကုသိုလ် သန္တာန်တူကြောင်း ထင်ရှား၏။

ကုသိုလ်ကြောင့် အဗျာကတ ဖြစ်ပုံမှာ ယခုဘဝ နောက်ဘဝ တို့၌ ပဋိသန္ဓေ ပဝတ္တိတို့မှာ ကောင်းမြတ်သော ရုပ်နာမ် ခန္ဓာ တို့ဖြစ်ပေါ်လာကြခြင်း၊ ယခု ဘဝ ပစ္စက္ခ၌ ကုသိုလ်အတွက် အားထုတ်မှုကြောင့် ကိုယ်၏ဆင်းရဲခြင်း၊ ကိုယ်၏ချမ်းသာခြင်း အကျိုးဝိပါက် အဗျာကတ ဖြစ်ကြရာ၌ ရှေးရှေးက မိမိတို့ပြုခဲ့ သမျှသော ကုသိုလ် ဥပနိဿယတို့ကြောင့် နောက်နောက်ဘဝ

တို့မှာ ကောင်းကျိုး သုခ အဗျာကတ တို့နှင့် ဤဘဝတွင် ဆင်းရဲဒုက္ခ ရောက်တန်သမျှ ရောက်ကြသည့် ကာယိက ဒုက္ခ၊ အဗျာကတ ဖြစ်ကြကုန်၏။

၁၀။ ပုရေဇာတပစ္စယော၊ ရှေး၌ဖြစ်၍ကျေးဇူးပြုခြင်း။

ရှေး၌ဖြစ်၍ ဆိုသည်မှာ ရှေးအဖို့က ထင်ရှား ရှိဆဲဖြစ်သော အဆင်းအာရုံ ပုရေဇာတအကြောင်းရမှ မြင်သိဖြစ်၊ ရှေးအဖို့က ထင်ရှားရှိဆဲ အသံအာရုံ ပုရေဇာတ အကြောင်းရမှ ကြားသိဖြစ်၊ ရှေးအဖို့က ထင်ရှားရှိဆဲ အနံ့အာရုံ ပုရေဇာတ အကြောင်းရမှ နံသိဖြစ်၊ ရှေးအဖို့က ထင်ရှားရှိဆဲ အရသာ အာရုံ ပုရေဇာတ အကြောင်းရမှ စားသိဖြစ်၊ ရှေးအဖို့က ထင်ရှားရှိဆဲဖြစ်သော အတွေ့အာရုံ ပုရေဇာတ ပစ္စည်းရမှ တွေ့သိဖြစ်။

၁၁။ ပစ္ဆာဇာတပစ္စယော၊ နောက်မှ ဖြစ်၍ ကျေးဇူး ပြုတတ်ခြင်း။

နောက်မှဆိုသည်မှာ ပဋိသန္ဓေ ဝိကာယသတ္တာဝါတိုင်းတို့ပဋိသန္ဓေက စ၍ သေသည့်တိုင်အောင် ရုပ်နာမ် တရား နှစ်ပါးတို့ ရုပ်ဝီထိ၊ နာမ်ဝီထိ အစဉ်အားဖြင့်ဖြစ်ပွားတည်ရှိနေကြရာတွင် ဓာတ်ကာလ ချင်း ပြိုင်ဆိုင်၍ဖြစ်ကြသည်၌ ရှေးရှေး စိတ္တက္ခဏနှင့်အတူဥပါဒ် ပြိုင်၍ဌီသို့ရောက်ကြသော တကိုယ်လုံး၌၊ တဘဝလုံး၌ ရုပ်တွေ့ ဟူသမျှတို့အား နောက်နောက် နာမက္ခန္ဓာ ရှိရှိသမျှ အကုန်လုံး တို့က ပစ္ဆာဇာတသတ္တိဖြင့် ကျေးဇူးပြု၍ ဖြစ်ကြ၏။

၁၂။ အာသေဝနပစ္စယော၊ အဖန်တလဲလဲ မှီဝဲ ထုံအပ်သည် ဖြစ်၍ ကျေးဇူးပြုခြင်း။

အဖန်တလဲလဲမှီဝဲထုံအပ်သည် ဆိုသည်မှာ သတ္တဝါတို့တွင် ထိုက်သင့်သည့် အားလျော်စွာ ကုသိုလ်ဇောတွေ၊ အကုသိုလ်ဇောတွေ၊ ကြိယာအဗျာကတဇောတွေ ဖြစ်နေကြ၏။ ဤကုသိုလ် အကုသိုလ် အဗျာကတဇော သုံးမျိုး သုံးစား တို့တွင်လည်း ဇာတ်တူကုသိုလ်ဇောတဝီထိစီဖြစ်နေကြသည့်၌ ဝီထိတူ ရှေးရှေး ကုသိုလ်ဇောက အာသေဝန အကြောင်းပစ္စည်း၊ နောက်နောက် ဝီထိတူ ကုသိုလ်ဇောက အကျိုး ပစ္စယုပ္ပန် ဖြစ်၏။ (တနည်း) ဇာတ်တူ အကုသိုလ်ဇောက အာသေဝန အကြောင်း၊ နောက်နောက် ဝီထိ အကုသိုလ်ဇောက အကျိုးပစ္စယုပ္ပန်ပစ္စည်းဖြစ်၏။ (နောက်တနည်း) ဘုရား ပစ္စေကဗုဒ္ဓါ၊ ရဟန္တာတို့ ဇာတ်တူ ကြိယာအဗျာကတဇော တဝီထိစီ ဖြစ်နေကြသည့်၌ ဝီထိတူ ရှေးရှေး ကြိယာအဗျာကတဇောက အာသေဝန အကြောင်း ပစ္စည်း၊ နောက်နောက် ဝီထိတူ ကြိယာအဗျာကဘဇောက အကျိုး ပစ္စယုပ္ပန် ဖြစ်၏။

၁၃။ ကမ္မပစ္စယော၊ မျိုးစေ့ဖြစ်၍ ကျေးဇူးပြုတတ်ခြင်း။

မျိုးစေ့ဆိုသည်မှာ စေတနာစေတသိက်ကို ကံဟုဆို၏။ ထိုကံတို့တွင် ကုသိုလ်ကံ အကုသိုလ်ကံသည် မိမိတို့ ဖြစ်ပြီးမှ အခြားမဲ့ ကာလ၌ မိမိတို့၏ဖြစ်ရာ ဘဝတို့၌ ဝိပါက် ကဋတ္တာရုပ် အကျိုး တရားကို ဖြစ်စေနိုင်၏။ ဤသို့ဖြစ်ခြင်းကို နာနက္ခဏိကပစ္စည်းဟု ဆိုအပ်၏။

ဤနာနက္ခဏိကကမ္မပစ္စည်းတရားကြောင့် သတ္တဝါတို့မှာ မျက်စိ နှင့် မြင်သမျှတို့ကို ပိုင်းခြားလိုက်သည် ရှိသော် လှပ တင့်

တယ်သော အဆင်း ရူပါရုံကို မြင်ရသမျှတို့သည် ကုသိုလ်ကံ နာနက္ခဏိကကြောင့်သာ ဖြစ်၏။

စက်ဆုပ်ရွံရှာဖွယ် အနိဋ္ဌာရုံတို့ကို မြင်ရသမျှတို့သည် အကုသိုလ်ကံ နာနက္ခဏာတို့ကြောင့်သာ ဖြစ်၏။

ထိုနည်းတူစွာ ငါးပါးအာရုံတို့နှင့် နံ၊ ကြား၊ စားသောက်၊ ထိတွေ့ရသည်တို့ကို ကုသိုလ်ကံ နာနက္ခဏိကနှင့် အကုသိုလ်ကံ နာနက္ခဏိကကမ္မဟု ခွဲခြား သိကြစေလိုပါသည်။

၁၄။ ဝိပါကပစ္စယော၊ အကျိုးဖြစ်၍ ကျေးဇူးပြုတတ်ခြင်း။

အကျိုးဖြစ်ဆိုသည်မှာ ပဉ္စဝေါကာယသတ္တဝါ၊စတုဝေါကာယသတ္တဝါမှန်သမျှတို့သည် နာမ် ဝိပါက် ပဋိသန္ဓေတွင် စိတ်တို့၌ လည်းကောင်း၊ ပဉ္စဝိညာဉ်နှင့် တဒါရုံ ကျသော ဝီထိ၊ ဖိုလ်ဇော ကျသော ဝီထိတို့၌ လည်းကောင်း ဝိပါက်အဗျာကတ ခန္ဓာတို့ အချင်းချင်း ဝိပါကသတ္တိများပြင့် ကျေးဇူးပြုကြကုန်၏။

၁၅။ အာဟာရပစ္စယော၊ ထောက်ပံ့ ခိုင်စေတတ်သူ ဖြစ်၍ ကျေးဇူးပြုခြင်း။

ထောက်ပံ့ခိုင်စေတတ် ဆိုသည်မှာ ရုပ်ကို အာဟာရ စောင့်သည် ဆိုသည့်အတိုင်း ရုပ်တည်တံ့ခိုင်မာစေရန် အာဟာရကို စားသုံးရ၏။ ယင်းသို့ စားသုံးရာ၌ သင့်သော အစာကိုစားသုံးက ရုပ်ကလာပ်စည်း အချင်းချင်း တိုးပွားစေမှု ကျေးဇူးပြု၏။ မသင့်သော အစာကိုစားသုံးက မကျန်းမမာဖြစ်ကာ ရုပ်တို့ ပျက်စီးခြင်းသို့ ရောက်ကုန်ကြရလေသည်။ သို့ကြောင့် အစာက ရုပ်ကို ထောက်ပံ့ခိုင်စေ၏။

နာမ် အာဟာရ ပစ္စည်းမှာလည်း ဖြစ်တိုင်း ဖြစ်တိုင်းသော နာမက္ခန္ဓာစိတ္တဇရုပ်၊ ပဋိသန္ဓေ ကမ္မဇရုပ်တို့အား ထိုစိတ်ဟိုင်းတို့မှာ ပါသည့် ထိုထိုအာရုံတို့နှင့် တွေ့ထိခြင်း၊ ဖဿ အာဟာရ ထောက်ပံ့ခြင်း၊ စေ့ဆော်ခြင်း၊ စေတနာအာဟာရဖြင့် ထောက်ပံ့ခြင်း၊ သိရှိခြင်း၊ ဝိညာဏ အာဟာရဖြင့် ထောက်ပံ့ခြင်း၊ အာဟာရပစ္စည်း အစားစားတို့ ဖြစ်ကြ၏။

၁၆။ ဣန္ဒြိယပစ္စယော၊ အစိုးရသည်ဖြစ်၍ကျေးဇူးပြုတတ်ခြင်း။ အစိုးရသည်မှာ ပိုင်ဆိုင်ခြင်း၊ စီမံခန့်ခွဲခြင်းတို့ ဖြစ်၏။ ထို့ကြောင့် သတ္တဝါတို့၏ ခန္ဓာအစဉ်တို့၌ ရုပ်နာမ်ပစ္စည်း အစိုးရသည့်တို့က ကြီးပွားအားရှိကြလျှင် ထိုသတ္တဝါကိုယ်ခန္ဓာ နာမ်ရုပ်တို့ ကြီးပွားမြင့်မြတ်ကာ အရုပ်ရုပ်ကောင်းမွန်၏။ ထိုဣန္ဒြိယပစ္စည်းအသီးသီးတို့က ယုတ်ညံ့ကြလျှင် ယင်းသတ္တဝါကိုယ်ခန္ဓာတို့ တနေ့တခြား ဆုတ်သုတ်ပျက်စီးကြရကုန်၏။

၁၇။ ဈာန ပစ္စယော၊ ကပ်ငြိး ရှုတတ်သည် ဖြစ်၍ ကျေးဇူးပြုတတ်ခြင်း။

ကပ်ငြိး ရှုတတ် ဆိုသည်မှာ ကုသိုလ် ဟူသမျှ၊ အကုသိုလ်ဟူသမျှ ဝိပါက် ကြိယာ အဗျာကတ တို့မှာ အမြဲထာဝရ ထိုက်သည့်အားလျော်စွာ ယှဉ်စပ် ဖြစ်ပေါ်လျက်ရှိကြသော ဝိတက်၊ ဝိစာရ၊ ပီတိ၊ ဧကဂ္ဂတာ၊ ဝေဒနာဟုဆိုအပ်သောစေတသိက်တရားငါးပါးတို့တွင် ဈာန ပစ္စည်း အသီးသီးတို့ဖြင့် အမြဲ ထာဝရ ကျေးဇူး ပြုကြသည်ကို လည်းကောင်း၊ ထိုဈာန်အင်္ဂါငါးပါးတို့နှင့် ထိုက်သည့်အားလျော်စွာ ယှဉ်စပ် ဖြစ်ပေါ်လာကြသော

ဟိတ်စေတသိက်၊ စိတ္တဇရုပ်၊ ပဋိသန္ဓေ ကမ္မဇရုပ်တို့က ထိုဈာန ပစ္စည်းကျေးဇူးတရားများကို ခံစံကြရ၍ အမြဲထာဝရ သတ္တဝါ တိုင်းတို့မှာ ကုသိုလ်ဈာန်တရားများ၊အကုသိုလ်ဈာန်တရားများ ဝိပါက် ကြိယာ အဗျာကတ တရားများ မပြတ်မစဲ အမြဲထာဝရ ဖြစ်ပေါ်နေကြ၏။

၁၈။ မဂ္ဂပစ္စယော၊ ထွက်မြောက်ကြောင်း ဖြစ်၍ ကျေးဇူး ပြုတတ်ခြင်း။

ထွက်မြောက်ကြောင်း ဆိုသည်မှာ အဟိတ်စိတ် အဋ္ဌာရသမှ တပါး ကုသိုလ်ဟူသမျှ၊ အကုသိုလ် ဟူသမျှ၊ ဝိပါက် ကြိယာ အဗျာကတ တို့မှာ အမြဲ ထာဝရ ထိုက်သည့် အားလျော်စွာ ယှဉ်စပ် ဖြစ်ပေါ် လျက်ရှိကြသော ပညာ၊ ဝိတက်၊ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ၊ ဝီရိယ၊ သတိ၊ ဧကဂ္ဂတာ၊ ဒိဋ္ဌိဟူ ဆိုအပ်သော မဂ္ဂင်တရား ကိုးပါးတို့ကပင် မဂ္ဂပစ္စည်း အသီးသီး တို့ဖြင့် အမြဲထာဝရ ကျေးဇူးပြုကြသည်ကို လည်းကောင်း၊ ထို မဂ္ဂပစ္စည်းအသီးသီးတို့နှင့် ထိုက်သင့်သည့်အားလျော်စွာယှဉ်စပ် ဖြစ်ပေါ်၍လာကြသောသဟိတ် စိတ်စေတသိက်၊ သဟိတ်စိတ္တဇ ရုပ်၊ သဟိတ်ပဋိသန္ဓေကမ္မဇရုပ်တို့က ယင်းမဂ္ဂပစ္စည်းတရားများ ကို ခံစံကြရ၍ အမြဲထာဝရသတ္တဝါတိုင်းတို့မှာ ကုသိုလ် မဂ် တရား၊ ဝိပါက် ကြိယာ အဗျာကတ မဂ်တရားများ မပြတ်မစဲ အမြဲဖြစ်ပေါ်၍နေကြခြင်း ဖြစ်၏။

၁၉။ သမ္ပယုတ္တ ပစ္စယော၊ ယှဉ်သည်ဖြစ်၍ ကျေးဇူးပြုခြင်း။

ယှဉ်သည် ဆိုသည်မှာ ထိုတို့ဝတ္ထုအာရုံကာမဂုဏ်တို့ကို သာယာ ခြင်း၊ နှစ်သက်ခြင်း ဖြစ်ကြသောအခါ သာယာနေခြင်းသည်

သမ္ပယုတ္တ၊ နှလုံး မသာယာခြင်း၊ ဒေါသ ဖြစ်ခြင်း၊ တွေဝေ မိန်းမောခြင်း၊ သမ္ပယုတ္တ၊ ဒါန၊ သီလ၊ ဘာဝနာ ကုသိုလ် အဖြာဖြာတို့ ဖြစ်ပွားသော အခါ၌လည်း သမ္ပယုတ္တ ပစ္စည်း၊ နာမက္ခန္ဓာဖြစ်သည်ဟူ၍ သိမှတ်အပ်၏။

၂၀။ ဝိပ္ပယုတ္တ ပစ္စယော၊ မယှဉ်သည် ဖြစ်၍ ကျေးဇူးပြု တတ်ခြင်း။

မယှဉ် ဆိုသည်မှာ ပုရေဇာတ ဝိပ္ပယုတ္တ ပစ္စည်း၊ သဟဇာတ ဝိပ္ပယုတ္တပစ္စည်း၊ပစ္ဆာဇာတဝိပ္ပယုတ္တပစ္စည်းဟူ၍ သုံးမျိုးရှိရာတွင် နောက်မှဖြစ်ပေါ်လာကြသည့် သတ္တဝိညာဏဓာတ် နာမက္ခန္ဓာ တို့အားရှေ့၌ဖြစ်ပေါ်ပြီး အသီးသီးပဉ္စဝေါကာရမှီရာအဖြစ်ဖြင့် ကျေးဇူးပြုကြသော စက္ခု၊ သောတ၊ ဃာဏ၊ ဇိဝှာ၊ ကာယ၊ ဟဒယ ဝတ္ထု ရုပ်တို့ တည်းဟူသော ပုရေဇာတ ပစ္စည်း၊ ပဉ္စဝေါကာရ၊ ပဋိသန္ဓေနာမက္ခာတို့အားရှိရာ အဖြစ်ဖြင့် တကွ ဖြစ်ပြီး ကျေးဇူး ပြုသည့် ဟဒယ ဝတ္ထု ရုပ် တည်းဟူသော သဟဇာတ ဝိပ္ပယုတ္တ ပစ္စည်း တရား ဤနှစ်ပါး တို့သည် ရုပ် အကြောင်းဖြစ်၍ နာမ် အကျိုး ဖြစ်၏။

ပဉ္စဝေါကာရပဝတ္တိ ပဋိသန္ဓေ နာမက္ခန္ဓာလေးပါးတို့သည် မိမိ တို့က ဖြစ်စေကြသည့် စိတ္တဇရုပ်နှင့် ပဋိသန္ဓေကမ္မဇရုပ်တို့အား ကျေးဇူးပြုသည့် သဟဇာတဝိပ္ပယုတ္တပစ္စည်း၊ ပဉ္စဝေါကာရဘုံ၌ ပဋိသန္ဓေ နောင်ပထမတွင် စ၍ နောက်နောက်သော စိတ် စေတသိက်နာမက္ခန္ဓာတို့က ရှေးရှေးသော စိတ်နှင့်အတူဥပါဒ်၍ ရုပ်၏ ဋ္ဌီသို့ရောက်သော ကမ္မဇရုပ်တည်းဟူသောကေဝေါကာရ၊ ကမ္မဇစိတ္တဇ တည်းဟူသော စတုဝေါကာရတို့အား နောက်မှ

ဖြစ်ပြီး ကျေးဇူးပြုကြသည့် ပစ္ဆာဇာတဝိပ္ပယုတ္တ ပစ္စည်း တရား
ဤနှစ်ပါးတို့သည်နာမ်ကအကြောင်းဖြစ်၍ရုပ်ကအကျိုးဖြစ်၏။

၂၁။ အတ္ထိပစ္စယော၊ ရှိသည်ဖြစ်၍ ကျေးဇူးပြုခြင်း။
ရှိသည်ဖြစ်၍ဆိုသော အတ္ထိပစ္စည်းမှာ သဟဇာတ၊ ပုရေဇာတ၊ ပစ္ဆာဇာတ၊ အာဟာရ၊ ဣန္ဒြိယတို့ ရှိရာတွင် သဟဇာတနှင့် သဘောချင်းတူညီနေသောကြောင့် အကျယ် မရေးတော့ပါ။

၂၂။ နတ္ထိပစ္စယော၊ မရှိသည်ဖြစ်၍ ကျေးဇူးပြုခြင်း။
မရှိဆိုသည်မှာ ခြောက်ဒွါရမှ သိရှိသမျှတို့သည် နာမ်တရားက သိရှိခြင်းဖြစ်၏။ ယင်းတို့မှာ နတ္ထိ၏ အကျိုးများသာ ဖြစ်ပါလေ၏။

၂၃။ ဝိဂတပစ္စယော၊ ကင်းသည်ဖြစ်၍ ကျေးဇူးပြုတတ်ခြင်း။
ကင်းသည်ဆိုသည်မှာ မရှိနှင့် တသဘောတည်းသာ ဖြစ်သောကြောင့် အကျယ်မရေးတော့ပါ။

၂၄။ အဝိဂတပစ္စယော၊ မကင်းသည်ဖြစ်၍ ကျေးဇူးပြုခြင်း။
မကင်းဆိုသည်မှာ ရှေးကပြဆိုခဲ့သည့် အတ္ထိပစ္စည်းနှင့်တသဘောတည်းသာ ဖြစ်ပါ၏။

ပဋ္ဌာန်း တရား ဤတွင် ပြီးပါပြီ။

# စာရေးသူ၏ အမှာ

ပဋ္ဌာန်း တရားတော်ကို အကြမ်းနည်းအားဖြင့် ပြဆိုခဲ့ပါသည်။ ပဋ္ဌာန်းတရားတော်သည် ကျယ်ဝန်းသည်နှင့်အမျှခက်ခဲနက်နဲသိမ်မွေ့ခြင်းလည်း ရှိပါသည်။ ကျွန်တော့်အနေနှင့် ပဋ္ဌာန်း ပစ္စည်းဆက်ပုံ ဆက်နည်းများကို အဖတ်ရ အမှတ်ရ လွယ်အောင် တတ်နိုင်သမျှ ကြိုးစား အားထုတ် ပြုစုခဲ့ပါ၏။

ပဋ္ဌာန်းတရားကို လေ့လာသောအခါ ဝိပဿနာနှင့် ကင်း၍ မရပါ။ ထို့ကြောင့် ဝိပဿနာတရားနှင့်ပတ်သက်၍ အခြေခံဖြစ်သည့် သဘော

တရားများကို အကြမ်းနည်းအားဖြင့် ပြုစု ရေးသား တင်ပြရပြန်ပါသည်။

ယခု ဤစာအုပ်တွင် ဆက်လက်တင်ပြအံ့သော ဝိပဿနာ တရားတော်မှာ အနုစိတ် သဘော မဟုတ်ပဲ ဝိပဿနာ၏ သဘောကို သိတန် သလောက်သိနိုင်ရန်သာဖြစ်ပါသည်။ ဝိပဿနာ တရားတော်သည် နိဗ္ဗာန်မဂ်ဖိုလ်ကို ရလို ရောက် လိုသူ၊ ဘဝဆင်းရဲမှ ကျွတ်လွတ်လိုသူတို့အတွက် တခုတည်းသော လမ်းညွှန်တရား ဖြစ်ပါ၏။

ယင်းကြောင့် ယခု အခြေခံ ဝိပဿနာကို ဖတ်ရှု လေ့လာပြီးနောက် ဉာဏ်စဉ်နှင့်တကွ သင်ကြား ပို့ချနေသော ဓမ္မရိပ်သာများတွင် သင်ယူ၍ လည်းကောင်း၊ ကျေးဇူးတော်ရှင် ဆရာတော် သံဃာတော်ကြီးများ၊ ကျမ်းတတ်ပုဂ္ဂိုလ်များ ရေးသား စီရင် ပြုစုထားသော ဝိပဿနာ ပညာပေး ကျမ်းများကို ဖတ်ရှု လေ့လာ၍ လည်းကောင်း မဆုတ်မနစ်သော ဇွဲ တို့ဖြင့် မဖြစ်မနေ ကျင့်ကြံ အားထုတ်ကြကာ မဂ်ဖိုလ် နိဗ္ဗာန်သို့ အရောက် သွားနိုင်ကြပါစေသတည်း ဟု ဆန္ဒပြုလိုက်ပါသည်။

ဦးဆန်းမောင်

အခြေခံဝိပဿနာကိုမလေ့လာမီ ဗဟုသုတအဖြစ် ကြိုတင် လေ့လာထားနှင့်ရန်တို့ကို တင်ပြပါသည်။

## မဂ် အန္တရာယ် ငါးပါး

[၁] ကမ္မန္တရာယ်၊ကံငါးပါး လွန်ကျူးသူ၊
[၂] ဝိပါကန္တရာယ်၊ ဒွိဟိတ်ပဋိသန္ဓေနေမှု၊
[၃] ကိလေသန္တရာယ်၊မိစ္ဆာဒိဋ္ဌိအယူကိုယူမှု၊
[၄] အရိယူပဝါဒန္တရာယ်၊အရိယာပုဂ္ဂိုလ်ကို ပြစ်မှားမှု၊
[၅] အာဏာဝီတိက္ကမန္တရာယ်၊အာဏာကိုလွန်ကျူးစွာသုံးမှု၊

## တရားအားထုတ်၍မရသော ပုဂ္ဂိုလ် ကိုးယောက်

[၁] မိစ္ဆာဒိဋ္ဌိအယူရှိသော ပုဂ္ဂိုလ်၊
[၂] ရတနာသုံးပါး၌ သဒ္ဓါတရား နည်းသောပုဂ္ဂိုလ်၊
[၃] ဂရုဝါသဗဟုကိစ္စများသော ပုဂ္ဂိုလ်၊
[၄] မာနကြီးလွန်းသောပုဂ္ဂိုလ်၊
[၅] အကြောင်းနိမိတ်ပညာဉာဏ်ရိပ်မပေါ်သော ပုဂ္ဂိုလ်၊
[၆] သံသရာဘေးဒုက္ခ မကြောက်သောပုဂ္ဂိုလ်၊
[၇] လောကီဂုဏ်ပကာသနအားကြီးသောပုဂ္ဂိုလ်၊
[၈] ပျင်းရိထိုင်းမှိုင်းသောပုဂ္ဂိုလ်၊
[၉] လောကီရေးရာ ရှုပ်ထွေးလွန်းသော ပုဂ္ဂိုလ်၊

ကိလေသာ ဆယ်ပါး

[၁] လောဘ၊ လွန်ကျူးသောအလိုကြီးခြင်း၊
[၂] ဒေါသ၊ လွန်ကျူးသောအမျက်ရှိခြင်း၊
[၃] မောဟ၊ တွေဝေခြင်း၊
[၄] မာန၊ မာနကြီးခြင်း၊
[၅] ဒိဋ္ဌိ၊ အယူမှားခြင်း၊
[၆] ဝိစိကိစ္ဆာ၊ ယုံမှား သံသယရှိခြင်း၊
[၇] ထိန၊ ထိုင်းမှိုင်းခြင်း၊
[၈] ဥဒ္ဓစ္စ၊ စိတ်ပျံ့လွင့်ခြင်း၊
[၉] အဟိရိက၊ အကုသိုလ်မှုကို မရှက်ခြင်း၊
[၁၀] အနောတ္တပ္ပ၊ အကုသိုလ်မှုကို မကြောက်ခြင်း၊

ဒုစရိုက် ဆယ်ပါး

[၁] ပါဏာတိပါတ၊ အသက်သတ်ခြင်း၊
[၂] အဒိန္နာဒါန၊ ခိုးယူခြင်း၊
[၃] ကာမေသုမိစ္ဆာစာရ၊ ကာမပိုင်တို့နှင့် လွန်ကျူးခြင်း၊
[၄] မုသာဝါဒ၊ လိမ်လည်ခြင်း၊
[၅] ပိသုဏာဝါစာ၊ ကုန်းတိုက်ခြင်း၊
[၆] ဖရုသဝါစာ၊ ကြမ်းတမ်းသောစကားပြောခြင်း၊
[၇] သမ္ဖပ္ပလာပဝါစာ သိမ်ဖျင်းသော စကား ပြောခြင်း၊
[၈] အဘိဇ္ဈာ၊ မလိုမုန်းထားခြင်း၊
[၉] ဗျာပါဒ၊ သောကများခြင်း၊
[၁၀] မိစ္ဆာဒိဋ္ဌိ၊ အယူအမှတ် အစွဲမှားခြင်း။

# ခေတ်မြင် အခြေခံ ဝိပဿနာ တရားတော်

## ခေတ်ကြီး လေးပါး

ခေတ်ကြီးလေးပါးဆိုသည်မှာ—

[၁] ပထမခေတ်
[၂] အာပေါခေတ်
[၃] တေဇောခေတ်
[၄] ဝါယောခေတ်

## ခေတ်ကြီး လေးပါးတို့၏ သဘော

ပထဝီခေတ်သည် မာခြင်းသဘော အမှုအရာများသာရှိ၏။
အာပေါခေတ်သည် ဖွဲ့စည်းခြင်းသဘော အမှုအရာများသာရှိ၏။
တေဇောခေတ်သည် ပူခြင်း၊အေးခြင်း အမှုအရာများသာရှိ၏။

ဝါယော ဓာတ် သည် ထောက် ကန် ခြင်း သဘော အမူအရာ များသာ ရှိ၏။

**မှတ်ရန်**

သဘောဆိုသည်မှာ ဓာတ်၏အစွမ်းဖြစ်၍ အမူအရာဆိုသည်မှာ သဘော၏ဖြစ်မှု၊ ပျက်မှုတို့ဖြစ်လေသည်။

**ဓာတ်ကြီး လေးပါးနှင့်အတူ အစဉ်ပါသော ရုပ်များ**

[၁] ဝဏ္ဏ၊အဆင်းရုပ်
[၂] ဂန္ဓ၊အနံ့ရုပ်
[၃] ရသ၊အရသာရုပ်
[၄] ဩဇ၊ဓာတ်ဆီရုပ်၊

ယင်းရုပ်တို့သည် နေထွက်သည့်အခါ နေနှင့်အတူ အလင်းရောင်ပါလာသကဲ့သို့ ဓာတ်ကြီး လေးပါးဖြစ်ပေါ် လာသောအခါ ထိုဓာတ်ကြီးလေးပါးနှင့် အတူပါလာကြ၏။

မည်သည့်ရုပ်ကိုအဋ္ဌကလာပ်ရုပ်ဟု ခေါ်သနည်း ဆိုပါမူ ဟင်းအရည်တွင် ငါးပိ၊ ဆီ၊ ဆား၊ ငံပြာရည်၊ငါး၊နနွင်း၊ကြက်သွန်၊ ငရုတ်သီးစသည်တို့ကို ခွဲခြားမရနိုင်ပဲ တလုံးတဝတည်း ရောနှော နေသလို ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော၊ ဝဏ္ဏ၊ ဂန္ဓ၊ ရသ၊ဩဇတည်းဟူသော ရုပ်ရှစ်ပါးတို့ ရောနှောလျက် ရှိနေကြ၏။

အဋ္ဌကလာပ်ရုပ် ဆိုသည်မှာ အလွန်တရာ သေးငယ်လှန်းသော သဘောအမူအရာကလေးများသာ ဖြစ်သည်။

## မှတ်ရန်

အဋ္ဌကလာပ် ရုပ်ဓာတ်တခုတည်းမှာ အလွန် သေးငယ်လွန်း၍ မမြင်နိုင်သော်လည်း ထိုရုပ်ဓာတ်တွေ များစွာ စုပေါင်း စပ်မိသောအခါ အဆင်းကိုမြင်ရသည်။

မာခြင်း၊ ပူခြင်း၊ အေးခြင်း၊ ထောက်ကန်ခြင်း သဘောတွေကို တွေ့ရသည်။ သို့သော်လည်း ထိုရုပ်ကလာပ်တွေသည် အစိုင်၊ အခဲကြီးဖြစ်နေသည်မဟုတ်။ အာကာသခြား၍ ခြား၍ ပေါင်းစု နေကြခြင်းသာ ဖြစ်၏။

ဥပမာ သဲပုံကြီးကို အဝေးကနေ၍ မြင်ရပုံမျိုးဖြစ်၏။ သဲပုံကြီးကို အဝေးကနေမြင်ရာမှာ သူ့ သဲမှုန့်နှင့် သူ့ အဆင်းကို ကွဲပြားရှင်းလင်းအောင် မြင်နိုင်သည်မဟုတ်ပဲ သဲမှုန့်တွေ ပေါင်းစုနေသော အဆင်းတုံးအဆင်းလုံးကိုသာမြင်ရခြင်းဖြစ်လေသည်။ အဋ္ဌကလာပ်ရုပ်ဓာတ်တို့ပေါင်းစပ်မိသောအခါဖြစ်ပေါ်လာပုံ-အမာ၊ အပျော့၊ အပေါ့၊ အလေး၊ အသေး၊ အကြီး၊ အရည်၊ အဖတ် ဒြပ်၊သဏ္ဍာန်အမျိုးမျိုး ဖြစ်ပေါ်လာ၏။

### ဓာတ်ကြီးလေးပါး အစွမ်း

[၁] မာမှုသည် ပထဝီဓာတ်၏အစွမ်း ဖြစ်၏။ ပထဝီဓာတ်သည် မာခြင်းသဘောရှိ၍ အမာကို တွေ့ရလေတိုင်း ပထဝီဓာတ်အစွမ်းဟု သိအပ်၏။

[၂] အရည်အမျိုးမျိုး ယိုစီး၍နေမှုသည် အာပေါဓာတ်၏ သဘော ဖြစ်၏။ အာပေါဓာတ်သည် ဖွဲ့စည်းခြင်း သဘော ရှိသောကြောင့် အရည်အစေးတွေ ယိုစီးနေ သည်ကို တွေ့ရလေတိုင်း အာပေါဓာတ် အစွမ်းဟု သိအပ်၏။

[၃] အထည်ဝတ္ထုတိုင်းတို့မှာ ပူ၍အေး၍ နေခြင်းမှာ တေ ဇောဓာတ်အစွမ်း ဖြစ်၏။ တေဇောဓာတ်သည် ပူခြင်း၊ အေးခြင်းကို ဖြစ်စေတတ်သောကြောင့် ပူခြင်း၊ အေး ခြင်းတို့ကို တွေ့ရလေတိုင်း တေဇောဓာတ် အစွမ်းဟု သိအပ်၏။

[၄] အထည်ဝတ္ထုတိုင်းတို့ ယိမ်းယိုင်လှုပ်ရှား၍ နေခြင်းမှာ ဝါယောဓာတ်အစွမ်း ဖြစ်၏။ ဝါယောဓာတ်သည် ထောက်ကန်ခြင်းသဘော ရှိသောကြောင့် ဝါယော အဆင့်ဆင့်ကန်၍ ယိမ်းယိုင် လှုပ်ရှားနေသည်ကို တွေ့ လျှင် ဝါယောဓာတ်အစွမ်းဟု သိအပ်၏။

ရုပ်ဖြစ်ကြောင်း လေးပါး

[၁] ကံ
[၂] စိတ်
[၃] ဥတု
[၄] အာဟာရ

ယင်း လေးပါးတို့သည် ရုပ်ကို ဖြစ်စေတတ်၏။
ထိုလေးပါးသော အကြောင်းကြောင့် ဖြစ်နေရသော ရုပ်တွင်

အဖြစ်တွေ၊ အပျက်တွေက မြန်လွန်းသောကြောင့် ပျက်သည်ဟု မထင်၊ ဖြစ်သည်ဟုလည်း မထင်၊ ပမာအားဖြင့် စီးနေသောရေအလျဉ်ကို တသားတည်း မြင်နေရသလို ဖြစ်၏။

ကမ္မဇရုပ်ကလာပ် ကိုးပါး

[၁] ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော၊ ဝဏ္ဏ၊ ဂန္ဓ၊ ရသ၊ ဩဇဟု ဆိုအပ်သော အဋ္ဌကလာပ်ရုပ်မှာ ဇီဝိတရုပ်တပါးထည့်လျှင် ဇီဝိတနဝက ကလာပ်ဖြစ်၏။

[၂] ယင်းဇီဝိတနဝက-ကလာပ်ကို မ တည်၍ ဇီဝိတနဝက-ကလာပ်မှာ စက္ခုပသာဒ ရုပ်ကိုထည့်လျှင် စက္ခုဒသက-ကလာပ် ဖြစ်၏။

[၃] ဇီဝိတနဝက-ကလာပ်မှာ သောတပသာဒ ရုပ်ကိုထည့်လျှင် သောတဒသက-ကလာပ်ဖြစ်၏။

[၄] ဇီဝိတနဝက-ကလာပ်တွင် ဃာနပသာဒရုပ်ကို ထည့်လျှင် ဃာနဒသက- ကလာပ် ဖြစ်၏။

[၅] ဇီဝိတနဝက- ကလာပ်မှာ ဇိဝှာပသာဒရုပ်ကို ထည့်လျှင် ဇိဝှာဒသက-ကလာပ် ဖြစ်၏။

[၆] ဇီဝိတနဝက-ကလာပ်မှာ ကာယပသာဒရုပ်ကို ထည့်လျှင် ကာယဒသက-ကလာပ် ဖြစ်၏။

[၇] ဇီဝိတနဝက- ကလာပ်မှာ ဣတ္ထိဘာဝ ကလာပ်ကို ထည့်လျှင် ဣတ္ထိဘာဝဒသက- ကလာပ် ဖြစ်၏။

[၈] ဇီဝိတနဝက-ကလာပ်မှာ ပုမ္ဘာဝရုပ်ကိုထည့်လျှင်ပုမ္ဘာဝဒသက-ကလာပ်ဖြစ်၏။

[၉] ဇီဝိတနဝက-ကလာပ်မှာ ဟဒယဝတ္ထုရုပ်ကို ထည့်လျှင် ဝတ္ထုဒသက- ကလာပ်ဖြစ်၏။

ထိုကမ္မဇကလာပ် ကိုးပါးတွင်ဇီဝိတနဝက-ကလာပ်သည် ပါစက ဓာတ်မီး၊ ဥသ္မာဓာတ်မီးတို့တွင် တည်၏။ စားသော အစာကို ကျိုချက်တတ်သော ဝမ်းမီးကို“ပါစက”ဓာတ်မီးဟု ခေါ်၏။ ထိုပါစကဓာတ်မီး၏ အပွားအစီးဖြစ်သော တကိုယ်လုံးတွင် ပျံ့နှံ့နေသည့် ကိုယ်စောင့်ဓာတ်မီးကို “ဥသ္မာ” ဓာတ်မီးဟု ခေါ်ဆိုသည်။

စက္ခုဒသက- ကလာပ်သည် မျက်နက်ဝန်းအလယ်ရှိ သန်း ဦးခေါင်းပမာဏမျှသာ ရှိသော အကွက်တွင် တည်နေ၏။ ယင်း စက္ခုဒသက-ကလာပ်ကို စက္ခုအကြည်၊ မျက်စိအကြည်ဟု ခေါ်ဆိုသည်။ သောတဒသက- ကလာပ်သည် နားအခေါင်းအတွင်း၌ လက်စွပ်ကွင်းသဏ္ဍာန်ရှိသော အမွေးနီပေါက်ရှိရာ အရပ်မှာ တည်နေ၏။ယင်း သောတဒသက- ကလာပ်ကို သောတအကြည်၊ နားအကြည်ဟု ခေါ်ဆိုသည်။

ဃာနဒသက- ကလာပ်သည် နှာခေါင်း အတွင်း၌ ဆိတ်ခွာ သဏ္ဍာန်ရှိသော အရပ်မှာ တည်နေ၏။ ယင်း ဃာနဒသက- ကလာပ်ကို ဃာနအကြည်၊ နှာခေါင်း အကြည်ဟု ခေါ်ဆို သည်။

ဇိဝှာဒသက ကလာပ်သည် လျှာ၏ အလယ် ကြာရွက်ဖျား သဏ္ဍာန်ရှိသော အရပ်မှာ တည်နေ၏။ ထိုဇိဝှာဒသက- ကလာပ် ကို ဇိဝှာအကြည်၊ လျှာအကြည်ဟု ခေါ်ဆိုသည်။

ကာယဒသက- ကလာပ်သည် ရင့်သော၊ မာသော၊ အရိုး၊ ဆံပင်၊

ခြေသည်း၊ လက်သည်း၊ ခြောက်သွေ့သော အရေတို့မှ ကြွင်းသော အတွင်းအပြင် တကိုယ်လုံးမှာ ဂွမ်း၌လောင်းသောဆီ ပွံ့နှံ့ဘိသို့ ပျံ့နှံ့တည်နေ၏။ ယင်း ကာယဒသက- ကလာပ်ကို ကာယအကြည်၊ ကိုယ်အကြည်ဟု ခေါ်ဆိုသည်။

ထိုအကြည်တို့သည် ကြည်လင်သောမှန်တွင် အရိပ်ထင်သကဲ့သို့ ရူပါရုံစသည်တို့ အသီးသီး အရိပ်ထင်ကြလေသည်။

ဣတ္ထိဘာဝဒသက- ကလာပ်သည် မိန်းမသန္တာန်မှာ အတွင်းအပြင် တကိုယ်လုံးတွင် တည်နေ၏။ မိန်းမသည် ယောကျ်ားနှင့် အသွင်မတူ၊ အမူအရာမတူကြ။ ခြားနားခြင်းမှာ ဣတ္ထိဘာဝရုပ်အစွမ်းကြောင့် ဖြစ်၏။ ပုမ္ဘာဝကလာပ်သည် ယောကျ်ားသန္တာန်မှာ အတွင်းအပြင် တကိုယ်လုံးတွင် တည်နေ၏။ ယောကျ်ားသည် မိန်းမနှင့် အသွင်မတူ၊ အမူအရာ မတူ ခြားနားခြင်းမှာ ပုမ္ဘာဝ ရုပ်အစွမ်းကြောင့် ဖြစ်၏။

ဝတ္ထုဒသက- ကလာပ်သည် နှလုံးသားအတွင်းမှာ တလက်ဖက်ခွံမျှလောက်သော နှလုံးသွေးနှင့် ရောနှောလျက် တည်နေပေသည်။

## စိတ္တဇရုပ်ကလာပ် ခြောက်ပါး

စိတ်ကြောင့်ဖြစ်သော ရုပ်ကလာပ်သည် ခြောက်ပါးရှိ၏။

ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော၊ ဝဏ္ဏ၊ ဂန္ဓ၊ ရသ၊ ဩဇာ ဟူသော အဋ္ဌကလာပ်ကို သုဒ္ဓဋ္ဌက ကလာပ် ခေါ်သည်။

[၁] သုဒ္ဓဋ္ဌက ကလာပ်မှာ သဒ္ဒရုပ်ကို ထည့်လျှင် သဒ္ဒနဝက ကလာပ် ဖြစ်၏။

[၂] သဒ္ဒနဝကကလာပ်မှာ ကာယဝိညတ္တိရုပ်ကို ထည့်လျှင် ကာယဝိညတ္တိနဝက ကလာပ်ဖြစ်၏။
[၃] သဒ္ဒနဝကကလာပ်မှာ ဝစီဝိညတ္တိရုပ်နှင့် သဒ္ဒရုပ်ကို ထည့်လျှင် ဝစီဝိညတ္တိသဒ္ဒဒသက ကလာပ်ဖြစ်၏။

ထိုလေးပါးသော ရုပ်ကလာပ်တို့မှာ လဟုတာရုပ်၊ မုဒုတာရုပ်၊ ကမ္မညတာရုပ် သုံးခုကို အစဉ်အတိုင်းလိုက်၍ ထည့်လျှင် လဟုတာဒိ ဧကာဒသက- ကလာပ် ဖြစ်၏။

[၁] သဒ္ဒလဟုတာဒိဒွါဒသက- ကလာပ်။
[၂] ကာယဝိညတ္တိလဟုတာ ဒိဒွါဒသက- ကလာပ်။
[၃] ဝစီဝိညတ္တိ သဒ္ဒလဟုတာ ဒိတေရသက- ကလာပ်။

ယင်းခြောက်ပါးတို့တွင် စကားပြောရန် အားယူ အားထုတ်သော လှုပ်ရှားမှုသည် သဒ္ဒနဝက ကလာပ်၏ အစွမ်း ဖြစ်၏။ အသက်ရှူသံ၊ ချောင်းဆိုးသံ၊ ချေသံ၊ ပျို့သံ၊ အန်သံ စသော အသံများသည် သဒ္ဒနဝက ကလာပ်၏အစွမ်းဖြစ်၏။ ဦးခေါင်း၊ ခြေ၊ လက်၊ ပေါင် စသော ကိုယ်အင်္ဂါ လှုပ်ရှားမှုသည် ကာယဝိညတ္တိနဝက- ကလာပ်၏ အစွမ်း ဖြစ်၏။
စကားပြောဆိုမှုသည် ဝစီဝိညတ္တိသဒ္ဒဒသက- ကလာပ်၏အစွမ်း ဖြစ်၏။

## ဥတုဇရုပ်ကလာပ် လေးပါး

ဥတုကြောင့်ဖြစ်သော ရုပ်ကလာပ် လေးပါးရှိ၏။ စိတ္တဇ ကလာပ် ရှစ်ပါးတို့တွင် ကာယဝိညတ်၊ ဝစီဝိညတ် မပါသော—
[၁] သဒ္ဒနဝက ကလာပ်၊

[၂] သဒ္ဒနဝက ကလာပ်၊
[၃] လဟုတာဒေကာဒသက ကလာပ်၊
[၄] သဒ္ဒလဟုတာဒိဒွါဒသက ကလာပ်။

သတ္တဝါတို့၏သန္တာန်မှာ ဆံပင်၊ အမွေး စသော ရုပ်စု ရုပ်ခဲများသည် သုဒ္ဓဋ္ဌက ကလာပ် အစုအခဲများ ဖြစ်၏။

လက်ဖြောက်တီး၍ မြည်သောအသံ၊ ဝမ်းဗိုက်မှမြည်သံ၊ လေလည်သံ စသော အသံများသည် သဒ္ဒနဝက ကလာပ်များ ဖြစ်၏။

လဟုတာဒိ ကေဒသက ကလာပ်၊ သဒ္ဒလဟုတာ ဒိဒွါဒသက ကလာပ်တို့ ပေါ့ခြင်း၊ နူးညံ့ခြင်း၊ အမှု၌ခံခြင်း အခါတွင် ဖြစ်သည်ဟု မှတ်အပ်၏။

ဗဟိဒ္ဓသန္တာန်မှ အဆင်း၊ အနံ့၊ အရသာ၊ အတွေ့၊ အထိ အမျိုးမျိုးတို့သည် သုဒ္ဓဋ္ဌက ကလာပ်အစုများသာ ဖြစ်၏။ အသံအမျိုးမျိုးတို့သည် သဒ္ဒနဝက ကလာပ်အစုများသာ ဖြစ်၏။

**အာဟာရဇ ရုပ်ကလာပ် နှစ်ပါး**

ဥတုဇရုပ်ကလာပ် လေးပါးတို့တွင် သဒ္ဒမပါသော—
[၁] သုဒ္ဓဋ္ဌက ကလာပ်၊
[၂] လဟုတာဒေကာဒသက ကလာပ်။

အာဟာရကြောင့် ဖြစ်သော ရုပ်ကလာပ်မှာ ထိုနှစ်ပါးသာ ဖြစ်၏။

## ဇဟိဒ္ဓရုပ်ဖြစ်ကြောင်း ဥတု

အဘယ်ကြောင့် ဗဟိဒ္ဓသန္တာန်မှာ ရုပ်တွေ ဖြစ်နေရပါသနည်း ဆိုသော် ဥတုကြောင့် ဖြစ်၍နေရခြင်း ဖြစ်၏။ မည်သည်ကို ဥတု ဟု ခေါ်သနည်းဆိုလျှင် တေဇောဓာတ်ကို ဥတုဟုခေါ်၏။

## ပညတ်များ

မည်သည်ကို ပညတ်ဟုခေါ်သနည်းဆိုလျှင် လူအများတို့ မှည့်ခေါ်ကြသော အမည်နာမများကို ပညတ်ဟု ခေါ်၏။
တခုတည်းဟု မှတ်ထင်အပ်သည့် ပညတ်မျိုးကို "သမူဟ" ပညတ်ဟု ခေါ်၏။ ပရမတ္ထဓမ္မကိုစွဲ၍ ယောကျ်ား၊ မိန်းမ စသည်ဖြင့် လည်းကောင်း၊ သစ်ပင်၊ ချုံနွယ် စသည်ဖြင့် လည်းကောင်း ထိုသို့သော ပညတ်မျိုးကို "ဥပါဒ" ပညတ်ဟု ခေါ်၏။
အတို၊ အရှည်၊ အလုံး၊ အပြား စသည်ဖြင့် ထင်မြင်အပ်သော အမည်ပညတ်မျိုးကို သဏ္ဌာနပညတ်ဟု ခေါ်၏။ ဤအရာပဲ၊ သည်ဟာပဲ၊ သည်ဝတ္ထုပဲဟု မြင်အပ်သော အမည်ပညတ်မျိုးကို သန္တတိပညတ်ဟု ခေါ်၏။

## ပညတ်ပရမတ်ကို သိရမည်မှာ

လူကိုမြင်သည့်အခါ ဦးခေါင်းတလုံးတည်း၊ ကိုယ်တခုတည်းဟု သိမှုသည်သမူဟပညတ်ကို သိမှုဖြစ်၏။ လူပင်ဖြစ်သော်လည်း ဒါ ယောကျ်ားပဲ၊ ဒါမိန်းမပဲဟု သိမှုသည် ဥပါဒါပညတ်ကိုသိခြင်း ဖြစ်၏။ ပြီး တဖန် အရပ်ရှည်သောလူ၊ အရပ်ပုသောလူ စသည်

ဖြင့် ပုံဟန်သဏ္ဌာန်ကိုသိမှုသည် သဏ္ဌာနပညတ်ကိုသိခြင်းဖြစ်၏။ မနေ့ကလူပဲ၊ နံနက်ကလူပဲ၊ ညနေကလူပဲဟု သိမှုသည် သန္တတိ ပညတ်ကို သိခြင်းဖြစ်၏။

ပရမတ်ကိုသိမှုသည် လူကိုမြင်သည့်အခါ ခေါင်းတလုံး ကိုယ် တခုနှင့်လူ၊ အရပ်ရှည်သူ၊ အရပ်တိုသူ၊ ယောကျ်ား၊ မိန်းမ၊ မနေ့ကလူ၊ နံနက်ကလူ၊ ညနေကလူ မဟုတ်။ ယခု အသစ် ဖြစ် ပေါ်လာသော နာမ်ရုပ်နှစ်ခု ကလာပ်အစု ဓာတ်အစုတို့သာ ဖြစ်လေသည်ဟု သိမှုသည် ပရမတ်ကိုသိမှု ဖြစ်၏။ သို့ကြောင့် ပညတ်နှင့်ပရမတ်ကို အတပ်သိအောင် ခွဲခြား၍ ဉာဏ်နှင့်ကြည့် မှသာ အနိစ္စကို မြင်နိုင်လေသည်။

**အကြည်တရား ခြောက်ပါး**

[၁] စက္ခုအကြည် (မျက်စိအကြည်)
[၂] သောတအကြည် (နားအကြည်)
[၃] ဃာနအကြည် (နှာခေါင်းအကြည်)
[၄] ဇိဝှာအကြည် (လျှာအကြည်)
[၅[ ကာယအကြည် (ကိုယ်အကြည်)
[၆] မနောအကြည် (ဘဝင်စိတ်အကြည်)

**အာရုံခြောက်ပါး**

[၁] အဆင်းအမျိုးမျိုးသည် ရူပါရုံ၊
[၂] အသံအမျိုးမျိုးသည် သဒ္ဒါရုံ၊
[၃] အနံ့အမျိုးမျိုးသည် ဂန္ဓာရုံ၊

[၄] အရသာအမျိုးမျိုးသည် ရသာရုံ၊
[၅] အတွေ့အထိအမျိုးမျိုးသည် ဖောဋ္ဌဗ္ဗာရုံ၊
[၆] မနောဝိညာဉ်နှင့် သိသမျှသည် ဓမ္မာရုံ။
မနောဝိညာဉ်သည် ပစ္စုပ္ပန်၊ အတိတ်၊ အနာဂတ် ဖြစ်သော ပညတ်၊ ရုပ်၊ နာမ်၊ နိဗ္ဗာန်တို့ကို အကုန်လုံး သိနိုင်၏။

## အာရုံထင်၍ ဝိညာဉ်ဖြစ်ပုံ

ဓမ္မနိယာမအားဖြင့် အကြည်ခြောက်စုံမှာ အာရုံခြောက်ပါး ထင်လာရသည်။ အကြည်ခြောက်စုံ၌ အာရုံခြောက်ပါး ထင်၍ လာသောအခါ ဝိညာဉ် ခြောက်ဖြာသည် လျှပ်ရောင်ပမာ ဆိုင်ရာ အသီးသီး အသက အသက ဖြစ်ပေါ်လာကြသည်။
စက္ခုဝိညာဉ်ဖြစ်ပျက်ပုံမှာ မှန်ကိုကြည့်သောအခါ မှန်အကြည်တွင် မျက်နှာအရိပ် ထင်သကဲ့သို့ စက္ခုနှင့် ရူပါရုံနှစ်ပါးစုံကိုစွဲ၍ စက္ခုအကြည်တွင် စက္ခုဝိညာဉ် ဖြစ်ပေါ်လာ၏။ ထို့နောက် ချုပ်ပျောက်သွားလေသည်။
သောတဝိညာဉ် ဖြစ်ပျက်ပုံမှာ မှန်နှင့်မျက်နှာ ဥပမာကဲ့သို့ပင် သောတနှင့်သဒ္ဒါရုံနှစ်ပါး စုံသောအခါ သောတအကြည်မှာ သောတဝိညာဉ် ဖြစ်ပေါ်လာ၏။ ထို့နောက် ချုပ်ပျောက်သွားလေသည်။
ဃာနဝိညာဉ် ဖြစ်ပျက်ပုံမှာ ဗုံနှင့်လက် ထိတီးသောအခါ ဗုံသံ ဖြစ်ပေါ်လာသကဲ့သို့ ဃာနနှင့် ဂန္ဓာရုံနှစ်ပါး စုံသောအခါ၊ တနည်းပြောရလျှင် နှာခေါင်းဝနှင့် ရနံ့နှစ်ပါး စုံသောအခါ ဃာနဝိညာဉ် ဖြစ်ပေါ်လာပြီး ချုပ်ပျောက်သွားလေသည်။

ဇိဝှာဝိညာဉ် ဖြစ်ပျက်ပုံမှာကြေးစည်နှင့် လက်ခတ်တီးခတ်သော အခါကြေးစည်သံ ဖြစ်ပေါ်လာသကဲ့သို့ ဇိဝှာနှင့်ရသရုံ နှစ်ပါး စုံသောအခါ တနည်းပြောရလျှင် လျှာနှင့်အရသာ နှစ်ပါး စုံသောအခါဇိဝှာအကြည်တွင် ဇိဝှာဝိညာဉ် ဖြစ်ပေါ်လာ၏။ ပြီး နောက် ချုပ်ပျောက်၍ သွားလေသည်။

ကာယဝိညာဉ် ဖြစ်ပျက်ပုံမှာ ပေနှင့်တူ နှစ်ပါးစုံသောအခါ အသံထွက်ပေါ်လာသကဲ့သို့ ကာယနှင့်ဖောဋ္ဌဗ္ဗရုံ နှစ်ပါးစုံသော အခါ တနည်းပြောရလျှင် ကိုယ်နှင့် ထိစရာခိုက်စရာ နှစ်ပါး စုံသောအခါ ကာယအကြည်တွင် ကာယဝိညာဉ် ဖြစ်ပေါ်လာ ၏။ ပြီးနောက် ချုပ်ပျောက်၍ သွားလေသည်။

မနောဝိညာဉ် ဖြစ်ပျက်ပုံမှာ ကြည်လင်သော ရေကန်ပေါ်၌ ငှက်ပျံနေလျှင် ရေ၌ ငှက်ရိပ်ထင်သကဲ့သို့ ရေနှင့်ငှက် နှစ်ပါး စုံသောအခါ ဖြစ်သည်နှင့်မခြား မနောအကြည်တွင် ဓမ္မာရုံ ထင်လာသည့်အခါ၊ တနည်းပြောရလျှင် စိတ်အကြည်တွင် အာရုံအရိပ်ထင်လာသည့်အခါ မနောဝိညာဉ် ဖြစ်ပေါ်လာ၏။ ပြီးနောက် ချုပ်ပျောက် သွားလေသည်။

## မှတ်ရန်

ဝိညာဉ်ခြောက်ပါးတို့သည် တခုသောခဏ၌ တပြိုင်နက် အတူ မဖြစ်နိုင်ကြ။ သူ့အာရုံနှင့် သူ့ဝိညာဉ်တခြားစီသာ ဖြစ်ပေါ် ၏။ သို့သော် အတူပြိုင်၍မဖြစ်သော်လည်း အဖြစ်မြန်လွန်းသော ကြောင့် အတူပြိုင် ဖြစ်နေသည်ဟုစိတ်ဖြစ်မှုကို မှတ်ထင်ကြရ၏။ စက္ခုဝိညာဉ်၊ သောတဝိညာဉ်၊ ဃာနဝိညာဉ်၊ ဇိဝှာဝိညာဉ်၊

ကာယဝိညာဉ်တို့မှ ကြွင်းသော ကုသိုလ်စိတ်၊ အကုသိုလ်စိတ်တို့ကို မနောဝိညာဉ်စိတ်ဟု ခေါ်၏။

## သက္ကာယစွဲပုံ

သတ္တဝါတို့သန္တာန်တွင်နာမ်ရုပ်နှစ်ပါးမှလွဲ၍ အခြားဘာမျှမရှိ။ ယောကျ်ားပဲ၊ မိန်းမပဲ၊ ကလေးပဲ၊ လူကြီးပဲ၊ လူရှည်၊ လူပု၊ လူပိန်၊ လူဝ စသည်ဖြင့် ပြောဆိုနေကြခြင်းသည် လောကဝေါဟာရ ပညတ်များသာ ဖြစ်၏။ စင်စစ် ငါ၊ သူတပါး၊ ယောကျ်ား၊ မိန်းမဟူ၍ အတ္တဇီဝမရှိ။ ငါမဟုတ်၊ သူမဟုတ် ဓာတ်ရုပ်တွေသာ ဖြစ်လေသည်။

သက္ကာယဒိဋ္ဌိစွဲလမ်းပုံမှာ သတ္တဝါတို့၏ရုပ်ကို ငါ့ကိုယ်၊ ငါ့လက်၊ ငါ့ခြေ စသည်ဖြင့် စွဲလမ်း၏။ နာမ်အမှုကို ကိုယ်အမှုပြုလုပ်၍ ငါမြင်သည်၊ ငါကြားသည်၊ ငါစားသည်၊ ငါသိသည်၊ ငါမှတ်သည်ဟု စွဲလမ်းနေကြခြင်း ဖြစ်လေသည်။

ဘာကြောင့် ထိုသို့ စွဲလမ်းသနည်းဆိုသော် ရုပ်နာမ်တို့၏ ဖြစ်ပျက် အမှန်ကို မသိသောကြောင့် ဖြစ်၏။

ယင်းကဲ့သို့ အမှန်မသိသော သက္ကာယဒိဋ္ဌိ အစွဲကြောင့် အပါယ်သို့ ရောက်ကြရ၏။ အပါယ်မရောက်လိုလျှင် သက္ကာယကို ခွာရပေမည်။

သက္ကာယကို ဘယ်လိုခွာမည်နည်း။ ရုပ်နာမ်၏ အနိစ္စ မမြဲသော သဘောကို ဒိဋ္ဌမြင်အောင် ကြည့်ရမည်၊ အားထုတ်ရမည်၊ ရှုရ

မည်။ ဘယ်လိုရှုမည်နည်း။ သာမန် ရှုကြည့်၍မရ၊ ဝိပဿနာ ဉာဏ်နှင့် ရှုကြည့်မှသာ မြင်နိုင်လေသည်။

## ရုပ်ကိုကြည့်၍ သက္ကာယခွာပုံ

ရုပ်သက္ကာယခွာပုံကို မြင်လွယ်အောင် ပုံစံပြရလျှင် ကိုယ်ဟူသော ရုပ်အစုကြီးသည် ဓာတ်ကြီးလေးပါး အရသာဖြစ်၏။ ဓာတ်ကြီးလေးပါးသည် မာခြင်း၊ ဖွဲ့စေးခြင်း၊ ပူခြင်း၊ အေးခြင်း၊ ထောက်ကန်ခြင်း သဘော အမူအရာမျှသာ ရှိ၏။ ထို့ကြောင့် ကိုယ်ဟူသော ရုပ်အစုကြီးမှာ အမာခဲကြီးမဟုတ်၊ ဓာတ်လေးပါးတို့ စုဝေးနေသော ရုပ်ကြီးသာ ဖြစ်၏။

ယင်းဓာတ်ရုပ်ကြီးသည် တသားတည်းမဟုတ်၊ သဲပုံပမာအလား အာကာသတွေခြား၍ ခြား၍ ဖြစ်ပျက်နေသော ရုပ်ကလာပ် ဓာတ်အစုတွေသာ ဖြစ်၏ဟု မြင်အောင်ကြည့်။

ရုပ်ကလာပ်တွေ ပေါင်းစု၍ နေသော ဓာတ်သဘောတွေကို သဏ္ဌာန်ဟု ထင်မှတ်မှားနေ၏။ စင်စစ် သဏ္ဌာန်မရှိ၊ ဓာတ်သဘော အမူအရာတွေသာ ဖြစ်သည်။

အဆင်းမှာ ဓာတ်ကြီးလေးပါးကို စွဲ၍ဖြစ်သော ဝဏ္ဏရုပ်သာ ဖြစ်၏။ ပမာအားဖြင့် ညအခါ မီးစကိုယမ်းလှည့်လျှင် မီးစက်ကွင်း အဝန်း အဝိုင်းကြီးကိုသာ မြင်တွေ့ရသလို ရှေ့ နောက် စဉ်ဆက်ဖြစ်ပျက်၍ နေသည်ကိုစက္ခုဝိညာဉ်က မမြင်၊ အဆင်းလုံးကိုသာ မြင်၍နေ၏။ အမှန်မှာအဆင်းလုံးမဟုတ်၊ ဖြစ်ပျက်၍

နေသော ဝဏ္ဏရုပ်တွေသာလျှင် ဖြစ်သည်ဟု သိအောင် မြင်အောင်ကြည့်။

## ဝိညာဉ်ကို ဖမ်း၍ သက္ကာယ ခွာပုံ

အကြည်ခြောက်စုံတွင် အာရုံဆိုက်၍ဖြစ်ပေါ်လာသော ဝိညာဉ်ကို မိအောင်ဖမ်းပြီး ရှုကြည့်ရပါမည်။

ဝိညာဉ်ကိုဖမ်း၍ သက္ကာယခွာပုံ မြင်လွယ်အောင် ပုံစံပြရလျှင် အဆင်းကို မြင်သည့်အခါ မျက်စိက မြင်ခြင်းမဟုတ်၊ စက္ခုဝိညာဉ်ကမြင်ခြင်းဖြစ်၏။ စက္ခုဝိညာဉ်သည် အမြဲတည်နေသည် မဟုတ်ပဲ စက္ခုနှင့် ရူပါရုံ နှစ်ပါးစုံမှသာ ဖြစ်ပေါ်လာသော အနိစ္စတရားသာ ဖြစ်သည်ဟု ဉာဏ်နှင့်ကြည့်။

သောတဝိညာဉ်၊ ဃာနဝိညာဉ်၊ ဇိဝှာဝိညာဉ်၊ ကာယဝိညာဉ်တို့ကိုလည်း ထိုပုံစံအတိုင်း ဉာဏ်နှင့်ကြည့်၍ ရှုလေ။

အနိစ္စကိုမြင်လျှင် အနတ္တကိုမြင်၍ သက္ကာယ ပြုတ်နိုင်သည်။ သို့ကြောင့်နဝင်္ဂုတ္တရပါဠိတော်တွင်—

အနိစ္စသညိနော မေဃိယ အနတ္တသညာသဏ္ဌာတိ
အနတ္တသညိနော အသ္မိ မာနသမုဂ္ဃာတံပါပုဏာတိ ဒိဋ္ဌေဝဓမ္မေ
နိဗ္ဗာနံဟု လာရှိလေသည်။

မေဃိယ၊ ချစ်သားမေဃိယ။ အနိစ္စသညိနော၊ အနိစ္စကို ထင်မြင်သောသူအား။ အနတ္တသညာ၊ အနတ္တကိုထင်မြင်မှုသည်။ သဏ္ဌာတိ၊

အလိုလိုတည်၏။ အနတ္တသညီနော၊ အနတ္တကို ထင်မြင်လာသော အားဖြင့်။ အသ္မိမာန-သမုဂ္ဃါတံ၊ ငါဟူသော မာန်မာန ကင်းပြတ်ခြင်းသို့။ ပါပုဏာတိ၊ ရောက်လေတော့၏။ ဒိဋ္ဌေဝ ဓမ္မေ၊ ယခုမျက်မှောက် လက်ငင်း အခြေအနေ အရမှာပင်။၊ နိဗ္ဗာနံ၊ သဥပါဒိသေသနိဗ္ဗာန်သို့။ ပါပုဏာတိ၊ ရောက်ရှိနိုင် လေ၏။

ဤသို့လျှင် ဗုဒ္ဓမြတ်စွာ ဟောမြွက်တော် မူခဲ့ပါသတည်း။

အခြေခံဝိပဿနာတရားတော်ကို စာသဘောအရ အကြမ်းနည်းဖြင့် တင်ပြ၍ပြီးပါပြီ။ ယခုတဖန် ဝိပဿနာ ရှုပုံ ရှုနည်းကို အကြမ်းနည်း တင်ပြပါဦးမည်။

**အဆင်းရုပ်ပေါ်တွင် အသိသုံးမျိုး**

[၁] သညာသိ ဝိပဿနာ၊
[၂] ဝိညာဉ်သိ ဝိပဿနာ၊
[၃] ပညာသိ ဝိပဿနာ၊

အဆင်းဟူသမျှမြဲ၊ဆင်းရဲသည်၊ အစိုးမရသည့် သဘောရှိသည်ဟု သိခြင်းသည် သညာသိဝိပဿနာဖြစ်၏။
ရူပါရုံပဲ၊ အဆင်းပဲဟု အသမုတ်ခံရသည့် သဘော သက်သက်မျှသာဖြစ်သည်ဟုခေါ်သော ဓာတ်သဘာဝသည် မမြဲ၊ ဆင်းရဲသည်၊ ကိုယ်မဟုတ်ဟုရှုလျှင် ဝိညာဉ်သိ ဝိပဿနာသိ ဖြစ်၏။

အဆင်းဆိုသည်မှာ ပညတ် အဆင်းဟုအသမုတ်ခံရသော ဓာတ်သဘောကသာ အမှန်ရှိသည်ဖြစ်၍ ၎င်းကို ပရမတ် သဘာဝ ခေါ်၏။ ယင်းပရမတ်သဘောကို သဘောလေးချက်နှင့်ဖောက်ခွဲ၍ ကြည့်တတ်မှသာ ပညာသိ ဝိပဿနာသိ ဖြစ်၏။

## ပညာသိနယ်တွင် ပါဝင်သည့် အဆင်းရုပ်

အဆင်းပဲ၊ ရူပါရုံပဲဆိုသည်မှာ ပညတ်ဖြစ်၍ အဆင်းပဲရူပါရုံပဲဟု အသမုတ်ခံရသည့်သဘောသည် ပရမတ်ဖြစ်၏။ ယင်းသဘောသည် အနတ္တအနေဖြင့်တည်နေရ၏။ အနတ္တ ဆိုသည်မှာ တခုသောသဘောသည် သူ့တခုတည်းသဘောဖြင့် တည်နေနိုင်ခြင်းမရှိ၊ အနီးကပ်ဆုံး ပတ်ဝန်းကျင် သဘောများကို ခြေကုပ်ယူကာ ခြေကုပ်ရမှသာဖြစ်ပေါ်နိုင်၊ ရှိနိုင်သဖြင့် သူတပါး အကူအညီမရှိဘဲ သူတခုတည်း ဖြစ်ပေါ်လာနိုင်သော စွမ်းအားသတ္တိမရှိလေသောကြောင့် အစိုးမရ၊ အနတ္တ။

[၁] အဆင်းဟုအသမုတ်ခံရသောသဘောဆိုသည်မှာ မျက်စိအကြည်ကို ထိခိုက်ခြင်းငှါ ထိုက်သည့်သဘော ရှိ၏။ ယင်းကို လက္ခဏာဟုမှတ်။

[၂] စက္ခုဝိညာဉ်ခါ မြင်လိုစိတ်၏ မှီခို အားထားရာ ဖြစ်သောကြောင့် ရသဟုမှတ်။

[၃] စက္ခုဝိညာဉ်ခါ မြင်လိုစိတ်ရှိဆဲသဘောတို့၏ အာရုံ အပြုခံရှိရာ စေဝေးရာတို့၏ ညွှန်ကြား ပွဲကိုင်မှုကိုခံ၍ နေရသောကြောင့် ပစ္စုပဋ္ဌာန်ဟုမှတ်။

[၄] ကျောထောက် နောက်ခံခေါ် ဓာတ်ကြီး လေးပါး
ကြောင့် ဖြစ်ပေါ်လာရခြင်းကြောင့် ပဒဋ္ဌာန်ဟုမှတ်။

ယင်းကဲ့သို့၊လက္ခဏာ၊ရသ၊ ပစ္စုပဋ္ဌာန်၊ပဒဋ္ဌာန် စသော သဘော လေးချက်နှင့် အသေအချာမွေနှောက်၍ ကြည့်လျှင် အဆင်း ရုပ်တလုံး၏ ပညာသိအနတ္တဆိုက်ပုံကို သိရှိနိုင်ပါသည်။

သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံတို့ကိုပါ သိရှိနိုင်ရန် ပုံစံ ဇယားကိုကြည့်ပါ—

## ယထာ ဘူတ ပုံစံ

| | | |
|---|---|---|
| အတွင်းလေးခု | အဆင်း | အပြင်လေးခု |
| ပထဝီ၊ တေဇော၊ | ရူပါရုံ | မျက်စိ၊အလင်း၊ |
| အာပေါ၊ဝါယော | | မြင်လိုစိတ်၊နှလုံးသွင်း |

ယင်းပုံစံအရအဆင်းဟုအသမုတ်ခံရသည့်သဘောသည် ပတ်ဝန်း ကျင်ရှိအတွင်းလေးခု၊အပြင်လေးခုနီးကပ်မှုအကြောင်းစု နှစ်ခု အရနှင့်သာဖြစ်ရှိပေါ်လာနိုင်သဖြင့် သူ့ဘာသာသူ တခုတည်း နှင့် ဖြစ်ပေါ်လာမှုကို အစိုးမရသဖြင့် အနတ္တဟု သိအပ်သည်။

## ကျက်မှတ်ရန်

အဆင်းရုပ်ကို စစ်ထုတ်သောအခါ
သူတခုထဲ ဘာမျှမဖြစ်ပါ
အတွင်းလေးခု၊ ပြင်လေးခုဟာ
နှစ်ရပ်ပေါင်းတော့၊ ရှစ်ခုဖြစ်လာ

ရှစ်ခုပေါင်းမှ၊ ဆင်းရုပ်ပေါ်ကာ
အစိုးမရလို့ အနတ္တခေါ်ကြတာ။

မြင်၊ကြား၊နံ၊စား၊ ထိ ၊သိဝိညာဉ်—ခြောက်လုံး၏ ယထာဘူတ ပုံစံကို ဆက်လက်ရှုကြည့်ပါ။

**ပုံစံ**

**စက္ခုနှင့် ရူပါရုံ**

အလင်း

မျက်စိအကြည် [မြင်မှု] အဆင်း

နှလုံးသွင်း

ဤပုံစံကိုကြည့်လျှင် စက္ခုနှင့် ရူပါရုံနှစ်ပါးစုံမှသာလျှင် စက္ခု ဝိညာဏ်မြင်စိတ်ဖြစ်ကြောင်း ထင်ရှားပါသည်။သို့ကြောင့်— စက္ခုဉ္စ ပဋိစ္စရူပေစဉပ္ပဇ္ဇတိ စက္ခုဝိညာဏံဟု သံယုတ်ပါဠိတော်၌ လာရှိလေသည်။

စက္ခုဉ္စ၊ စက္ခုအကြည်ကိုလည်းကောင်း။ ရူပေစ၊ ရူပါရုံကို လည်းကောင်း။ ပဋိစ္စ၊ နှစ်ပါးစုံစွဲ၍။ စက္ခုဝိညာဏံ၊ စက္ခု ဝိညာဉ်သည်၊ ဥပ္ပဇ္ဇတိ၊ ဖြစ်ပေါ်လာ၏။

**ပုံစံ**

သောတနှင့်အသံ

ဟင်းလင်း

နားအကြည်(ကြားမှု)အသံ

နှလုံးသွင်း

ဤပုံစံကိုကြည့်လျှင် သောတနှင့် အသံနှစ်ပါးစုံမှ သောတ ဝိညာဉ်ကြားစိတ်ဖြစ်ကြောင်း ထင်ရှားပါသည်။
သို့ကြောင့်....
သောတဥ္စပဋိစ္စသဒ္ဒေစဥပ္ပဇ္ဇတိသောတဝိညာဏံဟု သံယုတ်ပါဠိ တော်၌ လာရှိလေသည်။

သောတဥ္စ၊ သောတအကြည်ကိုလည်းကောင်း။ သဒ္ဒေစ၊သဒ္ဒါရုံ ကိုလည်းကောင်း။ ပဋိစ္စ၊ နှစ်ပါးစုံစွဲ၍။ သောတဝိညာဏံ၊ သောတဝိညာဉ်သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်ပေါ်လာ၏။

**ပုံစံ**

ဃာနနှင့် ရနံ့
လေ

နှာခေါင်းအကြည်(နံမှု)အနံ့
နှလုံးသွင်း

ဤပုံစံကို ကြည့်လျှင် ဃာနနှင့် အနံ့နှစ်ပါးစုံမှ ဃာနဝိညာဉ် နံစိတ်ဖြစ်ကြောင်း ထင်ရှားပါသည်။ သို့ကြောင့်....
ဃာနဥ္စပဋိစ္စ ဂန္ဓေစ ဥပ္ပဇ္ဇတိ ဃာနဝိညာဏံဟု သံယုတ် ပါဠိ တော်၌ လာရှိလေသည်။

ဃာနဥ္စ၊ဃာနအကြည်ကိုလည်းကောင်း။ ဂန္ဓေစ၊ဂန္ဓာရုံကိုလည်း ကောင်း။ ပဋိစ္စ၊ နှစ်ပါးစုံစွဲ၍။ ဃာနဝိညာဏံ၊ ဃာနဝိညာဉ် သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်ပေါ်လာ၏။

**ပုံစံ**

ဇိဝှာနှင့် ရသာ
စွတ်စိုခြင်း
လျှာအကြည် (စားမှု)စားစရာ
နှလုံးသွင်း

ဤပုံစံကိုကြည့်လျှင် ဇိဝှာနှင့် စားစရာ နှစ်ပါးစုံမှ ဇိဝှာဝိညာဉ် စားစိတ်ရသာ ဖြစ်ပေါ်လာကြောင်း ထင်ရှားပါသည်။ သို့ကြောင့် ဇိဝှဉ္စပဋိစ္စရသေစ ဥပ္ပဇ္ဇတိ ဇိဝှာဝိညာဏံဟု သံယုတ်ပါဠိတော်၌ လာရှိလေသည်။

ဇိဝှဉ္စ၊ ဇိဝှာအကြည်ကိုလည်းကောင်း။ ရသေစ၊ ရသာရုံတို့ကိုလည်းကောင်း။ ပဋိစ္စ၊ နှစ်ပါးစုံစွဲ၍။ ဇိဝှာဝိညာဏံ၊ ဇိဝှာဝိညာဉ်သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်ပေါ်လာ၏။

**ပုံစံ**

ကာယနှင့် အထိအတွေ့
မာခြင်း
ကိုယ်အကြည် (ထိမှု) တွေ့စရာ
နှလုံးသွင်း

ဤပုံစံကို ကြည့်လျှင် ကာယနှင့် ထိတွေ့စရာ နှစ်ပါးစုံမှ ကာယဝိညာဉ်ထိသိစိတ် ဖြစ်ပေါ်လာကြောင်း ထင်ရှားပါသည်။

သို့ကြောင့် ကာယဉ္စပဋိစ္စဖောဋ္ဌဗ္ဗေစ ဥပ္ပဇ္ဇတိ ကာယ ဝိညာဏံ ဟု သံယုတ်ပါဠိတော်၌ လာရှိလေသည်။
ကာယဉ္စ၊ ကာယ အကြည်ကိုလည်းကောင်း။ ဖောဋ္ဌဗ္ဗေစ၊ ဖောဋ္ဌဗ္ဗာရုံတို့ကိုလည်းကောင်း။ ပဋိစ္စ၊ နှစ်ပါးစုံစွဲ၍။ ကာယ ဝိညာဏံ၊ ကာယဝိညာဉ်သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်ပေါ်လာ၏။

**ပုံစံ**

မနောနှင့် သိစရာ
　　　လက်ခံစိတ်

နှလုံးသွေး(သိမှု)သိစရာများ
　　　နှလုံးသွင်း

ဤပုံစံကိုကြည့်လျှင် မနောနှင့် သိစရာဓမ္မာရုံများ နှစ်ပါးစုံမှ မနောဝိညာဉ်သိစိတ် ဖြစ်ပေါ်လာကြောင်း ထင်ရှားပါသည်။
သို့ကြောင့် မနဉ္စဓမ္မေစ ဥပ္ပဇ္ဇတိ၊ မနောဝိညာဏံ ဟု သံယုတ်ပါဠိတော်၌ လာရှိလေသည်။
မနဉ္စ၊ မနောအကြည်ကို လည်းကောင်း။ ဓမ္မေစ၊ ဓမ္မာရုံကို လည်းကောင်း၊ ပဋိစ္စ၊ နှစ်ပါးစုံစွဲ၍။ မနောဝိညာဏံ၊ မနော ဝိညာဉ်သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်ပေါ်လာ၏။
မြင် ကြား နံ စား ထိ သိ ဆိုသော ဝိညာဉ် ခြောက်လုံးကို တလုံး တလုံးအပေါ်၌ ရှိသည်၊ မရှိဘူး ဆိုသော သဿတဒိဋ္ဌိနှင့် ဥစ္ဆေဒဒိဋ္ဌိဖြစ်ပုံ၊ ဝိညာဉ် ခြောက်လုံး အပေါ်တွင် နတ္ထိကဒိဋ္ဌိ၊ အဟေတုကဒိဋ္ဌိ၊ ဝိသမဟေတုကဒိဋ္ဌိ၊ အကြိယာ ဒိဋ္ဌိဟု ဆိုသော

ဒိဋ္ဌိ လေးမျိုးတို့ ဖြတ်ပုံ ဖြတ်ပုံမှာ ဝိညာဉ် ခြောက်လုံးတို့တွင် တလုံးတလုံး အပေါ်၌ ရှစ်ခုသော သဘောတို့ ပေါင်းစည်း နေကြသဖြင့် ကိစ္စဃနဖြစ်ပုံ၊ ၎င်းကို ခွာနည်း၊ ကွာနည်း၊ အစိုင်အခဲကဲ့သို့ ပေါင်းစည်း နေကြသည်၊ သင်္ခတ နယ်မှ ထွက်မြောက်ပုံ၊ အာရုံ ခြောက်ပါးတို့တွင် တပါးတပါး အပေါ်၌ ပတ်ဝန်းကျင် လေးခုနှင့် မဟာဘုတ် လေးခုတို့ ပေါင်းစည်းနေကြသဖြင့် ပရမတ်ဃန ဓာတ်ဃနများ ဖြစ်နေကြရာ ၎င်း ဃနများ ကုန်ခန်း ပျောက်ပျက်သွား၍။ ခယဋ္ဌေန အနိစ္စံဆိုသည့်အတိုင်း ကုန်ခန်းမှုသက်သက် ကျန်နေပုံတို့ကို ပုံစံဇယားတွင် ဆက်လက် ရှုကြည့်ပါ။

**ပုံစံ၊ ပါဠိလို**

အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်၊ အာဟာရ၊
စက္ခု၊ ရူပါရုံ၊ အာလောက၊ မနသိကာရ၊

**ပုံစံ၊ မြန်မာလို**

မသိမှု၊ ငြိမှု၊ စွဲလမ်းမှု၊ အရှိန်ထောက်ပံ့မှု၊
မျက်စိအကြည်၊ အဆင်း၊ အလင်း၊ နှလုံးသွင်း၊ ယင်း သဘော တရား ရှစ်ခု ပေါင်းစည်းခြင်းကို မြင်မှုဆိုသော စက္ခု ဝိညာဏ် ဖြစ်ရသဖြင့် (ကိစ္စဃန)ဟု ခေါ်၏။

**ကျက်မှတ်ရန်**

သိမှုငြိမှု၊ စွဲလမ်းမှုတွေ
အရှိန်ထောက်ပံ့၊ ရောက်ရပြန်ပေ

မျက်ကြည်အဆင်း၊ အလင်းတထွေ
နှလုံးသွင်းကြောင့်၊ ရှင်းရှင်းမြင်နေ
ရုပ်ခုပေါင်းမှု၊ မြင်ရုပ်ပေါ်လေ
ဝိညာဏ်ကိစ္စ၊ ဈာနမှတ်ကြစေ။
သန္တတိဈာန ၁၃ ပါးကို ပုံစံနှင့်တကွ ရှင်းပြပါဦးမည်။

**ပုံစံ**

အာပေါ=ဖမ်း

ပထဝီ=တည် (စက္ခုအကြည်) (ကမ္မဇအရှိန်) တေဇော=စောင်

ဝါယော=ထောက်ပံ့

စိတ်—ဥတု—အာဟာရ

ဇီဝိတ

ဝဏ္ဏ—ဂန္ဓ-ရသ-ဩဇာ

မနောဝိညာဉ်ပဲ သိတာပဲဟု အသမုတ်ခံရသည့် သဘောကလေး သည် အခြေအမြစ်နှင့် ပြောပြနိုင်သည့် သဘောဖြစ်ခြင်းကြောင့် ယင်းသဘောကို ပရမတ်ဟု ခေါ်၏။
ထိုပရမတ်ပဲ၊ ဓာတ်ပဲ သဘောကလေး သက်သက် မျှသာ ရှိသည်ပဲ ဆိုသောသဘော မည်သည့်အနေနှင့် ရှိနေပါသနည်း ဆိုလျှင် အနတ္တအနေနှင့်သာ ရှိနေ၏။

အနုတ္တဆိုသည်မှာ ထိသည်၊ သိသည်၊ စသည်ဖြင့် အသမုတ်ခံရသော သဘောကလေးသည် သူ့ဘာသာသူ ဖြစ်ရှိ ပေါ်လာနိုင်မှုကို အစိုးမရသဖြင့် အသာမိက အနုတ္တဖြစ်၏။

သူ့ဟာသူ မဖြစ်နိုင်၊ မရှိနိုင်၊ မပေါ်လာနိုင်ပဲနှင့် အဘယ့်ကြောင့် ဖြစ်ရှိ ပေါ်လာ ရပါသနည်း။ ပတ်ဝန်းကျင်ရှိ အကြောင်းတရားသဘောများ နီးကပ်နေဆဲအခိုက်နှင့် ကြုံကြိုက်ဆုံဆည်း၍ ဖြစ်ပေါ်လာရ၏။

အကြောင်းတရား ပတ်ဝန်းကျင်များ၏ အမည်များမှာ အထက်ပါပုံစံဇယားတွင် ပြထားသည့်အတိုင်း ဖြစ်ပါသည်။

သဿတဒိဋ္ဌိနှင့် ဥစ္ဆေဒ ဒိဋ္ဌိအယူတို့မှ လွတ်မြောက်ရန်မှာ—

[၁] မနော ဝိညာဉ်ဟု အသမုတ်ခံရသည့် ပညတ် အရိပ်အရောင်မှ ကင်းဆိတ်နေသော ပရမတ် သဘောကလေးသည် သူ့ဟာသူ ဖြစ်ရှိပေါ်လာနိုင်မှုကို အစိုးမရသဖြင့် ဖြစ်ရှိပေါ်လာအောင် ပြုလုပ်နိုင်သည့် အားအစွမ်းသတ္တိမရှိပဲ နဂိုကတည်းက ချုပ်ငြိမ်း ကွယ်ပျောက်နေသော နိရောဓ ဓမ္မ မှန်ပါလျက်နှင့် အဘယ်ကြောင့် ဖြစ်ရှိပေါ်လာရသနည်းဆိုလျှင် ပတ်ဝန်းကျင်ရှိ အကြောင်းတို့ အားပေး ကူညီမှုကြောင့် ၎င်းတို့နှင့် နီးကပ်ဆဲကြုံဆုံ၍ ဖြစ်ရှိပေါ်လာရခြင်း ဖြစ်၏။

[၂] ယင်းသို့ဆိုလျှင် ပတ်ဝန်းကျင်ရှိအကြောင်းဟု ခေါ်ကြသော ထောက်ပံ့ကူညီမှု သဘောတွေထဲမှာ မနောဝိညာဉ်ဟုအခေါ်ခံရသော သဘောကလေးရှိကြောင်း

မည်သည့် သဘောသရားကမျှ ၎င်းသဘောကလေးကို လက်ခံ၍ မထားနိုင်၊ မရှိနိုင်၊ မဖြစ်စေနိုင်ပါ။

[၃] သို့ဆိုလျှင် နံပါတ် ၁ အရ၊ အကျိုးမနေ့ာဝိညာဉ်ကို စစ်ဆေးကြည့်သောအခါ ပတ်ဝန်းကျင် အကြောင်းတွေကို လွဲချ၏။ ပတ်ဝန်းကျင်အကြောင်းတွေမှာလည်း အကျိုးကို ဖြစ်စေနိုင်သော အကြောင်းရင်း မရှိ။ ဤသဘောပါဟု လက်ဆုပ်လက်ကိုင်ပြစရာ မူလ အကြောင်းရင်း အနှစ်အသား ကင်းဆိတ်နေသောကြောင့် အသာရကဋ္ဌေနအနတ္တာ ဆိုသည့်အတိုင်း ငြင်းစရာမရှိ ဖြစ်နေ၏။

ယင်း မနေ့ာဝိညာဉ်ပဲဟု အသမုတ်ခံရသော သဘောသည် ဘယ်ကလာ၍ ဘယ်လိုရပ်တည်ယောင်ပေးပြီး ဘယ်မှာ ဆုံးခန်းတိုင်နေပါသနည်း ဆိုလျှင်—
မဖြစ်ပေါ်မီကလည်း ဘယ်ကလာမှန်း မသိ၊
ဖြစ်ပေါ်ဆဲမှာလည်း ဘယ်မှာရပ်တည်၍ဟု မညွှန်ပြနိုင်။
ဖြစ်ပြီးနောက်တွင်လည်း ဘယ်ကို ရောက်သွားသည်ဟု အတိအကျ ပြောမပြနိုင်အောင် ချုပ်ပျောက်၍ နေ၏။

[၄] မဖြစ်ပေါ်မီ ရှေးအဖို့ကလည်း ဘယ်ကလာမှန်း မသိဆိုသော အချက်၌ မသိသည်ကို မသိဟု ဆိုခြင်းကြောင့် အဝိဇ္ဇာနယ်ထဲ ရောက်သည်ဟု ထင်စရာရှိ၏။ ယင်းသို့ဆိုလျှင် သိရမည်၊ ဘာကို သိရမည်နည်း၊ အနတ္တကို သိရပါမည်။

## အနတ္တသိပ်၊ အနိစ္စသိပ်၊ ဒုက္ခသိပ်

အသာရကဋ္ဌေန အနတ္တာ။ အသာရကဋ္ဌေန၊ ဖြစ်စေနိုင်သော မူလအကြောင်းရင်း ရှေးဦးစွာ အစရှာ၍ မရခြင်းကြောင့် သိမ်းပိုက်တွယ်တာစရာ အစစ် အနှစ် အသား ကင်းဆိတ်နေခြင်း သဘော သိမ်းပိုက်စွဲယူစရာအစစ် တထစ်ချ ဝန်ခံနိုင်သည့် အနှစ်အသား မရှိသောကြောင့်။ အနတ္တာ၊ တထစ်ချ အတ္တအစစ်နှင့် ဖြစ်ပေါ်နိုင်သော သဘော မဟုတ်သည့် အနတ္တအစစ် ဖြစ်ပါပေ၏။

ယင်းအနှစ်အသား မရှိသော သဘောကြောင့် အနိစ္စဟူ၍လည်း ခေါ်ဆိုနိုင်ပါသည်။

## ခယဋ္ဌေန အနိစ္စံ

ခယဋ္ဌေန၊ တထစ်ချ ဖြစ်စေနိုင်သော မူလအကြောင်းရင်း ပျောက်ပျက်ကုန်ခန်းနေခြင်းကြောင့်။ အနိစ္စံ၊ အနိစ္စဟူ၍လည်း ခေါ်ဆိုနိုင်ပါသည်။

ယင်းကဲ့သို့ ပျောက်ပျက်ကုန်ဆုံးကာ ချုပ်ငြိမ်းသော သဘော ရှိခြင်းကြောင့် အနိစ္စဟူ၍လည်း ခေါ်ဆိုနိုင်ပါသည်။

## ဘယဋ္ဌေန ဒုက္ခံ

ဘယဋ္ဌေန၊ ကိုးကွယ်ရာ ထောက်တည်ရာမရ၊ ချဉ်းကပ်ခြင်းငှာ မထိုက်သဖြင့် ဘေးနှင့်မခြား တူသောကြောင့်။ ဒုက္ခံ၊ အကျိုးမဲ့ အချည်းနှီးသာ ဖြစ်သဖြင့် ဒုက္ခအစစ် ဖြစ်ပါပေသည်။

သူသူငါငါ သတ္တဝါအများတို့သည် မနောဝိညာဉ်ဟု ခေါ်သော မျက်လှည့်ဆရာ၏ လှည့်စားမှုကိုသာ ခံ၍နေကြရသောကြောင့် ထိုမနောဝိညာဉ်သည်ပင် ထောက်တည်ရာမရ ဖြစ်သည်ကို မြင်အောင် ကြည့်နိုင်ရန် တင်ပြပါဦးမည်။

ဣမေ ရူပါ ရူပ ဓမ္မာ ဥပ္ပါဒပဒေသေယေဝ နိရုဇ္ဈိတွာ၊
ကောဋဂ္ဂမတ္တံပိ ဒေသန္တရသင်္ကမနံ နာမနတ္ထိ။

ဣမေရူပါရူပဓမ္မာ၊ ဤရုပ်နာမ်ဟု အသမုတ်ခံရသော သဘောတရား ဟူသမျှသည်။ ဥပ္ပါဒပဒေသေယေဝ၊ ဖြစ်သည်ဟု ဆိုသောနေရာ၌သာလျှင်။ နိရုဇ္ဈိတွာ၊ မဖြစ်နိုင်ပဲ ကွာရှဲချုပ်ငြိမ်းကြ၍။ ကောဋဂ္ဂမတ္တံပိ၊ ဆံခြည်တဖျားခန့်မျှလည်း။ ဒေသန္တရသင်္ကမနံနာမ၊ နောက်တဖွားသို့ ရွှေပြောင်းဖို့ရာ၊ တဖွားဖွားဆိုသော အရာဌာနမည်သည်။ နတ္ထိ၊ မရှိနိုင်။

အမှန်စင်စစ် ရုပ်နာမ်ဟု အသမုတ်ခံရသော သဘောတရားတို့သည် ပထမ တဖွားဖွားမှ ဒုတိယ တဖွားဖွားသို့ မရွှေ့ပြောင်းနိုင်ပဲ ပထမ တဖွားဖွားတွင်သာ သေပျောက် ချုပ်ငြိမ်းကြ၏။ ဤသည်ကိုကြည့်လျှင် မနောဝိညာဉ် ကိုယ်တိုင်ပင် အနတ္တအဖြစ်နှင့် နေနေရသည်မှာ ထင်ရှားပါသတည်း။

**ကျက်မှတ်ရန်**

သဘောအစဉ်ကို ကြည့်လေ
မနောဝိညာဉ်ကို သိပဟေ
မပြောမရှိနဲ့ ဟောကြည့်ကြအဆွေ

ဒီမလေ သူကိုယ်တိုင်လဲ အခြေမခိုင်ပေ
အနတ္တဖြစ်လို့ ချုပ်ပျောက်ကာ ပျက်စီးနေ။

လောကီကုသိုလ်၊ အကုသိုလ် အနတ္တဖြစ်ပုံနှင့် ပညတ်အနတ္တ၊ ပရမတ်အနတ္တ၊ မဂ်ဇောအနတ္တ၊ ဖိုလ်ဇောအနတ္တ၊ နိဗ္ဗာန် အနတ္တ စသည်တို့ကိုလည်း အောက်ပါပုံစံကို ကြည့်ပါ။

**ပုံစံ**

သပ္ပုရိသူပ
မိ္စရာပုဂ္ဂိုလ်

ပုဗ္ဗေစ ကတပုညု (လောကီကုသိုလ်) ပဋိရူပ ဒေသဝါသ
ရှေးကအဆက်………………………… ………..နေရာဌာန
အတ္တသမာပဏိဓိ

**ကိုယ်တိုင်ဆောက်တည်မှု**

သဒ္ဓမ္မသဝနံ
ပညာသိအနတ္တကို ကြားနာခြင်း
(လောကုတ္တရာကုသိုလ်)
ယောနိသော မနသိကာရ

နာကြားသည့်အတိုင်း နှလုံးသွင်းခြင်း၊ ယင်းကြောင့် ကုသိုလ်ပဲ၊ အကုသိုလ်ပဲ့၊ လောကုတ္တရာပဲ၊ ပညတ်ပဲ၊ ပရမတ်ပဲ၊ မဂ်ပဲ၊ နိဗ္ဗာန် ပဲဟု ခေါ်ကြသည့် သဘောတရား စသည်တို့သည်လည်း သူ့

ဟာသူ ဖြစ်ရှိပေါ်လာနိုင်မှုကို အစိုးမရကြသဖြင့် အနတ္တတွေ ဖြစ်နေကြ၏။ ယင်းအနတ္တဖြစ်ပုံကို ဆက်လက်၍ ရှုပါ။

## ပညတ်ဝိစိကိစ္ဆာဆယ့်ခြောက်ပါး
## အတိတ် ငါးချက်

[၁] အရင်က ငါသည် တခုခု ဖြစ်ခဲ့ပြီလား။
[၂] မဖြစ်ခဲ့ဘူးလား။
[၃] အရင်က ဘယ်ဘဝက လာသလဲ။
[၄] အရင်က ဘယ်လိုအမျိုးအစားထဲက လာသလဲ။
[၅] အရင် ဘယ်လိုသဏ္ဌာန် အမည် အရည်အချင်းများ ရှိခဲ့ဖူးသလဲ။

## ပစ္စုပ္ပန် ခြောက်ချက်

[၁] ယခုဘဝ ငါသည် ဤအခြေအနေ၌ တည်နေ၏။
[၂] ဤအခြေအနေသည် ငါ ဖြစ်၏။
[၃] ငါမဟုတ်ပဲများ ဖြစ်နေသလား။
[၄] ငါသည် ဘယ်အတန်းအစားတွင် ဖြစ်နေ၏။
[၅] ငါသည် ဘယ်လိုပုံဟန် သဏ္ဌာန် အမည်နာမပေါ်တွင် တည်ရှိနေ၏။
[၆] ငါဆိုသော သတ္တဝါသည် ဘယ်ကလာ၍ ဘယ်ကိုများ သွားရဦးမည်နည်း။

## အနာဂတ် ငါးချက်

[၁] ငါသည် နောင်သောအခါ၌ ဖြစ်ရဦးမည်လား။
[၂] မဖြစ်ရဘူးလား။
[၃] နောင်သောအခါ၌ ဘယ်လိုဘဝကို ဖြစ်ရဦးမည်နည်း။
[၄] ဘယ်လိုအတန်းအစားမျိုး ဖြစ်ရဦးမည်နည်း။
[၅] ဘယ်လို အတန်းအစားဖြစ်၍ ဘယ်လို အခြေအနေတွင် ဆိုက်နေရဦးမည်နည်း။

ယင်း -၁၆- ချက်တို့သည် ပဉ္စတ်ဝိစိကိစ္ဆာဟု ခေါ်ဆိုသော ယုံမှားခြင်းသံသယ ဝိစိကိစ္ဆာများ ဖြစ်၏။

## ပရမတ် ဝိစိကိစ္ဆာ

[၁] ဘုရား၌ ယုံမှားခြင်း။
[၂] တရား၌ ယုံမှားခြင်း။
[၃] သံဃာ၌ ယုံမှားခြင်း။
[၄] အကျင့်သိက္ခာ၌ ယုံမှားခြင်း။
[၅] သံသရာ၏ ရှေ့အစွန်းကို ယုံမှားခြင်း။
[၆] သံသရာ၏ နောက်အစွန်းကို ယုံမှားခြင်း၊
[၇] သံသရာ၏ ရှေ့အစွန်း နောက်အစွန်းကို ယုံမှားခြင်း။
[၈] စွဲ၍ဖြစ်သော တရား၌ ယုံမှားခြင်း။

ယင်း ရှစ်ချက်တို့မှာ ပရမတ်၏ ယုံမှားခြင်းဟု ခေါ်သော သံသယ ဝိစိကိစ္ဆာများ ဖြစ်၏။

ယင်းပညတ်ဝိစိကိစ္ဆာ၊ပရမတ်ဝိစိကိစ္ဆာတို့သည် မဂ်ဖိုလ်နိဗ္ဗာန်ကို တားမြစ်သော တရားများဖြစ်၍ ထိုဝိစိကိစ္ဆာတို့မှကင်းအောင် ကြိုးစားအားထုတ်ကြရပေမည်။

သတ္တဝါတို့ ရင်ဆိုင်အတိုက်ခံနေရသော ဒုက္ခ သုံးမျိုးတို့မှာ—

[၁] ဒုက္ခ—ဒုက္ခ၊
[၂] ဝိပရိဏာမဒုက္ခ၊
[၃] သင်္ခါရဒုက္ခ၊

ဆင်းရဲကြောင့် ဒုက္ခဖြစ်၊ ဖောက်ပြန် ပြောင်းလဲခြင်းကြောင့် ဒုက္ခဖြစ်၊ မတည်မြဲခြင်းကြောင့် ဒုက္ခဖြစ်။

**သင်္ခါရပေါ်တွင် ကျရောက်နေသော နိမိတ်ဆိုးကြီး—၁၁—ပါး၊**

[၁] အတိတ်—အရင်ရှေး၊
[၂] ပစ္စုပ္ပန်—ယခု၊
[၃] အနာဂတ်—နောင်—နောက်၊
[၄] အဇ္ဈတ္တ-အတွင်း၊
[၅] ဗဟိဒ္ဓ—အပြင်၊
[၆] ဩဠာရိက—အကြမ်း
[၇] သုခုမ—အနု—အသိမ်အမွေ့၊
[၈] ဟီန—အယုတ်၊
[၉] ပဏီတ—အမြတ်၊
[၁၀] ဒူရ—အဝေး၊
[၁၁] သန္တိက—အနီး၊

ယင်း နိမိတ်ဆိုးကြီး—၁၁ ပါးသည် သက္ကာယဒိဋ္ဌိစွဲ ရှိသူတို့ အပေါ်တွင် အမြဲ အုပ်မိုးလျက် ရှိနေကြ၏။ ထိုနိမိတ်ဆိုးကြီး ၁၁—ပါး လောင်းရိပ်အောက်က လွတ်အောင် ရုန်းထွက်နိုင်မှသာ နိဗ္ဗာန်မဂ်ဖိုလ်သို့ မျက်မှောက်ပြုနိုင်မည် ဖြစ်၏။

နိမိတ်ဆိုးအောက် လောင်းရိပ်မှ ရုန်းထွက်ရန် မြင်သမျှ၊ ကြားသမျှ၊ နံသမျှ၊ စားသမျှ၊ ထိသမျှ၊ သိသမျှ၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တ အစစ်ပဲဟု သိရှိမှုသည် သညာသိမျှသာ ဖြစ်၏။

သညာသိဆိုသည်မှာ ပညတ်ပေါ်တွင်သာ ထင်ရှားခြင်းကြောင့် နိဗ္ဗာန်နှင့် မနီးချေ။

ဝိညာဉ်သိ၊ ဝိပဿနာသိ ဆိုသည်မှာလည်း သဘာဝသစ္စာနှင့်သာ သက်ဆိုင်သောကြောင့် အရိယာ သစ္စာနယ်သို့ မရောက်သေးချေ။

ပညာသိ ဝိပဿနာမှာ တခုသော သဘောကလေး ဆိုသည့် သဘာဝသစ္စာကိုယ်တိုင်က သူကိုယ်တိုင်၏ ဖြစ်ပေါ်မှုကို အစိုးမရသောကြောင့် အနတ္တဖြစ်နေပုံကို သိမြင်ခြင်း ဖြစ်ပါသည်။ သို့ကြောင့် သဘာဝသစ္စာကိုဖောက်ခွဲပြီး အရိယသစ္စာနယ်ထဲသို့ ရောက်နိုင်ရန်အတွက် ပုံစံနှင့်ပြရလျှင်....

## ပုံစံ ၁

တဏှာ = အကြောင်းပြ

အဝိဇ္ဇာ ကံ

ဥဒယ

မသိမှု အရှိန်

အာဟာရ = ထောက်ပံ့မှု

ဤပုံစံမှာ ရုပ်ဖြစ်တပါး ဖြစ်စေသည့် အကြောင်း လေး-ပါး ပုံစံဖြစ်၏။

နောက် ပုံစံ ၂ ကို ဆက်လက်ရှုပါ။

## ပုံစံ ၂

တဏှာ—အကြောင်းပြ

အဝိဇ္ဇာ ကံ

ဝယ

မသိမှု အရှိန်

အာဟာရ—ထောက်ပံ့မှု

ထိုပုံစံမှာ ရုပ်ပျက်တပါး ဖြစ်စေသည့် အကြောင်းလေးပါး ပုံစံဖြစ်၏။

## ပုံစံ ၃

တဏှာ — အကြောင်းပြ
အဝိဇ္ဇာ — မသိမှု
ကံ — အရှိန်
ဖဿ — တွေ့ထိမှု

ဤပုံစံမှာ နာမ်တရား၏ ဖြစ်ခြင်း၊ ဖြစ်စေခြင်း၊ ပျက်ခြင်း- ပျက်စေခြင်း အကြောင်းလေးပါး ပုံစံ ဖြစ်၏။

ရုပ်တလုံးတွင် ဖြစ်ရခြင်း အကျိုးတပါး၊ အကြောင်း လေးပါး ရှိ၍ ပေါင်း ငါးပါးရှိ၏။ နာမ်တလုံးတွင်လည်း ထိုနည်း အတူပင်။

ရုပ်တလုံးတွင် ပျက်ရခြင်းအကျိုး တပါး၊ အကြောင်း လေးပါး ရှိ၏။ နာမ်တွင်လည်း ထိုနည်းတူပင် ဖြစ်ရခြင်းနှင့် ပျက်ရခြင်း ပေါင်းသော် ကျိုးကြောင်း ဆယ်ပါး ရှိလေသည်။

ထိုအကျိုးအကြောင်းတို့တွင် သဿတဒိဋ္ဌိနှင့် ဥစ္ဆေဒဒိဋ္ဌိတို့ကို ဖောက်ခွဲ၍ မဇ္ဈိမပဋိပဒါဟု ဆိုသော ယထာဘူတနည်းဖြင့် ပညာသိ အနတ္တကို သိမှသာ မဂ်ဖိုလ်နိဗ္ဗာန်သို့ ကောန်ရောက်နိုင်၏။

## ကျက်မှတ်ရန်

မသိမှုနှင့်၊ ငြိမှုထွေထွေ
အမှောင်လုံးက၊ ပိတ်ဖုံးလို့နေ
ဘင်္ဂအမြောက်၊ ပစ်ဖောက်ခါပေ
အမှောင်ရှင်းစို၊ သင်းပင်းတို့ရေ
လာပေ့၊ လာကြပေ့၊ ညီစေ၊ ချီမလေ။

ဖြစ်ခြင်း ပျက်ခြင်း အကြောင်းတရားများကို စူးစူးနက်နက် ဖောက်ခွဲစိတ်ဖြာ၍ကြည့်ရန် ဘင်္ဂဉာဏ် ဝိပဿနာကို လေ့လာ အားထုတ်ရပါမည်။

## ဘင်္ဂဉာဏ်

ဘင်္ဂဉာဏ်ဝိပဿနာဆိုသည်မှာ ဥဒယဗ္ဗယဉာဏ် ဆင်ခြင်နည်း အရ ပျောက်ပျက်တတ်သည် ဆိုသည့် နေရာတွင် ဖြစ်သဘော ခေါ် သမုဒယအပေါ်၌ မစူးစိုက်တော့ပဲ ပျက်သဘောခေါ် ဒုက္ခသစ္စာအပေါ်မှာသာ စဉ်းစားဆင်ခြင်ရမည် ဖြစ်၏။

စဉ်းစားဆင်ခြင်ရန်မှာ အရှုခံရသော သဘောနှင့် ရှုတတ်သော သဘောတရားတို့ ကုန်ခန်းပုံ(ခယ)ကို စဉ်းစားရပါမည်။

ကုန်ခန်း ပျောက်ပျက်သွားပုံ၊ မည်သည့် အရာတွေ ကုန်ခန်း ပျောက်ပျက်သွားသည် ဆိုခြင်းကို သိရန် (လက္ခဏာ)ကို စဉ်းစား ရပါမည်။

အရှုခံရသော သဘောနှင့် ရှုတတ်သော သဘောတို့မှစ၍ အသီးသီး အဆက်ကင်းပြတ်နေပုံကို သိနားလည်ရန် (ဝိရောဂ ဓမ္မ)ကို စဉ်းစားရပါမည်။

ကင်းပြတ်သော သဘောတရားတို့သည် ဆက်သွယ်မှုကို ဖြစ်စေနိုင်တဲ့ အကြောင်းရင်း၊ အကြောင်းဖျားတို့ကို ဖြစ်စေနိုင်သည့် သဘောကို မတွေ့ရပဲ ချုပ်ငြိမ်းနေပုံကို ကျပ်ပြည့်တင်းပြည့် နားလည်ရန်(နိရောဓ ဓမ္မ)ကို စဉ်းစားရပါမည်။

ခယ
လက္ခဏာ
ဝိရောဂ ဓမ္မ
နိရောဓ ဓမ္မ

တို့သည် ဘင်္ဂဉာဏ်၏ အစမျှသာ ဖြစ်ပါ၏။

လောကီသင်္ခါတနယ်နှင့် လောကုတ္တရာ သင်္ခါတနယ် ခွဲပုံ။

**ပုံစံ၊ လောကီနယ်**

၁။ ဥပ္ပာဒ—အရင်က အရှိန်ခေါ် ဖြစ်သဘော၊
၂။ ပဝတ္တ—ယခုလက်ငင်းနှင့် ရောယှက်နေမှု ဖြစ်စဉ်၊
၃။ နိမိတ္တ—ပတ်ဝန်းကျင်နှင့် ပေါင်းစပ်မိ၍ ထင်စရာအရိပ်၊
၄။ အာယူဟန—ထင်စရာအပေါ်၌ တစုံတခု လုပ်မှု ကြံစည်မှု၊
၅။ ပဋိသန္ဓိ—အာရုံတခုနှင့်တခု ဆက်သွယ်ကြခြင်း ဆက်စပ်မှု၊

## ပုံစံ၊ လောကုတ္တရာနယ်

[၁] အနုပ္ပါဒ–အရင်က အရှိန်ခေါ်ဖြစ်သဘောပေါ်၌တွယ်တာလိုမှု ဖြစ်ခြင်း။

[၂] အပဝတ္တ–ယခုလက်ငင်းပေါ်လာသည့် အာရုံ၌ တွယ်တာမှု ဖြစ်စရာ မရှိခြင်း။

[၃] အနိမိတ္တ–ယခင်၊ ယခု၊ နောင် ဆိုသော သင်္ခါရ နိမိတ်အပေါ်၌ တွယ်တာစရာ အရိပ်အရောင် မရှိခြင်း။

[၄] အနာယူဟန–ကြံစည်လှုံ့ဆော်ရန် အားထုတ်စရာ မရှိခြင်း။

[၅] အပဋိသန္ဓိ–ပျောက်ကွယ်တတ်သော သဘောအပေါ်၌ အာရုံ တခုနှင့်တခု ဆက်စပ်ဖို့ရာ မရှိခြင်း။

ဘင်္ဂဉာဏ်ဆိုသည်မှာ ပျက်ပြားကုန်ဆုံးနေသော သဘောများကို အနုစိတ် နားလည်သောဉာဏ် ဖြစ်၍ ပျက်ပြားကုန်သော၊ နေသော သဘောသိ ဘင်္ဂဉာဏ်ကို ယထာဘူတ ကျနမှန်ကန်စွာ ဖြစ်ရှိနေရပုံကို အတိအကျ သိနိုင်ရန် ပြဆိုခဲ့ပြီး ဖြစ်သော–

နာမရူပ ပရိစ္ဆေဒဉာဏ်

ပစ္စယ ပရိဂ္ဂဟဉာဏ်

သမ္မသန ဉာဏ်

ဥဒယဗ္ဗယ ဉာဏ်

တို့၏ ဆုံးဖြတ်ချက်အရ အောက်ဉာဏ် လေးခုရှိ ဃန လေးမျိုးတို့ ကုန်ခန်းနေပုံ"ခယ"ကို သိပြီးသည်၏အဆုံး၌ နောက်ဆုံးအနေ ဖြင့် ပြောပြစရာ မရှိလောက်အောင် ပျောက်ကွယ်သွားပုံကို သိသောဉာဏ်ဟု ဆိုရပေမည်။

ပြောပြစရာ မရှိလောက်အောင် မည်သည့်အရာတွေ ပျောက် ကွယ်သွားပါသနည်း။

ပျောက်ပျက်သည်ဟုရှုတတ်သောဝိပဿနာစိတ်သည်လည်းတည် မြဲခြင်း မရှိ။ ပျောက်ပျက်လေသည်သာဟု ရှုတတ်သော ဒုတိယ ဝိပဿနာ စိတ်သည်လည်း မတည်မြဲ၊ ပျောက်ပျက်သည်သာ စသည်ဖြင့် ဒုတိယကို တတိယစိတ်နှင့်ရှု၊ တတိယ ကို စတုတ္ထစိတ် နှင့် ရှု။ ဤကဲ့သို့ အဆင့်ဆင့်အထပ်ထပ် မပြတ်ရှုသော်လည်း အရှုခံရသည့်အာရုံနှင့် ရှုတတ်သည့်အာရုံတို့၏ အလိုအရဖြင့်သာ အပိုင်းအပိုင်းအနေမျိုးဖြင့် ပိုင်းခြားကန့်သတ်လျက် ရှိနေမှုသာ ထူးထွေစေကာမူ ပျောက်ပျက်သော သဘောမှာ တခုတည်း သာ ရှိနေ၏။

ယင်းအပျောက်အပျက်မျိုးကိုလည်း ထားရပေမည်။ အဘယ် ကြောင့်ဆိုသော် ယင်းရှုတတ်သည့် ဝိပဿနာစိတ်သည် ကြွင်း ကျန်နေပါက ဝိပဿနာအတ္တစွဲ ဖြစ်နေသဖြင့် ရှု၍မပြီးနိုင်ပဲ ဝိပဿနာ သံသရာထဲတွင် အတ္တစွဲနှင့် တဝဲလယ်လယ် ကျင်လည် နေရ၍ သိရုံမျှတော့ သိထားထိုက်ပေသည်။

ဆိုခဲ့ပြီးသော သဘောများအရ ရှုတတ်သည့်ဝိပဿနာစိတ်တို့၏ အဆင့်ဆင့်အနေမျိုးဖြင့် ပျောက်ပျက်ပုံ ပိုင်းခြား ကန့်သတ်မှုသာ ထူးခြားတော့၏။ ဘင်္ဂဆိုသော ပျောက်ပျက်မှုမှာ တခုတည်းသာရသည် ဆိုသဖြင့် အခြားဘာများ ပျောက်ပျက်စရာရှိသေးသနည်း ဆိုလျှင် အောက်ဉာဏ်များ၏ အစီရင်ခံချက်အရ ယခုလက်ငင်း သိမ်းပိုက်စွဲယူစရာ ပျောက်ကွယ်ရသည်ကိုထောက်ရှုက ယခင်နှင့်နောက်လည်း မထူး၊ ယခင်ပဲ၊ နောက်ပဲယခုပဲလို့သာ ပြောရသည်၊ အမှန်မှာ ယခင်ပဲ၊ယခုပဲ၊ နောက်ပဲဆိုတာမရှိ၊ ပျောက်ကွယ်တဲ့သဘောသာရှိ၏။ သို့ကြောင့် ဘာမျှမရှိဟုဆိုလျှင် ဥစ္စာဒဒိဋ္ဌိ။

ယခင်

ယခု

နောင်

ဆိုသည့် သဘောသာလျှင်မရှိ၊ ယခင်၊ ယခု၊ နောင် ဆိုသောကာလသုံးပါးထဲတွင် ပျောက်ပျက် ကုန်ဆုံးမှု သဘောတွေအမှန်တကယ်ရှိနေသောကြောင့် ဘာမျှမရှိဆိုလျှင် လွဲ၏။

ရှုတတ်သည့်ဝိပဿနာစိတ်တွေကို စစ်ဆေးကြည့်ရာ အဆင့်ဆင့်ထူးထွေနေကြသော်လည်း ဘင်္ဂခေါ်အပျက်သဘောတခုတည်းသာရှိကြောင်း သိနေရပါပြီ။ ယင်းနောက် လိုရင်း ဒုတိယဘင်္ဂမှာ—

ယခင်

ယခု

နောင်

ဟူ၍သာကာလသုံးပါးဘက်မှနေကြည့်၍ ရှုပါမည်၏၊ စင်စစ် ယခင်၊ယခု၊နောင်ဟု အထင်ခံရသည့် သဘောကလေးတွေသာ အပြောက်ပျက်ခံနေရသည့်အနေမျိုးဖြင့် ပြောက်ကွယ် ကုန်ဆုံးမှု အနေမျိုးဖြင့် နောက်ဆုံးကျန်ရှိနေသည်ကို တွေ့ရ၏။

ယင်းအပြင် မည်သည့် အပြောက်အပျက်မျိုး ကျန်နေပါသေးသနည်းဆိုလျှင်၊

ပြောက်ပျက်ပဲဟုကြံစည်သမျှ၊ တွေးတောသမျှသာ ပြောက်ပျက်၍၊အခြားမပြောက်ပျက်သည်ကို နားလည်ထားရပါမည်။ အဘယ်ကြောင့်ဆိုသော်—

ကြံစည်တွေးဘောသမျှ၊ ကြံစည်တွေးတောရန် လှုံ့ဆော်တိုက်တွန်းသမျှဆိုသော“အဘိသင်္ခါရ”တို့သည်သာလျှင် ပြောက်ပျက်သေဆုံးကြကုန်၏။

ယင်းသင်္ခါရမှတပါး အခြားသောတရားများသည် ပြောက်ပျက်သေဆုံးမှု မရှိ၊ ပြောက် ပျက် သေဆုံးမှု ကင်းဆိတ် နေသော “သင်္ခါရသုညတ”ကို အေးမြသည်ထင်သဖြင့် “သန္တတိ အစဉ်နိဗ္ဗာန်”ဟုထင်ပြီး သစ္စိကာ—တဗ္ဗ၊ မျက်မှောက်ပြုထိုက်သည်ဟု ထင်လျှင် လွဲမှားလေသည်။

ကြံစည် တွေးတောရန် လှုံ့ဆော်သမျှ သင်္ခါရ သည်သာလျှင် ပြောက်ပျက်သေဆုံးသည်၊ အခြား ဘာမျှ သေဆုံးပျက်စီးခြင်း မရှိဆိုသဖြင့် သေဆုံးပျက်စီးခြင်း ကင်းဆိတ်သည်တော့မှန်၏။ သို့သော် ယင်းမှာသင်္ခါရသုညတအနေမျိုးမျှသာဖြစ်၏။ သင်္ခါရနယ်မှ မလွတ်သဖြင့် သန္တတိနိဗ္ဗာန်အစစ် မဟုတ်သေးချေ။

## ထပ်ပြီးရှင်းပါဦးမည်

ရုပ်နာမ်ဘက်ကနေ၍ပြောလျှင် ကြံစည်လှုံ့ဆော်မှုသဘောတွေ ပျောက်ပျက် သေဆုံးခြင်းသည် တခြားပျောက်ပျက် သေဆုံးခြင်းမရှိ ဆိုသဖြင့် သည့်ပြင်ဟာတွေ အေးမြတယ်ဟု ထင်လိမ့်မည်။ ယင်းကဲ့သို့ထင်တာသည်ပင်လျှင် မနောဝိညာဏ်ခေါ်၏။ မနောဝိညာဏ်ဖြစ်ခြင်းကြောင့် ရုပ်နာမ်နယ်ထဲရောက်၍ပျောက်ပျက် ခံရသည့်သဘော ပြန်ရောက်မှန်းမသိ ရောက်ရပြန်လျှင် တိတ်တိတ်ပုန်းဥပါဒါန်၏အာရုံ ကျန်နေ၏။ ဥပါဒါန် အာရုံ ကျန်သည်ဆိုခြင်းမှာ ဝိပဿနာကို ကြံစည် အားထုတ် နှလုံးသွင်းရန် လှုံ့ဆော်သော အဘိသင်္ခါရဝိညာဏ် ကျန်ရှိနေသေးသည်ဟု ဆိုခြင်းဖြစ်၏၊

ယင်းကြောင့် ကြံစည်တွေးတောရန်လှုံ့ဆော်မှု အဘိသင်္ခါရ ကိုယ်တိုင်ပျောက်ပျက်သေဆုံးသောသဘော၊ ထောက်တည်ရာ၊ ကိုးကွယ်ရာ၊ ပုန်းအောင်းရာမရသော သဘောတွေသာ ဖြစ်နေသည့် ဥပ္ပါဒသင်္ခါရဖြစ်ခြင်းကြောင့် ၎င်းသင်္ခါရအပေါ်မှာပင် တွယ်တာ လိုသောစိတ် ကင်းဆိတ်သည့် အတ္တ သုညတကိုသာ မျက်မှောက်ပြုခြင်းငှါ ထိုက်၏။ မည်သို့ မျက်မှောက်ပြုရမည် နည်းဆိုလျှင်—

ကြံစည်တွေးတောရန် လှုံ့ဆော် အားထုတ်လိုသည့် သင်္ခါရ အပေါ်၌သာကိုးကွယ်ရာမရ၊ အနတ္တဟု ကျုပ်ပြည့် သိရပါမည်။ ထိုသို့ကျုပ်ပြည့်သိသောအခါ ထောက်တည်ရာ ရလိမ့်ဦးမည်၊

သိမ်းပိုက်တွယ်တာ၍ ရလိမ့်ဦးမည်လို့အတင်းအထင်ခိုင်း၍လည်း မရ။ထင်စရာပြကြသည့်'ဥပ္ပါဒသင်္ခါရ'အပေါ်၌ ထပ်မံလှူ့ဆော်ရန် ကြံစည်အားထုတ်လိုသော သမုဒယကိုလည်း တမင်ပယ်စရာမလို၊ ပယ်စရာလည်း မရှိတော့၊ ပယ်ပြီးသား ဖြစ်သွားပေလိမ့်မည်။

ယင်းကဲ့သို့ ထောက်တည်ရာ ရလိမ့်ဦးမည်ဟု စွဲလမ်းထင်မှတ်မှုသဘောကလေးလွတ်သွားခြင်းကို၊ငြိမ်းသွားခြင်းကို ၊ချုပ်ကွယ်သွားခြင်းကို ၎င်းသဘောကလေး အမှေးမြည့်မြည့်မျှ မကျန်တော့သည်ကို နိရောဓသို့ မျက်မှောက်ပြုခြင်းဟု ခေါ်ဆို၏။

**သစ္စာလေးပါး သဘောတရား**

[၁] ထောက်တည်ရာ၊ကိုးကွယ်ရာ၊ပုန်းအောင်းရာ သဘောရှိနေသည်မှာမှန်၏၊ သည့်ပြင် အခြား မရှိဟု သိခြင်း၊ သိဆဲသည်(မဂ္ဂသစ္စာ)

[၂] ထိုသို့သိခြင်းငှါ ထိုက်သည့် သဘောသည် (ဒုက္ခသစ္စာ)

[၃] ထောက်တည်ရာ ရလိမ့်ဦးမည်ဟု ထင်မှတ် မှုသည် (သမုဒယသစ္စာ)

[၄] ထောက်တည်ရာ ရလိမ့်ဦးမည်ဟု ထင်မှတ် နေသောသဘောကလေး လွတ်သွားခြင်း၊ချုပ်သွားခြင်း၊ ငြိမ်းသွားခြင်းသည်(နိရောဓသစ္စာ)

ဒုက္ခသစ္စာကို သိသည်နှင့် ကျန်သစ္စာ သုံးပါး တို့သည်လည်း အကျိုးတရားအနေနှင့် အလိုလို ပြီးစီးပါဝင်သွားကြ၏။

## ကျက်မှတ်ရန်

ပညာသိဉာဏ် အလင်းနဲ့သာ၊
မမနောဝိညာဉ် မှောင်တွင်း ဖြိုခွင်းလိုက်ပါ၊
အကုန်ရှင်းပြီး အလင်းပေါ်ကာ၊
မဂ်ခရီး၊ သွားနည်းလမ်းတွေမှာ။

## မဂ်ဉာဏ်

မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်၊ နိဗ္ဗာန်ဟုဆိုရာ၌ မဂ်ဉာဏ်သည်မည်သည့်သဘောမျိုးပါနည်း။
ဝိပဿနာဉာဏ်၏ အကျိုး အာနိသင်များသာ ဖြစ်သည်။ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ကမှတဆင့် ကျေးဇူး ပြုလိုက်သဖြင့် ရာဂ၊ လောဘ၊ဒေါသဆိုသည့်သဘောများလည်း အလိုလို ချုပ်ငြိမ်းသွားရသော မဟာဗလ အကျိုးဆက်မျှသာ ဖြစ်၏။
ဝိပဿနာဉာဏ်၏ အရေးအကြီးအဆုံးဖြစ်သော အနိစ္စ၊ ဒုက္ခ၊ အနတ္တတို့တွင် ဘယ်ကစ၍ ရှုမည်နည်း။
အနတ္တကစရပါသည်။ အနတ္တကမှစ၍ နားမလည်လျှင် အနိစ္စအစစ်၊ဒုက္ခအစစ်၊အနတ္တအစစ်တို့ကို မတွေ့မကြုံရသဖြင့် ပညာသိအနတ္တသို့ မဆိုက်နိုင်။

## အနတ္တကိုရှင်းပြပါမည်

ရှေ့အခန်းများကရှင်းပြပြီးဖြစ်သည့်အတိုင်း တခုသော သဘောသည် ကိုယ်တိုင်ဖြစ်နိုင်မှုကို အစိုးမရသောကြောင့် (အနတ္တ)။

ကိုယ်တိုင်မဖြစ်ရပဲနှင့် ဖြစ်စေဖို့ အကြောင်းကြောင့်သာ ဖြစ်ရသည်ဆိုသော်လည်း ယင်းပတ်ဝန်းကျင်ရှိ ဖြစ်စေတတ်သော အကြောင်းများကို တခုစီ စစ်ဆေးကြည့်သောအခါ မည်သည့် သဘောကမျှ ဖြစ်စေဖို့ကို ပြုလုပ်ဆောင်ရွက်နိုင်သော တာဝန် အကြောင်းရင်း အနှစ်အသား ကင်းဆိတ် နေခြင်းကြောင့် (သုညတ အနတ္တ)။

အကျိုးသဘောကို စစ်ဆေးကြည့်သောအခါ အကြောင်းတွေကို လွှဲချ၊ အကြောင်းတွေကို စစ်ဆေးပြန်တော့လည်း မည်သည့် သဘောကမျှ ဖြစ်စေနိုင်သော အကြောင်းပါဟု တာဝန်ခံချက် အကြောင်းရင်း ကင်းဆိတ်နေသဖြင့် ဗျာပါရ လုပ်စရာမရှိ၊ ပကတိ(အနတ္တ အဗျာပါရ)။

အကျိုးဖြစ်စေနိုင်သော အကြောင်းတွေထဲတွင် မည်သူသည် အကျိုးကိုဖြစ်စေနိုင်သည့် အကြောင်းရင်းဟု တထစ်ချဝန်ခံနိုင်သည့် အကြောင်းရင်း ကင်းဆိတ်နေသဖြင့် အနှစ်အသား မရှိသောကြောင့် (အနတ္တ)။

ပါဠိလို—အသာရ ကဋ္ဌေန အနတ္တာ။

အသာရကဋ္ဌေန၊ မူလအကြောင်းရင်း ကင်းဆိတ် နေ သဖြင့် အနှစ်အသား မရှိသောကြောင့်။ အနတ္တာ၊ သိမ်းပိုက် တွယ်တာ မရ ဖြစ်ရလေ၏။

ဤနေရာတွင် အနိစ္စကို အစားသွင်းကြည့်ရအောင်။ အနတ္တနှင့် သဘောချင်း တူပါသည်။ သို့သော် ထင်မြင်ပုံတော့ ကွာခြား၏။ ကွာခြားပုံမှာ မူလအကြောင်းရင်း ဖြစ်စေနိုင်

သည့် အတ္တသဘော ကုန်ခန်း ပျောက်ဆုံး နေသည်ကိုပင် (အနိစ္စ)။
ပါဠိလို–အနိစ္စံခယဋ္ဌေန။
ခယဋ္ဌေန၊ ဖြစ်စေနိုင်သော မူလအကြောင်းရင်း ပျောက်ကွယ် ကုန်ခန်းနေခြင်းကြောင့်။ အနိစ္စံ၊ အနိစ္စဟု ခေါ်ဆို၏။
အကြောင်းအကျိုးပြတ်သော ဒုက္ခကို သွင်းကြည့်ကြရအောင်။ ယင်းသည်လည်း အနိစ္စနှင့် သဘောချင်း အတူတူသာ ဖြစ်ပါသည်။ သို့သော် ဉာဏ်တွင် ထင်မြင်ပုံတော့ ကွာခြား၏။ ကွာခြားပုံမှာ ဖြစ်စေနိုင်သော မူလတာဝန်ခံ အကြောင်းရင်း ကင်းဆိတ်နေသဖြင့် ကိုးကွယ်ရာ၊ ထောက်တည်ရာ၊ ပုန်းအောင်းရာ မရ၍ ချဉ်းကပ်ခြင်းငှာ မထိုက်၊ ကပ်ရောဂါ ဘေးဆိုးနှင့် တူသောကြောင့် (ဒုက္ခ)။
ကုန်ခန်းပျောက်ပျက်သည်ဆိုသဖြင့် အနိစ္စအချက်၌ ဘာကြောင့် ကုန်ခန်းပျောက်ပျက်ရပါသနည်း။
မူလအနတ္တနှင့်တကွ မူလအနတ္တထဲတွင် ပါဝင်ကြသည့် အနိစ္စ၊ ဒုက္ခတို့ကို ကျပ်ပြည့် နားလည်မှုမရှိသောကြောင့် တမင်ကြံစည် အားထုတ် သိမ်းပိုက်မှု ပြုလုပ်ကြသဖြင့် ထိုကြံစည် တွေးတော သမျှ သင်္ခါရတွေသည်ပင် (သဗ္ဗေသင်္ခါရာ အနိစ္စာ)ထဲ ရောက် ကုန်ကြ၏။

## ဗိုလ်ဉာဏ်

အဝိဇ္ဇာ၊ တဏှာ၊ ကံ၊ အာဟာရ စသည်တို့နှင့် ပူးတွဲပြီးမှ ကျရောက်လာသော ဖြစ်ခါစ သဘောကလေး ဖြစ်ခြင်းကြောင့်

သတ္တဝါတိုင်း ဖြစ်မှုတို့ဖြင့် အနှိပ်စက်ခံရမှာချည်း ဖြစ်၏။ သို့သော် ထိုဖြစ်သဘောကိုယ်တိုင်ပင်လျှင် ပျောက်ကွယ် ကုန်ခန်းခြင်းနှင့် မကင်းနိုင်သောကြောင့် ပျောက်ကွယ်ဆဲ အခါ သက်သာရာရမလို ထင်ရပြီးနောက် ပျက်သဘောတို့နှင့် ကျပ်ပြည့် ဝေဖန်ကြည့်တတ်လေလျှင် ပဌမစိတ်၊ ပဌမအာရုံ မပြီးမီ ဒုတိယနောက်စိတ်၊ နောက်အာရုံ ပြီးစီးအောင် ဆင်ခြင်နိုင်သဖြင့် အတိတ်မှ ကင်းလွတ်သွားရ၏။

ဤသို့ လွတ်သွားခြင်းမှာ တကယ်ထင်မှတ်၍ သိမ်းပိုက်တွယ်တာလိုသော ငြိတွယ်မှုသံယောဇဉ်ကို ပယ်ကာမျှမတ္တဟု ပြောခြင်းငှာ ထိုက်သည့် အကျိုးကလေးသာ ရှိနေခြင်းကြောင့် ယင်းအကျိုးကို(ဖိုလ်)ဟု ခေါ်၏။

ပါဠိလို—ဖလံနာမ သံယောဇနေ မဟာနမတ္တာ မေဝ။
ဖလံနာမ၊ ဖိုလ်ဝင်စားသည် ဟူသည်မှာ။ သံယောဇနေပဟာန မတ္တမေဝ၊ ငြိတွယ်လိုသောဆန္ဒကို ပယ်ကာမျှ သဘောကလေးကိုသာလျှင်။ ဖလံနာမ၊ ဖိုလ်ဝင်စားသည်ဟု ခေါ်၏။
ဝိပဿနာတရားတော်ကို အကြမ်းသဘောမျှ တင်ပြ၍ ပြီးပါပြီ။
ဝိပဿနာတရား ပွားများ အားထုတ်ခြင်းနှင့် ပတ်သက်၍ သုတ္တနိပါတ်အဋ္ဌကထာတွင်....

ပညာဝါဟိပုရိသော ဝိပဿနံ၊ ဝဍ္ဎေတွာအရိယ မဂ္ဂဒ္ဒါရံဝိဝရိတွာ အမတနိဗ္ဗာနံ ပဝိသတိ၊ သာဝကပါရမိမ္ပိသမ္မာသမ္ဗောဓိမ္ပိ ပဋိဝိဇ္ဈတိ၊ အမတ မဟာနိဗ္ဗာနသမ္ပာပကေသုဟိ ဓမ္မေသု

ပညာဝသေဋ္ဌာ၊ အဝသေသာတ ပဿရိဝါရာဟောန္တိ’ဟု လာ ရှိ၏။

ပညာဝါ၊ ပညာရှိသော။ ပုရိသော၊ ယောကျ်ားသည်။ ဝိပဿနံ၊ ဝိပဿနာကို။ ဝဍ္ဎေတွာ၊ ပွားစေ၍။ အရိယမဂ္ဂဒွါရံ၊ အရိယ မဂ်တည်းဟူသောတံခါးကို။ ဝိဝရိတွာ၊ ဖွင့်လှစ်၍။ အမတနိဗ္ဗာနံ၊ အမြိုက်နိဗ္ဗာန်သို့။ ပဝိဿတိ၊ ဝင်ရလတ္တံ့။ သာဝကပါရမိမ္ပိ၊ သာဝကပါရမီဉာဏ်ကိုလည်းကောင်း။ ပစ္စေကဗောဓိမ္ပိ၊ ပစ္စေက ဗောဓိဉာဏ်ကိုလည်းကောင်း။ သမ္မာသမ္ဗောဓိမ္ပိ၊ သမ္မာသမ္ဗောဓိ ဉာဏ်ကိုလည်းကောင်း။ ပဋိဝိဇ္ဈတိ၊ ထိုးထွင်း၍ သိရလတ္တံ့။ ဟိ-သစ္စံ၊ မှန်၏။ အမတမဟာနိဗ္ဗာနသမ္ပာပကေသု၊ အမြိုက် နိဗ္ဗာန်သို့ ရောက်စေကုန်သော။ ဓမ္မေသု၊ တရားတို့တွင်။ ပညာဝ၊ ဝိပဿနာပါရမီပညာသည်သာလျှင်။ သေဋ္ဌာ၊ အမြတ်ဆုံးပေ တည်း။ အဝသေသာ၊ ကြွင်းသောပါရမီတို့သည်။ တဿ၊ ထို ဝိပဿနာပညာပါရမီ၏။ ပရိဝါရာ၊ အခြံအရံတို့သည်။ ဟောန္တိ၊ ဖြစ်ကြကုန်၏။

အခြေခံဝိပဿနာ ပြီးပါပြီ။

## ဒါနသည် မဂ်ကိုတားသလား

မဂ်တည်း ဟူသော အမတနိဗ္ဗာန်ကို အလိုရှိကြကုန်သော ပုဂ္ဂိုလ်များ အနေနှင့် လေ့လာနိုင်ရန် ပဌာန်း တရားတော်ကိုလည်းကောင်း၊ အခြေခံ ဝိပဿနာ တရားတော်ကို လည်းကောင်း အကျဉ်းနည်း အကြမ်းပုံစံဖြင့် ရေးသားတင်ပြခဲ့ပါသည်။ ယခုတဖန် ဒါနသည် မဂ်ကိုတားသည် ဟူ၍လည်းကောင်း၊ဒါနသည် မဂ်ကိုမတား ဟူ၍လည်းကောင်း အချို့ပုဂ္ဂိုလ်တို့အတွင်း အငြင်းပွားလျက် ရှိကြ၏။ ယင်း ပြဿနာ ပြေလည်စေရန် ဤစာတမ်းကို ပြုစုတင်ပြလိုက်ပါသည်။

ဒါနသည် မဂ်ကို တားသလား၊ တား၏။

ဒါနသည် မဂ်ကို မတားဘူးလား၊ မတားပါ။

မတားဘက်က ပြောရလျှင်

ဣဒံဒါနံနာမ၊ သုခါနံ နိဒါနံ၊ သမ္ပတ္တီနံ၊ မူလံ ဘောဂါနံ ပတိဋ္ဌာ ဝိသမဂတဿ တာဏံ ဂတိ ပရာယနံ ဣဓလောက ပရကေသု ဒါနသဒိသော အဝဿယော ပတိဋ္ဌာ အာလမ္ဗဏံ တာဏံ လေဏံ ဂတိ ပရာယနံ နတ္ထိ ဟု မဇ္ဈိမ ပဏ္ဏာသ အဋ္ဌကထာ၊ ဥဒါန်း အဋ္ဌကထာတွင် လာရှိလေသည်။

ဣဒံ ဒါနံ နာမ၊ ဤသို့ အလှူပေးခြင်း၊ စွန့်ကြဲခြင်း မည်သည် ကား။ သုခါနံ၊ လူနတ်နိဗ္ဗာန်၊ သုံးတန်သော ချမ်းသာတို့၏ မူလ အမြစ်အရင်းပေတည်း။ ဘောဂါနံ၊ စည်းစိမ်ချမ်းသာ ဥစ္စာရတနာတို့၏။ ပတိဋ္ဌာ၊ တည်ရာပေတည်း။ ဝိသမဂတဿ၊ သံသရာခရီးကို သွားရသောသူအား။ တာဏံ၊ စောင့်ရှောက် ရာလည်း ဖြစ်၏။ ဂတိ၊ လားရာလည်းဖြစ်၏။ ပရာယနံ၊ မှီခို ပုန်းအောင်းရာလည်း ဖြစ်၏။ ဣဓ လောကပရ ကေသု၊ ဤ ပစ္စုပ္ပန်လောက၊ တမလွန် လောကတို့၌။ ဒါန သဒိသော၊ ဒါန နှင့်တူသော။ အဝဿယော၊ မှီခိုကိုးကွယ်ရာသည်။ ပတိဋ္ဌာ၊ တည်ရာသည်။ အာလမ္ဗဏံ၊ စွဲရေရောက်ရာသည်။ တာဏံ၊ စောင့် ရှောက်ရာသည်။ လေဏံ၊ ပုန်းအောင်းရာသည်။ ဂတိ၊ လားရာ သည်။ပရာယနံ၊ မှီခိုပုန်းအောင်း လဲလျောင်း ကိုးကွယ်ရာသည်။ နတ္ထိ မရှိ။

လှူဒါန်းစွန့်ကြဲခြင်းဒါနတရားသည် လူနတ်နိဗ္ဗာန်သုံးတန်သော ချမ်းသာတို့၏ အကြောင်းရင်းဖြစ်သည်။ ပြည့်စုံခြင်း၏ အမြစ် အရင်းဖြစ်သည်။ စည်းစိမ်ချမ်းသာဥစ္စာရတနာတို့၏ တည်ရာ ဖြစ်သည်။ သံသရာ ခရီးသွားရာတွင် စောင့်ရှောက်ရာ မှီခိုရာ

ဖြစ်သည်။ယခုမျက်မှောက်ကာလ နောင်တမလွန် ကာလတို့၌ ဒါနနှင့်တူသော အားထားရာသည်မရှိ ဟူ၍ ဆိုလေသည်။
မှန်၏။ ဘဝသံသရာထဲတွင် ဆင်းဆင်းရဲရဲနှင့် ခရီးသွားနေရပါက ဘယ်မှာလျှင် သီလ စောင့်နိုင်မည်နည်း။ အဘယ်မှာလျှင် ဘာဝနာပွားနိုင်မည်နည်း။ ဘယ်သို့လျှင် ဝိပဿနာ တရားတို့ကို သိအောင်၊တတ်အောင်၊ နားလည်အောင် လေ့လာဆည်းပူးနိုင်ပါမည်နည်း။ ဝိပဿနာတရားကို သိအောင်၊ တတ်အောင် နာကြားဖတ်မှတ်လေ့လာခြင်းမပြုနိုင်ပါက ဘယ်သို့လျှင်မဂ်ဖိုလ် နိဗ္ဗာန်သို့ရောက်နိုင်သော လမ်းကို သိပါမည်နည်း။
သို့ကြောင့်ဂင်္ဂါဝါလု သဲစုံနှင့်အမျှ ပွင့်တော်မူခဲ့ကြသော ဗုဒ္ဓဘုရားရှင်တို့သည် ပါရမီဆယ်ပါး၌ ဒါနပါရမီကို အရင်းခံ၍ ဆည်းပူးခဲ့ကြလေသည်။

ယင်းအကြောင်းကို ဂေါတမဗုဒ္ဓ ကိုယ်တော်တိုင် ဟောမိန့်တော်မူခဲ့ပါသည်။

ယေစဗုဒ္ဓါအတီတာစ၊သမ္ဗုဒ္ဓဝါလုကူပမာ၊ဒါနံစအာဒိကတွာန၊ သမ္ဗောဓိစလာဘိန္တိတေ။

သာရိပုတ္တ၊သာရိပုတ္တေြအမ၏သား၊ ငါဘုရား၏ လက်ျာတော်ရံ၊ သာရိပုတ္တရာ။ သမ္ဗုဒ္ဓဝါလုကူပမာ၊ သမ္ဗုဒ္ဓရာ၊ ဂင်္ဂါသဲစု၊ ပုံတုတမျှ၊ ပွင့်တော်မူကြကုန်ပြီးသော။ယေစဗုဒ္ဓါ ထိုမြတ်စွာဘုရားတို့သည်လည်း။ ဒါနံစ၊ပေးကမ်း လှူဒါန်းခြင်း ဟူသော ဒါနကိုသာလျှင်။အာဒိကတွာန၊အစအဦးပြု၍။သမ္ဗောဓိစ၊သဗ္ဗညုတအစစ် ဘုရားအဖြစ်ကိုလည်း။ လာဘိန္တိ၊ ရတော်မူကြကုန်၏။

ပြီးတဖန် စူဠကမ္မဝိဘင်္ဂသုတ်၌ တောဒေယျပုဏ္ဏားရဲ့သား သုဘ လုလင်သည် ဂေါတမဗုဒ္ဓအား ဤသို့ မေးလျှောက်၏။

ဒိဿန္တိအပ္ပာဘောဂါ၊ ဒိဿန္တိ မဟာဘောဂါ။

အရှင်ဘုရား၊အချို့သောသူတို့သည် ဥစ္စာပစ္စည်းနှမ်းပါး ဆင်းရဲ ကြ၍၊ အချို့သော သူတို့သည် ဥစ္စာပစ္စည်း ပေါများ ကြွယ်ဝ ချမ်းသာကြပါသည်။ အဘယ်အကြောင်းကြောင့် လူ့လောက တွင် ဤသို့မတူကွဲပြား ခြားနားခြင်းရှိနေရပါသလဲ ဘုရား။ သုဘလုလင်မေးလျှောက်သည်ကို ဗုဒ္ဓဘုရားက ဤသို့ဖြေတော် မူ၏။

ဣဓ မာဏဝ ဧကစ္စော ဣတ္ထိဝါ၊ပုရိသောဝါနဒါတာ ဟောတိ သမဏဿဝါ ဗြာဟ္မဏဿဝါ၊အန္နံ ပါနံ ဝတ္ထံယာနံ မာလာဂန္ဓ ဝိလေပနံ သေယျာဝသထပဒီပေယျံ၊ သော တေန ကမ္မေနဧဝံ သမတ္တေနဧဝံသမာဒိန္နေနကာယဿဘေဒါ၊ပရံမရဏာအပါယံ ဒုဂ္ဂတိံ ဝိနိပါတံနိရယံဥပပဇ္ဇတိ၊ နောကာယဿဘေဒါပရံမရ ဏာ အပါယံ၊ဒုဂ္ဂတိံ ဝိနိပါတံ နိရယံဥပပဇ္ဇတိ၊ သစေ မနုဿတ္တံ အာဂစ္ဆတိ၊ ယတ္ထယတ္ထသံဝတ္တနိ နိကာဧသာမာဏဝပဋိပဒါ၊ ယဒိဒံ န ဒါတာ ဟောတိ၊သမဏဿဝါ ဗြာဟ္မဏဿဝါ အန္နံ ပါ နံဝတ္ထံယာနံ၊ မာလာဂန္ဓဝိလေပနံသေယျာဝသထပဒီပေယျံ၊ ဣဓပန န မာဏဝဧကစ္စောဣတ္ထိဝါ ပုရိသောဝါ ဒါတာဟောတိ သမဏဿဝါ ဗြာဟ္မဏဿဝါ အန္နံ ပါနံ ဝတ္ထံ ယာနံမာလာဂန္ဓ ဝိလေပနံ သေယျာဝသထပဒီပေယျံ။ သော တေန ကမ္မေ နေဝံ သမတ္တေနဧဝံသမာဒိန္နေနကာကဿဘေဒါ ပရံမရဏာသုဂတိံ၊ သဂ္ဂံလောကံ ဥပပဇ္ဇတိ။သစေမနုဿတ္တံ အာဂစ္ဆတိ၊ ယတ္ထယတ္ထ

ပစ္စာဇာယတိ၊ မဟာဘောဂါဟောတိ၊ မဟာဘောဂသံဝတ္တ
နိကာ ဧသာမာဏ ဝပဋိပဒါ၊ ယဒိဒံ ဒါတာဟောတိ၊ သမန
ဿံဝါ ဗြာဟ္မဏဿဝါ အန္နံ ပါနံ ဝတ္ထံ ယာနံ မာလာဂန္ဓ
ဝိလေပနံ သေယျာဝသထ ပဒီပေယျံ။

ဆိုလိုသည်မှာ သုဘ လုလင်၊ ဤလောက၌ မိန်းမဖြစ်စေ၊ ယောကျ်ားဖြစ်စေ အလှူခံပုဂ္ဂိုလ်တို့အား လှူဖွယ် ဝတ္ထုတို့ကို လှူဒါန်းပေးကမ်းစွန့်ကြဲခြင်းအလေ့မရှိသောသူသည် သေသည်၏ အခြားမဲ့၌ ငရဲသို့သော်လည်း ကျရောက်ရာ၏။ အကယ်၍ ငရဲသို့မရောက်ပဲ လူဖြစ်လာသည်ဆိုဦး၊ ဖြစ်လေရာဘဝမှာ ဥစ္စာရှားပါးဆင်းရဲရလေ၏။

သုဘလုလင်၊ ဤလောက၌ မိန်းမဖြစ်စေ၊ ယောကျ်ားဖြစ်စေ အလှူခံတို့အား လှူဖွယ်ဝတ္ထုတို့ကို လှူဒါန်းပေးကမ်းစွန့်ကြဲလေ့ရှိသော ပုဂ္ဂိုလ်သည် သေသည်၏ အခြားမဲ့၌ နတ်ပြည်သို့လည်း ရောက်ရာ၏။ အကယ်၍ နတ်ပြည်သို့ မရောက်ပဲ လူဖြစ်လာပြန်လျှင်လည်း ဖြစ်လေရာ ဘဝတွင် ပစ္စည်းဥစ္စာပေါများ၍ ချမ်းသာကြွယ်ဝလေသည်။

ပြီးတဖန် အင်္ဂုတ္တိုရ်ပါဠိတော်တွင်—

ဒါနာ နာဝါယ သံသာရသာဂရပါရံ အနုဂစ္ဆန္တိ ဟုလာရှိပြန်၏။

ဒါနာနာဝါယ၊ ဒါနတည်းဟူသော သင်္ဘောလှေဖောင်တို့ဖြင့်။ သံသာရသာဂရပါရံ၊ သံသရာတည်းဟူသော သမုဒ္ဒရာပင်လယ်မှ ကူးခတ်၍ နိဗ္ဗာန်တည်းဟူသော ကမ်းတဘက်သို့။ အနုဂစ္ဆန္တိ၊ အစဉ်ရောက်ကြကုန်၏။

ဤသို့ဖြင့် သံသရာခရီး သွားရာ၌ နိဗ္ဗာန်တည်းဟူသော ကမ်း

တဘက်သို့ ကူးရောက်ရန်အတွက် ဒါနကို လှေသဘော်ၤပမာ ဥပမာထား၍လည်း မြွက်ဆိုတော်မူလေသည်။

**လောကတွင် ပုဂ္ဂိုလ် လေးမျိုးရှိ၏**

၁။ ဥဃ္ဃဋိတညူပုဂ္ဂိုလ်။ ထိုပုဂ္ဂိုလ်မှာ မြတ်စွာဘုရားနှင့် ကိုယ်တိုင် ကြုံရသဖြင့် တခုသော တရားဓမ္မကိုကြားနာရုံဖြင့် မဂ်ဖိုလ်ကို ရနိုင်သော ပုဂ္ဂိုလ်။

၂။ ဝိပဥ္စိတညူပုဂ္ဂိုလ်။ မြတ်စွာဘုရားနှင့်ကိုယ်တိုင် တွေ့သော်လည်း တရားဓမ္မကို သခေ်ပအကျဉ်းဟောရုံမျှဖြင့် မဂ်ကို မရနိုင်သေးပဲ၊တရားတော်ကို အကျယ်ခွဲ၍ ဟောမှ မဂ်ဖိုလ်ကို ရနိုင်သော ပုဂ္ဂိုလ်။

၃။ နေယျပုဂ္ဂိုလ်။ တရားတော်ကို အကျဉ်းအကျယ် အသွယ်သွယ် အပြားပြား ဟောကြားသော်လည်း ရုတ်ခြည်း မဂ်ဖိုလ်ကို မရနိုင်သေးပဲ၊ ထိုတရားတော်ကို ကြားနာ မှတ်သားလေ့ကျက် ဆောင်ရွက်ပြီးလျှင် ထိုတရားတော်၏ အဆုံးအမကို နာခံကာ အချိန်ကြာစွာ ကျင့်ကြံပွားများ အားထုတ်မှသာ မဂ်ဖိုလ်ကို ရနိုင်သော ပုဂ္ဂိုလ်။

၄။ ပဒပရမပုဂ္ဂိုလ်။ ဘုရားသာသနာတော်နှင့် ကြုံကြိုက်၍ ဘယ်လိုပင် တရားတော်ကို နာကြား အားထုတ်သော်လည်း ယခု ဘဝတွင် မဂ်ဖိုလ်ကို မရနိုင်ပဲ ဝါသနာဘာဂီပါရမီ လောက်သာ ရနိုင်သော ပုဂ္ဂိုလ်။

ယင်း ပုဂ္ဂိုလ်လေးမျိုးတွင် ၁ နှင့် ၂ ပုဂ္ဂိုလ်မှာ ဗုဒ္ဓ ဘုရား ထင်ရှား မရှိသောကြောင့် ဤခေတ် ဤအခါတွင် မရှိနိုင်တော့ချေ။ နံပါတ် ၄ ပုဂ္ဂိုလ်ကိုလည်း ချန်လှပ်ထားကာ နံပါတ် ၃

နေယျ ပုဂ္ဂိုလ် အနေအထားနှင့် ဒါန တရားကိုပယ်ပြီး သမထ ဝိပဿနာ ဘာဝနာကို အားထုတ်သည်ဆိုလျှင် ဤဘဝ တဘဝ တည်း အနေနှင့် မဂ်ဖိုလ်ကို မျက်မှောက်ပြုနိုင်အောင် အကျွတ် အလွတ်အားထုတ်နိုင်ပါက ကောင်း၏။ အကယ်၍ ထိုသို့အကျွတ် အလွတ် အားမထုတ်နိုင်ပဲနှင့် ဒါနကို ပယ်လျှင် သံသရာခရီးဝယ် ဆင်းရဲခြင်းကြောင့် မဂ်နှင့် မနီး ရှိချေမည်။

သို့ကြောင့် သမထ၊ ဝိပဿနာ၊ ဘာဝနာတရားတို့ကို အားထုတ် သည့်တိုင် ဒါနခန်းကို လွတ်လွတ်မပယ်သင့်ဟု ဒါန ပြုသင့်သည့် ဘက်က ဆိုလေသည်။

ဒါနသည် မဂ်ကို တားသည်ဟု ဆိုသော ဘက်ကလည်း အလှူ ပေးခြင်း၊ ပေးကမ်းစွန့်ကြဲခြင်း ဒါနများသည် လူချမ်းသာ၊ နတ်ချမ်းသာ စသော လောကီ စည်းစိမ် ချမ်းသာတို့ကိုသာ ပေးနိုင်သော အစွမ်းရှိသဖြင့် မဂ်ဖိုလ်နိဗ္ဗာန်ကို အလိုရှိကြသော ပုဂ္ဂိုလ်များနှင့် မအပ်စပ်။

ဒါနပြုလျှင် ချမ်းသာမည်။ ချမ်းသာလျှင် လောကီ အာရုံ ကာမဂုဏ်တို့၌သာ မွေ့လျော်နေပြီး သမထ ဝိပဿနာ ဘာ ဝနာစသော နိဗ္ဗာန်ရောက်ကြောင်း တရားများကို အားမထုတ်ပဲ မေ့လျော့နေမည်။ ဥစ္စာခနေပေါကြွယ်ဝခြင်းသည် ကိလေသာ ပွားများစေသော အကြောင်းသာ ဖြစ်၏။ သို့ကြောင့် ကိလေ သာပြတ်အောင်၊ ဘဝတဏှာပြတ်အောင် သံသရာ အတွက်သာ အကျိုးပေးနိုင်သော ဒါနမှုကို စွန့်ပယ်ရမည်ဟု တင်ပြ အဆို ပြုသည်။

မှန်၏။ နိဗ္ဗာန်မဂ်ဖိုလ် ဆိုသည်မှာ ဘဝတကျွာပြတ်မှသာ ရနိုင် ရောက်နိုင်သော ဌာန ဖြစ်သည်။ ဝိပဿနာသည် ဘဝပြတ် တရားဖြစ်၏။ သက္ကာယ ဒိဋ္ဌိ အနေနှင့် စွဲစရာ ဘာမျှ မရှိအောင် အပြတ်ပြတ်သော တရား ဖြစ်သည်။ သို့ကြောင့် သံယုတ် ပါဠိ တော်တွင်—

သတ္တိယာ ဝိယ သြမဋ္ဌော
ဒယှမာနောဝ မတ္ထကေ
သက္ကာယဒိဋ္ဌိပဟာနာယ
သတောဘိက္ခုပရိဗ္ဗဇေ ဟု လာရှိလေသည်။

သတ္တိယာ- အသွားနှစ်ဘက် မြမြထက်သော လှံကြီးသည်။ သြမဋ္ဌောဝိယ၊ ရေမျိုရင်ဝ စူးရှ နေ သော ယော ကျ်ား ကဲ့ သို့ လည်းကောင်း။ မတ္ထကေ၊ ဦးခေါင်းတလုံး၌။ ဒယှမာနောဝ၊ မီးတောက်လောင်၍ နေသော ယောကျ်ားကဲ့သို့ လည်းကောင်း။ သက္ကာယဒိဋ္ဌိပဟာနာယ၊ သက္ကာယဒိဋ္ဌိကို ပယ်ဖြတ်ခြင်းငှာ။ ဘိက္ခု၊ သံသရာရေး အပါယ်ဘေးကို မြော်တွေးမြင်သူ ရှင်လူ ရဟန်းသည်။ သတော၊ မမေ့မလျော့ မပေါ့သာပဲ၊ မြဲသော သတိရှိသည်ဖြစ်၍။ ပရိဗ္ဗဇေ၊ ဝိပဿနာ အလုပ်ကို နောက် မဆုတ်ပဲ အမြဲအားထုတ်ရာသတည်း။

ရင်ဝတွင် လှံစူးခံနေရသူသည် လှံကို အလောတကြီး နုတ်ရန် ကြိုးစားသကဲ့သို့ လည်းကောင်း၊ ခေါင်းမီးလောင်နေ သူသည် မီးကို အမြန်ငြိမ်းသတ်နိုင်ရန် ကြိုးစားသကဲ့သို့ လည်း ကောင်း သက္ကာယဒိဋ္ဌိကို ပယ်ဖြတ်နိုင်ရေးအတွက် အရေးတကြီး ကြိုးစားအားထုတ်ပါဟု တိုက်တွန်း ထားလေသည်။

ယင်းသို့ဆိုလျှင် လောကီ စီးပွားဥစ္စာ ချမ်းသာ စည်းစိမ်ကို ရရှိခံစားနေကြရသူများ အနေနှင့် သက္ကာယ ဒိဋ္ဌိကို ပယ်ဖြတ်နိုင်ကြပါမည်လား။ ပယ်ဖြတ်လိုတဲ့ဆန္ဒကော ရှိကြပါ့မလား။ အများအားဖြင့် ဆင်းရဲဒုက္ခ ရောက်မှသာလျှင် တရားရတတ်ကြသည်။ ကြီးပွား ချမ်းသာပြီး စည်းစိမ်ရှိနေစဉ်ကာလ တရားရသူ အလွန်နည်း၏။

ငါ့ပစ္စည်း၊ ငါ့ဥစ္စာ၊ ငါ့အရှိန်အဝါ စသည်ဖြင့် ဥစ္စာ ပစ္စည်း ကြွယ်ဝ ချမ်းသာသည်နှင့်အမျှ မာန် မာန တက်၍နေကြသူတွေသာ များ၏။ ဤသို့ မာန်မာနတက်နေသော ပုဂ္ဂိုလ်များသည် အလွန် နူးညံ့ သိမ်မွေ့၍ ခက်ခဲ နက်နဲသော ဝိပဿနာတရားနှင့် ဘယ်သို့ နီးစပ်ကြမည်နည်း။

ထို့ကြောင့် နိဗ္ဗာန် မဂ်ဖိုလ်ကို တကယ် ရလို ရောက်လိုသော ပုဂ္ဂိုလ်သည် ဝဋ် သုံးပါးတွင် လည်စေတတ်သော ဒါနမှုကို စွန့်ပယ်ကာ နိဗ္ဗာန်သို့ မျက်မှောက် ပြုနိုင်သော တရားအစစ်ဖြစ်သည့် သမထ ဝိပဿနာ ဘာဝနာ တရားတို့ကိုသာလျှင် ကျင့်ကြံအားထုတ်ရမည်ဟု ဒါနကို ပယ်သောဘက်က ဆိုလေသည်။

ယင်းပြဿနာကို ရှင်းရမည် ဆိုလျှင်—

နှစ်ဘက်လုံး မှန်၍ နှစ်ဘက်စလုံး မှား၏။ ပြဿနာရပ်ကို ယထာဘူတ ကျကျ မကြည့်ပဲ တဘက်စွန်းစီ နင်း၍ အငြင်းပွားခြင်းသာ ဖြစ်လေသည်။

လှူရမည်။ ဒါနမပါက သံသရာခရီးတွင် ဆင်းရဲမည်။ ဆင်းရဲခြင်းကြောင့် ကုသိုလ်မှုနှင့်တကွ နိဗ္ဗာန်ရောက်ကြောင်း တရားများကို အားမထုတ်နိုင်။

မှန်၏။ သို့သော် လှူပုံလှူနည်းတော့ လိုသည်။ စိတ်ထားတတ်ဖို့ လိုသည်။ စွန့်စွန့်လွှတ်လွှတ် လှူရမည်။ ပြတ်ပြတ်သားသားရှိရမည်။ ဒီဘဝမှာ ငါ ဒါလှူလိုက်လျှင် နောင်ဘဝမှာတော့ ငါ ကိန်းသေ ချမ်းသာမှာပဲ ဆိုသည့် မျှော်လင့်ချက်နှင့် လှူခြင်းမျိုးကား အလဟဿ အချည်းနှီးပင်။

ဘုရားအလောင်းတော် ဝေဿန္တရာ ဘဝက လှူခြင်းမှာ နောင်ဘဝအတွက်ရော၊ ယခုဘဝအတွက်ရော မျှော်လင့်ချက် ထား၍ လှူခြင်းမျိုးမဟုတ်။ သူတပါးမြှောက်ပင့်ပေး၍ လှူခြင်းမျိုးလည်း မဟုတ်။ တဘက်သားကို မခံချင်စိတ်နှင့် အပြိုင်အဆိုင် လှူခြင်းမျိုးလည်း မဟုတ်။ တကယ့်စေတနာ၊ တကယ့်သဒ္ဓါဖြင့် အပြတ်စွန့်လှူခြင်းသာ ဖြစ်၏။

ယခုအခါ များသောအလှူရှင်တို့သည်—

၁။ မိရိုးဖလာ အစဉ်အလာအရ လှူခြင်း။
၂။ နောင်ဘဝချမ်းသာမှုကို မျှော်၍လှူခြင်း။
၃။ ဂုဏ်ပကာသနအတွက် ကြွားလို၍ လှူခြင်း။
၄။ သူတပါး မြှောက်ပေး၍ လှူခြင်း။
၅။ မခံချင်စိတ်နှင့် အပြိုင်အဆိုင် လှူခြင်း။
၆။ ဗေဒင် ကိန်းခန်းအရ လှူခြင်း စသော အလှူမျိုးဖြင့် လှူနေကြသည်။

ထိုအကြောင်းကို သိသော အလှူခံ ပုဂ္ဂိုလ်တို့ကလည်း ဇောတိက ဇဋိလ၊ ကာကဝဏ္ဏ၊ မေဏ္ဍက သဌေးကြီးလေးဦးကဲ့သို့ ချမ်းသာ

ကြီးမက ချမ်းသာကြပါစေ။ ပေးလှူမကုန် လှူလို့မခန်းချမ်းသာကြပါစေ။ အရွယ်အဆင်း တင့်တယ်ခြင်းရှိကြပါစေ စသည်ဖြင့် နောင် အလှူခံ၍ လွယ်ရန်၊ ရရန် မြှောက်ပင့် ဆုပေးကြ၏။ ယင်း ဆုပေးသံ ကြားရတော့ အလှူရှင်၏ ဘဝင်မှာ လေခတ်၍ ပီတိဖုံးကာ မျက်နှာတွင် တပြုံးပြုံး ဖြစ်နေတတ်လေသည်။

စဉ်းစားကြည့်ပါ။ အချို့အလှူခံများသည် ဒုက္ခိတများဖြစ်၏။ သူတို့ကိုယ်တိုင် အကုသိုလ် ဒုစရိုက်မှုကြောင့် ဒုက္ခိတဖြစ်နေသူ၊ တောင်းရမ်း စားသောက် နေရသူက အလှူရှင်အား ချမ်းသာအောင် ဆုတောင်း ပေး၍ ရနိုင်မည်လား။ ဆုတောင်းတိုင်း ရလျှင် သူ့ဟာ သူ ဒုက္ခိတ ဘဝက ကျွတ်လွတ်မြောက်အောင် အရင် ဆုတောင်းယူပေလိမ့်မည်။

ဂုဏ်ပကာသနအနေနှင့် ကြွားလို၍ လှူခြင်း၊ မခံချင်စိတ်နှင့်အပြိုင်အဆိုင် လှူခြင်းတို့ကြောင့် လှူပြီးမှ မိမိကုန်ဆုံးသွားသော ဥစ္စာရတနာတို့ကို နှမြော တမ်းတ စိတ်မကောင်းဖြစ်ရလျှင် ကုက္ကုစ္စ ဒါနဖြစ်၍ အကျိုးမရှိချေ။ စိတ်ဆင်းရဲ ညစ်ညူးခြင်းကြောင့် အကုသိုလ်ပင် ဖြစ်သေး၏။ ထို့ကြောင့်-
ကုသိုလ်ကြောင့် အကုသိုလ်ဖြစ် ဟု ပဋ္ဌာန်းတရား၌ ဆိုထားပါသည်။

အကုသိုလ်မဖြစ်သည့်တိုင် ညောင်ပင်ကြီးလောက် လှူသော်လည်း ညောင်စေ့ခန့်သာ ရသည်ဆိုသော ကုသိုလ်မျိုးသာ ဖြစ်ချေ၏။ ဗေဒကိန်းခန်းကြောင့် လှူခြင်းသည်လည်း ဒါနပြုရာတွင် ညောင်စေ့ခန့် ရသော ကုသိုလ်မျိုးသာ ဖြစ်သည်။

ဝဋ္ဋနိဿိတဒါန
ဝိဝဋ္ဋနိဿိတဒါန ဟု ဒါနနှစ်မျိုး ရှိ၏။
ဝဋ္ဋနိဿိတဒါနဆိုသည်မှာ မိရိုးဖလာအရ ဘာမသိညာမသိ လှူခြင်း၊ နောင်ဘဝချမ်းသာမှုကို မျှော်ကိုးကာလှူခြင်းစသည် တို့ဖြစ်၏။ ထိုအလှူဒါနမျိုးတို့သည် သံသရာဝဋ်ဆင်းရဲမှ ကျွတ် လွတ်နိုင်ခြင်း မရှိသောကြောင့် မဂ်တား၊ ဖိုလ်တား ဒါန အစားမျိုး ဖြစ်သည်။
ဝိဝဋ္ဋနိဿိတဒါန ဆိုသည်မှာ အထက်ဖော်ပြပါ အလှူခြောက် မျိုး၌ မပါ။
ဣဒံမေဒါနံ အာသဝက္ခယံ ဝဟံဟောတု၊ ဣဒံမေဒါနံ နိဗ္ဗာနဿ ပစ္စယော ဟောတု ဆိုသည့်အတိုင်း နိဗ္ဗာန်ချမ်းသာကို မျက် မှောက်ပြုနိုင်ရန် ရည်ရွယ် လှူဒါန်းရမည် ဖြစ်သည်။
သို့သော် ပါးစပ်ကသာ ဂါထာကို ရွတ်ဆိုလျက် စိတ်က မထား တတ်လျှင် အချည်းနှီးသာတည်း။
စိတ်က မည်သို့ထားရမည်နည်း။

ရဟန်းသံဃာတို့ကို လှူသောအခါ ဤသံဃာတော်များသည် ဗုဒ္ဓရှင်တော် ဟောကြားတော်မူခဲ့သော တရားတော်မြတ်များ ကို ထိန်းသိမ်းစောင့်ရှောက်ကာ ပြန့်ပွားစည်ပင်အောင် ဆောင် ရွက်နေကြသော ပုဂ္ဂိုလ်များဖြစ်ကြ၍ ထိုပုဂ္ဂိုလ်များအနေနှင့် တရားတော်ကို ဆက်လက် စောင့်ရှောက် ထိန်းသိမ်းနိုင်ရန်၊ တရားတော်ကို ပြန့်ပွားစည်ပင်အောင် ဆောင်ရွက်နိုင်ရန်အလို့ ငှာ အထောက်အပံ့အဖြစ် ကျောင်း၊ သင်္ကန်း၊ ဆွမ်း၊ ဆေး

စသည်ဖြင့် လိုအပ်သည်များကို ဒါနပြုရပေမည် ဆိုသော အသိဖြင့် ဒါနပြုရပေမည်။ ဒါနပြုဆဲ အခါ၌လည်း ဒါနပြုသော မိမိ၏ ရုပ်နာမ်နှစ်ပါးသည် လည်းကောင်း၊ အလှူကို ခံယူနေသော ပုဂ္ဂိုလ်၏ ရုပ်နာမ်တရားတို့သည် လည်းကောင်း၊ လှူဖွယ်ဝတ္ထု အစုစုတို့သည် လည်းကောင်း ကိုယ်ဖြစ်လိုရာကို မဖြစ်၊ သူ့သဘောအလျောက် သူဖြစ်၍သာ နေရခြင်းကြောင့် အစိုးမရ၊ အနတ္တ။

ထိုမဖြစ်နိုင်၊ အစိုးမရသော သဘောရှိသည်ဖြစ်၍ အနိစ္စ။

ထိုအစိုးမရသည့် သဘော၊ ချုပ်ပျောက် ပျက်စီးနေသော သဘောတို့သည် ကပ်ရောဂါဘေးဆိုးကြီးနှင့်မခြား ရှိသောကြောင့် ဒုက္ခ။

သံဃာကို လှူလှူ၊ ဒုက္ခိတကို လှူလှူ မည်သူ့ကို လှူသည်ဖြစ်စေ၊ ဤသို့ ဝိပဿနာဉာဏ်နှင့်၊ ဝိပဿနာအသိနှင့်လှူလျှင် ဒါနသည် နိဗ္ဗာန်မဂ်ဖိုလ်ကို မရောက်နိုင်အောင် တားသည်မဟုတ်ပဲ မဂ်ဖိုလ်နိဗ္ဗာန်သို့ အရောက် ဆောင်သော သဘောလှေဖောင်ပင် ဖြစ်ပါသတည်း။

## ကျက်မှတ်ရန်

ဒါနပြုရေး၊ မယဉ်ကျေးက
ဘေးမလွတ်ရာ၊ လှူနတ်ရွာတွင်
ဝဲကာမပြတ်၊ တရစပ်ဖြစ်ကာ
သံသရာ၌၊ ရှည်ကြာနစ်မျော
အတောမသတ် ရှိမည်တည်း။

ဒါနပြုရာ၊ ဉာဏ်ပညာဖြင့်
ဝိပဿနာတင်ရှု၊ အာရုံပြုက
သေမှုဘဖန်၊ နောင်မပြန်သည့်
နိဗ္ဗာန်အမတ၊ ပြည်ဌာနသို့
မုချမသွေ၊ ရောက်ရလေမည်
ဧကန်အမှန် မလွဲတည်း။

* * *

## ဓမ္မကဗျာများ

၁။ ကာမဂုဏ်တော၊ ထူပြောစုံစုံ။
သတ္တဝါများ၊ လိုက်စားဖုံဖုံ။
အာရုံရှုပ်လှ၊ ဒုက္ခဤဘုံ။
အကြိုက်တွေ့၊ လိုက်ရှာဘယ်မကုန်။
၂။ ဝိဇ္ဇာဉာဏ်စက်၊ သန်လျက်ကိုကိုင်။
မောဟပိတ်ဆီး၊ ရိပ်ကြီးဂနိုင်။
ဒိဋ္ဌိခိုသော၊ ထိုတောကိုချိုင်။
အမှန်သိ၊ သန္တိဘုံသို့တိုင်။ ။
၃။ သည်းခံကျူးရှိ၊ တိုး၏ကုသိုလ်။
သည်းခံစိတ်ထား၊ ချစ်အားပိုမို။
သည်းခံတရား၊ ဆောင်ထားလူဗိုလ်။
ဆုံးဘဝ၊ သုံးရအောင်မဂ်ဖိုလ်။ ။

* * *

သဘောကျတော့၊ ပြုံးပြန်ပြုံးပြန်။
သဘောမကျတော့၊ မှုန်းပြန်မှုန်းပြန်။
ပြုံးပြန်မှုန်းပြန်၊ နှစ်ဘက်ရန် နှစ်ဘက်ရန်။
ဩော်....မျက်စိပေါက်က၊ ဖြစ်ပျောက်ရုပ်နှင့်နာမ်။
ငါမပါဟန်၊ ကိုယ်ပိုင်ဉာဏ်နှင့်ကြံ။
အမှန်သိ၊ သန္တိငြိမ်းနိဗ္ဗာန်။ ။

ငါပငါပ၊ ငါငါငါ။
ငါလုံးတွေတပ်၊ ငါထပ်ဆင့်ကာ။
ငါစစ်ဖွဲ့လို့၊ လာတဲ့ငါငါ။
ငါမဟုတ်၊ နာမ်ရုပ်ဒုက္ခသာ။ ။

ငါကိုဖယ်ထုတ်၊ နာမ်ရုပ်ဖြစ်ထွေ။
ကောန်မြင်သော၊ လူ့သဘောတွေ၊
သတိထား၍၊ ရှုပြားကြည့်လေ။
စိတ်သာချ၊ ဒိဋ္ဌအချစ်ပြေ။ ။

* * *

မအိုချင်ပဲနှင့်အိုရတာ၊ အသဲကနာ၊
လက်သယ်ကိုရှာလိုက်တော့၊
သက္ကာယဒိဋ္ဌိမာနဘုရင်ပေါ်၊
တွေ့ပြီသူပဲသူပဲ အမြဲနှိပ်စက်နေတာ။

မနာချင်ပဲနှင့် နာတာ၊ အသဲကနာ၊
လက်သယ်ကိုရှာလိုက်တော့၊

သက္ကာယဒိဋ္ဌိမာနဘုရင်ပါ၊
တွေ့ပြီသူပဲသူပဲ အမြဲနှိပ်စက်နေတာ။

* * *

## ဒိဋ္ဌိတွယ်ပုံနှင့်ပယ်ပုံ

၁။ ရုပ်နာမ်မသိ၊ ဒိဋ္ဌိတွယ်မယ်၊
ရုပ်နာမ်သိမှ၊ ဒိဋ္ဌိပြယ်မယ်၊
တွယ်ဘေးပြယ်ဆေး၊ အေးရေးနှစ်သွယ်၊
ဒိဋ္ဌိဟာတော်ရာဝေးတော့၊
ပယ်ရှာဘေး၊ လွတ်အေးချမ်းသာမယ်။

## သစ္စာနှင့်ရှုပုံ

၂။ ရုပ်နာမ်မှုချ၊ ဒုက္ခမှန်တယ်၊
ဒုက္ခသိမှ၊ သမုဒယစင်ကြယ်၊
စင်ကြယ်သောခဏ၊ နိရောဓနယ်
မဂ်သစ္စာ၊ ထွက်ကာလင်းတော့၊
သက်သာခြင်း၊ လက်ငင်းရနိုင်တယ်။

## သံသရာလည်ပုံ

၁။ ပျော့မာဖွဲ့စေး၊ ပူအေးကိုပင်၊
ရုပ်၏အမှု၊ ငါဟုမှတ်ထင်၊
ထိုင်ခြင်း ထခြင်း၊သွားခြင်းကိုပင်၊
ရုပ်အမှု၊ ငါဟုစွဲမှတ်ထင်။

၂။ ကြံသိခံစား၊ မှတ်သားပြုပြင်၊
နာမ်၏အမှု၊ ငါဟုမှတ်ထင်၊
ပုထုဇဉ်များ၊ မှတ်မှားတွင်တွင်၊
အတ္တစွဲ၊ ဝင်ရှုထဲကြာမည်ပင်။

## သံသရာပြတ်ပုံ

၁။ ပျော့မာဖွဲ့စေး၊ ပူအေးကိုပင်၊
ရုပ်၏အမှု၊ ငါဟုမထင်၊
ထိုင်ခြင်းထခြင်း၊ သွားခြင်းကိုပင်၊
ရုပ်အမှု၊ မြင်ရှုဉာဏ်မှတ်ထင်။

၂။ ကြံသိခံစား၊ မှတ်သားပြုပြင်၊
နာမ်၏အမှု၊ ငါဟုမထင်၊
သောတာပန်များ၊ မှတ်မှားကင်းစင်၊
အတ္တဘေး၊ လွတ်အေးနိဗ္ဗာန်ဝင်။

## ဆင်ခြင်ဖို့ရာ

၁။ မှုက်ခြင်ယင်လေ၊ နေပူစစ္စာ၊
ကိုယ်မှာထင်ရှား၊ ထိငြားသောခါ၊
ပူခြင်းအေးခြင်း၊ ချမ်းခြင်းဖြာဖြာ၊
ရုပ်ပါပဲ၊ မလွဲမှတ်ကြရာ။

၂။ တင်းခြင်းတောင့်ခြင်း၊ အောင့်ခြင်းဖြစ်လာ၊
ပွခြင်းကျစ်ခြင်း၊ မောခြင်းဖြာဖြာ၊

တုန်ခြင်းလှုပ်ခြင်း၊ တက်ခြင်းဖြစ်လာ၊
ရုပ်ပါပဲ၊ မလွဲမှတ်ကြရာ။

၃။ အော်ခြင်းညည်းခြင်း၊ ငိုခြင်းဖြာဖြာ၊
နွမ်းခြင်းရွှင်ခြင်း၊ ရယ်ခြင်းဖြစ်လာ၊
ဤလိုထူးခြား၊ ဖြစ်ပွားကိုယ်ဟာ၊
ရုပ်ပါပဲ၊ မလွဲမှတ်ကြရာ။

၄။ ရုပ်ဟုဆိုငြား၊ တရားများဟာ၊
တားမရ၊ မုချဖြစ်ပျက်သာ။

၅။ ရုပ်ကိုညွတ်ဘိ၊ သိသိနေတာ၊
နာမ်တရားပဲ၊ မလွဲမှတ်ပါ၊
ဖြစ်ပျက်ထွေထွေ၊ ခံစားနေတာ၊
နာမ်တရားပဲ၊ မလွဲမှတ်ပါ၊
ဖြစ်ပျက်ထွေထွေ၊ ခံစားနေတာ၊
နာမ်တရား၊ အမှားသိဖို့ရာ။

၆။ နာမ်ဟုဆိုငြား၊ တရားများဟာ၊
တားမရ၊ မုချဖြစ်ပျက်သာ။

၇။ နာမ်ရုပ်ဆိုသော၊ တရားများဟာ၊
တားမရ၊ မုချဖြစ်ပျက်သာ။

ရှုပုံရာ

၁။ တကိုယ်လုံးရှိ၊ ဥာဏ်နှင့်ကြည့်လျှင်၊
ဖြစ်ပျက်ရုပ်များ၊ မုချတွေ့မြင်၊

ညဏ်မှာတွေ့မြင်၊ ဖြစ်ပျက်ကိုလျှင်၊
ငါမဟုတ်၊ နာမ်ရုပ်အမှန်ပင်။

၂။ တကာယ်မှုချ၊ ငါဟုတ်ကြလျှင်၊
အလိုအကြိုက်၊ လိုက်ရမည်ပင်၊
အလိုအကြိုက်၊ မလိုက်သည်ပင်၊
ငါမဟုတ်၊ နာမ်ရုပ်အနတ္တပင်။

၃။ နာမ်ရုပ်အနတ္တ၊ မုချတွေ့မြင်၊
ငါစွဲအတ္တ၊ မုချကင်းစင်၊
ငါစွဲအတ္တ၊ မုချမမြင်၊
ရှင်းသမျှ၊ အလင်းရနိဗ္ဗာန်ပင်။

**အသေးစိတ်ရှုရန်**

မျက်စိရုပ်ထဲ၊ မှီစွဲဖြစ်လာ။ နာမ်ရုပ်နှစ်ပါး၊ ရှုပြားသချာ။
မကြာခဏ၊ ပျက်ကြသည်သာ။ အနိစ္စ၊ ဒုက္ခအနတ္တာ။
နားရုပ်ထဲ၌၊ မှီစွဲဖြစ်လာ။ နာမ်ရုပ်နှစ်ပါး၊ ရှုပြားသချာ။
မကြာခဏ၊ ပျက်ကြသည်သာ။ အနိစ္စ၊ ဒုက္ခအနတ္တာ။
နှာခေါင်းရုပ်ထဲ၊ မှီစွဲလာ၏။ နာမ်ရုပ်နှစ်ပါး၊ ရှုပြားသချာ။
မကြာခဏ၊ပျက်ကြသည်သာ။ အနိစ္စ၊ ဒုက္ခ အနတ္တာ။
လျှာရုပ်ထဲ၌၊မှီစွဲဖြစ်လာ။နာမ်ရုပ်နှစ်ပါး၊ရှုပြားသချာ။မကြာ
ခဏ၊ ပျက်ကြသည်သာ။ အနိစ္စ၊ ဒုက္ခ အနတ္တာ။
ကိုယ်ရုပ်ထဲ၌၊ မှီစွဲဖြစ်လာ။ နာမ်ရုပ်နှစ်ပါး၊ ရှုပြားသချာ။
မကြာခဏ ပျက်ကြသည်သာ။ အနိစ္စ၊ ဒုက္ခ အနတ္တာ။

ဟဒယရုပ်ထဲ၊ မှီစွဲဖြစ်လာ။ နာမ်ရုပ်နှစ်ပါး၊ ရှုပြားသေချာ။ မကြာခဏ၊ ပျက်ကြသည်သာ။ အနိစ္စ၊ ဒုက္ခ အနတ္တာ။

နာမ်ဆိုသမျှ၊ သဘာဝဟာ။ ရုပ်ကိုမှီစွဲ၊ အတူပဲဖြစ်လာ။ ရုပ်ဆိုသမျှ၊ သဘာဝဟာ။ နာမ်ကိုမှီစွဲ၊ အတူပဲဖြစ်လာ။ ဖြစ်ဖို့အကြောင်း၊ စုပေါင်းမိလျှင်။ မဖြစ်ပါလင့်၊ စိုးခွင့်အာဏာ။ တားမရ၊ မုချ ဖြစ်သည်သာ။

ပျက်ဖို့အကြောင်း၊ စုပေါင်းမိလျှင်။ မပျက်ပါလင့်၊ စိုးခွင့်အာဏာ။ တားမရ၊ မုချပျက်မည်သာ။

တကိုယ်လုံးရှိ၊ ဉာဏ်နှင့်ကြည့်လျှင်။ ဖြစ်ပျက်စုမျှ၊ မုချတွေ့မြင်။ ဤလို တွေ့မြင်၊ ဖြစ်ပျက်စဉ်လျှင်။ မမြဲပဲနှင့်။ မြဲသည်မှတ်ထင်။ အလိုမလိုက်ပဲ လိုက်သည်မှတ်ထင်။ ဤလိုတွေ့မြင်၊ ဖြစ်ပျက်စဉ်လျှင်။ ငါမဟုတ်ပဲ၊ငါပဲမှတ်ထင်။ တကယ်မုချ၊ ငါဟုတ်ကြလျှင်။ အလိုအကြိုက်၊ လိုက်ရမည်ပင်။ အလိုအကြိုက်၊ မလိုက်သည်မြင်။ ငါမဟုတ်၊ နာမ်ရုပ် အနတ္တပင်။

အလိုမလိုက်၊ ရုပ်၌တွေ့မြင်။ အနတ္တ၊ မုချ ငါမထင်။
အလိုမလိုက်၊ နာမ်၌တွေ့မြင်။ အနတ္တ၊ မုချငါမထင်။
အလိုမလိုက်၊ ရုပ်၌တွေ့ပြန်။ အနတ္တ၊ မုချဧကန်။
အလိုမလိုက်၊ နာမ်၌တွေ့ပြန်။ အနတ္တ၊ မုချဧကန်။

အစဉ်ဆက်လက်၊ဖြစ်ပျက်ဖောက်ပြန်။ နာကျင် ခံခက်၊ နှိပ်စက်တန်တန်။ ပြုပြင်ကြောင့်ကြ၊ တောင့်တ ဖန်ဖန်။ မရသဘော၊ မြင်လေလေကေန်။ လွန်စွာဆိုးညစ်၊ စင်စစ် ရုပ်နာမ်။ စိတ်သာချ၊ ဒိဋ္ဌ ဒုက္ခမှန်။

ရုပ်မှာထုတ်ပြ၊ ဒုက္ခဖုံဖုံ။ စိတ်သာချ၊ ဒိဋ္ဌ ရှုမကုန်။
နာမ်မှာထုတ်ပြ၊ ဒုက္ခဖုံဖုံ။ စိတ်သာချ၊ ဒိဋ္ဌ ရှုမကုန်။
ရုပ်မှာထုတ်ပြ၊ ဒုက္ခဖုံဖုံ။ စိတ်သာချ၊ဒိဋ္ဌ ဟောမကုန်။
နာမ်မှာထုတ်ပြ၊ ဒုက္ခဖုံဖုံ။ စိတ်သာချ၊ ဒိဋ္ဌ ဟောမကုန်။

ရှေမီး သေပျောက်၊ နောက်မီးရောက်လာ။ ဆက်တောက် နေငြား၊ မှတ်သားမိမှာ။ အစဉ်မပြတ်၊ တောက်အပ်ဖို့ရာ။ ဆက်တောက်ထား၊ ရှုငြားဆီမီးမှာ။

ရှေရုပ်သေပျောက်၊ နောက်ရုပ်ရောက်တာ။ ဆက်ဖြစ် နေငြား၊ မှတ်သားရုပ်မှာ။ အစဉ်မပြတ်၊ ဖြစ်အပ်ဖို့ရာ။ ဆက်တောက် ထား၊ ရှုငြား အကြောင်းများစွာ။

စည်သံဆီမီး၊ ပုံမှီး၍သာ။ ဖြစ်ပျက်နာမ်ရုပ်၊ ဖော်ထုတ်ရှုပါ။ ရှုသူအများ၊ ခြားနားသေချာ။ ဖြစ်ပျက်ခြင်း၊ မြင်လင်း မုချ သာ။

လမ်းဆုံဇရပ်' မပြတ်ညှော်သည်။ သွားလာဝင်ထွက်၊ ရှိလျက် နေသည်။ ခန္ဓာဇရပ်၊ မပြတ်ညှော်သည်။ နာမ်ရုပ်ဖြစ်ပျက်၊ ရှိလျက်နေသည်။။ ပမာထားလို့၊ ရှုငြားညာဏ်ရည်။ ဖြစ်ပျက် ခြင်း၊ မြင်လင်း မြတ်ယောဂီ။

ခန္ဓာအိမ်တွင်၊ အမြင်ရှုပ်လျှင်။ အပါယ်ဝဲစုပ်၊ နစ်မြုပ်မည်ပင်။ ညှော်သည်ကိုပင်၊ အိမ်သည်ထင်လျှင်။ အပါယ်ဝဲထဲ၊ ကျလဲသည် ပင်။ အမြင်ရှုပ်၍၊ အိမ်သည်လုပ်လျှင်။ ဆင်းရဲကြောင်း၊ စုဆောင်း ခပ်တွင်တွင်။

သူငါသတ္တ၊ ဆိုသမျှလျှင်။ ဝေါဟာရဟု၊ သိကြစေချင်။ သမုတိမှ၊ ဝေါဟာရလျှင်။ ဖြစ်ပျက်သည်ဟု၊ မရှိကြပင်။ နာမ်ရုပ်ဆိုသမျှ၊ သင်္ခါရလျှင်။ ပရမတ္ထဟု၊ သိကြစေချင်။ ပရမတ္ထ၊ သင်္ခါရလျှင်။ ခဏခဏ၊ ဖြစ်ပျက်ရပင်။ ပရမတ္ထရှိက၊ ဝေါဟာရလျှင်။ မုချမလွဲ၊ ရှိမြဲသည်ပင်။ ဝေါဟာ ပရမတ်၊ ခြားနားသိလျှင်။ ထင်ရှားသိ၊ ရှိကြကိုယ်မှာပင်။

ခန္ဓာကိုယ်တွင်း၊ ရှိရင်းဝေဖန်။ ပညာစက္ခု၊ ကြည့်ရှုဖန်ဖန်။ သူငါစိုးရ၊ နိစ္စသုခံ။ ဖြစ်ကုန်ကြ၊ မုချကင်းသုံးတန်။

သုံးဘုံအတွင်း၊ မကင်းပဲလျှင်။ ယခုလိုပဲ၊ ဖြစ်မြဲသည်ပင်။ ပစ္စုပ္ပန္န၊ ဖြစ်ရမှုတည်။ တိတ်နာဂတ်လဲ၊ မလွဲခိုင်သည်။ ပစ္စုပ္ပန္န၊ ဖြစ်ရလုံးစုံ။ တိတ်နာဂတ်၊ ရှုလတ်သိနိုင်ကုန်။

နာမ်ရုပ်စဉ်ဆက်၊ ဖြစ်ပျက်နေတာ။ မည်သူဖန်ဆင်း၊ ကြောင်းရင်းဘယ်ဟာ။ အသိမှားမက်၊ နှစ်သက်တွယ်တာ။ သမုဒယ၊ ရှုကြမှန် သစ္စာ။

ခြောက်ဒွါရက၊ နာမ်ရုပ်ခန္ဓာ။ လွန်စွာဆိုးညစ်၊ အပြစ်ဖြာဖြာ ဟုတ်မှန်တိုင်းမျှ၊ မြင်ကြသေချာ။ ရာဂနာမ်ရုပ်၊ ကင်းချုပ်သည်သာ။ ရာဂနာမ်ရုပ်၊ ကင်းချုပ်ပါလျှင်။ နိဗ္ဗာန်တရား၊ ထင်ရှားသည်ပင်။ ရာဂနာမ်ရုပ်၊ ကင်းချုပ်ပါလျှင်။ ဘယ့်နှယ်ကြောင့်များ၊ ထင်ရှားသည်ပင်။ ရာဂကြောင်းရင်း၊ ချုပ်ကင်းပါလျှင်။ ကျိုးဒုက္ခလဲ၊ ချုပ်မြဲသည်ပင်။ ကြောင်းကျိုးနှစ်ဖြာ၊ ချုပ်ရာမှာလျှင် ငြိမ်းသုခ၊ မုချရှိမည်ပင်။

ထို့ကြောင့်သာလျှင်၊ ကြောင်းချုပ်ရှုမြင်။ လမ်းမှန်ကျကျ၊ ရေးကြတွင်တွင်။ ယုံကြည်စိတ်ချ၊ သိကြဖို့လျှင်။ ကျမ်းအာဂမ၊ ထုတ်ပြမည်ပင်။ ပစ္စယ တော ဝယ ဒဿနေန၊ နိယောဓသစ္စံ ပါကတံ ပေ၊ ဥတန္နမ္ပိနိဿရဏံ နိရောဓသစ္စံ။ ကေန်အမှန်၊ ခယံ ဝစ္စယာနံ၊ အဝေဓိပေ။ ပါဠိအရှိသိကြပါလေ။
ဒွါရအာရုံ၊ ပေါင်းဆုံသောခါ။ အဝိဇ္ဇာနာမ်မိုက်၊ ကိုယ်၌ ဖြစ်လာ။ ဒွါရအာရုံ၊ ပေါင်းဆုံသောခါ။ ရာဂနာမ်မိုက်၊ ကိုယ်၌ဖြစ်လာ။ ဒွါရအာရုံ၊ ပေါင်းဆုံသောခါ၊ စေတနာ နာမ်မိုက်၊ ကိုယ်၌ဖြစ်လာ။ ထိုနာမ်ကြောင့်သာ၊ နာမ်ရုပ် ဖြစ်လာ။ မြင်ကုန်ကြ၊ မုချဤကိုယ်မှာ။
ဒွါရအာရုံ၊ပေါင်းဆုံသောခါ၊အဝိဇ္ဇာနာမ်ညစ်၊ မဖြစ်ကိုယ်မှာ။ ဒွါရအာရုံ၊ ပေါင်းဆုံသောခါ။ စေတနာနာမ်ညစ်၊ မဖြစ် ကိုယ်မှာ။ ထိုနာမ်ကြောင့်သာ၊ နာမ်ရုပ်ဖြစ်တာ။ မြင်ကုန်ကြ၊ မုချ ဤကိုယ်မှာ။
မဖြစ်လွှတ်ငြိမ်း၊ ဇာတ်သိမ်းနိဗ္ဗာန်။ အမြတ်ဆုံးဇာတ်၊ ပရမတ် အမှန်။ကေန်မျက်မှောက်၊ တွေ့ရောက်သောဉာဏ်။ စိတ်သာချ၊ ဒိဋ္ဌမဂ်ဉာဏ်မှန်။

## ရှုမှတ်အားထုတ်စရာ

၁။ မျက်စိအကြည်ဝ၊ အဆင်းကတိုက်လာ
နှလုံးသွင်းနှင့်၊ အလင်းလည်းပါ
အဲဒီလေးခု၊ ပြိုင်မှုကြုံလာ
မြင်တာပဲ၊ စွဲကြဒို့သူငါ။

၂။ သောတအကြည်ဝ၊ အသံကတိုက်လာ
နှလုံးသွင်းနှင့်၊ ဟင်းလင်းလည်းပါ
အဲဒီလေးခု၊ ပြိုင်မှုကြုံလာ
ကြားတာပဲ၊ စွဲကြတို့သူငါ။

၃။ နှာခေါင်းအကြည်ဝ၊ အနံ့ကတိုက်လာ
နှလုံးသွင်းနှင့်၊ လေမင်းလည်းပါ
အဲဒီလေးခု၊ ပြိုင်မှုကြုံလာ
နံတာပဲ၊ စွဲကြတို့သူငါ။

၄။ ဇိဝှာအကြည်ဝ၊ ရသတိုက်လာ
နှလုံးသွင်းနှင့်၊ စိုခြင်းလည်းပါ
အဲဒီလေးခု၊ ပြိုင်မှုပေါ်လာ
စားတာပဲ၊ စွဲကြတို့သူငါ။

၅။ ကိုယ်အကြည်ဝ၊ အတွေ့ကတိုက်လာ
နှလုံးသွင်းနှင့်၊ မာခြင်းလည်းပါ
အဲဒီလေးခု၊ ပြိုင်မှုပေါ်လာ
ထိတာပဲ၊ စွဲကြတို့သူငါ။

၆။ မနောအကြည်ဝ၊ ဓမ္မတိုက်လာ
နှလုံးသွင်းနှင့်၊ သွေးမင်းလည်းပါ
အဲဒီလေးခု၊ ပြိုင်မှုကြုံလာ
သိတာပဲ၊ စွဲကြတို့သူငါ။

*          *          *

၁။ မြင်တယ်ခေါ်ခြင်း၊ သဘောရင်းနေပုံ
လေးလွှာဖြတ်တတ်၊ ပညတ်တွေကုန်
ပရမတ်အနတ္တ၊ သည်မှဆိုက်ကြုံ
ဘာမပါရ၊ သဘာဝသူ့ဖြစ်ပုံ။

၂။ ကြားတယ်ခေါ်ခြင်း၊ သဘောရင်းနေပုံ
လေးလွှာဖြတ်တတ်၊ ပညတ်တွေကုန်
ပရမတ်အတ္တ၊ သည်မှဆိုက်ကြုံ
ဘာမပါရ၊ သဘာဝသူ့ဖြစ်ပုံ။

၃။ နံတယ်ခေါ်ခြင်း၊ သဘောရင်းနေပုံ
လေးလွှာဖြတ်တတ်၊ ပညတ်တွေကုန်
ပရမတ်အနတ္တ၊ သည်မှဆိုက်ကြုံ
ဘာမပါရ၊ သဘာဝသူ့ဖြစ်ပုံ။

၄။ စားတယ်ခေါ်ခြင်း၊ သဘောရင်းနေပုံ
လေးလွှာဖြတ်တတ်၊ ပညတ်တွေကုန်
ပရမတ်အနတ္တ၊ သည်မှဆိုက်ကြုံ
ဘာမပါရ၊ သဘာဝသူ့ဖြစ်ပုံ။

၅။ ထိတယ်ခေါ်ခြင်း၊သဘောရင်းနေပုံ၊
လေးလွှာဖြတ်တတ်၊ပညတ်တွေကုန်၊
ပရမတ်အနတ္တ၊သည်မှဆိုက်ကြုံ၊
ဘာမပါရ၊သဘာဝသူ့ဖြစ်ပုံ။

၆။ သိတယ်ခေါ်ခြင်း၊သဘောရင်းနေပုံ၊
လေးလွှာဖြတ်တတ်၊ပညတ်တွေကုန်၊

ပရမတ်အနတ္တ၊သည်မှဆိုက်ကြုံ၊
ဘာမပါရ၊သဘာဝသူဖြစ်ပုံ။

ဤဓမ္မကဗျာများကို ကျက်မှတ်၍ ဆင်ခြင်ပွားများ အားထုတ်မည်ဆိုလျှင် စာမတတ်သူများ၊ သို့မဟုတ်-စာမဖတ်နိုင်သော သက်ကြီးရွယ်အိုများ၊သို့မဟုတ် ဝိပဿနာတရားတော်ကို ကြားနာဖတ်ရှုရန်စိတ်မဝင်စားသော လူငယ် လုံမငယ်များပင်လျှင် ရွတ်ပါဆိုပါ များသဖြင့် ဝိပဿနာ၏ အခြေခံ သဘောကို သိနားလည်လာနိုင်ပါလိမ့်မည်။

သာဓဝေါ တံ နိဗ္ဗာပေန္တု
ဇဟန္တု တ ပနိဿိတာ။

သာဓဝေါ၊ သံသရာဘေးအစု တွေးရှု မြော်မြင် သူတော်စင် အပေါင်းတို့သည်။ တံ၊ ထိုဘဝများစွာ သံသရာဝယ်၊ မကွာ ထက်ကြပ်ဆက်မပြတ်ပဲ၊ စွဲကပ်ပြင်းပြခဲမင်လှအောင်၊ တွင်းပထန်သည်း၊သက္ကာယဒိဋ္ဌိဆိုသော ကိလေသာ မီးတောက်ကြီးကို။ နိဗ္ဗာပေန္တု၊ ပူဇော်ရှိပ်သိမ်းခွန်းဓာတ်ကိန်းအောင်၊ ငြိမ်းနိုင်ကြပါစေကုန်သတည်း။

တပနိဿိတာ၊ အပူထိုထို မယူလိုကြပဲ၊ လူပိုလ်အများ အအေးကြိုက်သမားတို့သည်။ ဇဟန္တု၊ တရားအမှန်၊ အသိဉာဏ်ဖြင့်၊ တွန်းလှန်ရဲဝံ့၊တကယ်မတွန့်ပဲ၊ပယ်စွန့်နိုင်ကြပါစေကုန်သတည်း။ အသိမဂ္ဂင်၊စိတ်ဥယျဉ်လျက်၊ ဉာဏ်ထက်ထက်ဖြင့်၊ ချိုးဖျက်နှိပ်နယ်၊ ထိတ်စဖွယ်ဟု၊ စိတ်ဝယ်မှတ်သား၊ ကျယ်မပွားရအောင်၊ ပယ်ရှားနိုင်ကြပါစေကုန်သတည်း။ ။

# ခေတ်မြင် ဓမ္မစကြာတရားတော်

ဓမ္မကဗျာများကို စီစဉ် တင်ပြပြီးနောက် 'ဓမ္မစကြာ'ဟု ခေါ်သော 'ဓမ္မစက္ကပဝတ္တန'သုတ်ကို တင်ပြပါဦးမည်။

ယခု တင်ပြမည့် ဓမ္မစကြာဒေသနာတော်သည် ဗုဒ္ဓရှင်တော်မြတ်ဘုရားသည် သဗ္ဗညုတ ရွှေဉာဏ်တော်ကို ရရှိပြီးနောက် ရှေးဦးစွာ ဟောတော်မူသော တရားတော်ဖြစ်၏။

ဂေါတမ ဗုဒ္ဓသာမဟုတ်၊ ရှေးရှေးက ဂင်္ဂါဝါလု သဲစုမက ပွင့်တော် မူကြပြီးသော ဘုရားရှင်တို့ သည်လည်း ဓမ္မစကြာ အမည်ရှိ သစ္စာလေးပါး တရားတော်ကိုသာလျှင် အဦးဆုံး ဟောကြားတော်မူခဲ့ကြလေသည်။

ယင်းကြောင့် ဓမ္မစကြာတရားတော်သည် အဘိဓမ္မာခုနစ်ကျမ်း၏ သည်းခြေဟု ခေါ်ဆိုထိုက်၏။ ဓမ္မကဏ္ဍာ ရှစ်သောင်းလေးထောင်တို့၏အရင်းပင်မဟုလည်း ဆိုနိုင်ပါ၏။ ဗုဒ္ဓမြတ်စွာသည် လေးဆယ့်ငါးဝါပတ်လုံး ဟောကြားတော်မူခဲ့သော တရားအပေါင်းသည် သစ္စာလေးပါးမှ လွတ်သောတရားမရှိ။ သစ္စာလေးပါးသည် ဘုရား ပွင့်တော်မူသော ကာလ၌ဖြစ်စေ၊ ဘုရားပွင့်တော်မမူသော ကာလ၌ဖြစ်စေ အမြဲရှိနေသော တရားဖြစ်၏။

သို့သော်လည်း ထိုသစ္စာလေးပါး တရားသည် ဘုရားတဆူတဆူပွင့်တော်မူမှသာလျှင် တကြိမ်သာပေါ်လာ၏။ထို့ကြောင့် ဓမ္မစကြာ တည်း ဟူသော သစ္စာလေးပါး တရားတော်သည် ဗုဒ္ဓဘာသာဝင်များအတွက် အစတရားလည်းဖြစ်၊အဆုံးတရားလည်းဖြစ်ချေသည်။

သစ္စာလေးပါး ဓမ္မစကြာ တရားတော်သည် ပဋ္ဌာန်း တရား၊ ဝိပဿနာတရားတော်တို့နှင့် ဆက်စပ် သက်ဆိုင်သည် ဖြစ်သောကြောင့် ဤ ကျမ်း စာအုပ် တွင် ထည့် သွင်း တင်ပြ ရခြင်းဖြစ်ပါသည်။

ဗုဒ္ဓဘာသာဝင်သူတော်စင်များအနေဖြင့် ဓမ္မစကြာတရားတော်ကို အသေအချာ လေ့လာ မှတ်သား၍ တရားတော်၏ အနက်သဘောများကို တွေးတောဆင်ခြင် အားထုတ်ပါလျှင် နေယျပုဂ္ဂိုလ်ပင်ဖြစ်သော်လည်း တမဂ်တဖိုလ်ကို ရနိုင်ကြပါလိမ့်မည်။

**ဓမ္မစက္ကပ္ပဝတ္တနသုတ်**

ဘိက္ခူနံ ပဉ္စဝဂ္ဂီနံ၊
ဣသိပတန နာမကေ။
မိဂဒါယေ ဓမ္မဝရံ၊
ယံတံ နိဗ္ဗာန ပါပကံ။
သဟမ္ပတိ နာမကေန၊
မဟာဗြဟ္မုန ယာစိတော။
စတုသစ္စံပကာသေန္တော၊
လောကနာထော အဒေသယိ။
နန္ဒိတံ သဗ္ဗဒေဝေဟိ၊
သဗ္ဗသမ္ပတ္တိသာဓကံ။
သဗ္ဗလောက ဟိတတ္ထာယ၊
ဓမ္မစက္ကံ ဘဏာမ ဟေ။

ဧဝံ မေ သုတံ၊ ဧကံ သမယံ ဘဂဝါ ဗာရာဏသီယံ ဝိဟရတိ
ဣသိပတနေ မိဂဒါယေ။
တတြခေါ ဘဂဝါ ပဉ္စဝဂ္ဂိယေ ဘိက္ခူအာမန္တေသိ ဒွေ မေ
ဘိက္ခဝေ အန္တာ ပဗ္ဗဇိတေန နသေဝိတဗ္ဗာ။
ကတမေ ဒွေ-
ယောစာယံ ကာမေသု ကာမသုခလ္လိကာ နုယောဂေါ ဟီနော
ဂမ္မော ပေါထုဇ္ဇနိကော အနရိယော အနတ္ထသံဟိတော။

ယောစာယံ အတ္တကိလမထာနုယောဂေါ ဒုက္ခော အနရိယော
အနတ္ထသံဟိတော။
ဧတေ ခေါ ဘိက္ခဝေ ဥဘော အန္တေ အနုပဂမ္မ မဇ္ဈိမာ ပဋိပဒါ
တထာဂတေန အဘိသမ္ဗုဒ္ဓါ စက္ခုကရဏီ ဉာဏကရဏီ ဥပသမာ
ယ အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ။
ကတမာစ သာ ဘိက္ခဝေ မဇ္ဈိမာ ပဋိပဒါ တထာဂတေန အဘိ
သမ္ဗုဒ္ဓါ စက္ခုကရဏီ ဉာဏကရဏီ ဥပသမာယ အဘိညာယ
သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ။
အယမေဝ အရိယော အဋ္ဌင်္ဂိကော မဂ္ဂေါ။
သေယျထိဒံ—
သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပော သမ္မာဝါစာ
သမ္မာကမ္မန္တော သမ္မာအာဇီဝေါ သမ္မာဝါယာမော
သမ္မာသတိ သမ္မာသမာဓိ။
အယံ ခေါ သာ ဘိက္ခဝေ မဇ္ဈိမာ ပဋိပဒါ
တထာ ဂဘေန အဘိသမ္ဗုဒ္ဓါ စက္ခုကရဏီ
ဉာဏကရဏီ ဥပသမာယ အဘိညာယ
သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ။
ဣဒံ ခေါပန ဘိက္ခဝေ ဒုက္ခံ အရိယသစ္စံ။
ဇာတိပိ ဒုက္ခာ၊ ဇရာပိ ဒုက္ခာ၊ ဗျာဓိပိ ဒုက္ခော၊
မရဏံပိ ဒုက္ခံ၊ အပ္ပိယေဟိ သမ္ပယောဂေါ ဒုက္ခော၊
ပိယေဟိ ဝိပ္ပယောဂေါ ဒုက္ခော၊
ယံ ပိစ္ဆံ နလဘတိ တံပိ ဒုက္ခံ သံခိတ္တေန
ပဉ္စုပါဒါနက္ခန္ဓာပိ ဒုက္ခာ။

ဣဒံ ခေါပန ဘိက္ခဝေ ဒုက္ခသမုဒယံ အရိယသစ္စ။
ယာယံ တဏှာပေါ နောဗ္ဘဝိကာ နန္ဒီရာဂ
သဟဂတာ တတြ တတြာဘိ နန္ဒိနီ။
သေယျထိဒံ—
ကာမတဏှာ၊ ဘဝတဏှာ၊ ဝိဘဝတဏှာ။
ဣဒံ ခေါပန ဘိက္ခဝေ ဒုက္ခ နိရောဓံ အရိယသစ္စံ။
ယော တဿာယေဝ တဏှာယ အသေသ
ဝိရာဂ နိရောဓော စာဂေါ ပဋိနိဿဂ္ဂေါ
မုတ္တိ အနာလယော။
ဣဒံ ခေါပန ဘိက္ခဝေ ဒုက္ခ နိရောဓ ဂါမိနီ
ပဋိပဒါ အရိယ သစ္စံ။
အယမေဝ အရိယော အဋ္ဌင်္ဂိကော မဂ္ဂေါ
သေယျထိဒံ—
သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပေါ သမ္မာဝါစာ
သမ္မာကမ္မန္တော သမ္မာအာဇီဝေါ သမ္မာဝါယာမော
သမ္မာသတိ သမ္မာသမာဓိ။
"ဣဒံ ဒုက္ခံ အရိယသစ္စန္တိ" မေ ဘိက္ခဝေ
ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊
ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊
အာလောကော ဥဒပါဒိ။
"တံခေါပနိဒံ ဒုက္ခံအရိယသစ္စံ ပရိညေယျန္တိ" မေ ဘိက္ခဝေ
ပုဗ္ဗေအနနုဿုတေသု ဓမ္မေသု စက္ခုံဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊
ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကော ဥဒပါဒိ။

“တံခေါ ပနိဒံ ဒုက္ခံ အရိယသစ္စံ ပရိညာတန္တိ”မေ ဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာဥဒပါဒိ၊ အာလောကော ဥဒပါဒိ။

“ဣဒံဒုက္ခသမုဒယံ အရိယသစ္စန္တိ”မေ ဘိက္ခဝေ ပုဗ္ဗေ၊အနနုဿုတေသု ဓမ္မေသု စက္ခုံဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာဥဒပါဒိ၊ ဝိဇ္ဇာဥဒပါဒိ၊ အာလောကော ဥဒပါဒိ။

“တံခေါ ပနိဒံ ဒုက္ခသမုဒယံ အရိယသစ္စံ ပဟာတဗ္ဗန္တိ” မေဘိက္ခဝေ ပုဗ္ဗေအနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏံဥဒပါဒိ၊ ပညာဥဒပါဒိ၊ ဝိဇ္ဇာဥဒပါဒိ၊ အာလောကော ဥဒပါဒိ။

“တံခေါ ပနိဒံ ဒုက္ခသမုဒယံ အရိယသစ္စံ ပဟီနန္တိ” မေဘိက္ခဝေ ပုဗ္ဗေအနနုဿုတေသု ဓမ္မေသု စက္ခုံဥဒပါဒိ၊ ဉာဏံဥဒပါဒိ၊ ပညာဥဒပါဒိ၊ ဝိဇ္ဇာဥဒပါဒိ၊ အာလောကော ဥဒပါဒိ။

“ဣဒံဒုက္ခနိရောဓံ အရိယသစ္စန္တိ” မေဘိက္ခဝေ ပုဗ္ဗေအနနုဿုတေသု ဓမ္မေသု စက္ခုံဥဒပါဒိ၊ ဉာဏံဥဒပါဒိ၊ ဝိဇ္ဇာဥဒပါဒိ၊ အာလောကော ဥဒပါဒိ။

“တံခေါ ပနိဒံ ဒုက္ခနိရောဓံ အရိယသစ္စံသစ္ဆိကာတဗ္ဗန္တိ” မေဘိက္ခဝေ ပုဗ္ဗေအနနုဿုတေသု ဓမ္မေသု စက္ခုံဥဒပါဒိ၊ ဉာဏံဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာဥဒပါဒိ၊ အာလောကော ဥဒပါဒိ။

“တံခေါ ပနိဒံ ဒုက္ခနိရောဓံ အရိယသစ္စံ သစ္ဆိကတန္တိ”မေဘိက္ခဝေ ပုဗ္ဗေအနနုဿုတေသု ဓမ္မေသု စက္ခုံဥဒပါဒိ၊ ဉာဏံဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာဥဒပါဒိ၊ အာလောကော ဥဒပါဒိ။

“ဣဒံ ဒုက္ခနိရောဓဂါမိနီပဋိပဒါ အရိယသစ္စန္တိ”မေ ဘိက္ခဝေ ပုဗ္ဗေအနနုဿုတေသု ဓမ္မေသု စက္ခုံ ဥဒပါဒိ၊ ဉာဏဥဒပါဒိ၊ ပညာဥဒပါဒိ၊ ဝိဇ္ဇာဥဒပါဒိ၊ အာလောကော ဥဒပါဒိ။

“တံ ခေါပနိဒံ ဒုက္ခနိရောဓ ဂါမိနီပဋိပဒါ အရိယသစ္စံ ဘာဝေတဗ္ဗန္တိ”မေဘိက္ခဝေ ပုဗ္ဗေအနနုဿုတေသု ဓမ္မေသု စက္ခုံဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာ ဥဒပါဒိ၊ ဝိဇ္ဇာ ဥဒပါဒိ၊ အာလောကောဥဒပါဒိ။

“တံ ခေါပနိဒံ ဒုက္ခနိရောဓဂါမိနီ ပဋိပဒါ အရိယသစ္စံ ဘာဝိတန္တိ” မေဘိက္ခဝေ ပုဗ္ဗေ အနနုဿုတေသု ဓမ္မေသု စက္ခု ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ၊ ပညာဥဒပါဒိဝိဇ္ဇာဥဒပါဒိ၊ အာလောကောဥဒပါဒိ။ယာဝကီဝဉ္စ မေ ဘိက္ခဝေ ဣမေသုစတူသု အရိယသစ္စေသု ဧဝံတိပရိဝဋ္ဋံ ဒွါဒသာကာရံ ယထာဘူတံ ဉာဏဒဿနံ နသုဝိသုဒ္ဓံအဟောသိ။

နေဝတာဝါဟံ ဘိက္ခဝေ သဒေဝကေ လောကေ သမာရကေ သဗြဟ္မကေ သဿမဏဗြာဟ္မဏိယာ ပဇာယ သဒေဝ မနုဿာယ “အနတ္တရံ သမ္မာသမ္ဗောဓိံ၊အဘိသမ္ဗုဒ္ဓော”တိပစ္စညာသိံ။

ယတောစ ခေါ မေ ဘိက္ခဝေ ဣမေသု
စတူသု အရိယသစ္စေသု ဧဝံ တိပရိဝဋ္ဋံ ဒွါဒသာ
ကာရံ ယထာဘူတံ ဉာဏဒဿနံ သုဝိသုဒ္ဓံ အဟောသိ။
အထာဟံ ဘိက္ခဝေ သဒေဝကေ လောကေ
သမာရကေ သဗြဟ္မကေ သဿမဏဗြာဟ္မဏိယာ
ပဇာယ သဒေဝမနုဿာယအနုတ္တရံ သမ္မာသမ္ဗောဓိံ

အဘိသမ္ဗုဒ္ဓော" တိ ပစ္စညာသိံ။

ဉာဏဉ္စ ပန မေ ဒဿနံ ဥဒပါဒိ "အကုပ္ပါ မေ ဝိမုတ္တိ၊ အယမန္တိမာ ဇာတိ၊ နတ္ထိဒါနိ ပုနဗ္ဘဝေါ"တိ။

ဣဒ မဝေါစ ဘဂဝါ။

အတ္တမနာ ပဉ္စဝဂ္ဂိယာ ဘိက္ခူ ဘဂဝတော ဘာသိတံ အဘိနန္ဒုန္တိ။

ဣမသ္မိံ စ ပန ဝေယျာကရဏသ္မိံ ဘညမာနေ အာယသ္မတော ကောဏ္ဍညဿ ဝိရဇံ ဝီတမလံ ဓမ္မစက္ခုံဥဒပါဒိ "ယံကိဉ္စိ သမုဒယ ဓမ္မံ၊ သဗ္ဗံတံ နိရောဓ ဓမ္မန္တိ"။

ပဝတ္တိတေစပန ဘဂဝတာ ဓမ္မစက္ကေ ဘုမ္မာ ဒေဝါ သဒ္ဒမနုဿာဝေသုံ "ဧတံဘဂဝတာ ဗာရာဏသိယံ ဣသိပတနေ မိဂဒါယေ အနုတ္တရံ ဓမ္မစက္ကံ ပဝတ္တိတံ အပ္ပဋိဝတ္တိယံ သမဏေန ဝါ ဗြာဟ္မဏေန ဝါ ဒေဝေန ဝါ မာရေန ဝါ ဗြဟ္မုနာ ဝါ ကေနစိ ဝါ လောကသ္မိံ"တိ။

ဘုမ္မာနံ ဒေဝါနံ သဒ္ဒံ သုတွာ စာတုမဟာရာဇိကာ ဒေဝါ သဒ္ဒမနုဿာဝေသုံ "ဧတံ ဘဂဝတာ ဗာရာဏသိယံ ဣသိပတနေ မိဂဒါယေ အနုတ္တရံ ဓမ္မစက္ကံ ပဝတ္တိတံ အပ္ပဋိဝတ္တိယံ သမဏေန ဝါ ဗြာဟ္မဏေန ဝါ ဒေဝေန ဝါ မာရေန ဝါ ဗြဟ္မုနာ ဝါ ကေနစိ ဝါ လောကသ္မိံ"တိ။

စာတုမဟာရာဇိကာနံ ဒေဝါနံ သဒ္ဒံ သုတွာ တာဝတိံသာ ဒေဝါ သဒ္ဒမနုဿာဝေသုံ "ဧတံ ဘဂဝတာ ဗာရာဏသိယံ ဣသိပဘနေ မိဂဒါယေ အနုတ္တရံ ဓမ္မစက္ကံ ပဝတ္တိတံ အပ္ပဋိ

ဝတ္တိယံ သမဏေန ဝါ ဗြာဟ္မဏေန ဝါ ဒေဝေန ဝါ မာရေန
ဝါ ဗြဟ္မုနာ ဝါ ကေနစိ ဝါ လောကသ္မိံ”တိ။

တာဝတိံသာနံ ဒေဝါနံ သဒ္ဒံ သုတွာ ယာမာ ဒေဝါ သဒ္ဒ
မနုဿာဝေသုံ “ဧတံ ဘဂဝတာ ဗာရာဏသိယံ ဣသိပတနေ
မိဂဒါယေ အနုတ္တရံ ဓမ္မစက္ကံ ပဝတ္တိတံ အပ္ပဋိဝတ္တိယံ သမ
ဏေန ဝါ ဗြာဟ္မဏေန ဝါ ဒေဝေန ဝါ မာရေန ဝါ ဗြဟ္မုနာ
ဝါ ကေနစိ ဝါ လောကသ္မိံ”တိ။

ယာမာနံ ဒေဝါနံ သဒ္ဒံ သုတွာ တုသိတာ ဒေဝါ သဒ္ဒ မနုဿာ
ဝေသုံ “ဧတံ ဘဂဝတာ ဗာရာဏသိယံ ဣသိပတနေ မိဂဒါယေ
အနုတ္တရံ ဓမ္မစက္ကံ ပဝတ္တိတံ အပ္ပဋိဝတ္တိယံ သမဏေန ဝါ ဗြာဟ္မ
ဏေန ဝါ ဒေဝေန ဝါ မာရေန ဝါ ဗြဟ္မုနာ ဝါ ကေနစိ
ဝါ လောကသ္မိံ”တိ။

တုသိတာနံ ဒေဝါနံ သဒ္ဒံ သုတွာ နိမ္မာနရတီ ဒေဝါ သဒ္ဒ
မနုဿာ ဝေသုံ “ဧတံ ဘဂဝတာ ဗာရာဏသိယံ ဣသိပတနေ
မိဂဒါယေ အနုတ္တရံ ဓမ္မစက္ကံ ပဝတ္တိတံ အပ္ပဋိဝတ္တိယံ သမ
ဏေန ဝါ ဗြာဟ္မဏေန ဝါ ဒေဝေန ဝါ မာရေန ဝါ ဗြဟ္မုနာ
ဝါ ကေနစိ ဝါ လောကသ္မိံ”တိ။

နိမ္မာနရတီနံ ဒေဝါနံ သဒ္ဒံ သုတွာ ပရနိမ္မိတဝသဝတ္တီ ဒေဝါ
သဒ္ဒမနုဿာဝေသုံ “ဧတံ ဘဂဝတာ ဗာရာဏသိယံ ဣသိပတနေ
မိဂဒါယေ အနုတ္တရံ ဓမ္မစက္ကံ ပဝတ္တိတံ အပ္ပဋိဝတ္တိယံ သမဏေန
ဝါ ဗြာဟ္မဏေန ဝါ ဒေဝေန ဝါ မာရေန ဝါ ဗြဟ္မုနာ ဝါ
ကေနစိ ဝါ လောကသ္မိံ”တိ။

ပရိနိမ္မိတဝသဝတ္တီနံ ဒေဝါနံ သဒ္ဒံ သုတွာ ဗြဟ္မကာယိကာ ဒေဝါ သဒ္ဒမနုဿာဝေသုံ "ဧတံ ဘဂဝတာ ဗာရာဏသိယံ ဣသိပတနေ မိဂဒါယေ အနုတ္တရံ ဓမ္မစက္ကံ ပဝတ္တိတံ အပ္ပဋိဝတ္တိယံ သမဏေန ဝါ ဗြဟ္မာဏေန ဝါ ဒေဝေန ဝါ မာရေန ဝါ ဗြဟ္မုနာ ဝါ ကေနစိ ဝါ လောကသ္မိံ"တိ။

ဣတိဟ တေန ခဏေန တေန လယေန တေန မုဟုတ္တေန ယာဝ ဗြဟ္မလောကာ သဒ္ဒေါ အဗ္ဘုဂ္ဂစ္ဆိ။

အယဉ္စ ဒသ သဟလောက ဓာတု သံကမ္ပိ သမ္ပကမ္ပိ သမ္ပဝေဓိ။ အပ္ပမာဏော စ ဥဠာရော ဩဘာသော လောကေ ပါတုရဟောသိ အတိက္ကမ္မ ဒေဝါနံ ဒေဝါနုဘာဝန္တိ။

အထခေါ ဘဂဝါ ဣမံ ဥဒါနံ ဥဒါနေသိ "အညာသိ ဝတ ဘော ကောဏ္ဍညော၊ အညာသိ ဝတ ဘော ကောဏ္ဍညော"တိ။

ဣတိဟိဒံ အာယသ္မတော ကောဏ္ဍညဿ အညာသိ ကောဏ္ဍညော တွေဝ နာမံ အဟောသိ။

အထခေါ အာယသ္မာ အညာသိ ကောဏ္ဍညော ဒိဋ္ဌဓမ္မော ပတ္တဓမ္မော ဝိဒိတဓမ္မော ပရိယောဂါဠှ ဓမ္မော တိဏ္ဏဝိစိကိစ္ဆော ဝိဂတ ကထံကထော ဝေသာရဇ္ဇပ္ပတ္တော အပရပ္ပစ္စယော သတ္ထုသာသနေ ဘဂဝန္တံ ဧတဒဝေါစ။

"လဘေယျာဟံ ဘန္တေ ဘဂဝတော သန္တိကေ ပဗ္ဗဇ္ဇံ၊ လဘေယျံ ဥပသမ္ပဒန္တိ။

"ဧဟိ ဘိက္ခူ"တိ ဘဂဝါ အဝေါစ၊ သွာက္ခာတော ဓမ္မော၊ စရ ဗြဟ္မစရိယံ သမ္မာ ဒုက္ခဿ အန္တကိရိယာယာတိ။ သာဝ တဿ အာယသ္မတော ဥပသမ္ပဒါ အဟောသီတိ။

## အဖွင့်

သစ္စာလေးပါးကို ပြတော်မူသော၊ လူများ နတ်များ၏ ကိုးကွယ်ရာဖြစ်တော်မူသော မြတ်စွာဘုရားသည် သဟမ္ပတိအမည်ရှိသော မြတ်သောဗြဟ္မာမင်း တောင်းပန်ချက်ကြောင့် ဘုရားပစ္စေကဗုဒ္ဓါအရိယာသူတော်စင်များ ကောင်းကင်မှသက်ရာ၊ ကောင်းကင်သို့ တက်ရာဖြစ်သည့် 'ဣသိပတန' အမည်ရှိသော သမင်ချေငယ် စိုင် ဆတ်စသည့် သားကောင်များကို ဘေးမဲ့ပေး၍ မွေးမြူရာဖြစ်သော 'မိဂဒါဝုန်' တော၌ ငါးယောက်အစု ရှိခြင်းကြောင့် ပဉ္စဝဂ္ဂီ ဟုခေါ်သော အရှင်ကောဏ္ဍည၊ အရှင်ဝပ္ပ၊ အရှင်ဘဒ္ဒိယ၊ အရှင်မဟာနာမ်၊ အရှင်အဿဇိဟူသော ပရိဗိုဇ်ရဟန်းငါးဦးတို့အား နိဗ္ဗာန်သို့ရောက်စေတတ်သော မြတ်သောတရားဖြစ်သော ဤဓမ္မစကြာ ဒေသနာတော်ကို ဟောတော်မူ၏။

## နိဒါန်း

ဘန္တေကဿပ၊အရှင်မဟာကဿပ။ဣဓံသုတ္တံ၊ဤဓမ္မစက္ကပဝတ္တန သုတ်တော်ကို။ မေမယာအာနန္ဒထေရေန၊ အကျွန်ုပ် အာနန္ဒာ မထေရ်သည်။ဘဂဝတော၊ ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံ တော်မူသော မြတ်စွာဘုရားသခင်၏။ သံမုခါ၊ မျက်မှောက် တော်မှ။စေ၀ံ၊ ဤသို့ အရှင်ဘုရားအား ယခုလျှောက်ထားမည့် အတိုင်း နာကြားမှတ်သားခဲ့ရပါသည် အရှင်ဘုရား။

ဧကံသမယံ၊ အခါတပါး၌။ ဘဂဝါ၊ မြတ်စွာဘုရားသည်။, ဗာရာဏသိယံ၊ဗာရာဏသီပြည်အနီးမိဂဒါဝုန်တော၌။ဝိဟရတိ၊ နေတော်မူ၏။တတြခေါ၊ထိုသို့နေတော်မူစဉ်။ဘဂဝါ၊ မြတ်စွာ ဘုရားသည်။ ပဉ္စဝဂ္ဂိယေ၊အရှင်ကောဏ္ဍည,ဝပ္ပ,ဘဒ္ဒိယ, မဟာ နာမ်, အဿဇိအမည်ရှိသော ငါးဦးသောပရိဗိုဇ်ရဟန်းတို့အား အပါးသို့ခေါ်တော်မူပြီးလျှင်။ အာမန္တေသိ၊ ဤသို့ မိန့်တော် မူပါသည်။

ယင်းသို့အစချီကာ အရှင်အာနန္ဒာမထေရ်သည် ကဿပမထေရ် ကြီးအား မိမိကြားနာခဲ့ရသော သစ္စာလေးပါး ဓမ္မစကြာဘုရား တော်ကို ဆက်လက် တင်ပြလျှောက်ထား၏။

## အယုတ်တရားနှစ်ပါး

ဘိက္ခဝေ၊သံသရာဘေးမှကင်းဝေးလိုငြား ချစ်သား ရဟန်းတို့။ ပဗ္ဗဇိတေန၊သံသရာဝဋ်တဏှာညွတ်မှ လွတ်ထွက်လိုငြား တရား ဓမ္မရှာမှီးလိုသူသည်။ ဒွေ၊ နှစ်ပါးကုန်သော။ ဣမေအန္တာ၊

ဤအစွန်းနှစ်ခုအယုတ်တရားစုတို့ကို။နသေဝိတဗ္ဗာ၊ မမှီဝဲအားမထုတ်အပ်ကုန်။ကတမေဒွေ၊အယုတ်တရား နှစ်ပါးဆိုသည်မှာ— ကာမေသု၊ ကာမဘုံ, ရူပဘုံ, အရူပဘုံ ဟူသော ဘုံသုံးပါး၌ ဖြစ်စေတတ်ကုန်သော ဝတ္ထုအာရုံကာမဂုဏ်တို့၌။ ကာမသုခလ္လိကာနုယောဂေါ၊ကာမဂုဏ်စိတ်ဖြင့်အဖန်ဖန် အားထုတ်ခြင်းဟု ဆိုအပ်သော။ ယောစာယံ- ယောစအယံအန္တော၊ အကြင်သဿတဒိဋ္ဌိဖြစ်သော အစွန်း တခုသည်လည်း။ဟီနော၊အမြဲဒုက္ခကို ဖြစ်စေတတ်သောကြောင့်ယုတ်ညံ့၏။ ဂမ္မော၊ ရွာသူတို့၏အကျင့်ဖြစ်၏။ ပေါထုဇ္ဇနိကော၊ ပုထုဇဉ်တို့၏ အလေ့ဖြစ်၏။ အနရိယော၊ အရိယာ သူတော်စင် တို့၏ အကျင့်မဟုတ်။အနတ္ထသံဟိတော၊ လောကုတ္တရာ အကျိုးစီးပွားမဂ်ဖိုလ်အကျိုးစီးပွားနှင့် မစပ်ဆိုင်သော။ ကာမေသု၊ လောကီအာရုံ ကာမဂုဏ်တို့၌ သာယာလိုက်စား အားထုတ်နေသော အယုတ်တရား အမှန်ဖြစ်၏။

အတ္တကိလမထာနုယောဂေါ၊မိမိကိုယ်၏ ပင်ပန်းခြင်း၊ စိတ်၏ ပင်ပန်းခြင်းကိုဖြစ်စေလျက် အားထုတ်ခြင်းဟု ဆိုအပ်သော။ ယောစာယံ·ယောစအယံအန္တော၊ အကြင်ဥစ္ဆေဒ ဒိဋ္ဌိဖြစ်သော အစွန်းတရားတခုသည်လည်း။ဒုက္ခော၊ကိုယ်စိတ်နှစ်ဖြာ ဆင်းရဲစွာ၏။အနရိယော၊တိတ္ထိတို့၏အကျင့်ဖြစ်၏။ အနတ္ထသံဟိတော၊ မဂ်ဖိုလ်နိဗ္ဗာန်နှင့် မနီးစပ်သောကြောင့် ယုတ်သောအကျင့်ဖြစ်၏။

စာစကားနှင့်ပြောရလျှင် သဿတဒိဋ္ဌိအစွန်းသည်အဝိဇ္ဇာဦးစီး၍ပြုလုပ်သော ပုညာဘိသင်္ခါရနှင့် အပုညာဘိ သင်္ခါရမျိုးဖြစ်၏။

ဥစ္ဆေဒဒိဋ္ဌိ အစွန်းသည် အဝိဇ္ဇာဦးစီး၍ ပြုလုပ်သော အာနဥ္စာ ဘိသင်္ခါရ အကျင့်မျိုးဖြစ်၏။

## အလယ်အလတ်အကျင့်

ဘိက္ခဝေ၊သံသရာဘေးမှလွတ်ရေးအတွက် မျှော်တွေးအားထုတ်နေကြသော ချစ်သားရဟန်းတို့။ ဧတေခေါ ဥဘောအန္တေ၊ ထိုကာမသုခလ္လိကာနုယောဂတည်းဟူသော သဿတဒိဋ္ဌိအကျင့်နှင့် အတ္တကိလမထာနုယောဂတည်းဟူသော ဥစ္ဆေဒဒိဋ္ဌိအကျင့် အယုတ်တရား နှစ်ပါးအစွန်းတို့ကို။အနုပဂမ္မ၊ မကပ်မယှဉ်မပွားများမူ၍။ တထာဂတေန၊ ရှေးရှေးသော ဘုရားရှင်တို့ကဲ့သို့ ပွင့်တော်မူလာသော ငါဘုရားသည်။အဘိသမ္ဗုဒ္ဓါ၊ မိမိအလိုလို ထိုးထွင်း၍ သိတော်မူခဲ့၏။

သာ၊ ထို အလယ်အလတ် ဖြစ်သော မဇ္ဈိမပဋိပဒါ အကျင့်သည်ကား။

စက္ခုကရဏီ၊သောတာပတ္တိမဂ်ဉာဏ်ကိုမြင်စေသော ပညာမျက်စိကို ပြုတတ်ခြင်း။

ဉာဏကရဏီ၊ အထက်မဂ်သုံးပါးကိုသိစေသောဉာဏ်ကို ပြုတတ်ခြင်း။

ဥပသမာယ၊ ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာ ကိလေသာ ငြိမ်းခြင်းတည်းဟူသော သောတာပတ္တိ မဂ်ဉာဏ် အကျိုးငှာ။ အဘိညာယ၊ အထက်မဂ်သုံးပါးကို ထူးသောဉာဏ်ဖြင့်သိခြင်းငှာ။ သမ္ဗော

ဓာယ၊ အရဟတ္တမဂ် အရဟတ္တဖိုလ်ကို ကောင်းစွာ ထိုးထွင်း၍ သိခြင်းငှာ။ နိဗ္ဗာနာယ၊ အနုပါဒိသေသ နိဗ္ဗာန်ကိုမျက်မှောက်ပြုခြင်းအကျိုးငှာ။ သံဝတ္တတိ၊ ကောင်းစွာဖြစ်၏။

ဘိက္ခဝေ၊ သံသရာဘေး ထိုဝဋ်ကြွေးမှ ရှောင်ပြေး လိုငြား တပည့်ချစ်သား ရဟန်းများတို့။ တထာဂတေန၊ ငါဘုရားသည်။ အဘိသမ္ဗုဒ္ဓါ၊ မိမိအလိုကို ကိုယ်တော်တိုင် ထိုးထွင်း၍ သိတော်မူအပ်သော။ စက္ခုကရဏီ၊ သစ္စာလေးပါးကို သောတာပတ္တိ မဂ်ဉာဏ်ဖြင့် မြင်တတ်သော။ ဉာဏကရဏီ၊ သစ္စာလေးပါးကို အထက်မဂ်သုံးပါးဖြင့် သိတတ်သော။ ယာမဇ္ဈိမာပဋိပဒါ၊ အကြင်သဿတဒိဋ္ဌိနှင့် ဥစ္ဆေဒဒိဋ္ဌိ အယူတို့မှလွတ်သော။ ဥပသမာယ၊ ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာအယူတို့မှ လွတ်သော အလယ်အလတ်အကျင့်မြတ်သည်။ ဥပသမာယ၊ ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာကိလေသာငြိမ်းခြင်းတည်းဟူသော မဂ်ဉာဏ်၏အကျိုးငှာ။ အဘိညာယ၊ ထူးသော အထက်မဂ်ဉာဏ်သုံးပါး၏ အကျိုးငှာ။ သမ္ဗောဓာယ၊ အရဟတ္တမဂ်ဉာဏ် အရဟတ္တဖိုလ်ဉာဏ်ကို ထိုးထွင်း၍ သိခြင်းအကျိုးငှာ။ နိဗ္ဗာနာယ၊ အနုပါဒိသေသ နိဗ္ဗာန်အကျိုးငှာ။ သံဝတ္တတိ၊ ကောင်းစွာဖြစ်၏။

သာမဇ္ဈိမာပဋိပဒါ၊ ထိုအလယ်အလတ်ဖြစ်သော အကျင့်မြတ်သည်။ ကတမာစ၊ အဘယ်နည်းဟူမူ။ အရိယော၊ ကောင်းမြတ်ဖြူစင်သော။ အဋ္ဌင်္ဂိကော၊ အင်္ဂါရှစ်ပါး အခြင်းအရာအားဖြင့် ပြည့်စုံသော။ အယမေဝမဂ္ဂေါ၊ ဤမဂ်အကျင့်တရားတည်း။

သေယျထိဒံ၊ အင်္ဂါရှစ်ပါးဟူသည်ကား။

၁။ သမ္မာဒိဋ္ဌိ၊ သစ္စာလေးပါးကို အမှန်အတိုင်း သိမြင်ခြင်း။

၂။ သမ္မာသင်္ကပ္ပေါ၊ သမ္မာဒိဋ္ဌိဉာဏ်ကို သစ္စာလေးပါးသို့ ရောက်အောင် သယ်ဆောင်တတ်ခြင်း။ တနည်း၊ မနောကံသုံးပါးမှ အလိုလို ကင်းလွတ်နေခြင်း။

၃။ သမ္မာဝါစာ၊ သစ္စာလေးပါးကို သိမြင်သဖြင့် နှုတ်ကို ကောင်းစွာ ထိန်းသိမ်း စောင့်ရှောက်ခြင်း။ တနည်း၊ ဝစီကံလေးပါးမှ အလိုလို ကင်းလွတ်နေခြင်း။

၄။ သမ္မာကမ္မန္တော၊ သစ္စာ လေးပါးကို သိမြင်နေသဖြင့် ကာယ ဒုစရိုက် သုံးပါးမှ အလိုလို လွတ်ကင်းနေခြင်း။

၅။ သမ္မာအာဇီဝေါ၊ သစ္စာလေးပါးကို သိမြင်နေသဖြင့် မနောသင်္ခါရ၊ ဝစီသင်္ခါရ၊ ကာယသင်္ခါရတို့မှ အလိုလို ကင်းလွတ်နေသောကြောင့် မှန်သားအသွင် ကြည်လင်သော စိတ်ရှိခြင်း။

၆။ သမ္မာဝါယာမော၊ သစ္စာလေးပါးကို သိမြင်သော လုံ့လမှုလွှဲ၍ အခြားလုံ့လ မရှိခြင်း။

၇။ သမ္မာသတိ၊ သစ္စာလေးပါးကို သိခြင်း၌သာလျှင် သတိတည်နေခြင်း။

၈။ သမ္မာသမာဓိ၊ သစ္စာလေးပါးကို သိမြင်ခြင်း၌သာ စိတ်တည်တံ့ခိုင်မြဲနေခြင်း။

ဣဒံဓမ္မဇာတံ၊ သစ္စာလေးပါးကို **အမှန်အတိုင်း** သိမြင်ရာ၌ တပြိုင်နက်၊ တချက်တည်းပြည့်စုံသော ဤသဘောတရား အာရုံ သည်။ မဂ္ဂင်္ဂံ၊ မဂ်မည်၏။

## သစ္စာလေးပါး

၁။ ဒုက္ခသစ္စာ

၂။ သမုဒယသစ္စာ

၃။ နိရောဓသစ္စာ

၄။ မဂ္ဂသစ္စာ

ဘိက္ခဝေ၊ သံသရာဘေးမှ ကင်းဝေးလိုငြား ချစ်သားရဟန်းတို့။ တထာဂတေန၊ ငါဘုရားသည်။ အဘိသမ္ဗုဒ္ဓါ၊ ဆရာမကူ သယမ္ဘူဉာဏ်ဖြင့် မိမိ အလိုလို ကိုယ်တော်တိုင် ထိုးထွင်း၍ သိအပ်သော။ စက္ခုကရဏီ၊ သစ္စာလေးပါးကို သောတာပတ္တိ မဂ်ဉာဏ်ဖြင့် မြင်တတ်သော။ ဉာဏကရဏီ၊ သစ္စာလေးပါးကို အထက် မဂ်သုံးပါးဖြင့် သိတတ်သော။ အယံခေါသာမဇ္ဈိမာ မဇ္ဈိမပဒါ၊ ဤသဿတဒိဋ္ဌိနှင့် ဥစ္ဆေဒဒိဋ္ဌိတို့မှ ကင်းလွတ်သော အလယ်အလတ် အကျင့်မြတ်သည်ကား။

ဥပသမာယ၊ ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာ ကိလေသာ ငြိမ်းခြင်းတည်းဟူသော သောတာပတ္တိ မဂ်ဉာဏ်၏ အကျိုးငှာ။ အဘိညာယ၊ ထူးသော အထက်မဂ်ဉာဏ်သုံးပါး၏ အကျိုးငှာ။ နိဗ္ဗာနာယ၊ ကိလေသာခပ်သိမ်းကင်းငြိမ်းရာမှန် အမြိုက်နိဗ္ဗာန်၏အကျိုးငှာ။ သံဝတ္တတိ၊ အမှန်ဖြစ်၏။

## ဒုက္ခသစ္စာ

ဘိက္ခဝေ၊ တရားလိုငြား ချစ်သား ရဟန်းတို့။ ဣဒံခေါပန၊ ဤဆိုလတံ့သော စကားသည်ကား။ ဒုက္ခံ၊ ဒုက္ခ ဖြစ်သော

စက်ဆုပ်ရွံရှာဖွယ်ရာ အချည်းနှီးသာ ဖြစ်သော။ အရိယသစ္စ၊ အရိယာသူတော်စင်တို့ အမှန်အတိုင်း သိမြင်အပ်သော အရိယ သစ္စာမည်၏။

၁။ ဇာတိပိ၊ မျက်စိမြင်မှု၊ နားကြားမှု၊ နှာခေါင်းနံမှု၊ လျှာစားမှု၊ ကိုယ်ထိတွေ့မှု၊ စိတ်သိမှု တည်းဟူသော ဥပါဒါနက္ခန္ဓာ ငါးပါးတို့သည်။ ဒုက္ခာ၊ အရိယာ သူတော်စင်တို့ ဉာဏ်ဖြင့် အမှန်အတိုင်း သိမြင်အပ်သော ဒုက္ခပေတည်း။

၂။ ဇရာပိ၊ ထိုဥပါဒါန်၏ အာရုံမျှသာဖြစ်သော အစွဲနှင့်တကွ ဖြစ်ပေါ်လာရသော လောကီစိတ် အမျိုးမျိုးတို့၏ ဖြစ်ပေါ် လာပြီးနောက် တည်ထောင် ပေးနေခြင်းသည်လည်း။ ဒုက္ခာ၊ အရိယာသူတော်စင်တို့ အမှန်အတိုင်း သိမြင်အပ်သော ဒုက္ခ ပေတည်း။

၃။ ဗျာဓိပိ၊ ဤကဲ့သို့ မကောင်းစိတ်၊ ကောင်းစိတ်အမျိုးမျိုး ဖြစ်ပေါ်လာပြီးနောက် ပျောက်ကွယ် ချုပ်ဆုံးခါနီး အခိုက် အတန့် သည်လည်း။ ဒုက္ခော၊ အရိယာသူတော်စင်တို့ ဉာဏ်ဖြင့် သိမြင်အပ်သော ဒုက္ခပေတည်း။

၄။ မရဏံပိ၊ ထိုကောင်းကောင်းဆိုးဆိုး အမျိုးမျိုးသော စိတ် ဟူသမျှ ဖြစ်ပေါ် လာကြပြီးနောက် ပျောက်ပျက် ချုပ်ငြိမ်း ကုန်ဆုံးသွားရခြင်းသည်လည်း။ ဒုက္ခံ၊ အရိယာအရှင် သူတော် စင်တို့ ဉာဏ်ဖြင့် အမှန်အတိုင်း သိမြင်အပ်သော ဒုက္ခပေတည်း။

၇။ အပ္ပိယေဟိ၊ ဥပါဒါန်၏ အာရုံမျှသာ ဖြစ်သော မချစ် မနှစ်သက် အလိုမကျသော သတ္တဝါသင်္ခါရကံ ကိလေသ တရားတို့နှင့်။ သမ္ပယောဂေါ၊ ဥစ္ဆေဒဒိဋ္ဌိဟူသော ဝိဘဝတဏှာဖြင့် ခွဲခွာကွေကွင်းလိုလျက်နှင့် တွေ့ရမြင်ရကြုံရ ဆုံရ ပေါင်းသင်း ဆက်ဆံ၍ နေရခြင်းသည်လည်း။ ဒုက္ခော၊ အရိယာ သူတော်စင်တို့ ဉာဏ်ဖြင့် အမှန်အတိုင်း သိမြင်အပ်သော ဒုက္ခပေတည်း။ ပိယေဟိ၊ ဥပါဒါန်၏အာရုံမျှသာဖြစ်သော အလိုကျနှစ်သက်အပ်သော သတ္တဝါ သင်္ခါရကံ ကိလေသတရားတို့နှင့်။ ဝိပ္ပယောဂေါ၊ သဿတဒိဋ္ဌိဟူသော ဘဝတဏှာဖြင့် မခွဲလို မခွာလို အမြဲတမ်း အတူနေလိုလျက်နှင့် ခွဲခွာ ကွေကွင်းရခြင်းသည်လည်း။ ဒုက္ခော၊ ဥပါဒါန်ကြောင့် ဖြစ်ပေါ်လာရသော ဒုက္ခပေတည်း။

ယံပိစ္ဆံ၊ အကြင်အလိုရှိအပ်သော ဥပါဒါနက္ခန္ဓာ ငါးပါးတည်းဟူသော ကောင်းမကောင်းဖြစ်သောမဿာအာရုံခြောက်ပါးကို။ နလဗ္ဘတိ၊ အလိုရှိတိုင်း တောင့်တတိုင်း မရ။ တံပိ၊ ထိုသို့ ဥပါဒါန်၏ အာရုံအမျိုးမျိုးတို့ကို တောင့်တတိုင်း မရခြင်းသည်လည်း။ ဒုက္ခံ၊ အရိယာသူတော်စင်တို့ ဉာဏ်ဖြင့်သိမြင်အပ်သော ဒုက္ခပေတည်း။

သံခိတ္တေန၊ ကောင်းကောင်း ဆိုးဆိုး အမျိုးမျိုးသော စိတ်အပေါင်း ထောင်ပေါင်း ကုဋေမက ဖြစ်ပေါ်လာကြရာ၌ အားလုံးကို စုရုံး၍ အကျဉ်းချုံးလိုက်သည်ရှိသော်။ ပဉ္စုပါဒါနက္ခန္ဓာ၊ စွဲလမ်းခြင်း အာရုံမျှသာ ဖြစ်သော ခန္ဓာငါးပါး၊

သို့မဟုတ် အစွဲနှင့်တကွဖြစ်သော ရုပ်နာမ်နှစ်ပါးသည်သာလျှင်။ ဒုက္ခာ၊ အရိယာ သူတော်စင်တို့ တပ်တပ်ထင်ထင် သိမြင်သော ဒုက္ခပေတည်း။

## မှတ်ရန်

ကောင်းစိတ်၊ ဆိုးစိတ်၊ မုန်းစိတ်၊ လောဘစိတ်၊ ဒေါသစိတ် ဆိုသည်တို့မှာ ဥပါဒါနက္ခန္ဓာ ဟူ၍ မှတ်ရာ၏။

## သမုဒယ သစ္စာ

ဘိက္ခဝေ၊ သံသရာဘေးမှ လွတ်ရန် စိတ်ထားနှင့် ကြံစည် အားထုတ်နေကြသော ချစ်သားရဟန်းတို့။ ဣဒံခေါပန၊ ဤ ဆို လတံ့သော စကားသည်ကား။ ဒုက္ခသမုဒယံ၊ ဒုက္ခ၏ အကြောင်းဖြစ်သော။ အရိယသစ္စံ၊ အရိယာ သူတော်စင်တို့ ဉာဏ်ဖြင့် မြင်အပ်သော အမှန်တရားမည်၏။

ယာယံတဏှာ၊ အကြင်ချစ်ခြင်းတည်း ဟူသော တဏှာသည်။ ပေါနောဗ္ဘဝိကာ၊ တဖန်ဘဝသစ်ကို ဖြစ်စေတတ်၏။ တနည်း ဆိုသော် တဖန်အစွဲနှင့်တကွဖြစ်သော စိတ်အသစ်၊ သို့မဟုတ် နောက်ဘနည်း ဥပါဒါနက္ခန္ဓာငါးပါးအသစ်ကို ဖြစ်စေတတ် ၏။ နန္ဒီရာဂသဟဂတာ၊ နှစ်သက်ခြင်း၊ စွဲလမ်းခြင်း၊ ပေါ်မက် ခြင်းတည်းဟူသော ဥပါဒါန်စိတ်နှင့်တကွ ဖြစ်၏။

တတြတတြ၊ ထိုကောင်းကောင်းဆိုးဆိုး အမျိုးမျိုးသော စိတ် ဖြစ်ခြင်း၌။ အဘိနန္ဒိနီ၊ အလွန်အလွန် စွဲလမ်းတတ်၏။ ဟူသော

တဏှာ၊ ဤ 'ချင်ခြင်း' တည်းဟူသော တဏှာသည်။ သေယျထာကတမာ၊ အဘယ်မျှ အပြားရှိပါသနည်းဟူမူ၊
၁။ ကာမတဏှာ၊ အဆင်း အသံ အနံ့အရသာ အတွေ့ အတွေး တို့ကို တပ်နှစ်သက်တတ်သော 'ချင်ခြင်း' လည်းကောင်း။ တနည်းဆိုသော် အတ္တဒိဋ္ဌိ အယူသည်လည်းကောင်း။
၂။ ဘဝတဏှာ၊ စိတ် အမျိုးမျိုး ဖြစ်ပေါ်ခြင်း၌ တပ်မက်ကျေနပ်သော သဿတဒိဋ္ဌိ အယူသည်လည်း ကောင်း။
၃။ ဝိဘဝတဏှာ၊ စိတ်အမျိုးမျိုး ဖြစ်ပေါ်ခြင်း၌ မကျေနပ်သော စက်ဆုပ်သော ဥစ္ဆေဒအယူသည်လည်းကောင်း၊ ဣတိ၊ ဤသုံးပါးတည်း။
ဣဒံ၊ ဤ 'ချင်ခြင်း' တည်းဟူသော တဏှာသည်။ ဒုက္ခသမုဒယံ၊ ဒုက္ခဟူသော ကောင်းကောင်းဆိုးဆိုး အမျိုးမျိုးသော စိတ်စေတသိက် ရုပ်တို့၏ ဖြစ်ကြောင်းဖြစ်သော။ အရိယသစ္စံ၊ အရိယာသူတော်ကောင်းတို့ ဉာဏ်ဖြင့် အမှန်အတိုင်း သိမြင် အပ်သော တရားထူးပေတည်း။

## နိရောဓ သစ္စာ

ကတမဉ္စဝေ၊ ချုပ်ငြိမ်းရာအမှန် မြတ်နိဗ္ဗာန်ကို ရည်သန်စိတ်ထား ချစ်သား ရဟန်းတို့။ ဣဒံခေါ ပန၊ ဤဆိုလတ္တံ့သော စကားသည်ကား။ ဒုက္ခနိရောဓံ၊ ဒုက္ခဟူသော ဥပါဒ်၊ ဌီ၊ ဘင်မရှိသော စိတ်စေတသိက် ရုပ်တို့၏ ချုပ်ရာဖြစ်သော။ အရိယသစ္စံ၊ အရိယာ နွယ်ဝင် သူတော်စင်တို့ ဉာဏ်ဖြင့် သိမြင်အပ်သော အမှန်တရားမည်၏။

တဿာယေဝတဏှာယ၊ ထို ချင်ခြင်း သုံးပါးသာလျှင်၊တနည်းဆိုသော် ထိုသဿတဒိဋ္ဌိဥစ္ဆေဒဒိဋ္ဌိ တို့သာလျှင်၊ သို့မဟုတ်နောက် တနည်း တဏှာ-မာန - ဒိဋ္ဌိဟူသော ဥပါဒါနက္ခန္ဓာငါးပါးတို့သာလျှင်။

ယောအသေသဝိရာဂနိရောဓော၊အကြွင်းဥပါဒါနက္ခန္ဓာငါးပါးတို့၏ အကြွင်းမဲ့ချုပ်ငြိမ်းရာဖြစ်သော'အနုပါဒိသေသ' နိဗ္ဗာန်မြတ်သည်လည်းကောင်း။

ယောစာဂေါ၊ အကြွင်းဒိဋ္ဌိနှင့် ဝိစိကိစ္ဆာကိလေသာတို့ စွန့်ရာဖြစ်သောသောတာပတ္တိမဂ် ဉာဏ်၏အာရုံဖြစ်သော'သဉပါဒိသေသ' နိဗ္ဗာန်သည်လည်းကေငင်း။

ယောပဋိနိဿဂ္ဂေါ၊အကြွင်း ဒိဋ္ဌိဝိစိကိစ္ဆာနှင့် ကြမ်းတမ်းသော ဒေါသ ကိလေသာတို့ကိုဝေးစွာစွန့်ရာဖြစ်သော သကဒါဂါမိမဂ်ဉာဏ်၏ အာရုံဖြစ်သော 'သဉပါဒိသေသ' နိဗ္ဗာန်သည်လည်းကောင်း။

ယောမုတ္တိ၊ အကြွင်းဒိဋ္ဌိဝိစိကိစ္ဆာနှင့် အကြမ်းအနု ဒေါသ ကိလေသာသုံးပါးတို့၏ လွတ်ရာဖြစ်သောအနာဂါမိမဂ်ဉာဏ်၏ အာရုံဖြစ်သော 'သဉပါဒိသေသ' နိဗ္ဗာန်သည်လည်းကောင်း။

ယောအနာလယော၊အကြွင်းဒိဋ္ဌိဝိစိကိစ္ဆာနှင့် ဒေါသအပြင် ကျန်သော လောဘ၊မောဟ၊မာန၊ထိန၊ ဥဒ္ဓစ္စ၊အဟိရိက၊အနောတ္တပ္ပတည်းဟူသော ကိလေသာဆယ်ပါးတို့၏ ကပ်ငြိခြင်း ကင်းရာကုန်ရာဖြစ်သော 'အနုပါဒိသေသ' နိဗ္ဗာန်သည်လည်းကောင်း။ အတ္ထိ၊ ရှိ၏။

ဣဒံ၊ ဤတဏှာ မာန ဒိဋ္ဌိတို့၏ ချုပ်ချယ်မှုမှ လွတ်ရာ ငြိမ်းရာ ဖြစ်သော နိရောဓနိဗ္ဗာန်သည်။ အရိယသစ္စံ၊ အရိယာနွယ်ဝင် သူတော်စင်တို့ဉာဏ်ဖြင့် အမှန် အတိအကျ သိမြင်အပ်သော အမြတ်ဆုံးတရား ပေတည်း။

**မဂ္ဂသစ္စာ**

ဘိက္ခဝေ၊ နိဗ္ဗာန်ကိုအလိုရှိကြကုန်သော ချစ်သား ရဟန်းတို့။ ဣဒံခေါပန၊ ဤဆိုလတံ့သောစကားသည်ကား။ ဒုက္ခဂါမိနီ ပဋိပဒါ၊ ဒုက္ခဟူသောဥပါဒါနက္ခန္ဓာ စိတ်စေတသိက် ရုပ်တို့၏ ချုပ်ရာဖြစ်သော နိဗ္ဗာန်သို့ ရောက်ကြောင်း အကျင့်ဖြစ်သော။ တနည်းအားဖြင့် ပြောရလျှင် လောကီစိတ် အမျိုးမျိုးတို့၏ ချုပ်ရာနိဗ္ဗာန်သို့ရောက်ကြောင်းအကျင့်ဖြစ်သော။ အရိယသစ္စံ၊ အရိယာနွယ်ဝင် သူတော်စင်တို့ သိမြင်အပ်သော အကျင့်မြတ် ဖြစ်၏။

အရိယော၊ဖြူစင်မြင့်မြတ်သော။ အယမေဝမဂ္ဂေါ၊ ဤအကျင့် မြတ်သည်သာလျှင်။ အဋ္ဌင်္ဂိကော၊အင်္ဂါရှစ်ပါးနှင့် တချက်တည်း ပြည့်စုံ၏။

သေယျထိဒံ၊ အင်္ဂါရှစ်ပါးဟူသည်မှာ။

၁။ သမ္မာဒိဋ္ဌိ၊ စိတ်စေတသိက် ရုပ်တို့၏ ချုပ်ရာဖြစ်သော၊ တနည်း ဒုက္ခနှင့် သမုဒယဟူသော ကောင်းကောင်းဆိုးဆိုး အမျိုးမျိုးသောလောကီစိတ်တို့၏ ချုပ်ရာဖြစ်သော၊ တနည်း

ဥပါဒါနက္ခန္ဓာ ငါးပါးတို့၏ ချုပ်ရာ ဖြစ်သော နိဗ္ဗာန်ကို ညာဏ်ဖြင့် သိမြင်နေခြင်း။

၂။ သမ္မာသင်္ကပ္ပေါ၊ နိဗ္ဗာန်ကို သိမြင်နေသဖြင့် ထိုသိမြင်နေသောစိတ်ကို နိဗ္ဗာန်သို့ ပို့ဆောင်နေခြင်းမှတပါး အခြားဘာကိုမျှ စိတ်မကူးတော့ခြင်း။

၃။ သမ္မာဝါစာ၊ နိဗ္ဗာန်ကို သိမြင်နေသဖြင့် မည်သည့်အပိုစကားကိုမျှ မပြောဆိုတော့ခြင်း။

၄။ သမ္မာကမ္မန္တော၊ နိဗ္ဗာန်ကို သိမြင်နေသဖြင့် မည်သည့်ကာယကံမှုကိုမျှ မပြုလုပ်တော့ခြင်း။

၅။ သမ္မာအာဇီဝေါ၊နိဗ္ဗာန်ကို သိမြင်နေသဖြင့် စိတ်မှာအစဉ်ဖြူစင်နေခြင်း၊တနည်းမည်သည့်သင်္ခါရ အာရုံမျှ မရှိတော့ခြင်း။

၆။ သမ္မာဝါယာမော၊နိဗ္ဗာန်ကိုသိမြင်နေသဖြင့် ထိုသိမြင်နေသောစိတ်ကို နိဗ္ဗာန်သို့သာ မြှင့်တင် ပေးနေခြင်း။

၇။ သမ္မာသတိ၊နိဗ္ဗာန်ကိုသိမြင်နေသဖြင့် ထိုသိမြင်သော စိတ်ကို နိဗ္ဗာန်၌ မပြတ်တည်မြဲနေစေခြင်း။

၈။ သမ္မာသမာဓိ၊ နိဗ္ဗာန်ကို သိမြင်နေသဖြင့် ထိုသိမြင်သောစိတ်ကို နိဗ္ဗာန်၌ စူးစိုက်စေခြင်း၊ လောကီအာရုံများသို့ စိတ်မပျံ့လွင့်ခြင်း။ ဣတိ၊ ဤရှစ်ပါးတည်း။

ဣဒံ၊ ဤအင်္ဂါရှစ်ပါးနှင့်ပြည့်စုံသော အကျင့်မြတ်သည်။ ဒုက္ခနိရောဓ ဂါမိနီပဋိပဒါ၊ ဒုက္ခ၏ ချုပ်ငြိမ်းရာ နိဗ္ဗာန်သို့ ရောက်ကြောင်းရကြောင်းအကျင့်ဖြစ်သော။ အရိယသစ္စံ၊ အရိယာ နွယ်ဝင်သူတော်စင်တို့ညာဏ်ဖြင့်အမှန်အတိုင်းသိမြင်အပ်သောအကျင့်မြတ် ဖြစ်ပေ၏။

## ဒုက္ခ၌ သစ္စာဉာဏ်ခေါ် ဝိပဿနာဉာဏ်

ဘိက္ခဝေ၊ သံသရာဘေးမှ ကင်းဝေးလိုငြား ချစ်သားရဟန်း များတို့။

ဣဒံ၊ ဤဇာတိ အစ ရှိသော ကောင်းကောင်း ဆိုးဆိုး စိတ် အမျိုးမျိုးနှင့်တကွ ဖြစ်သော ဥပါဒါနက္ခန္ဓာ တရား အပေါင်း သည်။တနည်း ဘုံသုံးပါး၌ ကျင်လည်ကြောင်းဖြစ်သော သင်္ခတ တရားအပေါင်းသည်။ ဒုက္ခံ အရိယသစ္စန္တိ၊ အရိယာနှင့်ဝင် သူတော်စင်တို့သိမြင်အပ်သောဒုက္ခသစ္စာမည်၏ဟူ၍။ မေမယာ၊ ငါဘုရားသည်။ပုဗ္ဗေ၊ ဘုရားမဖြစ်မီရှေးအဖို့၌။ အနနုဿုတေသု၊ တစုံတယောက်ထံမှ မကြားစဖူးကုန်သော။ ဓမ္မေသု၊ သစ္စာ လေးပါး တရားအထူးတို့၌။

စက္ခုံ၊ ဇာတိ စသော ကောင်းကောင်းဆိုးဆိုး စိတ်အမျိုးမျိုး ဖြစ်ပေါ်ခြင်းတည်းဟူသော ဒုက္ခသစ္စာ၌ မမြဲသောသဘောကို မြင်တတ်သော အနိစ္စာနုပဿနာဉာဏ် တည်းဟူသော ပညာ မျက်စိသည်။ ဥဒပါဒိ၊ ထင်ရှားဧကန် အမှန်ဖြစ်တော်မူပြီ။

ဉာဏံ၊ ဇာတိ စသော ကောင်းမကောင်း စိတ်အမျိုးမျိုး ဖြစ်ပေါ်ခြင်းတည်းဟူသော ဒုက္ခသစ္စာ၌ ဘေးဟုသိတတ်သော ဒုက္ခာနုပဿနာဉာဏ်သည်။ ဥဒပါဒိ၊ ထင်ရှား ဧကန် အမှန် ဖြစ်တော်မူပြီ။

ပညာ၊ ဇာတိ စသော ချစ်စိတ် မုန်းစိတ် အမျိုးမျိုးဖြစ်ပေါ် ခြင်း တည်းဟူသော ဒုက္ခသစ္စာ၌ အနှစ် အသား မရှိခြင်းကို

အပြားအားဖြင့် တပါးစီ တပါးစီခွဲခြားဝေဖန်၍ သိတတ်သော အနုတ္တာနုပဿနာဉာဏ်သည်။ ဥဒပါဒိ၊ ထင်ရှားကေန် အမှန် ဖြစ်တော်မူပြီ။

## ဒုက္ခ၌ ကိစ္စဉာဏ်ခေါ် မဂ်ဉာဏ်

ဘိက္ခဝေ၊ သံသရာဝဋ်မှ ကျွတ်လွတ်လိုငြား ချစ်သား ရဟန်း များတို့။

တံခေါ် ပနိဒံ ဒုက္ခံ အရိယသစ္စံ၊ ထိုဝိပဿနာဉာဏ်ဖြင့် ဝေဖန် သိမ်းဆည်းအပ်ပြီးသော ဒုက္ခအရိယသစ္စာကို။ ပရိညေယျန္တိ၊ ဤရွေ့ဤမျှဟုပိုင်းခြားဝေဖန်၍ မဂ်ဉာဏ်အသိတို့ဖြင့်သိအပ်၏ ဟူ၍။ မေ၊င ါဘုရားသည်။ ပုဗ္ဗေ၊ဘုရားမဖြစ်ခင် ရှေးကာလ၌။ အနနုဿုတေသု၊ တစုံတယောက်မျှ ပြောသံကို မကြားရစဖူး ကုန်သော။ဓမ္မေသု၊ သစ္စာလေးပါး တရားအထူးတို့၌။

စက္ခုံ၊ဇာတိစသောဒုက္ခသစ္စာထိုက်သည့် ရှုစိတ်မှတ်စိတ်ပွားများ စိတ် ကြံစည်စိတ် တွေးတောစိတ် ဝေဖန်စိတ် ချစ်စိတ် အမုန်း စိတ်အစရှိသော စိတ်အမျိုးမျိုးတို့ ဖြစ်ပေါ်ခြင်းကို မြင်တတ် သော သောတာပတ္တိမဂ်ဉာဏ်တည်းဟူသောပညာမျက်စိသည်။ ဥဒပါဒိ၊ထင်ရှားကေန် အမှန်ဖြစ်တော်မူပြီ။

ဉာဏံ၊ကောင်းကောင်းဆိုးဆိုး စိတ်အမျိုးမျိုးတို့၏ဖြစ်ပေါ်ခြင်း တည်းဟူသောဒုက္ခသစ္စာကိုသိတတ်သော သကဒါဂါမိမဂ်ဉာဏ် သည်။ဥဒပါဒိ၊ထင်ရှားကေန် အမှန် ဖြစ်တော်မူပြီ။

ပညာ၊ဇာတိစသောဒုက္ခသစ္စာထိုက်သည့်ကောင်းကောင်းဆိုးဆိုး စိတ်အမျိုးမျိုးတို့၏ ဖြစ်ပေါ်ခြင်းကို အပြားအားဖြင့် တပါးစီ

တပါးစီ ခွဲခြား ဝေဖန်တတ်သော အနာဂါမိမဂ်ဉာဏ်သည်။ ဥဒပါဒိ၊ ထင်ရှားကေန် အမှန် ဖြစ်တော်မူပြီ။

အာလောကော၊ ဒုက္ခသစ္စာထိုက်သည့် ရှုစိတ် မှတ်စိတ် တွေးစိတ် ကြံစိတ် အားထုတ်စိတ် ပြုလုပ်စိတ် ပွားများစိတ် လိုချင်စိတ် မလိုချင်စိတ် ချစ်စိတ် မုန်းစိတ် ဖြစ်ခြင်းကို မသိ မမြင် မထင် နိုင်အောင် ဖုံးလွှမ်းတတ်သော မောဟတည်းဟူသော အမိုက် မှောင်ကိုကုန်စင်အောင် ဖျက်ဆီးတတ်သောမဂ်လေးတန် အကုန် အလင်း ခတ်မျိုးစုံတို့သည်။ ဥဒပါဒိ၊ ထင်ရှားမသွေ ဖြစ်ပေါ် လာပေပြီ။

## ဒုက္ခဉ္စ ကတဉာဏ်ခေါ် ဖိုလ်ဉာဏ်

ဘိက္ခဝေ၊ နိဗ္ဗာန်လိုကြွား ချစ်သားရဟန်းတို့။ တံခေါ ပနိဒံဒုက္ခံအရိယသစ္စံ၊ ထိုဝိပဿနာဉာဏ် မဂ်ဉာဏ်တို့ဖြင့် ပိုင်းခြားဝေဖန်အပ်သော ဇာတိစသော ဒုက္ခအရိယသစ္စာကို။ ပရိညာတန္တိ၊ အချင်း ခပ်သိမ်းပိုင်းခြားဝေဖန်၍ ဖိုလ်ဉာဏ်တို့ဖြင့် တဖန် သိရှိပြီးပြီဟူ၍။ မေ၊ ငါဘုရားသည်။ ပုဗ္ဗေ၊ ဘုရားမဖြစ်မီ ရှေးကာလ၌။ အနနုဿုတေသု၊ တစုံတယောက်မျှ မပြောစဖူးကုန် သေးသော။ ဓမ္မေသု၊ သစ္စာလေးပါး ထူးမြတ်သောတရားတို့၌။ စက္ခုံ၊ စိတ်အမျိုးမျိုးဖြစ်ပေါ်ခြင်းတည်းဟူသော ဇာတိစသော ဒုက္ခသစ္စာကို မြင်တတ်သော သောတာပတ္တိ ဖိုလ်ဉာဏ်တည်း ဟူသော ပညာမျက်စိသည်။ ဥဒပါဒိ၊ ထင်ရှားကေန် အမှန် ဖြစ်တော်မူပြီ။

ဉာဏ်၊ စိတ်အမျိုးမျိုးတည်းဟူသော ဇာတိစသော ဒုက္ခသစ္စာကို မြင်တတ်သော သောတာပတ္တိဖိုလ်ဉာဏ် တည်းဟူသော သကဒါဂါမိဖိုလ်ဉာဏ်သည်။ ဥဒပါဒိ၊ ထင်ရှားကေန် အမှန် ဖြစ်တော်မူပြီ။

ပညာ၊ လောကီစိတ်အမျိုးမျိုးဖြစ်ပေါ်ခြင်းတည်းဟူသော ဒုက္ခသစ္စာကို အပြားအားဖြင့် တပါးစီ တပါးစီပိုင်းခြားဝေဖန်၍ သိနိုင်သောအနာဂါမိဖိုလ်ဉာဏ်သည်။ဥဒပါဒိ၊ ထင်ရှားကေန် အမှန် ဖြစ်တော်မူပြီ။

ဝိဇ္ဇာ၊ ချင်ချင်းတည်းဟူသော သမုဒယသစ္စာကို ထိုးထွင်း၍ သိတတ်သော အနတ္တာ နုပဿနာဉာဏ်သည်။ ဥဒပါဒိ၊ထင်ရှား မသေ့ ဖြစ်ပေါ်လာပေပြီ။

အာလောကော၊ မလိုချင် လိုချင် မှတ်ချင် ရှုချင် တွေးချင် မတွေးချင် အားထုတ်ချင် အားမထုတ်ချင် စသော အမျိုးမျိုး သော 'ချင်ခြင်း' သဘောတည်း ဟူသော သမုဒယ သစ္စာကို ဖုံးလွှမ်းတတ်သော မသိခြင်းတည်း ဟူသော မောဟ အမိုက် မှောင်ကို ဖျက်ဆီးတတ်သော သမ္မာဒိဋ္ဌိ ပညာရောင် အလင်း သည်။ဥဒပါဒိ၊ ထင်ရှားမသေ့ ဖြစ်ပေါ်လာလေပြီ။

## သမုဒယဉ္စ် ကိစ္စဉာဏ်ခေါ် မဂ်ဉာဏ်

ဘိက္ခဝေ၊ သံသရာဝဋ်မှ လွတ်မြောက်လိုကြသော ချစ်သား ရဟန်းတို့။

တံခေါ်ပနိဒံ ဒုက္ခသမုဒယံအရိယသစ္စံ၊ ထိုဒုက္ခ၏အကြောင်းရင်း ဖြစ်သော'ချင်ခြင်း'တည်းဟူသော အရိယသစ္စာကို။ ပဟာတဗ္ဗံ၊

သောတာပတ္တိမဂ်စသော မဂ်လေးပါးဖြင့် ကာမတဏှာ ဘဝတဏှာတည်းဟူသော သဿတ ဒိဋ္ဌိနှင့် ဝိဘဝတဏှာ တည်းဟူသောဥစ္ဆေဒဒိဋ္ဌိတို့ကိုလည်းကောင်း အသီးသီး။ဣတိ၊ဤသို့။ မေမယာ၊ငါဘုရားသည်။ပုဗ္ဗေ၊ဘုရားမဖြစ်မီကာလရှေးမဆွက။ အနနုဿုတေသု၊တဆင့်စကား မကြားစဖူးကုန်သော။ ဓမ္မေသု၊ သစ္စာလေးပါး တရားအထူးတို့၌။

စက္ခုံ၊သမုဒယသစ္စာကိုမြင်တတ်သော 'သောတာပတ္တိ မဂ်ဉာဏ်' သည်။ဥဒပါဒိ၊ထင်ရှားကေန် အမှန်ဖြစ်ပေါ်ပေပြီ။
ဉာဏံ၊သမုဒယသစ္စာကို သိတတ်သော 'သကဒါဂါမိမဂ်ဉာဏ်' သည်။ ဥဒပါဒိ၊ ထင်ရှားကေန် အမှန်ဖြစ်ပေါ်ပေပြီ။
ပညာ၊သမုဒယသစ္စာ တည်းဟူသော 'ချင်ခြင်း' အမျိုးမျိုးကို အပြားအားဖြင့် တပါးစီတပါးစီ ခွဲခြားဝေဖန်နိုင်သော 'အနာဂါမိမဂ်ဉာဏ်'သည်။ ဥဒပါဒိ၊ ထင်ရှားကေန် အမှန်ဖြစ်တော်မူပြီ။

ဝိဇ္ဇာ၊သမုဒယသစ္စာကို ထိုးထွင်း၍ သိတတ်သော 'အရဟတ္တမဂ်ဉာဏ်'သည်။ ဥဒပါဒိ၊ထင်ရှားကေန် အမှန်ဖြစ်ပေါ်နေပြီ။

အာလောကော၊ 'ချင်ခြင်း'အမျိုးမျိုးတည်းဟူသော သမုဒယသစ္စာကိုမသိမမြင်မထင်နိုင်အောင် ဖုံးလွှမ်းတတ်သော မောဟတည်းဟူသောအမိုက်မှောင်ကို ကုန်စင်အောင် ဖျက်ဆီးတတ်သော 'မဂ်လေးတန်'အကုန်အလင်း ဉာဏ်မျိုးစုံသည်။ ဥဒပါဒိ၊ ထင်ရှားမသွေ ဖြစ်ပေါ်လာပေပြီ။

## သမုဒယ၌ ကတဉာဏ်ခေါ် ဖိုလ်ဉာဏ်

ဘိက္ခဝေ၊ ချင်ခြင်းကိုဖြစ်စေတတ်သည့် သမုဒယဘေးမှ ထွက်ပြေးလိုကြွား ချစ်သားရဟန်းတို့။
တံခေါ ပနိဒံဒုက္ခ သမုဒယံအရိယသစ္စံ၊ စိတ်အမျိုးမျိုး ဖြစ်ခြင်းတည်းဟူသော ဒုက္ခ၏ အကြောင်းရင်း ဖြစ်သော 'ချင်ခြင်း' တည်းဟူသော သမုဒယအရိယသစ္စာကို။ ပဟီနံ၊ ဖိုလ်လေးတန်ဉာဏ်အစုံတို့ဖြင့် တဖန်ထပ်၍ ပယ်အပ်ပြီ။
ဣတိ၊ ဤသို့။ မေ မယှာ၊ ငါဘုရားသည်။ ပုဗ္ဗေ၊ ဘုရားမဖြစ်မီကာလ ထိုခဏက။ အနနုဿုတေသု၊ မည်သူ့ထံကမှ တဆင့်စကား မကြားစဖူးကုန်သော။ ဓမ္မေသု၊ သစ္စာလေးပါး တရားအထူးတို့၌။
စက္ခုံ၊ သမုဒယသစ္စာကို မြင်တတ်သော သောတာပတ္တိဖိုလ်ဉာဏ်သည်။ ဥဒပါဒိ၊ ထင်ရှားကေန် အမှန်ဖြစ်ပေါ်ပေပြီ။
ဉာဏံ၊ သမုဒယသစ္စာကို သိတတ်သော သကဒါဂါမိ ဖိုလ်ဉာဏ်သည်။ ဥဒပါဒိ၊ ထင်ရှားကေန် အမှန်ဖြစ်ပေါ်ပေပြီ။
ပညာ၊ သမုဒယသစ္စာကို အပြားအားဖြင့် တပါးစီ တပါးစီ ခွဲခြားဝေဖန်နိုင်သော အနာဂါမိ ဖိုလ်ဉာဏ်သည်။ ဥဒပါဒိ၊ ထင်ရှားကေန် အမှန်ဖြစ်ပေါ်ပေပြီ။
ဝိဇ္ဇာ၊ သမုဒယသစ္စာကို ထိုးထွင်း၍ သိတတ်သော အရဟတ္တဖိုလ်ဉာဏ်သည်။ ဥဒပါဒိ၊ ထင်ရှားကေန် အမှန်ဖြစ်ပေါ်ပေပြီ။ အာလောကော၊ သမုဒယသစ္စာကို ဖုံးလွှမ်းတတ်သော မောဟတည်းဟူသော အမိုက်မှောင်တိုက်ကို ဖျက်ဆီးနိုင်သော ဖိုလ်

လေးတန် အကုန် အလင်း ခေတ်မျိုးစုံသည်။ ဥဒပါဒိ၊ ထင်ရှား မသွေ ဖြစ်ပေါ်လာလေပြီ။

## နိရောဓ၌ သစ္စာဉာဏ်ခေါ် ဝိပဿနာဉာဏ်

ဘိက္ခဝေ၊ နိဗ္ဗာန်ကိုလိုလား ချစ်သားရဟန်းတို့။
ဣဒံ၊ ဤဝိရာဂ စာဂ ပဋိနိဿဂ္ဂ မုတ္တိ အနာလယ ဟူသော အမည်ငါးပါး အပြားရှိသော နိဗ္ဗာန်သည်။ ဒုက္ခနိရောဓံ၊ ဥပါဒါနက္ခန္ဓာစိတ် စေတသိက် ရုပ်ဟူသော ဒုက္ခ၏ ချုပ်ရာငြိမ်းရာ ဖြစ်သော။ အရိယသစ္စံ၊ အရိယာနွယ်ဝင်သူတော်စင်တို့ ဉာဏ်ဖြင့် အမှန်အတိုင်း သိမြင်အပ်သော တရားထူးမည်၏။ ဣတိ၊ ဤသို့။ မေ မယာ။ ငါဘုရားသည်။ ပုဗ္ဗေ၊ ဘုရားမဖြစ်မီ ကာလ ရှေးမဆွက။ အနနုဿုတေသု၊ တဆင့်စကား နားမှ လေသံ မကြားစဖူးကုန်သော။ ဓမ္မေသု၊ သစ္စာလေးပါး မြတ်တရားတို့၌။

စက္ခုံ၊ နိဗ္ဗာန်ကိုမြင်တတ်သော 'အနိစ္စဉာဏ်'တည်းသော ပညာမျက်စိသည်။ ဥဒပါဒိ၊ ထင်ရှားကေန် အမှန်ဖြစ်ပေါ်ပေ၏။ ဉာဏံ၊ နိဗ္ဗာန်ကိုသိတတ်သော 'ဒုက္ခဉာဏ်'သည်။ ဥဒပါဒိ၊ ထင်ရှားကေန် အမှန်ဖြစ်ပေါ်ပေပြီ။

ပညာ၊ နိဗ္ဗာန်ကို အပြားအားဖြင့် တပါးစီ တပါးစီ၊ တနည်း အနိမိတ္တနိဗ္ဗာန်၊ အပ္ပဏိဟိတနိဗ္ဗာန်၊ သုညတနိဗ္ဗာန် စသည်ဖြင့် ခွဲခြားဝေဖန်နိုင်သော 'အသုဘဉာဏ်'သည်။ ဥဒပါဒိ၊ ထင်ရှားကေန် အမှန်ဖြစ်ပေါ်ပေပြီ။

ဝိဇ္ဇာ၊ နိဗ္ဗာန်ကို ထိုးထွင်းသိတတ်သော 'အနုတ္တာဉာဏ်' သည်။ ဥဒပါဒိ၊ ထင်ရှားကေန် အမှန်ဖြစ်ပေပြီ။
အာလောကော၊ နိဗ္ဗာန်ကို ဖုံးလွှမ်းတတ်သော မောဟ တည်းဟူသော အမိုက်မှောင်ကို ကုန်စင်အောင် ဖျက်ဆီးနိုင်သော 'သမ္မာဒိဋ္ဌိပညာရောင်'အလင်းသည်။ ဥဒပါဒိ၊ ထင်ရှားကေန် အမှန် ဖြစ်ပေါ်မူပေပြီ။

## နိရောဓဋ္ဌ ကိစ္စဉာဏ်ခေါ် မဂ်ဉာဏ်

ဘိက္ခဝေ၊ နိဗ္ဗာန်ကို တကယ်လိုလား ချစ်သား ရဟန်းများတို့။ တံ ခေါ ပနိဒံ ဒုက္ခနိရောဓံ အရိယသစ္စံ၊ ထိုဒုက္ခ၏ ချုပ်ရာဖြစ်သော နိဗ္ဗာန်တည်းဟူသော အရိယသစ္စာကို။ သစ္ဆိကာတဗ္ဗံ၊ သောတာပတ္တိ မဂ်ဉာဏ်ဖြင့် စာဂနိဗ္ဗာန်ကို လည်းကောင်း၊ သကဒါဂါမိမဂ်ဉာဏ်ဖြင့် ပဋိနိဿဂ္ဂ နိဗ္ဗာန်ကို လည်းကောင်း၊ အရဟတ္တမဂ်ဉာဏ်ဖြင့် အနာလယနိဗ္ဗာန်ကိုလည်းကောင်း မျက်မှောက်ပြုအပ်၏။

ဣတိ၊ ဤသို့။ မေ မယာ၊ ငါဘုရားသည်။ ပုဗ္ဗေ၊ ဘုရားမဖြစ်မီကာလ ရှေးမဆွက။ အနနုဿုတေသု၊ တစုံတယောက်မျှ ဟောပြောခြင်းဖြင့် နားမှလေသံ မကြားရစဖူးကုန်သော။ ဓမ္မေသု၊ သစ္စာလေးပါး တရားအထူးတို့၌။

စက္ခုံ၊ နိဗ္ဗာန်ကိုမြင်တတ်သော 'သောတာပတ္တိမဂ်ဉာဏ်'တည်းဟူသော ပညာမျက်စိသည်။ ဥဒပါဒိ၊ ထင်ရှားကေန် အမှန်ဖြစ်တော်မူပြီ။

ဉာဏံ၊ နိဗ္ဗာန်ကို သိတတ်သော 'သကဒါဂါမိ မဂ်ဉာဏ်'သည်။ ဥဒပါဒိ၊ ထင်ရှားကေန် အမှန်ဖြစ်တော်မူပြီ။

ပညာ၊ နိဗ္ဗာန်ကို အပြားအာဖြင့် တပါးစီတပါးစီ ခွဲခြား ဝေဖန်နိုင်သော 'အနာဂါမိမဂ်ဉာဏ်'သည်။ ဥဒပါဒိ၊ ထင်ရှားကေန် အမှန်ဖြစ်တော်မူပြီ။

ဝိဇ္ဇာ၊ နိဗ္ဗာန်ကို ထိုးထွင်း၍ အထင်းသား မြင်တတ်သော 'အရဟတ္တမဂ်ဉာဏ် သည်။ ဥဒပါဒိ၊ ထင်ရှားကေန် အမှန် ဖြစ်တော်မူပြီ။

အာလောကော၊ နိဗ္ဗာန်ကို ဖုံးလွှမ်းတတ်သော မောဟ တည်းဟူသော အမိုက်မှောင်ကို ကုန်စင်အောင် ဖျက်ဆီးနိုင်သော မဂ်လေးတန်အကုန် အလင်းဓာတ်မျိုးစုံသည်။ ဥဒပါဒိ၊ ထင်ရှားမသေ့ ဖြစ်ပေါ်၍ လာပေပြီ။

## နိရောဓ၌ ကတဉာဏ်ခေါ် ဖိုလ်ဉာဏ်

ဘိက္ခဝေ၊ နိဗ္ဗာန်လိုပြား ချစ်သားရဟန်းတို့။

တံ ခေါပနိဒံ ဒုက္ခနိရောဓံ အရိယသစ္စံ၊ ထိုဥပါဒါနက္ခန္ဓာ ဖြစ်သော စိတ် စေတသိက် ရုပ် ဟူသော၊သို့မဟုတ် ကောင်းကောင်း ဆိုးဆိုး အမျိုးမျိုးသော စိတ်တို့၏ ချုပ်ရာဖြစ်သော နိဗ္ဗာန် တည်း ဟူသော အရိယသစ္စာကို။ သစ္ဆိကတံ၊ ဖိုလ်လေးတန် အကုန် ဉာဏ်မျိုးစုံတို့ဖြင့် တဖန် မျက်မှောက်ပြုအပ်လေပြီ။

ဣတိ၊ ဤသို့။ မေ မယာ၊ ငါဘုရားသည်။ ပုဗ္ဗေ၊ ဘုရားမဖြစ်မီ ကာလ ရှေးမဆွက။ အနနုဿုတေသု၊ တဆင့်စကားတဆင့်နား

ဖြင့် မကြားစဖူးကုန်သော။ ဓမ္မေသု၊ သစ္စာလေးပါး တရား အထူးတို့၌။

စက္ခုံ၊ နိဗ္ဗာန်ကိုမြင်တတ်သော ‘သောတာပတ္တိဖိုလ်ဉာဏ်’တည်း ဟူသော ပညာမျက်စိသည်။ ဥဒပါဒိ၊ ထင်ရှားကေန် အမှန် ဖြစ်တော်မူပေပြီ။

ဉာဏံ၊ နိဗ္ဗာန်ကိုသိတတ်သော ‘သောတာပတ္တိဖိုလ်ဉာဏ်’သည်။ ဥဒပါဒိ၊ ထင်ရှားကေန် အမှန်ဖြစ်တော်မူပြီ။

ပညာ၊ နိဗ္ဗာန်ကို အပြားအားဖြင့် တပါးစီ တပါးစီ ပိုင်းခြား ဝေဖန်တတ်သော ‘အနာဂါမိဖိုလ်ဉာဏ်’သည်။ ဥဒပါဒိ၊ ထင် ရှားကေန် အမှန်ဖြစ်တော်မူပြီ။

ဝိဇ္ဇာ၊ နိဗ္ဗာန်ကို ထိုးထွင်း၍သိတတ်သော ‘အရဟတ္တဖိုလ်ဉာဏ်’ သည်။ ဥဒပါဒိ၊ ထင်ရှားကေန် အမှန်ဖြစ်တော်မူပြီ။

အာလောကော၊ နိဗ္ဗာန်ကို ဖုံးလွှမ်းတတ်သော မောဟ တည်း ဟူသော အမိုက်မှောင်ကို ကုန်စင်အောင် ဖျက်ဆီးနိုင်သော ဖိုလ်လေးတန်အကုန်လင်း ဓာတ်မျိုးစုံသည်။ ဥဒပါဒိ၊ ထင် ရှား ကေန် အမှန်ဖြစ်တော်မူပေပြီ။

## မဂ္ဂ၌ သစ္စဉာဏ်ခေါ် ဝိပဿနာဉာဏ်

ဘိက္ခဝေ၊ သံသရာဝဋ်ဘေးမှ အလွတ်ပြေးရန် ကြံရွယ် အား ထုတ်၍နေကြသော ချစ်သား ရဟန်းတို့။

ဣဒံ၊ ဤသမ္မာဒိဋ္ဌိ ဦးစီးသော မဂ္ဂင်ရှစ်ပါး တရားအစုသည်။ ဒုက္ခနိရောဓဂါမိနီပဋိပဒါ၊ဒုက္ခ၏ ချုပ်ရာ နိဗ္ဗာန်သို့ ရောက်

ကြောင်း အကျင့်ကောင်း ဖြစ်သော။ အရိယသစ္စံ၊ အရိယာ နှယ်ဝင်သူတော်စင်တို့ဉာဏ်ဖြင့် သိမြင်အပ်သော အမှန်တရား ပေတည်း။

ဣတိ၊ ဤသို့။ မေမယာ၊ ငါဘုရားသည်။ ပုဗ္ဗေ၊ ဘုရားမဖြစ်မီ ရှေးအဖို့၌။ အနနုဿုတေသု၊ တစုံတယောက်မျှ ဟောပြောခြင်း ဖြင့် မကြားစဖူးကုန်သော။ ဓမ္မေသု၊ သစ္စာလေးပါး တရား အထူးတို့၌။

စက္ခုံ၊ မဂ္ဂသစ္စာကိုမြင်တတ်သော 'အနိစ္စာနုပဿနာဉာဏ်' သည်။ ဥဒပါဒိ၊ ထင်ရှားကေန် အမှန်ဖြစ်ပေါ်မူပြီ။

ဉာဏံ၊ မဂ္ဂသစ္စာကိုသိတတ်သော 'ဒုက္ခာနုပဿနာဉာဏ်' သည်။ ဥဒပါဒိ၊ ထင်ရှားကေန် အမှန်ဖြစ်ပေါ်မူပြီ။

ပညာ၊ မဂ္ဂသစ္စာကို အပြားအားဖြင့် တပါးစီ တပါးစီ ခွဲခြား ဝေဖန်နိုင်သော 'အသုဘာ နုပဿနာဉာဏ်' သည်။ ဥဒပါဒိ၊ ထင်ရှားကေန် အမှန် ဖြစ်ပေါ်ပေပြီ။

ဝိဇ္ဇာ၊ မဂ္ဂသစ္စာကို ထိုးထွင်း၍ သိတတ်သော 'အနတ္တာနုပဿနာ ဉာဏ်' သည်။ ဥဒပါဒိ၊ ထင်ရှားကေန် အမှန် ဖြစ်ပေါ်ပေပြီ။

အာလောကော၊ မဂ္ဂသစ္စာကို ဖုံးလွှမ်းတတ်သော မောဟတည်း ဟူသော အမိုက်မှောင်ကို ကုန်စင်အောင် ဖျက်ဆီးနိုင်သော သမ္မာဒိဋ္ဌိ ပညာရောင် သည်။ ဥဒပါဒိ၊ ထင်ရှားကေန် အမှန် ဖြစ်ပေါ်ပေပြီ။

## မဂ္ဂဋ္ဌ ကိစ္စညာဏ်ခေါ် မဂ်ညာဏ်

ဘိက္ခဝေ၊သံသရာဘေးကို ရှုလေ့ရှိကြသောချစ်သားရဟန်းတို့။ တံခေါပနိဒံ ဒုက္ခနိရောဓဂါမိနီ ပဋိပဒါအရိယသစ္စံ၊ ထိုဒုက္ခ၏ ချုပ်ရာနိဗ္ဗာန်သို့ ရောက်ကြောင်း အကျင့်ဖြစ်သော အရိယ သစ္စာကို။ဘာဝေတဗ္ဗံ ပွားများ ပြည့်စုံစေအပ်၏။ သို့မဟုတ် စိတ်စေတသိက် ရုပ်ဟူသော ကောင်းကောင်းဆိုးဆိုးအမျိုးမျိုး သော စိတ် အသစ်အသစ်တို့ မဖြစ်ပေါ်မီက မဖြစ်ပေါ်သည့် အတိုင်း နေလေ့ရှိသောအကျင့်ကို ကျင့်သုံး ဆောက်တည်ရာ၏။ ဣတိ၊ ဤသို့။ မေမယာ၊ ငါဘုရားသည်။ပုဗ္ဗေ၊ ဘုရားမဖြစ်မီ ရှေးအဖို့၌။ အနနုဿုတေသု၊တစုံတယောက်မျှ ဟောပြောခြင်း ဖြင့် မကြားစဖူးကုန်သော။ ဓမ္မေသု၊ သစ္စာလေးပါး တရား အထူးတို့၌။

စက္ခုံ၊မဂ္ဂသစ္စာကိုမြင်တတ်သော သောတာပတ္တိမဂ်ညာဏ်သည်။ ဥဒပါဒိ၊ထင်ရှားကေန် အမှန် ဖြစ်တော်မူပြီ။

ညာဏံ၊မဂ္ဂသစ္စာကို သိတတ်သော သကဒါဂါမိ မဂ်ညာဏ်သည်။ ဥဒပါဒိ၊ ထင်ရှားကေန် အမှန်ဖြစ်တော်မူပြီ။

ပညာ၊ မဂ္ဂသစ္စာကို အပြားအားဖြင့် တပါးစီတပါးစီ ခွဲခြား ဝေဖန်နိုင်သော အနာဂါမိမဂ်ညာဏ်သည်။ ဥဒပါဒိ၊ ထင်ရှား ကေန် အမှန်ဖြစ်တော်မူပြီ။

ဝိဇ္ဇာ၊ မဂ္ဂသစ္စာကို ထိုးထွင်း၍ သိတတ်သော အရဟတ္တမဂ်ညာဏ် သည်။ ဥဒပါဒိ၊ထင်ရှားကေန်အမှန်ဖြစ်တော်မူပြီ။

အာလောကော၊ မဂ္ဂသစ္စာကိုဖုံးလွှမ်းတတ်သော မောဟတည်း ဟူသော အမိုက်မှောင်ကို ကုန်စင်အောင် ဖျက်ဆီးနိုင်သော မဂ်လေးတန်အကုန်အလင်း ဓာတ်မျိုးစုံသည်။ ဥဒပါဒိ၊ ထင်ရှား ဧကန် အမှန်ဖြစ်တော်မူပေပြီ။

## မဂ္ဂ၌ ကတညာဏ်ခေါ် ဖိုလ်ညာဏ်

ဘိက္ခဝေ၊ နိဗ္ဗာန်တရားကို လိုလားသဖြင့် ငါဘုရားစကားကို နာယူနေကြသော ချစ်သားရဟန်းများတို့။
တံခေါပနိဒံ ဒုက္ခနိရောဓဂါမိနီ ပဋိပဒါ အရိယသစ္စံ၊ ထိုဒုက္ခ ဟူသော စိတ်အမျိုးမျိုးတို့၏ ချုပ်ရာနိဗ္ဗာန်သို့ ရောက်ကြောင်း အကျင့်မြတ်ဖြစ်သော အရိယသစ္စာကို။ ဘာဝိတံ၊ ဖိုလ်လေးတန် ညာဏ်အစုံတို့ဖြင့် တဖန်ပွားများ ပြည့်စုံစေအပ်လေပြီ။
ဣတိ၊ ဤသို့။ မေမယာ၊ ငါဘုရားသည်။ ပုဗ္ဗေ ဘုရားမဖြစ်မီ ရှေးအဖို့၌။ အနနုဿုတေသု၊ တစုံတယောက်မျှ ဟောပြောခြင်း ဖြင့် မကြားစဖူးကုန်သော။ ဓမ္မေသု၊ သစ္စာလေးပါးတရားအထူး တို့၌။
စက္ခုံ၊ မဂ္ဂသစ္စာကိုမြင်တတ်သော သောတာပတ္တိ ဖိုလ်ညာဏ်သည်။ ဥဒပါဒိ၊ ထင်ရှား ဧကန် အမှန်ဖြစ်လေပြီ။
ဉာဏံ၊ မဂ္ဂသစ္စာကို သိတတ်သော သကဒါဂါမိ ဖိုလ်ညာဏ်သည်။ ဥဒပါဒိ၊ ထင်ရှားဧကန် အမှန်ဖြစ်လေပြီ။
ပညာ၊ မဂ္ဂသစ္စာကို အပြားအားဖြင့် တပါးစီ တပါးစီ ခွဲခြား ဝေဖန်နိုင်သော အနာဂါမိ ဖိုလ်ညာဏ်သည်။ ဥဒပါဒိ၊ ရှင်ထား ဧကန် အမှန်ဖြစ်လေပြီ။

ဝိဇ္ဇာ၊မဂ္ဂသစ္စာကို ထိုးထွင်း၍ သိတတ်သော အရဟတ္တဖိုလ်ဉာဏ်သည်။ဥဒပါဒိ၊ထင်ရှား ကေန် အမှန်ဖြစ်ပေါ်လေပြီ။
အာလောကော၊ မဂ္ဂသစ္စာကို ဖုံးလွှမ်းတတ်သော မောဟတည်းဟူသော အမိုက်မှောင်ကို ကုန်စင်အောင် ဖျက်ဆီးနိုင်သော ဖိုလ်လေးတန်အကုန်အလင်း ခတ်မျိုးစုံသည်။ဥဒပါဒိ၊ ထင်ရှား ကေန် အမှန်ဖြစ်လေပြီ။

**သစ္စာလေးပါးကိုမသိမီ ဘုရားဖြစ်ပြီဟု ဝန်မခံခြင်း**

ဘိက္ခဝေ၊တရားကိုလိုလား တပည့်ရဟန်းများတို့။
ယာဝကီဝဥ္စ၊အကြင်မျှလောက်သော ကာလပတ်လုံး။ ဣမေသု စတူသု အရိယသစ္စေသု၊ ဤသစ္စာလေးပါး တရားအထူးတို့၌။ ဧဝံ၊ဤသို့။တိပရိဝဋ္ဋံ၊ဝိပဿနာဉာဏ် မဂ်ဉာဏ် ဖိုလ်ဉာဏ်တို့ဖြင့် သုံးပါးသောအပြန်ရှိသော ဒွါဒသာကာရံ၊တဆယ့်နှစ်ပါးသော အခြင်းအရာရှိသော။ ယထာဘူတံ၊နဂိုမူလ သူ့သဘာဝအတိုင်း ဖြစ်သော။ဉာဏဒဿနံ၊ဉာဏ်အမြင်သည်။မေ၊ ငါဘုရားအား။ သုဝိသုဒ္ဓံ၊အထူးစင်ကြယ်ထင်ရှားသည်။ နဟောတိ၊မဖြစ်သေး။ ဘိက္ခဝေ၊ချစ်သားရဟန်းများတို့။ တာဝ၊ ထိုမျှလောက်သော ကာလပတ်လုံး၊အဟံ၊ငါဘုရားသည်။ သဒေဝကေ၊ကာမာဝစရ နတ်ပြည်နှင့်တကွဖြစ်သော။ သမာရကေ၊ဝသဝတ္တီနတ်ပြည်နှင့် တကွဖြစ်သော။ သဗြဟ္မကေ၊ ဗြဟ္မာပြည်နှင့်တကွ ဖြစ်သော။ လောကေ၊သြကာသလောက၌။သဿမဏဗြာဟ္မဏိယာ၊ ရဟ ပုဏ္ဏားတို့နှင့်တကွဖြစ်သော။ပဇာယ၊သတ္တလောက၌။ အနုတ္တရံ၊ အတုမရှိသော။ သမ္မာသမ္ဗောဓိ၊ အရဟတ္တမဂ် ဉာဏ်ကို။

အဘိသမ္ဗုဒ္ဓေါတိ၊ ဆရာမကူ သယမ္ဘူ ဉာဏ်ဖြင့် မိမိအလိုလို ထိုးထွင်း၍ သိပြီဟူ၍။ နေဝ ပစ္စညာသိံ၊ ဝန်ခံတော် မမူနိုင်သေး။

## သိမှ ဝန်ခံတော်မူခြင်း

ဘိက္ခဝေ၊ ချစ်သားရဟန်းတို့။

ယတောစခေါ၊ အကြင်အခါမှစ၍။ မေ၊ ငါ့အား။ ဣမေသု စတူသု အရိယသစ္စေသု၊ ဤသစ္စာလေးပါး တရားအထူးတို့၌။ ဧဝံ၊ ဤသို့။ တိပရိဝဋ္ဋံ၊ ဝိပဿနာဉာဏ်၊ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ် တို့ဖြင့် သုံးပါးသောအပြန်ရှိသော။ ဒွါဒသာကာရံ၊ တဆယ့်နှစ်ပါးသောအခြင်းအရာရှိသော။ ယထာဘူတံ၊ အမှန်အတိုင်းဖြစ်သော။ ဉာဏဒဿနံ၊ ဉာဏ်အမြင်သည်။ သုဝိသုဒ္ဓံ၊ အလွန်စင်ကြယ်သည်။ အဟောသိ၊ ဖြစ်ပြီ။

ဘိက္ခဝေ၊ ချစ်သား ရဟန်းတို့။ အထ၊ ထိုအခါမှစ၍။ အဟံ၊ ငါဘုရားသည်။ သဒေဝကေ၊ နတ်ပြည်ငါးထပ်နှင့် တကွဖြစ်သော။ သဗြဟ္မကေ၊ ဗြဟ္မာ့ပြည်နှင့် တကွဖြစ်သော။ လောကေ၊ သြကာသလောက၌။ သဿမဏဗြာဟ္မဏိယာ၊ ရဟန်း ပုဏ္ဏားတို့နှင့် တကွဖြစ်သော။ သဒေဝ မနုဿာယ၊ သမ္မုတိနတ်တည်းဟူသော ကြွင်းသောလူအပေါင်းတို့နှင့်တကွဖြစ်သော။ ပဇာယ၊ သတ္တလောက၌။ အနုတ္တရံ၊ အတုမရှိသော။ သမ္မာသမ္ဗောဓိံ၊ အရဟတ္တမဂ်ဉာဏ်ဖြင့် မိမိအလိုလို ထိုးထွင်း၍ သိပြီဟူ၍။ ပစ္စညာသိံ၊ ဝန်ခံတော်မူပြီ။

## ပစ္စဝေက္ခဏာဉာဏ်

ဉာဏဒဿနဒဿနံ၊ သစ္စာလေးပါးကို အမှန်အတိုင်းသိမြင်ဆင်ခြင်ခြင်းတည်းဟူသော ပစ္စဝေက္ခဏာဉာဏ်အမြင်သည်လည်း။ မေ၊ ငါ့အား။ ဥဒပါဒိ၊ ထင်ရှားကေန် အမှန်ဖြစ်တော်မူပြီ။

မေ၊ ငါ၏။ ဝိမုတ္တိ၊ ကိလေသာမှ အထူးသဖြင့် လွတ်ကင်းသော စိတ်ကို။(ဝါ)အရဟတ္တမဂ်ဖိုလ်စိတ်ကို။ အကုပ္ပါ၊ ဆန့်ကျင်ဘက်တရားများဖြစ်ကြသော တဏှာမာနဒိဋ္ဌိတို့သည် မဖျက်ဆီးအပ်။ ဣတိ၊ ဤသို့ဖြစ်လေပြီ။ အယံ၊ ဤဥပဒါနက္ခန္ဓာ ငါးပါး၏ ဖြစ်ခြင်းသည်၊ အန္တိမာ၊ နောက်ဆုံးဖြစ်သော။ ဇာတိ၊ ဖြစ်ခြင်းပေတည်း။ ဣဒါနိ၊ ယခုအခါ၌။ ပုနဗ္ဘဝေါ၊ တဖန်ဥပါဒါနက္ခန္ဓာ ငါးပါးအသစ်ဖြစ်ပေါ်ခြင်းသည်။ နတ္ထိ၊ မရှိဘော့ချေ။

ဣတိဉာဏဒဿနံ၊ဤသို့သောဉာဏ်အမြင်သည်။ဥဒပါဒိ၊ထင်ရှားကေန် အမှန်ဖြစ်တော်မူပြီ။

ဗုဒ္ဓ ရှင်တော်မြတ်ဘုရားက ဤသို့ ဟောကြားတော်မူသောအခါ ပဉ္စဝဂ္ဂီငါးဦးတို့သည် မိမိတို့ အချိန်ကြာမြင့်စွာ တရားအားထုတ်ခဲ့သော်လည်း သစ္စာလေးပါး တရားတည်းဟူသော တရားစစ်တရားမှန်ကို မတွေ့ရ၊ မကြားရ၊ မနာရ။ ယခု ဗုဒ္ဓနှင့်တွေ့မှကြားနာရသောကြောင့် အတိုင်းမသိ ဝမ်းမြောက်ကြကုန်၏။

## ပဉ္စဝဂ္ဂီတို့ ဝမ်းမြောက်ခြင်း

ဘဂဝါ၊ ဘုန်းတော်ခြောက်ပါးနှင့်ပြည့်စုံတော်မူသော မြတ်စွာဘုရားသည်။ ဣဒံ၊ ဤဒွေမေဘိက္ခဝေ အစရှိသော ဓမ္မစကြာတရားသစ္စာလေးပါးကို။ အဝေါစ၊ မိန့်တော်မူ၏။

ပဉ္စဝဂ္ဂိယာ ဘိက္ခူ၊ အရှင်ကောဏ္ဍည၊ ဝပ္ပ၊ ဘဒ္ဒိယ၊ မဟာနာမ်၊ အဿဇိဟူသော ငါးဦးသော ရဟန်းတို့သည်။ အတ္တမနာ၊ ဝမ်းမြောက်ကြကုန်သည် ဖြစ်၍။ ဘဂဝတော၊ မြတ်စွာဘုရား၏။ ဘာသိတံ၊ဟောတော်မူအပ်သော ဓမ္မစကြာ တရားတော်ကို။ အဘိနန္ဒုံ၊ လွန်စွာ နှစ်သက်ကြ၍ သာဓု ခေါ်ကြလေပြီ။

ဣတိ၊ ဤသို့မျက်မှောက်တော်မှ။ သုတံ၊ ကြားလိုက်ရ၏ ဟူ၍ အာနန္ဒာမထေရ်က ရှင်မဟာကဿပ မထေရ်ကြီးအား ပြန်လည် လျှောက်ကြား၏။

## အရှင်ကောဏ္ဍည သောတာပန်တည်ခြင်း

ဣမသ္မိံ စ ပန ဝေယျာကရဏသ္မိံ၊ ဤဂါထာ မစွက် ဗျာကရိုဏ်း သက်သက်တရားကို။ သို့မဟုတ် ဤအမေး အဖြေ ဖြစ်သော သစ္စာလေးပါး တရားဒေသနာတော်ကို။ဘညမာနေ၊ ဟောတော်မူသည်ရှိသော်။အာယသ္မတော ကောဏ္ဍညဿ၊ အရှင် ကောဏ္ဍညအား။ ဝိရဇံ၊ အပါယ်လေးပါးသို့ လားစေတတ်သော ဥပါဒါနက္ခန္ဓာဟူသော မြူမရှိသော။ ဝီတမလံ၊ ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာနှစ်ပါးကို အကြွင်းမဲ့ ပယ်သဖြင့် ကင်းသော အမြူ အညစ်အကြေးမရှိသော။ ဓမ္မစက္ခုံ၊ သောတာပတ္တိဉာဏ်မျက်စိသည်။ ဥဒပါဒိ၊ ထင်ရှားကေန် အမှန်ဖြစ်ပြီ။

ဖြစ်ပုံမှာ—

ယံကိဉ္စိ၊ အလုံးစုံသော သင်္ခတတရားသည်။ တနည်း တေဘူမက သင်္ခါရတရားသည်။ သို့မဟုတ် အဝိဇ္ဇာ အစရှိသော

ပဋိစ္စသမုပ္ပါဒ် ဥပါဒါနက္ခန္ဓာ ငါးပါးသည်။ သမုဒယဓမ္မံ၊ အကြောင်းနှင့်တကွ ဖြစ်ခြင်း သဘောရှိ၏။ (၀၁) အဝိဇ္ဇာ တဏှာ ကံအာဟာရ ဖဿနာမ်ရုပ်ဟူသော အကြောင်းသမုဒယ မကင်းပဲ ဖြစ်ပေါ်ခြင်း သမုဒယ ဓမ္မမည်၏။

တံ သဗ္ဗံ၊ ထိုအလုံးစုံသော သဘောတရားသည်။ (၀၁) အဝိဇ္ဇာတဏှာ ဥပါဒါန်ဟူသော ကိလေသဝဋ်၊ သင်္ခါရနှင့်ဘဝ 'စေတနာကံ'ဟူသော ကမ္မဝဋ်တည်းဟူသော အကြောင်းဒုက္ခ ဖြစ်သည့် သမုဒယသစ္စာနှင့်တကွ ဝိညာဏ် နာမ် ရုပ် သဠာယ တန ဖဿ ဝေဒနာဟူသော ဝိပါကဝဋ်တည်းဟူသောအကျိုး ဒုက္ခဖြစ်သည့် ဒုက္ခသစ္စာ ဥပါဒါနက္ခန္ဓာ ငါးပါးသည်။နိရောဓ ဓမ္မံ၊ အနိစ္စမျိုးဖြစ်၍ ချုပ်ပျောက်ခြင်း သဘောရှိ၏။

ဣတိ၊ ဤသို့။ ဓမ္မစက္ခုံ၊ သောတာပတ္တိဉာဏ်မျက်စိသည်။ ဥဒပါဒိ၊ ထင်ရှားမသွေ ဖြစ်ပေါ်၍လာပေ၏။

ဗုဒ္ဓရှင်တော်မြတ်ဘုရားသည် ပဉ္စဝဂ္ဂီ ငါးဦးတို့အား သစ္စာ လေးပါး ဓမ္မစကြာ တရားတော်ကို ဟောကြားတော် မူပြီး သည်၏အဆုံး၌ မြေ၌နေကြသော ဘုမ္မစိုးနတ်တို့ ကောင်းချီး ပေးကာ ကြွေးကြော်ကြလေသည်။

## ဘုမ္မစိုးနတ်တို့ ကြွေးကြော်ခြင်း

ဘဂဝါ၊ မြတ်စွာဘုရားသည်။ ဓမ္မစက္ကေ၊ ဓမ္မစကြာ တရား တော်ကို။ ပဝတ္တိတေ ပန၊ ဟောတော်မူသည်ရှိသော်။ ဘုမ္မာ ဒေဝါ၊ ဘုမ္မစိုး နတ်တို့သည်။ သဒ္ဒံ၊ ကောင်းချီးပေးသော အသံကို။ အနုဿဝေသုံ၊ တပြိုင်နက် ကြွေးကြော်ကြကုန်၏။

ကိံ အနုသာသေသုံ၊ အဘယ်သို့ ကြွေးကြော်ကြသနည်းဟူမူ။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ ဗာရာဏသိယံ၊ ဗာရာဏသီ ပြည်အနီး။ ဣသိပတနေ မိဂဒါယေ၊ ဣသိပတန အမည်ရှိသော မိဂဒါဝုန်တော၌။ သမဏေနဝါ၊ ရဟန်းသည် လည်းကောင်း။ ဗြာဟ္မဏေနဝါ၊ ပုဏ္ဏားသည် လည်းကောင်း။ ဒေဝေနဝါ၊ နတ်သည်လည်းကောင်း။ မာရေနဝါ၊မာရ်နတ်သည်လည်းကောင်း။ ဗြဟ္မုနာဝါ၊ ဗြဟ္မာသည်လည်းကောင်း။ လောကသ္မိံ၊ လောက၌။ ကေနစိဝါ၊ တစုံတယောက်သောသူသည်လည်းကောင်း။ အပ္ပဋိဝတ္တိယံ၊ မဟောနိုင်သော။ အနုတ္တရံ၊ အတုမရှိသော။ ဓမ္မစက္ကံ၊ ဤဓမ္မစကြာဘုရားတော်ကို။ ပဝတ္တိတံ၊ ဟောတော်မူအပ်ပြီ။

ဣတိ၊ ဤသို့။ အနုသာသေသုံ၊ တပိုင်နက် ကြွေးကြော်ကြကုန်၏။

မြေ၌ နေကုန်ကြသော ဘုမ္မစိုးနတ်တို့ ကောင်းချီး ပေးကြွေးကြော်သောအသံကို အထက်နတ်များ ကြားရသောအခါတွင် အဆင့်ဆင့်ကောင်းချီးပေးကြွေးကြော်ကြပြန်လေသည်၊ ကြွေးကြော်ပုံမှာ—

ဘုမ္မာဒေဝါနံ၊ ဘုမ္မစိုးနတ်တို့၏။ သဒ္ဒံ၊ ကောင်းချီးပေးသော အသံကို။ သုတွာ၊ ကြားကြကုန်၍။ စတုမဟာရာဇိကာဒေဝါ၊ စတုမဟာရာဇ်နတ်တို့သည်။ သဒ္ဒံ၊ ကောင်းချီး ပေးသောအသံကို။ အနုသာသေသုံ၊ အဆင့်ဆင့် ကြွေးကြော်ကြကုန်၏။

စတု မဟာရာဇိကာနံ၊ စတုမဟာရာဇ် နတ်တို့၏။ သဒ္ဒံ၊ ကောင်းချီးပေးသော အသံကို။ သုတွာ၊ ကြားကြကုန်၍။ တာဝတိံသာ ဒေဝါ၊ တာဝတိံသာ နတ်တို့သည်။ ယာမာ ဒေဝါ၊ ယာမာနတ်တို့သည်။ တုသိတာဒေဝါ၊ တုသိတာ နတ်တို့သည်။ နိမ္မာနရတိ ဒေဝါ၊ နိမ္မာနရတိ နတ်တို့သည်။ ဗြဟ္မာကာယိကာဒေဝါ၊ ဗြဟ္မာတို့သည်။ သဒ္ဒံ၊ ကောင်းချီး ပေးသောအသံကို။ အနုဿာဝေသုံ၊ အဆင့်ဆင့် ကြွေးကြော် ကြကုန်၏။

ကိံ အနုဿာဝေသုံ၊ အဘယ်သို့ ကြွေးကြော်ကြ ကုန်သနည်း ဟူမူ။

ဘဂဝတာ၊ မြတ်စွာဘုရားသခင်သည်။ ဗာရာဏသိယံ၊ ဗာရာဏသီပြည်အနီး။ ဣသိပတနေ မိဂဒါယေ၊ ဣသိပတန အမည်ရှိသော မိဂဒါဝုန်တော၌။ သမဏေနဝါ၊ ရဟန်းသည်လည်းကောင်း။ ဗြာဟ္မဏေနဝါ၊ ပုဏ္ဏားသည်လည်းကောင်း။ ဒေဝေနဝါ၊ နတ်သည်လည်းကောင်း။ မာရေနဝါ၊ မာရ်နတ်သည်လည်းကောင်း။ ဗြဟ္မုနာဝါ၊ ဗြဟ္မာသည်လည်းကောင်း။ လောကသ္မိံ၊ လောက၌။ ကေနစိဝါ၊ တစုံတယောက်သော သူသည်လည်းကောင်း။ အပ္ပဋိဝတ္တိယံ၊ မဟောကြားနိုင်သော။ အနုတ္တရံ၊ အတုမရှိသော။ ဓမ္မစက္ကံ၊ ဤဓမ္မစကြာတရား သစ္စာလေးပါးကို။ ပဝတ္တိတံ၊ ဟောတော်မူအပ်ပြီ။
ဣတိ၊ ဤသို့။ အနုဿာဝေသုံ၊ အဆင့်ဆင့် ကြွေးကြော်ကြကုန်၏။

## မြေလှုပ်ခြင်း

ဣတိဟ၊ ဤသို့လျှင်။ တေနခဏေန၊ ထိုတခဏ၌။ တေနလယေန၊ ထိုလယ၌။ တေနမုဟုတ္တေန၊ ထိုတမုဟုတ်ချင်း၌။ ယာဝ ဗြဟ္မလောကာ၊ အကနိဋ္ဌ ဗြဟ္မာပြည်တိုင်အောင်။ သဒ္ဒေါ၊ ကျော်စောသော အသံသည်။ အဗ္ဘုဂ္ဂစ္ဆိ၊ ပျံ့နှံ့၍တက်၏။ အယဉ္စဒသသဟဿီလောကဓာတု၊ ဤတသောင်းသော လောကဓာတ်စကြဝဠာသည်လည်း။ သံကမ္ပိ၊ နိမ့်တုံမြင့်တုံ ခုန်၍လှုပ်၏။ သမ္ပကမ္ပိ၊ အိုးထိန်းစက်ကဲ့သို့ လည်၍လှုပ်၏။ သမ္ပဝေဓိ၊ ပုခက်ငယ်၌ လွှဲသကဲ့သို့ ရှေ့တိုးနောက်ငင် လှုပ်၏။ အပ္ပမာဏော၊ အတိုင်းအရှည် မရှိသော။ ဥဠာရော၊ ပြန့်ပြောသော။ ဩဘာသောစ၊ သဗ္ဗညုတဉာဏ်ရောင်သည်လည်း။ (ဝါ) စိတ်ကြောင့်ဖြစ်သော ဥတုဇအရောင်သည်လည်း။ လောကေ၊ လောက၌။ ဒေဝါနံ၊ နတ်ဗြဟ္မာတို့၏။ ဒေဝါနုဘာဝံ၊ နတ်ဗြဟ္မာတို့၏ အာနုဘော်ကို။ အတိက္ကမ္မ၊ လွန်၍။ ပါတုရဟောသိ၊ ထင်ရှားစွာဖြစ်ပေ၏။

## ဗုဒ္ဓမြတ်စွာ ဥဒါန်းကျူးရင့်ခြင်း

အထခေါ၊ ထိုအခါ၌။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ ဥဒါနံ၊ ဝမ်းမြောက်တော်မူခြင်းဖြင့်။ ဥဒါနေသိ၊ ဝမ်းမြောက်သော စကားကို ကျူးရင့်မြွက်ဆိုတော်မူ၏။

ကိံ ဥဒါနေသိ၊ အဘယ်သို့ မြွက်ဆိုတော်မူသနည်း ဟူမူ။

ဘော၊ အို....အချင်းတို့။ ကောဏ္ဍညော၊ ကောဏ္ဍညသည်။ဝတ၊ စင်စစ်။ အညာသိ၊ သစ္စာလေးပါးကို သိလေပြီ။

ဘော၊ အို....အချင်းတို့။ ကောဏ္ဍညော၊ ကောဏ္ဍညသည်။ ဝတ၊ စင်စစ်။ အညာသိ၊ သစ္စာလေးပါးကို သိလေပြီ။

ဣတိ၊ဤသို့။ ဥဒါနေသိ၊ မြွက်ဆိုတော်မူ၏။ ဣတိဟိ၊ ဣတိဧဝ၊ ဤသို့ ဥဒါန်းကျူးတော်မူသောကြောင့် သာလျှင်။ အာယသ္မတော ကောဏ္ဍညဿ၊ အရှင် ကောဏ္ဍညအား။ အညာသိ ကောဏ္ဍညောတွေဝ၊ အညာသိကောဏ္ဍည ဟူ၍သာလျှင်။ ဣဒံ နာမံ၊ ဤအမည်သည်။ အဟောသိ၊ ဖြစ်ပေ၏။

ဗုဒ္ဓမြတ်စွာ ဥဒါန်း ကျူးရင့်တော် မူသောအခါ အရှင် ကောဏ္ဍညသည် ဝမ်းမြောက်စွာ ဗုဒ္ဓထံတွင် ရဟန်းအဖြစ်ကို တောင်း၏။

## ရဟန်းအဖြစ်တောင်းခြင်း

အထခေါ၊ ထိုအခါ၌။ အာယသ္မာ အညာသိကောဏ္ဍညော၊ အရှင်အညာသိကောဏ္ဍညသည်။ ဒိဋ္ဌဓမ္မော၊ သစ္စာလေးပါးကို မြင်ပြီးပြီဖြစ်၍။ ပတ္တဓမ္မော၊ သစ္စာလေးပါးကို ရပြီးပြီဖြစ်၍။ ဝိဒိတဓမ္မော၊ သစ္စာလေးပါးကို သိပြီးပြီဖြစ်၍။ ပရိယောဂါဠ္ဟဓမ္မော၊ သစ္စာလေးပါးကို ဉာဏ်ဖြင့် သက်ဝင် ယုံကြည်ပြီးပြီ ဖြစ်၍။ တိဏ္ဏဝိစိကိစ္ဆော၊ ပညတ်၌ ယုံမှားခြင်း ၁၆ ပါး၊ ပရမတ်၌ ယုံမှားခြင်း ၈ ပါးတို့ကို လွန်မြောက်ပြီးပြီ ဖြစ်၍။ အပရပစ္စယော၊ ကိုယ်တိုင် သိမြင်ပြီးပြီဖြစ်၍။ဘဂဝန္တံ၊ မြတ်စွာ

ဘုရားကို။ တော်ဝစနံ၊ ဤသို့သော စကားဖြင့်။ အဝေါစ၊ လျှောက်ကြား၏။
ကိံ အဝေါစ၊ အဘယ်သို့လျှောက်ကြားသနည်း ဟူမူ။
ဘန္တေ၊ အရှင်ဘုရား။ အဟံ၊ အကျွန်ုပ်သည်။ ဘဂဝတော၊ မြတ်စွာဘုရား၏။ သန္တိကေ၊ အထံတော်၌။ ပဗ္ဗဇ္ဇံ၊ ရှင်အဖြစ်ကို။ လဘေယျံ၊ ရလိုပါ၏။ ဥပသမ္ပဒံ၊ ပဉ္စင်းအဖြစ်ကို။လဘေယျံ၊ ရချင်ပါ၏။
ဣတိ၊ ဤသို့။ အဝေါစ၊ လျှောက်ကြားလေ၏။

## ဧဟိဘိက္ခုခေါ်တော်မူခြင်း

ဘိက္ခု၊ ချစ်သားရဟန်း။ ဧဟိ၊ လာလော့။ ဓမ္မော၊ တရားတော်ကို။ မယာ၊ ငါဘုရားသည်။ သွက္ခာတော၊ ကောင်းစွာဟောအပ်ပြီ။ ဒုက္ခဿ၊ ဥပါဒါနက္ခန္ဓာ ဟူသော ဝဋ်ဆင်းရဲ၏။ အန္တကိရိယာယ၊ အဆုံးကိုပြုခြင်းငှာ။ သမ္မာ၊ ကောင်းစွာ။ ဗြဟ္မစရိယံ၊ မြတ်သောအကျင့်ကို။ စရ၊ ကျင့်လေလော့။
ဣတိ၊ ဤသို့။ဘဂဝါ၊ မြတ်စွာဘုရားသည်။ အဝေါစ၊မိန့်တော်မူ၏။ တဿအာယသ္မတော၊ ထိုအရှင်ကောဏ္ဍညအား။ သာဝ ဥပသမ္ပဒါ၊ ထို ဧဟိဘိက္ခု ပဉ္စင်းအဖြစ်သည်လျှင်။ အဟောသိ၊ ဖြစ်လေ၏။

## မှတ်ချက်

ဗုဒ္ဓရှင်တော်မြတ်ဘုရားသည် ဓမ္မစကြာ တရားတော်ကို ဟော ကြားရာ၌ ရှေးဦးစွာ အရှင်ကောဏ္ဍည တပါးသာလျှင် သော

တာပန်တည်၍ နောက်ရက်နောက်နေ့များ၌ ဆက်ကာဆက်ကာ ဟောကြားတော် မူရပြန်သည်။ ထိုအခါတွင်မှ ကျန်လေးပါးသည် တပါးတရက်စီ သောတာပန်တည်ကြ၏။

ယင်းကြောင့် ပဉ္စဝဂ္ဂီငါးဦးတို့အား သစ္စာလေးပါး ဓမ္မစကြာတရား ဟောရာတွင် ငါးရက်ကြာ ဟောကြားတော် မူသည်ဟု မှတ်ရမည်။

ဓမ္မစကြာတရားတော် ပြီးပါပြီ။

## ကျမ်းပြီးမေတ္တာရပ်ခံချက်

ကျွန်တော်သည် ပဋ္ဌာန်းတရားတော် အခြေခံ အကျဉ်းကိုလည်းကောင်း၊ ဝိပဿနာတရားတော် အခြေခံအကျဉ်းကိုသော်လည်းကောင်း၊ သစ္စာလေးပါး ဓမ္မစကြာတရားတော် အကျဉ်းကိုသော်လည်းကောင်း ကျမ်းတစောင် စာတအုပ်အဖြစ် စုပေါင်းပြုစုပါသည်။

ဤသို့ ပြုစုရခြင်းမှာ ထိုတရားတော် သုံးပါးသည် တပါးနှင့်တပါး ဆက်နွယ်သော သဘောတရားများ ရှိနေခြင်းကြောင့် တပါးသောတရားကို လေ့လာဖတ်ရှုသောအခါ မပြည့်စုံသော လိုအပ်ချက်ကို နောက်တပါးသော တရားက ဖြည့်စွမ်းထောက်ကူနိုင်သဖြင့် ယင်း တရားတော် သုံးပါးကို ကျမ်းတစောင် စာတအုပ်တည်း၌ စုပေါင်းပြုစုရခြင်း ဖြစ်ပါသည်။

သို့တိုင် မဂ်ဖိုလ်နိဗ္ဗာန် တရားအဖြစ်ဖြင့် လေ့လာရာတွင် ဤကျမ်းသည် ပြီးပြည့်စုံပြီဟု မဆိုနိုင်ပါ။ နောက်ထပ် လေ့လာစရာ မှတ်သားစရာ ကျမ်းပေါင်းများစွာ ကျန်ရှိနေပါသေးသည်။ ယခုအခါတွင် ရဟန်းပုဂ္ဂိုလ်အများ၊ လူပုဂ္ဂိုလ် အများသည် မဂ်ဖိုလ်နိဗ္ဗာန်ကို အလိုရှိကြသော ဝေနေယျများအတွက် မဂ်ဖိုလ်နိဗ္ဗာန်သို့သွားရာ ခရီးလမ်းကြောင်းဖြစ်သော ဝိပဿနာ တရားတော်များကို ဝေနေယျတို့ ဉာဏ်အမြင်ရနိုင်စေရန် နည်းအမျိုးမျိုးဖြင့် ပြုစုရေးသားလျက် ရှိကြလေသည်။ ရိုက်နှိပ် ထုတ်ဝေလျက်လည်း ရှိကြပါသည်။ သို့ကြောင့် ဤကျမ်း ဤစာအုပ်တွင် အခြေခံသဘောမျှကို လေ့လာ မှတ်သားပြီးနောက် ဤကျမ်း ဤစာအုပ်ပါ ရှင်းချက်များထက် ပို၍ရှင်းသော ပို၍ လွယ်ကူတိကျသော ကျမ်းများ စာအုပ်များကို ရှာဖွေလေ့လာ ဖတ်ရှုပြီး မဂ်ဉာဏ်အမြင်ကိုရအောင် ကြိုးစားကြပါဟု တိုက်တွန်းပါသည်။

## ပြုစုရေးသားရခြင်း ရည်ရွယ်ချက်

စင်စစ် ကျွန်တော်သည် သုံးပုံသော ပိဋကတ်တော်များကို နှံ့စပ်ကျွမ်းကျင်ခြင်းမရှိပါ။ မဂ်ဉာဏ်ကို ရစေနိုင်သော ဝိပဿနာ အစရှိသော တရားတော်များကို ကြားနာရခြင်း၊ ဖတ်မှတ် လေ့လာဆည်းပူးခြင်းတို့သာ ပြုလုပ်ခဲ့ပါသည်။ ဤသို့ နာကြားလေ့လာ ဖတ်မှတ်ဆည်းပူးရာမှ မိမိဖတ်သမျှ၊ မှတ်သမျှ၊ နာကြားဖူးသမျှတို့ကို ပဋ္ဌာန်း ဗဟုသုတ၊ ဝိပဿနာ ဗဟုသုတ၊ သစ္စာ

လေးပါးတရား ဓမ္မစကြာ ဗဟုသုတမရှိကြသေးသောဝေနေယျ များအနေနှင့် အခြေခံသဘောမျှကို လေ့လာဖတ်ရှုနိုင်ရန် ရည် သန်လျက် ရေးသား ပြုစုရခြင်းသာ ဖြစ်၏။

ယင်းကြောင့် ဤကျမ်းတွင် မပြည့်စုံသော လိုအပ်ချက်၊ ချွတ် ယွင်းချက်တို့ကို တွေ့ရှိပါက ပဋ္ဌာန်းပညာရှင်များ သည်လည်း ကောင်း၊ ဓမ္မစကြာ ပညာရှင်များသည်လည်းကောင်း၊ ဝိပဿနာ ပညာရှင်များသည် လည်းကောင်း ခွင့်လွှတ်ကြ၍ လိုအပ် သည့် ချွတ်ယွင်းချက်များကို ထောက်ပြဝေဖန် အကြံပေးယင်း ကျွန်တော့်အား ပဋ္ဌာန်းပညာ၊ ဝိပဿနာပညာ၊ ဓမ္မစကြာပညာ ရင့်သန်တိုးပွားလာအောင် သင်ကြားကြပါရန် အနူးအညွတ် မေတ္တာရပ်ခံပါသည်။

ဆရာတော်၊ သမားတော်နှင့် ပညာရှင်များကို ဦးညွှတ်လျက်—

**ဦးဆန်းမောင်**

တဆင့်၊ ငမိုးရိပ်စာပေ

အမှတ် (၄၀၃)၊ နွယ်နီ ၃-လမ်း၊

ဃ-ရပ်ကွက်၊ မြောက်ဥက္ကလာပ၊

ရန်ကုန်မြို့။

# ပြင်ဖတ်ပါ

| စာမျက်နှာ | ကြောင်းရေ | မှား | မှန် |
|---|---|---|---|
| ၂ | ၁၅ | ဒါသြတ | သြဒါတ |
| ၃ | ၂၃ | ခေတ်အမြင် | ခေတ်မြင် |
| ၁၄ | ၁၂ | တေသူတော်ကောင်း | ဟေသူတော်ကောင်း |
| ၂၂ | ၅ | သခြားမဲ့ | အခြားမဲ့ |
| ၄၆ | ၃ | သယဇာဘ | သဟဇာတ |
| ၅၅ | ၁၇ | ဥဂနိဿယ | ဥပနိဿယ |
| ၇၇ | ၅ | ဧကဂ္ဂတာဟုအပ် | ဧကဂ္ဂတာဟုဆိုအပ် |
| ၈၅ | ၁၄ | ခိုင်စေဘတ်သူ | ခိုင်စေတတ်သည် |
| ၁၂၀ | ၁ | ဖြတ်ပုံ ဖြတ်ပုံ | ဖြတ်ပုံဖြတ်ပုံ |
| ၁၂၉ | ၃ | ရှစ်ခုပေါင်းမှု | ရှစ်ခုပေါင်းမှ |
| ၁၄၃ | ၁၂ | ပျက်ပြားကုန်နေသော | ပျက်ပြားကုန်ဆုံးနေသော |
| ၁၆၁ | ၄ | အပြတ်ပြတ်သော | အပြတ်ပြတ်သော |
| ၁၆၄ | ၂၁ | ဗေဒကိန်း | ဗေဒင်ကိန်း |
| ၁၇၂ | ၁၅ | မှီခွဲလာ၏ | မှီခွဲဖြစ်လာ |
| ၁၇၀ | ၁၅ | ပရမတ်အနက္က | ပရမတ်အနတ္တ |
| ၁၉၄ | ၅ | အလိုကို | အလိုလို |
| ၂၀၀ | ၁၅ | မျက်စိသည | မျက်စိသည် |
| ၂၁၇ | ၂၀ | ရဟ | ရဟန်း |
| ၂၂၀ | ၄ | ဘာဘိဘဲ | ဘာသိဘဲ |
| ရင်း | ၂၁ | ဘန္တ | သန္ဘ |

လူသားတို့ကို အတ္တဘောင် ကျဉ်းကျဉ်းလေးထဲက အပြင်ဘက်ထွက်ဖို့ လမ်းညွှန်ပြခဲ့ဘဲ့ ဝေဒန္တဒဿနဆရာကြီး ဆွာမိဝိဝေကာနန္ဒ။

[ဂါရဂျ၏ အမှာမှ]

တချို့သူတွေဟာ ချမ်းချမ်းသာသာ သက်သက်သာသာ နေကြရလို့ အသားစားဖို့ မလိုဘူးဆိုယင် ကိစ္စမရှိပါဘူး။ ဆင်းရဲ နွမ်းပါးတဲ့ သူတွေဟာ ပင်ပင်ပန်းပန်း အလုပ်လုပ်နေကြရလို့ ခွန်အား ကုန်နေပါရက်နဲ့ အသားမစားရဘူးဆိုတာကတော့ ဘာသာရေးခုတုံးလုပ်ပြီး အမျိုးသားလွတ်လပ်ရေးကို ပျက်စီးရာ ပျက်စီးကြောင်း တားမြစ်ချက်ပဲ ဖြစ်မယ်။

[ဆွာမိ၏ ဩဝါဒများမှ]

# ဆွာမိဝိဝေကာနန္ဒ

# ဟိန်းလတ် ၏

အထူးခြားဆုံးနှင့် အကြိုးစားဆုံး ဘာသာပြန် လက်ရာ

[ဘာသာရေးစာပေ ခွင့်ပြုချက် အမှတ် ၄၈၁]

ခေတ်မီတဲ့ တရားတွေနဲ့ အမေရိကန်ပြည် ရှိကာဂိုမြို့မှာကျင်းပတဲ့ 'ကမ္ဘာ့ သာသနာ့ ညီလာခံကြီး'က စပြီး ထွန်းပေါက်ကျော်ကြားလာခဲ့တဲ့ ဝေဒန္တ ဒဿနဆရာကြီး။ ဘာသာရေးအဦးအဆောင်ပုဂ္ဂိုလ်ကြီး။ဆင်းရဲသားပေါ်ဒီမျိုးချစ်ပုဂ္ဂိုလ်ကြီးသူ့ရဲ့ဘဝ၊ သူ့ရဲ့ဓမ္မနဲ့ သူ့ရဲ့ဒဿနအဖုံဖုံကို စုံလင်စွာ ဖတ်ရှုကြရမယ့် စာအုပ်။

အတွင်းပုံများစွာဖြင့်၊ ထူထူထဲထဲ၊ ခန့်ခန့်ညားညား၊
တန်ဖိုး ၁၅ ကျပ်။

ပြည်လုံးကျွတ် မြန်မာစာပေတိုက် ဖြန့်ချိရေး

အမှတ် ၄၄၁၊ ၄၄၅ မဟာဗန္ဓုလလမ်း၊ ဆူးလေဘုရားအနီး၊ ရန်ကုန်မြို့။ စာတိုက်သေတ္တာအမှတ် [၁၇]၊ ဖုန်း ၇၀၆၃၇။

ယောကျ်ားမြတ်တို့ လက္ခဏာဆိုသည် အဘယ်နည်း။
လက္ခဏာတော် ရှစ်ဆယ် ဆိုသည် အဘယ်နည်း။
တရာ့ရှစ်ကွက် စက်လက္ခဏာဟူသည် အဘယ်နည်း။
သုံးဆယ့်ရှစ်ပါးသော လက္ခဏာဟူသည် အဘယ်နည်း။

**ဖြဟ္မာ့ယု ပုဏ္ဏားကြီးနှင့် ဗုဒ္ဓ၏ လက္ခဏာတော်**

စသည် စသည်တို့ဖြင့်...

ဗုဒ္ဓ၏ ထူးခြား အံ့ချီးဖွယ်ရာ လက္ခဏာတော် အဖြာဖြာကို ဤ စာတအုပ်တည်းဖြင့် စေ့စုံကုံစွာ သိရှိ မှတ်သား ကြရပါ **လိမ့်မည်။**

[ဘာသာရေးစာပေ ခွင့်ပြုချက်အမှတ် ၁၀၄၃၂]

# ဗုဒ္ဓ၏ လက္ခဏာတော်များ

## မြေလတ်မြတ်သူ ပြုစုတင်ပြသည်

ဗုဒ္ဓဘာသာဝင်တိုင်း၏ အိမ်တိုင်းတွင်

ဆောင်ထားရမည့် ဘာသာရေး စာအုပ်ကောင်း တအုပ်။

အုပ်ရေ သုံးထောင်တည်းသာ ရိုက်နှိပ်ရသဖြင့် အလိုရှိသူများ မပျက်မကွက် ရရှိစေရန်၊ စောစော ကြိုတင် မှာကြားထားမှ သာလျှင် စိတ်ချရပါလိမ့်မည်။ ဈေးနှုန်း ၁၂ ကျပ်။

ပြည်လုံးကျွတ် ဖြန့်ချိရေး

**မြန်မာစာပေတိုက်**

အမှတ် ၄၄၁၊ ၄၄၅၊ မဟာဗန္ဓုလလမ်း၊ ဆူးလေဘုရားအနီး၊ ရန်ကုန်မြို့။ စာတိုက်သေတ္တာ အမှတ် [၁၇] ဖုန်း ၇၀၆၃၇။

## ပဋ္ဌာန်း၊ ဝိပဿနာ၊ ဓမ္မစကြာ

ဤကျမ်းသုံးစောင်ကို စာအုပ်တည်းဖြင့် ပေါင်းစပ်ရှင်းလင်းပြထားသည့် မြန်မာပြည်တွင် မရှိဖူးသေးသော ကျမ်းစာအုပ်။

ခက်ခဲနက်နဲသော ဤကျမ်းသုံးတွဲအား တိုတိုရှင်းရှင်းနှင့် လိုရင်းကို ဒက်ကနဲဒက်ကနဲ ရှင်းပြထားသည်။

ဤစာအုပ်ကို ဖတ်ရှုပြီးစီးသည်နှင့်

နိဗ္ဗာန်မဂ်ဖိုလ်ရောက်အောင် ကျင့်ကြံ
အားထုတ်မည်လား

သူတပါးအား ကျင့်ကြံအားထုတ်နိုင်ရန်
လမ်းညွှန်မည်လား

ပလ္လင်ထက်မှနေ၍ ဓမ္မကထိကအနေဖြင့်
ဝေနေယျတို့အား ညွှန်ကြားပြသ
ဟောကြားမည်လား

မဂ်ဖိုလ်တရား လေ့လာပွားများလိုသူတို့
အတွက် အလွယ်ဆုံး၊ အရှင်းဆုံး၊
အကောင်းဆုံးစာအုပ်။

မြန်မာစာပေတိုက်